
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာဏ်လင်းစာပေ၊ ၃၉/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်ာန်းကျွန်း
ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP

သျှင်မ ၈၉၅.၈၃
အတူတူနေရအောင်/ သျှင်မ၊
ရန်ကုန်။ ရွှေညာဏ်လင်းစာပေ၊ ၂၀၁၆။
၂၉၆ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အတူတူနေရအောင်



## အခန်း (၁)

"ဟော့ .. သူ့ကို တားထားကြစမ်း .. ရှေ့ကိုတစ်လှမ်းမှ တိုးမလာ
နဲ့ .."

ညြဇာတိုက္ကမပြင်းသော အမိန့်သံက မော်နီတာစခရင်ရှေ့ကနေ
တ်သားစွာ ပျံ့လွင့်သွားခဲ့၏။ ထိုအမိန့်သံနှင့်အတူ ခြံထဲမှာ လှုပ်ရှား
သည့် ယောကျ်ားသုံးယောက်၏ ခြေလှမ်းတွေက အနီရောင်ကျောက်
တွေပေါ်ကနေ ခြံတံခါးနဲ့ 'ပဒုမ္မာ' စံအိမ်ကြီးဆီ ဆက်သွယ်ထားသော
ရာလမ်းမကြီးပေါ် တလွှားလွှားရောက်ရှိသွားခဲ့ကြ၏။

"ရပ်လိုက်စမ်း .."

ခြေထောက်သုံးစုံသည် ခြေတစ်စုံရှေ့ကနေ တန်းစီပိတ်ကာထား
က်ပြီး ..၊

"ဘာကိစ္စလဲ .."

"ငါ့အိမ်ကို ငါ ပြန်လာတာ .."

မိန်းကလေးတစ်ယောက်၏ ပြတ်ရှသော ဖြေသံက စူးလက်သည့်
ဝန်းလေးတွေကြောင့် အေးစက်ခြင်းကိုဖြစ်ပေါ်စေကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့ကဖယ် ..."

"မင်းကို ဝင်ခွင့်မပြုဘူး .."

"ဘယ်သူကလဲ ..."

"သူဌေး ဒေါ်ခင်ဝင့်လှိုင် က .."

"ဟွန်း .."

လေးထောင့်ဆန်ချင်သော ပြည့်ဝင်းသည့်မျက်နှာလေးက မဲ့ပြုံးကြောင့် အကျည်းတန်မသွားသည့်ပြင် သူမ မျက်ဝန်းလေးတွေက ရွှန်းရွှန်းလက်လက်ဖြစ်လာလေ ပိုလှလေ ...၊

ရှေ့က ပိတ်ကာထားသည့် သုံးယောက်စလုံးကို အေးစက်စက်ကြည့်ဘာ ပခုံးနှစ်ဖက်မှာ ချိတ်ထားသည့် ကျောပိုးအိတ်လေးမှာ လက်မနှစ်ဖက်ပြန်ချိတ်ထားလိုက်ပြီး ...၊

"ဒေါ်ခင်ဝင်း ကနေ ဒေါ်ခင်ဝင့်လှိုင် ဖြစ်သွားတာလား .. ဟွန်း.. ထမင်းချက်ကနေ အိမ်တော်ထိန်း .. အိမ်တော်ထိန်းကနေ သူဌေး .."

"ဒီမှာ မိန်းကလေး .. မင်းကို ဆွဲမထုတ်ခင် မင်း ထွက်သွားလိုက်ပါ .."

"ဆွဲထုတ်ပစ်နိုင်တာ သိရက်နဲ့ လာခဲ့တာပဲ .. ဒါပေမယ့် .."

ပြောပြီး ယောကျ်ားသုံးယောက်ကို ရှုးစိုက်ကြည့်ကာ ...

"ခွေးနဲ့ ရှူးတိုက်လိမ့်မယ်လို့တော့ မထင်ခဲ့ဘူး .."

"ဝုစ် .."

"ဖက် .."

လက်သီးတစ်ဖက်က ရိုပ်ခနဲပစ်ဝင်သည်။ သူမက ကိုယ်တစ်ဖက်လှည့်ပစ်ကာ လက်သီးချက်ကိုရှောင်ပြီးဖြစ်လျက် ဘေးက လူကို ပတ်ကန်ပစ်လိုက်၏။

"အင့် .."



သတိနှင့် ကြိုတင်ပြင်ဆင်ထားခဲ့သည်မို့ သူမ အငိုက်မမိခဲ့ပေ။ ုံးယောက်နဲ့ တစ်ယောက်ပေမယ့် လှစ်လှစ်ပါအောင် လှုပ်ရှားသွားည့် သူမရဲ့ အရိပ်ကို မျက်စိလည်ကုန်ကြ၏။

ထိုစဉ် လဲကျသွားသူက ခြေထောက်တစ်ဖက်နှင့် သူမခြေထောက်ို ရှုပ်တိုက်ချိတ်ဆွဲလိုက်သောကြောင့် တစ်ဖက်ကို ရင်ဆိုင်နေသည့်ူမ ဒလိမ့်ခေါက်ကွေးလဲကျသွားသည်။

အသာစီးရသွားသည်နှင့် နှစ်ယောက်က ခုန်ထလာလျှင် သူမ လဲကျရာမှ ထချိန်မရတော့ဘဲ ဒဏ်ရာရှိနေသော ပန်းအိုးဟောင်းတစ်လုံးို ဆောင့်ကန်ပစ်လိုက်သည်။

သူမ ဘာလုပ်မည်မှန်း မသိသော်လည်း ရှုတ်တရက် သဲတွေဖွားခနဲ့လွင့်လာကာ ...၊

"ဟာ!..."

"အား ..."

မျက်လုံးတွေကို မှိတ်ပစ်လိုက်ပြီး ညှပ်ပူးညှပ်ပိတ် ဝိုင်းရံလာခြင်း ပျက်စီး၏။ သူမ နေရာမှ ချက်ချင်းခုန်ထသည်။ သို့သော် ...၊

"ရှေ့ပါးအပ် .."

မိန်းမသံတစ်သံ ဟိန်းထွက်ပျံ့လွင့်လာခဲ့ပြီး ...၊

"သူ့ကို မလွှတ်စေနဲ့ .."

အသံမှာ တစ်ချက်ငိုင်သွားမိကာ ...၊

"ဒုတ် .."

"အ ..."

အန္တရာယ်ဆိုတာ သိလိုက်ပေမယ့် နောက်ကျသွားသည်။ အရှောင်ကောင်းသော်လည်း သေကွင်းသေကွက်တော့ လွဲသွားကာ ဓားမြှောင် ညာဘက်လက်ပြင်မှာ စိုက်ဝင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ပြေးပြီ .. ရအောင် ဖမ်းစမ်း .."

တံခါးဆီကို သူမ အားကုန်ပြေးသည်။ ထိုစဉ် တံခါးက အော်တိုပိတ်နေပြီမို့ ကြီးမားသော သံတံခါးချပ်ကြီးက တစ်ဖက်ဆောင်သို့ တရွေ့ရွေ့ ပြေးကပ်လုလု ...၊

သူမ ခြေတစ်ချက်ဆောင့်၍ တစ်ကိုယ်လုံး ပစ်လှဲပြီး လှိမ့်ထွက်လိုက်သည်။ အရှိန်ကြောင့် ခြံရှေ့ကနေ လမ်းကလေးပေါ်ကို တိုက်ရိုက်စင်ထွက်သွားပြီး ...၊

"ကျွိ .."

ကားတစ်စီး၏ရှေ့ကို ဒလိမ့်ခေါက်ကွေး ရောက်သွားခဲ့၏။

"လုပ်စမ်း .. လုပ်စမ်း .. တက်ကြိတ်မိပြီလားမသိဘူး .."

စကားသံနှင့်အတူ ကားထဲက ဆင်းလာသည့် ခြေထောက်တွေကို သူမ ကြည့်မိသေးသည်။ ပြီးတော့ ပိတ်လုပိတ်ခင် ခြံတံခါးနားမှာ အရှိန်တန့်သွားခဲ့ကြသည့် ခြေထောက်တွေ ...၊

အကယ်၍ ဒီကားရှေ့ကို သူမ ရောက်မလာခဲ့လျှင် ဒီလူတွေလက်က လွတ်ပါ့မလား ...၊

♥♥♥



အခန်း (၂)

"တောက် .."

ဒေါ်ခင်ဝင့်လှိုင် က ဧည့်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တက်ခေါက်မိသည်။

"တော်တော် အသုံးမကျတဲ့ဟာတွေ .."

"ကျွန်တော် အသုံးမကျတာကိုပြောမယ့်အစား ဒေါ်ဒေါ် မပြောဘဲထားခဲ့တဲ့ အပြစ်ကြောင့် ဒီလိုတွေဖြစ်ကုန်တာလို့ရော မထင်ဘူးလား ဒေါ်ဒေါ် .."

"ဘာပြောတယ် မင်းက .."

သူမ ဒေါသထွက်နေသလောက် မျိုးညွန့် ကလည်း မျက်နှာတစ်ပြင်လုံး ဒဏ်ရာဗလပွနှင့်ဖြစ်ကာ မကျေနပ်သည့် မျက်လုံးတွေက ရန်လိုနေ၏။

"ဒီကောင်မလေး ကိုယ်ခံပညာတွေ ဒီလောက်တတ်နေတာ ဒေါ်ဒေါ် သူ့ကို ထိန်းလာခဲ့ပြီးတော့ .."

"ဟဲ့ .. ငါ ထိန်းခဲ့တာတုန်းက ခုနစ်တန်းကျောင်းသူလေးပဲရှိသေးတာလေ .. သူ ဘာတွေတတ်မြောက်လာသလဲ ငါဘယ်လိုလုပ် သိမှာလဲ–"

"ကျွန်တော်တို့လည်း မထင်မှတ်ဘဲ အငိုက်ခံလိုက်ရတာ .. ယောကျ်ား

www.burmeseclassic.com



သုံးယောက်ဆိုပေမယ့် ကျွန်တော်တို့က ကြေးစားလူသတ်သမားတွေမှ မဟုတ်တာ ..."

"အေး .. အခုသိပြီ .. မင်းကို ငါ မခိုင်းတော့ဘူး မျိုးညွန့် ...၊ ကြေးစားတွေငှားမယ်၊ ဒီကောင်မလေးကို ကိစ္စတုံးမှ 'ပဒုမ္မာ' မျိုးဆက်ပြတ်မှာ၊ ဒီမျိုးဆက်ရှိနေသရွေ့ ငါ စိတ်မအေးနိုင်ဘူး .."

"ဒေါ်ဒေါ်က .."

"တော်ပြီ .."

ဒေါ်ခင်ဝင့်လှိုင် က ဖုန်းထုတ်ကိုင်ရင်း နေရာမှ ထွက်သွားလျှင် မျိုးညွန့် အူယားဖားယားလိုက်သွားကာ ...၊

"ဒေါ်ဒေါ် ကျွန်တော် မထင်မှတ်ဘဲဖြစ်သွားလို့ လွဲချော်သွားတာပါ၊ နောက် မဖြစ်စေရပါဘူး .."

ဒေါ်ခင်ဝင့်လှိုင် က တစ်ချက်မှမကြည့်ဘဲ ခြံထဲဆင်းထွက်သွား၏။ မျိုးညွန့် ကလည်း လိုက်မြဲလိုက်ရင်း ...၊

"ကြေးစားတွေသုံးရင် အကြီးကြီးဖြစ်သွားဖို့ပဲရှိတယ်၊ ဒီကိစ္စကို လူမသိသူမသိ ဒေါ်ဒေါ် ရှင်းပစ်ချင်တာ ဘယ်လိုလုပ်ဖြစ်တော့မှာလဲ.."

ခြေလှမ်းတစ်ချက်တုန့်သွားတော့မှ မျိုးညွန့် က သက်ပြင်းချလိုက်ပြီး ရှေ့ကနေ မျက်နှာချင်းဆိုင် ရပ်လိုက်ကာ ...၊

"ပဒုမ္မာ စံအိမ်ကြီးက ပဟေဠိဆန်လောက်အောင် ချမ်းသာကြွယ်ဝတယ်၊ ပြီးတော့ အတွင်းလှိုက်ရှုပ်ထွေးမှုတွေနဲ့ လူတော်တော်များများ စိတ်ဝင်စားနေကြတယ်၊ ခုချိန်မှာ ဒေါ်ဒေါ် နာမည်ပျက်ခံလို့ လုံးဝ မဖြစ်ဘူးနော် .."

"ဟုတ်တယ် ဒါပေမယ့် နာမည်ပျက်မခံဘဲ ဘဝပျက်ခံမလားဆိုရင်တော့ ငါ့ဘဝကို ငါ အရယူရမှာပဲ .. ဒီအမွေတွေကို ဆက်ခံခွင့်ရှိနေတဲ့ တစ်ဦးတည်းသော မျိုးဆက်ကိုမှ မရှင်းနိုင်ရင် .."

"လူသတ်ရတာလောက် လွယ်တာမရှိဘူး ဒေါ်ဒေါ် .. ဒါပေမယ့်.."

"ငါက နှုတ်ဆိုနှုတ်လိုက် ပေါင်းဆိုရင် ပေါင်း၊ နှုတ်လောက်တာ





မနှုတ်လောက်တာတွေ ငါ မလိုချင်ဘူး မျိုးညွန့် ...၊ ငါ ဖြစ်ချင်သမျှဖြစ်အောင်လုပ်ရဖို့အတွက် ဒီလိုနေ့ကို သည်းခံစောင့်လာခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး၊ ငါပြောတဲ့အမိန့်၊ ငါခိုင်းတဲ့ အလုပ် ဘယ်လောက်ခက်ခဲခက်ခဲ သဘာဝကျကျ မကျကျ .."

ပြောရင်း မျက်နှာကို စူးစူးစိုက်ကြည့်ကာ ...၊

"ငါခိုင်းတာကို မင်း လုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားပြီဆိုရင် ဆောက မတတ်နဲ့ .."

ထိုစဉ် ဒေါ်ခင်ဝင့်လှိုင် မျက်လုံးတွေက တိုက်ကြီး၏ ခေါင်းဘက် အပေါ်ဆုံးထောင့်ခန်းကို ရောက်သွားကာ ...၊

"ဒီလူ သတိပြန်လည်လာဖို့လိုတယ်၊ သူ့ရဲ့ စကားတစ်ခွန်း ဒါမှမဟုတ် လက်မှတ်တစ်ချက် .."

"သူဌေးကြီးက သူ့ရဲ့ မယားပါ သမီးကို မျက်နှာမမြင်ရဘဲ ဒေါ်ဒေါ် ခိုင်းတာ အသာတကြည်လုပ်ပေးပါ့မလား .."

"သူ ငြင်းခွင့်မရှိပါဘူး၊ ဒါကြောင့် ဒီကောင်မလေး အိမ်ပေါ်ကို တစ်လှမ်းမှ တက်မလာဖို့ အရေးကြီးနေတာ .."

ပြောပြီး နာရီကိုပင့်ကြည့်ကာ ...၊

"ဒေါက်တာ လာတော့မယ်ထင်တယ်၊ မင်းကို နောက်ထပ် ဘာလုပ်ရမယ်ဆိုတာ ငါ ပြောရဦးမှာလား .."

"မလိုပါဘူး ဒေါ်ဒေါ် .. သိပါတယ်၊ ဒီကောင်မလေးမှာ ဒဏ်ရာရသွားတယ်၊ ရှာရတာလွယ်ပါတယ် .."

"ဘာလဲ .. ဟိုကားပေါ်ပါသွားတာပဲဆိုပြီး ကားနံပါတ်နဲ့ လိုက်ရှာမှာလား .."

"ကျွန်တော် ...."

"ရွှေပါးအုပ် ကို မင်းဘယ်လိုမိန်းကလေးထင်နေသလဲ မျိုးညွန့်.."

ငယ်ငယ်တည်းက ခေါင်းမာသည်။ နို့ဆာရင်လည်း မငို၊ ဖအေမအေကိုမှ စွဲလမ်းခင်မင်နေတာမျိုးလည်း မရှိ..။ ဘယ်သူကောက်ချီ

www.burmeseclassic.com

www.burmeseclassic.com



ထားထား တွန်းထိုးငိုယိုပြီး လက်ရွေးခဲ့တယ်ဆိုတာ မရှိခဲ့ဘူးပေ ...။

ဒါပေမယ့် ပါး က မှတ်ဉာဏ်အလွန်ကောင်း၏။ သူနဲ့ ရင်းနှီးတဲ့လူ၊ မရင်းနှီးတဲ့လူကို သူ့မျက်လုံးလေးတွေနဲ့ပဲ ခွဲခြားမှတ်ထားတတ်ပြီး ဒီလူကို လိုလားနေတယ်၊ ဒီလူကိုတော့ မလိုလားဘူး စသဖြင့် သူမ ခံစားချက်လေးတွေကို မျက်လုံးထဲမှာပဲ ရှာဖွေမှတ်ထားကြရသည်။

အရွယ်လေးရလာတော့ ခေါင်းမာ၍ တစ်ဇွတ်ထိုးဆန်သော သူမအမူအကျင့်လေးတွေကို စမြင်လာခဲ့ရ၏။ လိုချင်တာကို မရလျှင် မသိသာပေမယ့် မလိုလားတာကို သူမက ပြတ်ပြတ်သားသားပြ၏။

မစားချင်တာကို ကျွေးလို့မရ၊ မနေချင်တာကို နေပါဦး သွားမလုပ်နဲ့၊ လူကိုဖြစ်ဖြစ် ပစ္စည်းကိုဖြစ်ဖြစ် ဘာဖြစ်ဖြစ် ထိခိုက်သွားအောင် ဆန့်ကျင်ရဲတဲ့သတ္တိ သူမမှာ ရှိသည်။

ဒီလိုမိန်းကလေးမျိုးက တစ်ချိန်ချိန်မှာ ခုလို ပြောင်းလဲရောက်ရှိလာနိုင်တယ်ဆိုတာ မတွေးမိခဲ့သည့် ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ပေးရတော့မှာဖြစ်သည်။

အလယ်တန်းဆင့် နောက်ဆုံးပတ်စာမေးပွဲတွေဖြေပြီးသည့်နေ့မှာ တစ်ယောက်တည်း ထွက်သွားရဲခဲ့တဲ့ မိန်းကလေး ...။

အမေဖြစ်တဲ့သူ ဘယ်လိုတမ်းတငိုယိုနေပေမယ့် တစ်ခေါက်လေးမှ ပြန်လှည့်မလာခဲ့သည့်သူ ...၊

စိတ်မချလို့ ရှာဖွေအုပ်ထိန်းခဲ့ရသော ဘကြီးတော်သည့် ဦးရွှေခိုင်လက်ထဲရောက်သွားပြီဆိုမှ မအေက စိတ်လျှော့ကာ အိပ်ရာထဲ ဗုန်းဗုန်းလဲ၏။

တကယ်ဆို ဒီအရွယ်မိန်းကလေးတစ်ယောက်က အမေနောက်အိမ်ထောင်သစ်ထူလိုက်ခြင်းကြောင့် ထိခိုက်ခံစားရတယ်ဆိုရင်တောင် ဘဝနဲ့ရင်းပြီး ဆန္ဒပြတော်လှန်တဲ့အထိ လုပ်သွားသင့်သလား ...၊

မိုက်မဲလွန်းခဲ့တာဆိုရင်တောင် မအေ သေဆုံးသွားတဲ့အထိ လုံးဝပြတ်တောက်စွာ နေနိုင်ခဲ့တာ မလွန်ဘူးလား ...။ ထို့ကြောင့် သူမကို



မိသားစုစာရင်းက ပယ်ထုတ်ဖို့ ဆုံးဖြတ်ခဲ့လိုက်သည်။

အခက်အခဲဖြစ်နေတာက ကိုယ်မွေးတဲ့မျောက်က ကိုယ့်ကို [illegible] ခြောက်နေခြင်းကြောင့်ပင် ...၊

ဟွန်း ...၊

သူဌေးကြီးတဲ့ ...၊

သူဌေး ဦးဝေယံ ...၊

မင်းက တကယ်တော့ သူဌေးကြီးရဲ့ကားကို မောင်းနေတဲ့ ဒရိုင်ဘာ [illegible] ဝေယံ ပါကွာ ...၊ ခုကျမှ ငါမွေးတဲ့မျောက်က ငါ့ကိုပြန်ပြီး သွားဖြဲပြ [illegible] ရမလား ...၊

ဒေါ်ခင်ဝင့်လှိုင် က တနုံ့နုံ့ ဒေါသတွေနှင့် တန်စီတွေးနေမိသည် [illegible] ပြီးတော့ မှဲ့ပြုးနှင့် ခုံတန်းလေးမှာ ထိုင်ချလိုက်ကာ ကျေနပ်စရာ [illegible] ပြန်တွေးပြီး အားသစ်လောင်းမိ၏။

ဒရိုင်ဘာဘဝကနေ သူဌေးရဲ့ ယောကျ်ားဖြစ်လာခဲ့ရတဲ့ [illegible] လို မလောက်လေးမလောက်စားက ကိုယ်ကြီးဆွဲသလို မကနိုင်ပါ [illegible] ဆိုတာ ရယ်ချင်မိသည်။

သင်းလိုလူကိုမဆိုထားနှင့် ကျောက်တွင်းသူဌေးကြီး ဦးကြ [illegible] လိုလူကိုတောင် သူမက ဘာလုပ်ထားခဲ့သလဲ ...၊

ဒါတွေ မင်း တွေးချိန်မရှိတော့ဘူး ဝေယံ ...၊

အခု ငါ မင်းကို ပေးနိုင်တာက တွေးဖို့အချိန်မဟုတ်ဘူး။ ငါ့အတွ [illegible] လိုအပ်တဲ့ ပင့်သက်လေးတစ်ရှိုက်ပဲ ...။

မင်းအတွက်တော့ မနက်ဖြန်တွေ သိပ်မကျန်တော့ဘူးဆို [illegible] သိနေဖို့ ...၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"သူများအိမ်ထဲဝင်ပြီး မဟုတ်တာလုပ်လို့ သွေးသံရဲရဲနဲ့ ပြန်ပြေးလာတာနေမှာပေါ့ .. ရှင်က ဘာဖြစ်လို့ ဆေးရုံမပို့ဘဲ အိမ်ကိုခေါ်လာခဲ့တာလဲ .."

သတိလစ်သွားလိုက် ပြန်ရလာလိုက်နှင့် ဝေဝါးနေသည့် စိတ်အာရုံထဲမှာ ပထမဆုံးပြတ်သားစွာ ကြားလိုက်ရသည့်အသံဖြစ်သည်။ ပြီးတော့ ..၊

"နေ့ခင်းကြောင်တောင်ကြီးကွာ .. မိန်းကလေးတစ်ယောက် ခိုးဆိုးတိုက်ခိုက်တာ ဖြစ်နိုင်ပါ့မလား .."

"ဖြစ်နိုင်လို့ပဲ အခု မားဒဏ်ရာကြီးနဲ့ ဆွေ တို့ ကားရှေ့ကိုရောက်လာတာပေါ့ .."

"ကိုယ်လည်း ဆရာဝန်တစ်ယောက်ပဲ မဆွေ ရယ် .. ဒီဒဏ်ရာမျိုးနဲ့ ဆေးရုံပို့ရင် ရှုပ်ကုန်မှာပေါ့ .."

"ရှုပ်မှာစိုးရမှာက သူပါ၊ ဆွေ တို့မဟုတ်ပါဘူး၊ ပြီးတော့ ကကားနဲ့လည်း တိုက်မိတာမဟုတ်ဘဲနဲ့ .."

"ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း မေးကြည့်ပါရစေဦး၊ မင်း ဘာဖြစ်လို့ ဒီလောက်တောင် အပြစ်ကြောက်နေရတာလဲ၊ မိန်းကလေးပုံစံ ကြည့်ရတာ ဆွေကောင်းမျိုးကောင်းပုံလေးပါ .."



တစ်ဖက်က ခဏတော့ အသံတိတ်သွားပေမယ့် ..၊

"ဆွေမကောင်း မျိုးမကောင်းတဲ့သူက နဖူးမှာ စာပါတာမဟုတ်ဘူး—"

ခပ်ပျော့ပျော့ စောဒကတက်သံနှင့်အတူ ယောကျ်ားကြီး၏ သတ် ပြင်းချသံကိုကြားရသည်။ ပါး မျက်လုံးတွေကို မဖွင့်ဘဲ အိပ်ပျော်နေ သလို ဆက်နေလိုက်သည်။

သူမ ဘာလုပ်မလဲ၊ ဒီလူတွေမေးလာမည့် မေးခွန်းတွေကို သူမ ဖြေနိုင်ပါ့မလား ..၊

"ရှင့်ညီမ ခုထိ ပြန်မလာသေးပါလား ကိုတိုင်း၊ တော်ကြာ ယောကျ်ား ရဲ့ ဝိညာဉ်နောက်လိုက်ရင်း ပယောဂဆရာနဲ့ ညားနေဦးမယ် .."

"မင်းကတော့ ပြောတော့မယ် ဆွေ ရာ .. နွေဦးလေး သနားပါ တယ် .."

"မသနားလို့ ပြောနေတာမဟုတ်ဘူး ကိုတိုင်း .. ဒီဆရာဝန် ပြောလို့ဆိုလို့ကောင်းတာလည်း မဟုတ်ဘူး၊ သေသွားတဲ့ ဝိညာဉ်တွေနဲ့ စကားပြောနိုင်တယ်ဆိုတာလည်း ဘယ်သူဖွလိုက်တဲ့ စကားမှန်းမသိ ဘူး .."

"ဖွတာမဟုတ်ဘူး .. ဒါ တကယ်ပဲ .."

"ဘယ်သူပြောတာလဲ .."

"ဘယ်သူမှ ပြောတာမဟုတ်ဘူး၊ ဒါ ကိုယ်တိုင်သိခဲ့တာ၊ ရောဂါ ရှာမရ ဆေးရှာမရတဲ့လူနာတစ်ယောက်ကို သူ့လက်ထဲအပ်လိုက်ရ တယ်၊ စိတ်ရောဂါနဲ့ ပတ်သက်သမျှ သူ အကုန်ဖမ်းနိုင်တယ်၊ လူနာ စိုက်ကြည့်လိုက်တဲ့အကြည့်တစ်ချက်မှာပဲ သူတစ်ပါးအပေါ် ဘယ်လော ထိ ထိုးထွင်းနိုင်တဲ့ စိတ်ပညာရှင်လဲဆိုတာ သိသာတယ် .."

"ရှင်တော်တော် အထင်ကြီးခဲ့တာပဲ .."

ကြားနေရသမျှကို နားစိုက်ထောင်ရင်း ပါး မျက်လုံးတွေ မဖွင့် အောင် ကြိုးစားနေရသည်။ ဒဏ်ရာနာပေမယ့် သတိမရသေးတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ဖျားတွေတောင် မလှုပ်ဘဲ ငြိမ်သက်နေခဲ့ရ၏။

"နွေဦး .. သူ့ဆီ မရောက်ရောက်အောင်သွားတာ ရှင့်ရဲ့ အထင်ကြီးမှုတွေ ဓာတ်ကူးသွားတာပဲနေမှာ .."

"မင်းပဲပြောတော့ နွေ .."

ကိုတိုင်း ဆိုသည့်ဆရာဝန် အမျက်ထွက်လာပြီး နေရာမှ ထသွားပုံပေါ်သည်။ ထိုအခါကျမှ နွေ ဆိုသော အမျိုးသမီးကြီးက မိန်းကလေးတစ်ယောက်ကို ခေါ်၍ လူနာဆောင်မှာနေဖို့ ပြောခဲ့ပြီး ထလိုက်သွားရင်း...၊

"ကဲပါ .. ဒေါသတွေနဲ့ အပြင်ထွက်ဖို့ ခြေဦးမလှည့်ပါနဲ့၊ နွေက ရှင့်အတွက် စိတ်ပူလို့ပြောတာပါ .. ဒီလူနာကို အနာသက်သာအောင် ကုသပေးပြီးရင် .."

"ငါကလည်း အိမ်မှာနေပါစေဆိုပြီး ထားတာမဟုတ်ဘူး နွေ.."

"ဒါဆို ပြီးတာပဲ .. ထမင်းစားရအောင် .."

"နေဦး .. ဒီကောင်မလေး ထွက်လာတဲ့ ခြံအကြောင်း ငါ စုံစမ်းခိုင်းထားတာ ဖုန်းပြန်မဆက်သေးဘူး .. ခဏစောင့်လိုက်ဦးမယ် .."

အလှမ်းကွာသွားသဖြင့် စကားသံတို့ကို မနည်းနားစိုက်ထောင်နေရသည်။ ပဒုမ္မာ စံအိမ်ကြီးထဲက သတင်းကို ဒီလူတွေဘယ်လိုစုံစမ်းမှာလဲ ...၊

အတွင်းလှိုက်ချစားနေသော လျှို့ဝှက်မှုတို့ဖြင့် သည်စံအိမ်ကြီးထဲက သတင်းတွေက သူတို့ပို့လွှတ်ချင်ရင်သာ အပြင်ထိပေါက်လာမှာဖြစ်ကာ လျှို့ဝှက်ချင်သည့် ဘယ်အရာမဆို အပြင်လူသိနိုင်ဖို့ မလွယ်ပေ..။

ဒါဆို သူမနဲ့ ပတ်သက်သည့် အကြောင်းအရာ သူတို့ လျှို့ဝှက်ချင်သည့်သတင်းမျိုးလား .. ပျံ့လွင့်စေချင်သည့် သတင်းမျိုးလား၊ ဘယ်လို အမျိုးအစားထဲမှာ ပါနိုင်သလဲ ..၊

"ဗျာ!..."

"... ... ..."



"ကိုသက်နောင် .. ခင်ဗျား ဟုတ်ရဲ့လားဗျ .."

စကားသံတွေကြောင့် ပါး သေချာစွာနားစိုက်နားစွင့်ထားလိုက်မိ၏။ ဇနီးမောင်နှံနှစ်ယောက် တအံ့တဩအထိတ်အလန့်တွေ ဖြစ်နေခဲ့ကြပြီး...၊

"ပေးစမ်းပါ ကိုတိုင်း ရယ် .. နွေ သိချင်လို့ .."

"... ... ..."

"ကောင်မလေးက အလွန်ဆုံးရှိလှမှ အသက်နှစ်ဆယ်လောက်ရယ် .."

"... ... ..."

"မဟုတ်ပါဘူး ဦးသက်နောင် ရယ် .. မယုံတာမဟုတ်ပါဘူး၊ သူဌေးနဲ့ မကင်းမရှင်းတဲ့ မိန်းကလေးတွေ ရှိကြတာ သိပါတယ်၊ ဒါပေမယ့် နေ့ခင်းကြောင်တောင်ဝင်ပြီး အသက်ကိုရန်ပြုဖို့ထိ သောင်းကျန်းတယ်ဆိုတာက .."

"... ... ..."

"ဟုတ်ပါတယ် .. ဟုတ်ပါတယ်၊ ကိုသက်နောင် ကလည်း သူများကို မေးကြည့်ရတာပါ၊ ဒါမှန်ပါတယ် .. ကျေးဇူးတင်ပါတယ်နော်၊ ဟုတ်ကဲ့ပါရှင် .. ခုလို သိရတော့ ကျွန်မတို့ ဘာဆက်လုပ်ရမယ်ဆိုတာ အဖြေရှာစရာမလိုတော့ဘူးပေါ့ .."

"... ... ..."

"ရှင် ..."

"... ... ..."

"ဩော် .. ဟုတ်တယ် ဦးသက်နောင်၊ ကျွန်မတို့ကားနဲ့ တိုက်မိတာမဟုတ်ဘူး၊ တိုက်ထဲကနေ လိမ့်ထွက်လာတာ၊ ကျွန်မတို့လည်း ရုတ်တရက်ကြီး ကိုယ့်ကားအောက် လိမ့်ဝင်လာတော့ တက်ကြိတ်မိပြီဆိုပြီး ကြက်သေသေကုန်ကြတာ၊ သတိရလာလို့ ပြေးဆင်းတော့လည်း လူနာကိုပဲ ကြည့်မိတယ်၊ ခြံကြီးကို မကြည့်မိဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဟုတ်တယ် ကြည့်တဲ့အချိန်မှာတော့ တံခါးကြီးက ပိတ်ထားတာပဲ၊ ဒါပေမယ့် မိန်းကလေးရဲ့ ပခုံးအောက်နားမှာ မားမြောင်ကြီးစိုက်လျက်သားနဲ့ .. ပြီးတော့ ခေါင်းမှာလည်း သွေးတွေ၊ တစ်ကိုယ်လုံးလည်း ပွန်းပဲ့သွေးစို့ထားတာတွေအများကြီးပဲရှင် .. အဲ့ဒီ တံခါးကနေ အဝတ်စုတ်ထုပ်လို လွှင့်ပစ်လိုက်တာတော့ သေချာပါတယ် .."

"…. …. …."

"မဆိုင်ပေမယ့် ကိုယ့်ကားဘီးကြားထဲမှာ သွေးအလိမ်းလိမ်းနဲ့လေ၊ ဘယ်လိုလုပ် ကျွေ့ရှောင်ထားခဲ့ရက်မှာလဲ၊ မိန်းကလေးက သန့်သန့်စင်စင်လေးပါပဲ၊ ဒါပေမယ့် ရုပ်ရည်သန့်တိုင်းလည်း ပြောလို့တော့ မရဘူးပေါ့နော်၊ ဒါပေမယ့် ဦးသက်နောင် ရယ် .. ခုလို ရှုပ်ထွေးတဲ့ မိန်းကလေးမှန်းသိရင်တော့ ဘယ်ခေါ်တင်ခဲ့မလဲ .."

သေချာကြားနေရခြင်းက ဖုန်းပြောနေရင်း သူမ ခုတင်ဆီပြန်လျှောက်လာ၍ဖြစ်သည်။

ပါး အသက်မှန်မှန်ရှူရင်း ဒေါသကြောင့် ပွက်ပွက်ဆူနေသည့်စိတ်ကို လျှော့ချနေရသည်။ ခေါ်ခင်ဝင့်လှိုင် ဒီသတင်းကို သေချာကြံစည်ပြီး လွှင့်လိုက်တာဖြစ်မည်။

ဒီပုံစံအတိုင်းဆို သူမ တစ်ကိုယ်လုံး လှုပ်မရအောင် နာကျင်နေသည့် ဒဏ်ရာတွေနှင့် လက်ခံဆေးကုပေးချင်တဲ့သူတောင် ရှိပါ့မလား…။

သူမ တွေးနေတာတောင် မဆုံးသေးပေ ..၊

"ဘယ်လိုလုပ်ကြမလဲ ကိုတိုင်း .. ဒီကောင်မလေးက 'ပဒုမ္မာ' ဆိုတဲ့ စံအိမ်ကြီးက သူဌေးနဲ့ .."

"သတင်းဆိုတာမျိုးက အမှန်လို့တော့ ယူလို့မရပါဘူးကွာ .."

"သတင်းတိုင်း မှားမနေဘူးဆိုတာလည်း ရှင် လက်ခံသင့်တယ်လေ .."





"ဟုတ်တယ် .. ဒါပေမယ့် ငါတို့လူမှုကျင့်ဝတ်အရ သူ့ကို လောလောဆယ် ဒီတိုင်း ပြန်လွှတ်လိုက်ဖို့တော့ မဖြစ်ဘူး ဆွေ .."

"ဆွေ သိပါတယ်၊ သူ သတိရလာရင်တောင် ဒဏ်ရာတွေဒီလောက်များတာ အခြေအနေက ဘယ်လိုမှန်းမသိသေးဘူး၊ ဆွေ လည်း ဆရာဝန်ပါပဲ ကိုတိုင်း ရယ် .. ဒီတိုင်းပြန်လွှတ်လိုက်ဖို့ထိ မရက်စက်ပါဘူး .."

နှစ်ယောက်စလုံး ဆရာဝန်တွေမှန်းသိလိုက်ရပြန်သည်။ သူမ လူကောင်းတွေနဲ့ တွေ့လို့ အသက်ရှူချောင်ခဲ့ရပေမယ့် လူတကာ ရွံရှာဖွယ်အဖြစ်သနစ်မျိုးကို ယုတ်ယုတ်မာမာ ဖန်တီးလိုက်သူတို့ကြောင့် ..၊

"သူ့ နည်းနည်းမှ လှုပ်ရှားမလာဘူးလား အေးမာ .."

"မလှုပ်ဘူး .. အစ်မ .."

"အင်း .. အင်း .. သွားတော့ .."

သူမ သတိရချိန်တန်နေပြီကိုတော့ သိနေကြလိမ့်မည်။ မေးမြန်းကြည့်ကြဖို့လည်း စိတ်စောနေကြမှာပါ။ ဒါပေမယ့် မတတ်နိုင်၊ ဘာမှမဆီမဆိုင်စောင့်ရှောက်ကူညီပေးနေတာကို မညာချင်ပေမယ့် ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

အထွေထွေရောဂါအထူးကုဆရာဝန် ဒေါက်တာကျော်တိုင်း ဆိုသူသည် အသက်သုံးဆယ်ကျော် လေးဆယ်အရွယ် ခပ်ပုပု နဖူးကျယ်ကျယ်နှင့် ဖြစ်ကာ နား၊ နှာခေါင်းလည်ချောင်းဆရာဝန် ဒေါက်တာဆွေဆွေ နဲ့ ရွယ်တူပဲဖြစ်နိုင်၏။

ဒါပေမယ့် ဒေါက်တာ ဒေါ်ဆွေဆွေ က ပိုနုပြီး ပိုလှသည်။ နူးညံ့မှုနည်းသော မျက်ဝန်းတွေက အေးစက်သည့်အသွင်ကို ဆောင်နေကြသည်။

ပါး ရယ် ဒေါက်တာတို့ ဇနီးမောင်နှံရယ် သုံးပွင့်ဆိုင်ရှိနေကြကာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် စူးစိုက်ကြည့်နေမိကြ၏။ ခဏအကြာမှ ဒေါ်ဆွေဆွေ က ခင်ပွန်းဖြစ်သူကို တစ်ချက်လှမ်းကြည့်ပြီး စကားအစချီဖို့ မျက်လုံးနဲ့ တိုင်ပင်ကာ ...၊

"မင်း ကောင်းကောင်း သတိရနေပြီနော် .. အပေါ်ယံထိခိုက်မိတဲ့ ဒဏ်ရာတွေကိုကြည့်တော့ အကြီးအကျယ်ပျက်စီးထိခိုက်မှုမရှိဘူး၊ ခေါင်း ဒဏ်ရာကလည်း နက်ပေမယ့် မင်း ကံကောင်းပါတယ် .."

ပါး က သူမကို စူးစိုက်ကြည့်နေပြီး ဘာမှမပြော ...၊

"ကိုယ်တွင်းထိခိုက်မှုကိုတော့ မင်း အကူအညီယူမှ သေချာသိရ



မှာ၊ ဒီတော့ အခုလောလောဆယ် မင်းကို လိုအပ်တဲ့မေးခွန်းလေးတွေ မေးချင်တယ်၊ ပထမဆုံး မင်း နာမည်ပေါ့ .."

ခဏစောင့်ပေမယ့် ပါး က မဖြေ ...၊

"မင်းကို တို့ကားနဲ့ မတိုက်မိဘူး၊ ဒါပေမယ့် ဒဏ်ရာတွေဗလပွ ရထားတဲ့အတွက် ကားရှေ့ကို တန်းတန်းမတ်မတ်ရောက်လာတာလည်း ဖြစ်တော့ မိန်းကလေးတစ်ယောက်အပေါ် စာနာစိတ်နဲ့ ခေါ်လာပြီး ကုသ ပေးခဲ့တာ၊ တို့က ဂုဏ်ဖော်ချင်တာမဟုတ်ဘူးနော် .. မင်း တစ်မျိုးထင် နေသလားလို့ ပြောပြတာ .."

"နေဦး ဆွေ .. မင်း အများကြီးမပြောနဲ့ဦး၊ ကိုယ်တို့မေးတာ သူ မဖြေသေးဘူး .."

ဒေါက်တာကျော်တိုင်း က ဇနီးသည်ကိုတားပြီး ပါး ဘက်ကိုပြန် ကြည့်၍ ...၊

"အခု လိုအပ်နေတာက ငါ့ညီမရဲ့ နာမည်၊ ပြီးတော့ ဘယ်မှာနေ တာလဲ၊ ဘာဖြစ်လာတာလဲဆိုတာ မင်း မပြောချင်ရင်ရတယ်၊ မင်းကို ဆက်သွယ်လာမယ့် အုပ်ထိန်းသူ လူကြီးတွေကိုတော့ ငါတို့သိရမှဖြစ် မှာ .."

အဖြေကိုစောင့်ပေမယ့် သူမက မျက်ဝန်းတွေအနည်းငယ်ရွေ့သွား ပြီး နှုတ်ဆိတ်နေဆဲ ...၊

"ဒီမှာ မင်း စကားမပြောနိုင်တာတော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့ ဘာမှမဖြေဘဲနေတာလဲ .."

ပါး မျက်ဝန်းတွေ သူ့ဘက် ပြန်ရောက်သွားသည်။ မျက်လုံးချင်း ဆုံကြည့်နေပေမယ့် ဒီတိုင်းပဲ နှုတ်ဆိတ်နေလျှင် .. ဒေါက်တာကျော်တိုင်း တို့ ဇနီးမောင်နှံ တစ်ယောက်ကိုတစ်ယောက် ကြည့်ကြ၏။

ထို့ကြောင့် ဒေါ်ဆွေဆွေ က နေရာမှထထွက်သွား၏။ ဦးကျော်တိုင်း ဆရပ်လိုက်စဉ် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟော .. လူနာ သတိရနေပြီလား .."

"အင်း .."

ဦးကျော်တိုင်း က အသက်မပါသလိုဖြေကာ ..၊

"နှင့်ကိစ္စကရော .."

"ဟင် .. နွေ လား .."

"ဟုတ်တယ် .. နှင့်ယောက်မလည်း ပြောနေပြီ၊ သေတဲ့လူလည်း သေပြီပဲ ..ဘာဖြစ်လို့ .."

"အစ်ကိုရယ် ထွန်းထွန်း ဆုံးသွားခဲ့တာ ချက်ချင်းကြီးလေ၊ နွေနဲ့စကားပြောပြီး ဆိုင်ကယ်လ်သော့လေးဖြုတ်ထွက်သွားတာ ဆယ့်ငါးမိနစ်လောက်ပဲ ရှိသေးတယ် .."

"ခက်တာပဲ နွေဦး ရယ် .. ဘယ်လိုပုံစံနဲ့ပဲဖြစ်ဖြစ် သေခြင်းတရားကို ငါတို့လက်ခံကြရတာပဲ၊ ခုလေးတင် အကောင်းကြီးပါဆိုပြီး သူ့ဝိညာဉ်ကို ပြေးလိုက်ခေါ်လို့ရသလား .."

ညှေသည်ရှေ့မှာ အဆူခံနေရသဖြင့် နွေဦး ဆိုသည့်အမျိုးသမီးက ပါး ကို ခဏခဏလှမ်းကြည့်သည်။ ပါး ကလည်း ခုတင်ထက်မှာလှဲနေရင်း သူမက ကိုယ့်ရှေ့တူရူမှာမို့ ကြည့်နေမိသလိုဖြစ်နေခဲ့သည်။

သတိမရသလို ဖွတ်မှိတ်နေခဲ့ရသည့် မျက်လုံးတွေကိုထပ်ပြီး မပိတ်လိုက်ချင်တာမို့ စိတ်ထဲကတော့ တောင်းပန်လိုက်မိပါ၏။

"အခု အခြေအနေပြောပါဦး .."

"သူက လက်မခံသေးပါဘူး အစ်ကိုရယ်၊ အလုပ်မလုပ်တာလည်း သုံးလလောက်ရှိပြီတဲ့၊ ဆေးရုံလည်း မထိုင်ဘူး၊ ဆေးခန်းလည်း မလာဘူး၊ အိမ်တံခါးတောင် မဖွင့်ဘူး .."

"သူ့သမီးလေးကိုတော့ ကျောင်းပို့ကျောင်းကြိုရှိမှာပေါ့ .."

"ရှိပေမယ့် ကားအကောင်းစားကြီးနဲ့ မှန်တွေ မှောင်မည်းနေတာကလေးဆင်းလာတယ်၊ ပြီးတော့ ပြန်တက်သွားတယ် .. ဒါပဲလေ၊ ကား



ထဲမှာ ဘယ်သူဘယ်ဝါ ပါတာ ဘာမှမမြင်ရဘူး .."

"ဒါဖြင့် နှင် အပြင်ခဏခဏ ထွက်နေတာလေ .."

"သူ့ကိုပြောနိုင်ဆိုနိုင်တဲ့သူ ရှာရတာပေါ့ .. အစ်ကိုကမှ မကူညီတာ .."

"အခု နှင်ရော တွေ့ပြီလား .."

"ဟင့်အင်း .."

"အဲ့ဒါကြောင့် ပြောနေတာ သူက ဒီကိစ္စနဲ့ ပြဿနာနှစ်ခါသုံးခါ တက်ခဲ့ဖူးတယ်၊ ဒါကြောင့် သူ စိတ်ပျက်သွားတာ၊ ငါ သူများစိတ်ကို ပိုဆင်းရဲအောင် ဖိအားမပေးချင်ဘူး၊ ရှင်းရှင်းပြောရရင် ငါပြောလို့လည်း ဘာမှမထူးဘူးဆိုတာ သေချာတယ် .."

"အစ်ကိုကလည်း နွေ တစ်ခါလောက်ပဲ ကြိုးစားကြည့်ချင်တာပါ.."

သူမက ပြောနေရင်း ငိုသံလေးပါလာကာ ..၊

"ထွန်းထွန်း နဲ့ နွေ့ မှာ ရင်သွေးလေးရှိနေပြီ အစ်ကို .."

"အေးလေ .. သူ သိတာပဲ .."

"အဲဒါကို သူ စိတ်စွဲနေတယ်၊ နွေ ညတိုင်းအိပ်မက်မက်တယ်၊ တစ်ခါတစ်လေ အနားမှာ သူရှိနေသလို ခံစားရတယ်၊ ထွန်းထွန်း ကို စိတ်ချပါလို့ ပြောချင်တယ် အစ်ကိုရယ်၊ သူ့ကိုလေ စိတ်ချလက်ချသွားပါတော့လို့ပြောပြီး ရေစက်ချအမျှဝေပေးမယ်၊ ဒါမှ သူ ကျွတ်လွတ်တဲ့ဘဝကိုရောက်မှာ .."

ဦးကျော်တိုင်း သက်ပြင်းချသည်။ ပြီးတော့ ပါး ကို တစ်ချက်ပြန်ကြည့်၏။ ဒီမှာ ပြဿနာတစ်ခုကို မရှင်းနိုင်သေးဘဲ နောက်ပြဿနာကြောင့် ရင်ပူရတာ ဒုက္ခပါလား ..၊

"ငါတော့ ဘာမှလုပ်မပေးနိုင်ဘူး နွေဦး၊ ဆွေ သိရင်လည်း တားမှာပဲ၊ ဒါပေမယ့် နှင်ပြောတော့လည်း ထွန်းထွန်း အတွက် ငါစိတ်မကောင်းပါဘူး၊ တစ်ခုတော့ ငါ ပြောပြနိုင်တယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ အစ်ကို၊ ခုချိန်မှာ ဘယ်လိုအကူအညီမျိုးဖြစ်ဖြစ် နေ့ တကယ်လိုအပ်နေတာပါ .."

"ခွဲခြား မှာ အစ်မဝမ်းကွဲတစ်ယောက်ရှိတယ်၊ အစ်မဆိုပေမယ့် သူ့ထက် အသက်ဆယ်နှစ်ကျော်လောက်ကြီးတယ်၊ ပြီးတော့ အပျိုကြီး၊ အပြောတော့ သိပ်မချိုပေမယ့် နင် သေချာပြောပြပြီး အကူအညီတောင်းရင် ဖြစ်နိုင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ခွဲခြားက သူ့အစ်မကို ရှိသေတယ် .."

"သူက ဘယ်မှာလဲဟင် .. သူ့လိပ်စာပြောလေ အစ်ကို .."

"ပြောမယ် .."

ဦးကျော်တိုင်း က ဖုန်းနံပါတ်ပါ သေချာပြောပြသည်။ အမှတ်တမဲ့ နားထောင်နေမိပေမယ့် ဒေါက်တာခွဲခြား ဆိုသော နာမည်ဆန်းဆန်းကိုတော့ ပါး သတိထားခဲ့မိ၏။

စိတ်ရောဂါအထူးကု ဒေါက်တာခွဲခြား ..၊

ဘာလဲ ဒီဆရာဝန်က အောက်လမ်းပညာတွေပါ တတ်နေတာလား..၊

အတွေးထဲမှာ ချက်ချင်းရောက်သွားသည်။ ဦးကျော်တိုင်း အလေးအနက်ပြောနေပုံအရ ဒီလိုလုပ်တာမျိုးလည်း မဟုတ်နိုင် ..၊

ဒါဆို သေသွားတဲ့ဝိညာဉ်တွေနဲ့ ဘာဖြစ်လို့ ဆက်သွယ်နိုင်နေတာလဲ ..၊

ပါး ကတော့ မယုံပါ ..၊

♥♥♥



## အခန်း (၅)

"အ ..."

ကိုယ့်အားကိုယ်ကိုး၍ အနိုင်နိုင်အားယူလျှောက်ရင်း တစ်ကိုယ်လုံးက နာကျင်မှုက သိသာလာသည်။ ဒေါက်တာကျော်တိုင်း တို့ ခြံကြီးထဲက ထွက်လာနိုင်တာနှင့် လူက နောက်ကိုပြန်မကြည့်ပေမယ့် စိတ်ထဲက တောင်းပန်လိုက်သည်။

"ကျေးဇူးကန်းလိုစိတ်တော့ မရှိပါဘူး၊ ဒါပေမယ့် ခွင့်လွှတ်နိုင်ပါစေ .."

ခေါင်းက သွေးစိုနေဆဲဒဏ်ရာက ပတ်တီးဖြေထားသဖြင့် သွေးစီးကျမလာဘူးလို့ မပြောနိုင် ..၊

ထို့ကြောင့် ခြေလှမ်းမှန်အောင်ကြိုးစားနေရင်း ဆံပင်တွေ အောက်စပ်ကနေ မကြာခဏလက်တည့်စမ်းနေရသည်။

သူမ တစ်ကိုယ်လုံးမှာ တစ်ရှူးလေးတစ်ထုပ်တော့ ချမ်းသာသေးသည်။ သွေးစစမ်းမိတာနှင့် တစ်ရှူးနဲ့သုတ်ပစ်ဖို့တော့ တတ်နိုင်သေးတာမို့ သိပ်တော့ မဆိုးသေးဘူးလို့ဆိုနိုင်၏။

'ပဒုမ္မာ' စံအိမ်ကိုဝင်ခဲ့တုန်းက ပခုံးမှာကျောပိုးအိတ်ပါသည်။ ဓားနဲ့ပစ်လိုက်တာက သိုင်းကြိုးကိုဖြတ်ပစ်လိုက်သလိုဖြစ်ကာ လွယ်ရင်းလိုမှ

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှင့် ပြုတ်ထွက်ကျန်ခဲ့တာကို ဘယ်လိုမှ မကောက်ခဲ့နိုင် ...၊

ခုတော့ သူမရဲ့ ဆောင်းဘီအိတ်ထဲမှာ ပြီးတော့ သားရေပြောင်ဂျာကင်အိတ်တွေထဲမှာ ပိုက်ဆံအတိုအထွာလေးအနည်းအပါးနှင့် ပိုက်ဆံကုန်တိုင်း မဖြည့်ဘဲ ဒီတိုင်းထိုးထည့်ထားသည့် ဖုန်းနှစ်လုံးရယ် ...၊

"အ ..."

"အယ် .. ဆောရီး မောင်လေး .. ဩော် .. ညီမလေး ဆောရီးနော်.."

ပခုံးချင်းရိုက်မိသွားတော့ ဒဏ်ရာနဲ့ တိုက်မိသလိုဖြစ်ကာ အသည်းခိုက်အောင် နာသွားသည်။ သူမက ပျာပျာသလဲတောင်းပန်ပေမယ့် ပခုံးတစ်ဖက်ကိုအုပ်ထားရင်း 'ပါး' ပြန်လည်းမပြောနိုင်၊ ခေါင်းလေးတောင် ညိတ်မပြဖြစ် ...၊

သူမှား ကိုယ်မှားပဲမို့ 'ရပါတယ်' လို့ ပြောချင်ပေမယ့် ...၊

"ဖေကြီးရေ .. မီးမီး ဒီမှာ .."

အသံနှင့်အတူ မျက်လုံးထောင့်မှာ နောက်ထပ်အရိပ်တစ်ရိပ် ...၊

"အင့် .."

"အား ..."

ဖိလိုက်မိတိုင်း နာနေသည့် ဘယ်ဘက်ခြေထောက်ကိုမှ ကန့်လန့်ဖြတ် အတန်ခံလိုက်ရသလို ဖြစ်သွား၏။ နှစ်ခါဆက်တိုက် ခံစားလိုက်ရသည့် နာကျင်မှုကြောင့် ပါး မခံနိုင်တော့ဘဲ ခေါက်ခနဲ ဒူးညွှတ်ကျသွားသည်။

သို့သော် ဒေါသနဲ့လက်က တစ်ထပ်တည်းဖြစ်သွားပြီး နောက်နှစ်လှမ်းဆုတ်၍ ဖျတ်ခနဲ လှည့်ပြေးသည့် ချာတိတ်မလေး၏ လက်မောင်းကို မိမိရရ ဆွဲလှည့်ပစ်လိုက်၏။

"အ .. အား .. ဟွန့် .. နာတယ် .. အရမ်းနာတယ် .. လွှတ်ပါ .."

"ဟော့ .. ဘာလုပ်တာလဲ .. လွှတ်လိုက်စမ်း .."

လူထက် စကားသံက ပြေးလာသလို အမောတကောနိုင်လျက်..၊

"လွှတ်လိုက်စမ်း .. ငါ့သမီးကို .."



ပါး က ဒူးတစ်ဖက်ထောက်ထိုင်လျက်ကနေ ကောင်မလေး၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ထားကာ ထိုသူက တစ်ဖက်က လက်လေးကို ဝင်ဆွဲ၏။

ပြီးတော့ ကလေးကို သူ့ဘက်ပါအောင် ဆွဲယူကြိုးစားသည်။

"အ .. ဖေကြီး နာတယ် .."

"တောက် .."

ပါး ၏ လက်တစ်ဖက်က ပြုတ်တူနဲ့ ညှပ်ထားသလို မြဲမြဲနေသဖြင့် သူ့ကလေးလက်ကို သူပဲ ပြန်လျှော့ကာ ...၊

"ကလေးက မင်းကို မတော်တဆ တိုက်မိတာကွ .. ငါမြင်တယ်.."

ပါး မျက်လုံးတွေ လက်ခနဲရောက်သွားသည်။ ပြီးတော့ ဒီတိုင်းထိုင်နေရင်း ...၊

"တမင်တကာဆိုရင်လည်း တစ်ခါတည်း လမ်းမရောက်သွားအောင် ကိုင်ပေါက်ပစ်လိုက်မှာ .."

"ဘာပြောတယ် .."

ပါး က ကလေးမလေးမျက်နှာကိုပဲ အံကြိတ်ထားရင်း စိုက်ကြည့်ကာ ...၊

"မင်း မျက်လုံးကန်းနေသလား .."

"ဟော့ .."

"သူ့နား ကြားတယ်မို့လား .. သူ့ကို မေးနေတာ .."

"ကလေးကို မင်းက .."

"ရှင် ထပ်ပြီးဝင်ပါရင် ဒီလက်မောင်းကျိုးကြေသွားအောင် လုပ်ပစ်မှာနော် .."

"အား .."

"မင်း .. မင်း .. တောက် ...၊ မင်း လွှတ်လိုက်စမ်း ပြောချင်တာတို ငါနဲ့ရှင်း .."

"သူ ဝင်တိုက်တာ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်သွားလို့လဲ .."

"ကျွန်မ လမ်းမလျှောက်နိုင်တော့ဘူး .."

"ဘာ!..."

အမိပွာယ်မရှိတာ ...၊

ဒူးတစ်ဖက်ထောက်ထိုင်နေပုံက ခာတ်ပုံရိုက်ဖို့ ပို့စ်ပေးနေတာနဲ့ တောင် တူနေသေးသည်။ ဆံပင်အနက်ဂုတ်ထောက်လေးက အိလက် နေသည်။ အသားရောင်က ဝင်းထိန်ဖြူဥနေ၏။

ဆောင်းဘီရှည်အနက် သားရေဂျာကင်အနက်နှင့် လည်ပိုက်ဆွယ် တာ အင်္ကျီပေါ်မှာ ပလက်တီနမ်ကြိုးပါးလေးတစ်ကုံးက တဖျတ်ဖျတ် လက်နေ၏။

ဒီပုံစံက ကလေးလေး အမှတ်တမဲ့ဝင်တိုက်မိတာနဲ့ ဘာဖြစ်သွား လို့ မရှာနိုင်ရတာလဲ ...၊

"အား ..."

သူမက ထကြည့်ဖို့အားပြုသည်။ နောက်ထပ် မရမကကြိုးစား တော့ ကလေး၏ ညည်းသံပါ နှစ်သံထွက်၏။

"အား .. နာတယ် .."

"ဟော့ .. မင်းကလေးကို အားမပြုနဲ့လေ .."

"ပြုတော့ ဘာလုပ်ချင်လဲ .. ရှင် ဝင်မပါနဲ့ .."

"ဘာပြောတယ် .. မင်း .."

သူ့မှာပဲ ဒေါသရှိသလား ...၊

ခြား ဒေါသစိတ်မွှန်ကာ သမီးကို ချိုင်းနှစ်ဖက်ကနေ 'မ' ကိုင်လိုက် သည်။ သူမလက်ထဲကဖြစ်သလို ဆွဲထုတ်လိုက်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်၏။

ကလေးလည်း နာချင်နာမှာပေမယ့် သူမ ဒီလိုထိုင်နေတဲ့ပုံနဲ့ဆို သင်းရော သက်သာမှာမို့လို့လား ...၊

ထို့ကြောင့် မိုက်ရိုင်းလွန်းသည့် သူမကို တမင်ရွဲ့ချင်သည့်စိတ်က အကဲပိုနေကာ .. အတင်းဆွဲထုတ်လိုက်ဖို့သေချာကိုင်လိုက်ကာမှ ...



"ဟယ် .. ပါးလေး .."

ဆွဲခြင်းကြီးနှင့် မိန်းမကြီးတစ်ယောက်က သူမကို သေချာငုံ့ကြည့် ပြီး ဝမ်းသာအားရ မယုံနိုင်စွာ ...၊

"ပါး မို့လားဟင် .. ပါးလေး မို့လား .."

"ဒေါ်ဒေါ်သေး .."

"ဟုတ်ပ .. ဒေါ်ဒေါ်သေးပါ ကလေးရယ် .."

ဆွဲခြင်းကြီးချ၍ သူမရှေ့မှာ ဒူးထောက်ထိုင်လိုက်သည်နှင့် ခြား က ကလေးကို ဒီတိုင်းဆွဲခေါ်လာခဲ့သည်။ ကားနားကို ရောက်ကာမှ နောက်ထပ်ပြန်ကြည့်မိပြန်၏။

သူမကို ဒေါ်သေး ဆိုသည့် မိန်းမကြီးက သေချာဂရုစိုက်တွဲထူပေး နေ၏။ သူမ မှီတွဲပြီး ထရပ်နေပုံကလည်း တကယ်ဆေဒနာခံစားနေရပုံပါ။

"ဖေကြီး .."

"ဂျိမ်း .."

အမေးအမြန်းထူတာ သိပ်မကြိုက်သဖြင့် ကလေးက စကားစလိုက် တာနှင့် ခြံတံခါးပိတ်ပစ်လိုက်သည်။ ပြီးမှ တစ်ဖက်က သွားဝင်ထိုင်ကာ စက်နှိုးပြီး ချက်ချင်းပြန်ဝိုက်၏။

ကလေးက ဖအေ့ မျက်နှာကို အကဲတော့ခတ်ပါသေးသည်။ ဒါပေမယ့် သိချင်စိတ်ပြင်းပြတတ်သောအရွယ်မို့ ...၊

"ဖေကြီး ဟိုအန်တီ သနားပါတယ်နော် .."

"...... ...... ......"

"မီးမီးက ဖေကြီးကား ကျော်သွားလို့ လှမ်းခေါ်လိုက်တာ .."

ကျောင်းပြန်ချိန်မှာ ကျူရှင်ဝင်တာ ဒီအိမ်ပဲကို သူ မသိဘဲနေမလား။ သမီးကို ကြိုဖို့အတွက် သူ ဘယ်တုန်းကမှ နောက်မကျခဲ့ဘူးပဲလို့ သမီးကလည်း သူ့ကားမြင်တာနှင့် ဆရာမတို့ ခြံအပြင်ကို ထွက်လာနေ ကျ ...၊

"မီးမီး တမင်ဝင်တိုက်တာ မဟုတ်ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို ခြံပြင်ထွက်မလာနဲ့ .. ဖေကြီး ကားရပ်ပြီး ခြံဝထိ လာခေါ်မှ ထွက် .."

"ဖေကြီး ဘာဖြစ်လို့ကျော်သွားတာလဲဟင် .."

"အဲဒီရှေ့တည့်တည့်မှာ ကားကိုရပ်ချင်တိုင်း ရပ်လို့မရဘူး .."

"မီးမီးက .."

"မီးမီး စကားမများနဲ့တော့ .. အခု ညစာဝင်စားမယ်၊ အိမ်မှာ ညလယ်စာစားဖို့ပါ မီးမီး ကြိုက်တာ တစ်ခါတည်းဝယ်မယ်၊ စဉ်းစားထားနော် .. ဟုတ်ပြီလား .."

"အိမ်မှာ ဖေကြီး ဘာမှမချက်ဘူးလားဟင် .. အဲ့လိုမှန်းသိရင် ကြီးကြီးစော ဆီက ကြက်သားကြော်တွေ ထည့်လာပါတယ် .."

"မလုပ်ရဘူး၊ ဖေကြီးဆီ ပြန်လာမယ့် စနေ တနင်္ဂနွေအတွက် ကြီးကြီး ဆီက မီးမီး ထပ်တောင်းရင် ဖေကြီးက ဘာဖြစ်သွားမလဲ .."

ကားမောင်းနေရင်း ပြောပြနေရသည်။ သမီးက ခုမှ သုံးတန်းပဲရှိသေးပေမယ့် အရိပ်အကဲနားလည်သည်။ စကားလည်းတတ်သည်။

အထူးသဖြင့် ဖအေက မကြင်နာသလိုနေသမျှ သူမလေးကတော့ ချစ်ခင်မပျက်ရှိခဲ့ရှာ၏။ သူ့ဘဝမှာ ချစ်ခင်တွယ်တာဆိုတာလည်း ဒီ သမီးလေးတစ်ယောက်ပဲရှိတာပါ။ သို့သော် .. သမီးက စကားတတ်သလောက် နိုက်နိုက်ချွတ်ချွတ်မေးတတ်သည်။

မေးသမျှ မေးခွန်းတွေထဲမှာ သူ့အမေအကြောင်းနဲ့ ပတ်သက်တာတွေပဲ များများစားစားဖြစ်နေတတ်တာက အဆိုးဆုံးဖြစ်၏။

မို့ ကို သူချစ်ပါသည်။ ဒါပေမယ့် ...၊

♥♥♥



## အခန်း (၆)

ဟင် ...၊

နှုတ်ခမ်းအစုံဖွင့်ဟသွားပေမယ့် ဘာသံမှတော့ မထွက်နိုင်သေး...၊

သို့သော် ဦးဆေယံ ၏ မှိန်ဖျော့မှေးစင်းနေသော မျက်လုံးတွေ ချက်ချင်းလှုပ်ရှားလာကာ အံ့သြဝမ်းသွားသည့် လင်းလက်ခြင်းတွေ ရောင်စင်ဖြာ၏။

သ .. သမီး .. ပါး ...၊

အသံမပါပေမယ့် နှုတ်ခမ်းတွေလှုပ်ခတ်သွားတာကိုကြည့်၍ ဘာပြောလိုက်မှန်းသိနေသည်။ ထိုပြင် စကားပြောဖို့ ဆက်လက်ရုန်းကြွနေကြသော နှုတ်ခမ်းသားတို့ကိုပါ စူးစိုက်ကြည့်ရင်း အိပ်ခန်းထဲကို တစ်လှမ်းချက်ချင်းနင်းဝင်လာခဲ့၏။

ဒီလူကြီး စကားမပြောနိုင်တော့ဘူးလား ...၊ ဘယ်လိုရောဂါမျိုးဖြစ်နေတာလဲ ...၊

အတွေးတို့နှင့် အတူ အိပ်ခန်းတစ်ခုလုံးပါ မျက်လုံးဝေ့သွားမိသည်။

ဒါ ဖေဖေနဲ့ မေမေရဲ့ စက်ရာဆောင် ...၊

ခုတော့ မဟာဆန်အောင် ခန့်ညားထည်ဝါသည့် လှပသော ခုတင်ကြီးထက်မှာ 'ပဒုမ္မာ' စံအိမ်ရဲ့ ဒရိုင်ဘာလိုလူတစ်ယောက်က အခန့်သား ...၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးက ဘာလို့ ခုထိ မသေသေးတာလဲ .."

ခုတင်ဘေးက ထိုင်ခုံပုလေးပေါ် ခြေတစ်ဖက်လှမ်းတင်ကာ ဒူးပေါ် လက်ထောက်ပြီး ငုံ့လိုက်တော့ ခုတင်ပေါ်က လှဲနေသူ၏ မျက်နှာဘေးမှာ သူ့မ ခြေထောက်က နီးကပ်စွာ ..၊

အခန်းဝက ရုတ်တရက်လှမ်းမြင်သူဆိုလျှင် ဦးဝေယံ ၏ လည်မျို ကို ခြေထောက်တစ်ဖက်နှင့် နင်းထားသလိုပင် ..။

"ဘာဖြစ်လို့ ရှင်က မသေဘဲနဲ့ ကျွန်မအမေက သေသွားတာလဲ၊ ရှင်ကြီးက ဘာဖြစ်လို့ ခုထက်ထိအသက်ရှည်နေသေးတာလဲ .."

မျက်နှာငုံ့ကျလာရင်း အံကြိတ်မေးသည်။ မော့ကြည့်နေသည့် ဦးဝေယံ မျက်နှာသည် ပါး ရဲ့ မေးခွန်းတိုင်းမှာ သွေးဆုတ်ဖြူဖျော့သွား ခဲ့ပြီး မျက်ရည်တို့သည် တစ်ရစ်ချင်းဝေ့သီလာခဲ့လျက် ..၊

"ဥ .. ဦး .. ဝေ .. ဟင်း .. ပူး .."

စကားသံတွေ မပီမသနှင့် အားမလိုအားမရ ခေါင်းတွင်တွင်ခါ၍ ငြင်းဆန်နေသေးသည်။ တစ်စုံတစ်ရာကို ရှင်းပြချင်ပေမယ့် ဘယ်လိုမှ ပြောမရနိုင်ခြင်းကြောင့် မျက်နှာက အနီရောင်သမ်းလာ၏။

ပြီးတော့ ခန္ဓာကိုယ်ကြီးလည်း တုန်ယင်ရှန်းကြွလာခဲ့သည်။ ပါး က ထိုမျက်နှာဖြစ်ပျက်နေသမျှကို စီးမိုးကြည့်နေခဲ့ပြီး ..၊

"ပါးစပ်က တကယ် 'အ' သွားတာလား၊ မူရာမာယာတွေပိုနေ တာလား .. ဟင် ..၊ ဒရိုင်ဘာကနေ သူဌေးတက်ဖြစ်တော့ အိုးနင်းခွက် နင်းတွေဖြစ်ပြီး ဘာမှန်းမှလည်း မသိဘူးဖြစ်ရော၊ ဆွံ့အနားမကြားလုပ် နေလိုက်တယ်၊ မဆိုးပါဘူး .. ဘာအလုပ်မှ မလုပ်ရဘဲ ခန့်ခန့်ကြီးထိုင် စားရတာပေါ့ .."

ဦးဝေယံ မျက်ဝန်းထောင့်မှ မျက်ရည်စက်တွေ တလိမ့်လိမ့်စီးကျ သွားခဲ့၏။

"ဟွန်း .. ရှုံ့ဖို့ကောင်းလိုက်တာ .."

"ဦး .. ပူး .. ဦးဝေ .. မ .. မ .. ဟိုး .. ဟုတ် .."



"ဘာမဟုတ်တာလဲ .. ဘာကိုငြင်းနေတာလဲ၊ ရှင်ကြီး နာမည်ကြီးနဲ့ ဆေါင်းပြီး ကျွန်မအဖေကို လုပ်ကြံခဲ့တာ၊ မေမေလည်း ရှင်တို့ကြောင့် .."

"မ .. မ .. ဟု .. ဟိုး .. ပူး .. ဥ .. ဦး .. သ .. သမီးကို .. ပေး .. မို .. စ .. စောင့် .. ပူး .."

"ဘာ!..."

ဦးဝေယံ ရဲ့ မျက်လုံးတွေ အပေါ်လှန်သွားပြီး တစ်နေရာကို ပြချင် နေမှန်း သိသာနေသောကြောင့် ပါး က ထိုနေရာကိုကြည့်သည်။ စာကြည့် စားပွဲ၏အပေါ်မှာ မြန်မာနိုင်ငံတော်အလံပုံ ပန်းချီကားဖြစ်သည်။

အနီရောင်ရင့်ရင့် မြန်မာနိုင်ငံတော်အလံကို ပန်းချီရေးကာ ရွှေကနုပ် ဘောင်သွင်း၍ တခမ်းတနားချိတ်ဆွဲထားတာဖြစ်သည်။

ဖေဖေသည် ဗိုလ်ချုပ်အောင်ဆန်းကို အလွန်ချစ်ကြည်ညိုသူဖြစ် တာ နိုင်ငံတော်အလံကိုလည်း မြတ်နိုးတန်ဖိုးထား၏။ ဗိုလ်ချုပ်၏ ရုပ်ထု၊ ဓာတ်ပုံ၊ ပြီးတော့ နိုင်ငံအလံဆိုလျှင် ဘယ်နေရာမှာတွေ့တွေ့ ခဏတော့ ခိုက်ကြည့်တတ်၏။

အေးဆေးသည့်အချိန် မြင်သည့်နေရာမှာဆိုလျှင်တော့ တစိမ့်စိမ့် ရပ်ကြည့်ပြီး အလေးပြုတတ်၏။

သူ့စိတ် လွတ်လပ်သလိုပြုမူနေစဉ် ဘယ်သူကြည့်ကြည့် ဘာပြော ပြော ရှိသည်လည်းမထင်၊ ဂရုလည်း မစိုက်တတ်သူ ..။

ထိုပန်းချီကားကိုမှ ဘာဖြစ်လို့ပြတာလဲ ..၊

သတိရလှမ်းဆွတ်ခြင်းကြောင့် ပါး ငေးခနဲဖြစ်သွားမိကာ ဦးဝေယံ ၏ မျက်နှာဆီပြန်ရောက်လာသည့် မျက်လုံးတွေက လူသတ်ချင်နေသလို ရူးရူးရဲရဲ ..။

"ဘာလဲ .. ဘာပြောချင်တာလဲ .. ဒါ ဖေဖေ့ရဲ့ ရတနာပစ္စည်း.."

"ဟိုး .. ဟိုး .. ဝိုး .. ဟုတ် .. ဥ .. ဦးဝေး .. ရေး .."

"တောက် .. ပီသအောင်ပြောစမ်းပါ၊ လျှာခွဲထုတ်ပြီး ဖြတ်ပစ်လိုက် ရရင် သေဦးမယ်၊ လူယုတ်မာတွေ .."



www.burmeseclassic.com

www.burmeseclassic.com



"သ .. မြီး .. မီး .. အ .. အမေက .. သ .. သမီး .. မြီး အတွ တွက် .. ပေး .. ပေး .. စိ .. ခိုင်း .."

"သမီး .. သမီးရေ .. ပါးလေး .."

ဒေါ်သေးသေး အမေတကောပြေးဝင်လာကာ တံခါးကိုလည်း ပြန်လှည့်ပိတ်သည်။ ပြီးမှ ပြန်ဖွင့်လိုက်ရကာ အယောင်ယောင်အမှားမှားတွေဖြစ်နေ၏။

"ပါး ရေ .. ပြေး .. ပြေးတော့ .. သူတို့သိသွားကြပြီ ကလေးရဲ့ .."

ဟင် ..၊

ပါး ဆတ်ခနဲဖြစ်သွားသည်။ မေမေ တစ်ခုခုမှာထားခဲ့တာ သိလိုက်ရပြီဖြစ်ကာ ဘာမှာခဲ့မှန်းမသိရသေး ..။ ဦးဝေယံ မျက်လုံးတွေလည်း ပြူးထွက်လာကာ ဒေါ်သေးသေး ပျာနေသလောက် သူ့မျက်နှာမှာ စိုးရိမ်ကြောက်လန့်ဟန်တွေ မြင်နေပြီး ..၊

"ပြေး .."

ပီပီသသကြီး တစ်ခွန်းခုန်ထွက်လာ၏။ ပြီးတော့ ရင်ဘတ်ကြီးဖုတ်လိုက်ဖုတ်လိုက်နှင့် အမောဖောက်နေလေသည်။

"သမီးမှာ ဒဏ်ရာတွေနဲ့ သမီး၊ ခုနေ သမီး ဘာမှမတုံ့ပြန်နိုင်သေးဘူး၊ ပြေးတော့နော် .. မမကြီးတို့အတွက် သမီးမှာ လုပ်စရာတွေရှိသေးတယ်မို့လား .. ပြေးပါတော့ သမီးရယ် .."

ဒေါ်သေးသေး က ကြိုတင်စီစဉ်ထားခဲ့သည့် မလွယ်တံခါးကနေ ပါး ကို တွန်းထုတ်လိုက်ကာ တံခါးကို အပြေးအလွှားပြန်ပိတ်သည်။

ပြီးတော့ ပြန်လည်ဖုံးဖိပြီး တစ်ကိုယ်လုံးတုန်ယင်နေကာ ဘုရားစာတွေ လှိုင်လှိုင်ရွတ်နေမိ၏။ ဦးဝေယံ ရဲ့ ဘေးကစားပွဲကို ရှင်းနေသည့် လက်တို့က ထိန်းမရအောင် တုန်နေသဖြင့် လှုပ်ရှားနေသမှုကို ရပ်တန့်၍ အသက်ဝဝရှိုက်သွင်းမိသည်။

ထိုစဉ် တံခါးဖွင့်၍ ပြေးလွှားဝင်လာသည့် ခြေသံတွေကြားလိုက်ရဟာ ..၊



"မသေးသေး .."

ဒေါ်ခင်ဝင့်လှိုင် ၏ ဒေါသသံကြောင့် လှည့်ကြည့်လိုက်၏။ သို့သော် သူမ မျက်နှာတည့်တည့်မလှည့်ရသေးခင် ..၊

"ဖြန်း .."

"အား .."

အသက်ငါးဆယ်အရွယ် ဇရာထောင်းနေပြီမို့ ဒေါ်သေးသေး နေရာမှာတင် ပုံခနဲခွေကျသွားခဲ့၏။

"ဒီကောင်မကို ရှင် ခေါ်လာတာမို့လား၊ သူ ဒီထဲရောက်နေတယ်မို့လား .. ဟော့ .. ရှာကြစမ်း၊ တွေ့တော့ တွေ့မှာမဟုတ်ပါဘူး၊ ဒါပေမယ့် ဝင်လာသွားတဲ့ ခြေစတစ်ခုခုတွေ့လို့ကတော့ သင်းမလွယ်ဘူးမှတ် .."

ဒေါ်ခင်ဝင့်လှိုင် က ဒေါ်သေးသေး ကို လက်ညှိုးထိုးကြိမ်းဝါးကာ ခုတင်ပေါ်က ဦးဝေယံ ဆီ ဆတ်ခနဲလှည့်ကြည့်၏။ ပြီးတော့ မျက်နှာကို စိုက်ကြည့်ရင်း အနားကပ်သွားကာ ..၊

"ချေးထဲမှာပဲ ပျော်တဲ့ ချေးပိုးထိုးကောင်၊ နင် ဟိုဟာမလေးနဲ့ စကားပြောလိုက်သေးတယ်မို့လား .. နင့်မျက်လုံးတွေ ဒီလောက်ဂနာမငြိမ်ဖြစ်နေတာ ငါသိတယ်၊ အခု ဒီကောင်မ ဒီအခန်းထဲမှာ ရှိတယ်မို့လား .. ပြောစမ်း .."

ဦးဝေယံ က ဘာမှလည်းမလှုပ်ရှား၊ မျက်လုံးတွေလည်း မလွဲဘဲ ဒီတိုင်းငြိမ်နေ၏။ ရှာဖွေကြသူတွေ အခန်းထဲမှာ ပြေးလွှားလို့ မန့်စပ်နိုင်သလောက် ဒေါ်ခင်ဝင့်လှိုင် ၏ ထင်ကြေးတွေကလည်း ဦးတည်ရာမဲ့နေ၏။

"တောက် .. ဘာမှမတွေ့ကြဘူးလား .. နင်တို့ .."

"မတွေ့သေးဘူး ဒေါ်ဒေါ် .. ဒီထဲဝင်လာတာမှန်ရင် သူ ထွက်ပြေးစရာ ဘယ်မှာအပေါက်ထပ်ရှိလို့လဲ .."

"မပြေးနိုင်ဘူး .. တစ်နေရာမှာ ပုန်းနေတာ ရှိကိုရှိရမယ်၊ သေချာရှာစမ်း .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဝင့်လှိုင် က ဦးဝေယံ ရဲ့ မေးဖျားကို လက်တစ်ဖက်နဲ့ ကိုင်လှုပ်ပစ်လိုက်ပြီး ...၊

"နင် စကားမပြောနိုင်သလို တမင်လုပ်နေတာ ငါသိတယ် ဝေယံ၊ ငါ မေးနေတာကိုလည်း နင်သိတယ်၊ ဂူးဂူးဝါးဝါး အသံလောက်တော့ နင်ပြောကိုပြောနိုင်ရမယ်၊ ခေါင်းညိတ် ခေါင်းခါလောက်ဖြစ်ဖြစ် နင်လုပ်နိုင်တယ်၊ ငါ့ကို တမင်ပညာပြနေတာ ငါ မသိဘူးထင်နေသလား.."

ဦးဝေယံ ၏ မျက်ဝန်းတွေ အသက်မဲ့သလိုရှိနေခဲ့လျက် လှုပ်ရှားနေသမျှအားလုံး ပျောက်ဆုံးသွားခဲ့ပြီဖြစ်၏။ ပြီးတော့ ဒေါ်ခင်ဝင့်လှိုင်၏ စကားသံတွေကို မကြားလိုက်တော့သလို မျက်လုံးတွေကို မှိတ်ထားလိုက်လျှင် ...၊

"ခွေးဝဲစား ကလေကချေကောင် .. အနုပ်စုတ်ဂုတ်စုတ် .. ငါမွေးတဲ့ မျောက်က ငါ့ပြန်ခြောက်လို့ .. ပြော .. ခုပြောစမ်း၊ မမြတ် အမွေကိုစွတွေကို ဘယ်ရွှေ့နေနဲ့ စီစဉ်ခဲ့တာလဲ .. ရှိသမျှ အတွင်းပစ္စည်းတွေ ဘယ်မှာ ဝှက်ထားသလဲ .. မြေ[illegible]ါမြေအောက်မှာ သူ ဘယ်လောက်ထိ သိမ်းထုပ်ထားသလဲဆိုတာ ငါသိတယ်၊ ပြောစမ်းအခု .."

ဒေါ်ခင်ဝင့်လှိုင် ၏ ဒေါသတကြီး တွန်းထိုးကုတ်ဖွဲ့မှုတွေကြောင့် ဦးဝေယံ ကိုယ်ကြီး ဆန်ကောထဲက ဇီးဖြူသီးလိုဖြစ်နေခဲ့၏။

ရင်ဘတ်ကို ဆောင့်ဆွဲထုနှက်ကာ ပါးနားတွေပါ ရိုက်ပစ်သဖြင့် ရှုပ်အကျီကြယ်သီးတွေ ပြုတ်ထွက်ရုံ ရွဲကုန်၏။ ဘာတွေဖြစ်နေနေ ဒေါ်ခင်ဝင့်လှိုင် က မကျေနပ်နိုင် ...၊

"ငါ သည်းခံလာခဲ့တာများပြီ နင်က ဟိုမိန်းမနဲ့ပေါင်းမိကာမှ ငါ့ကို ပြန်ပြီးတော့ .."

"ဖြန်း .."

"မမခင် .. မမခင် တော်ပါတော့ရှင်၊ သူက မလှုပ်နိုင်တဲ့သူပါ၊ သွေးတွေလည်း ထွက်နေပါပြီ .."

"အံမာ .. နင်က .. သွားစမ်း .. သွား .."



"ဒုန်း .."

ဒေါ်သေးသေး အရဲစွန့်ပြီး ဝင်ပြောပေမယ့် ကအားဆောင့်တွန်းခံလိုက်ရသဖြင့် နံရံနဲ့ ပန်းအိုးစင်ကြားထဲ နောက်ပစ်[illegible]ား၏။

ပြန်ထဖို့ကြိုးစားရင်း တရိပ်ရိပ်မူးလာကာ ခွေကျမေ့မျော်သွား၏။

"ခွေးတောင်မှ ထမင်းကျွေးတဲ့လက်ကို မကိုက်ရမှန်းသိတယ်၊ သင်းတို့က ငါကျွေးတဲ့ထမင်းကို နှစ်ပေါင်းများစွာ စားလာပြီးတော့ တောက် .."

ဒေါသလှိုင်းတံပိုးကြောင့် ပတ်ဝန်းကျင်၏ ဆိတ်ငြိမ်အေးချမ်းမှု အားလုံး ပျက်စီးရသည့်အပြင် ဦးဝေယံ ဆိုသော ခပ်ယဲ့ယဲ့နာတာရှည်လူမမာတစ်ယောက်၏ အသက်တစ်ချောင်းသည်လည်း ...၊

"ဒေါ်ဒေါ် .. ဒီလူကြီး ရောသွားပြီ .."

"ဘာ ..."၏

ဘယ်သူမှ မတွေ့နိုင်တော့သည့် ကွယ်ရပ်မှာရှိနေပေမယ့် အသံတစ်ချို့ကိုတော့ ကြားနေရသေးသည်။ ဘာမှမထူးတော့မို့ ထွက်ပြေးဖို့ပြင်လိုက်ကာမှ ...၊

"သေပြီ .. ဟုတ်လား .. သေချာစစ်ကြည့်စမ်း၊ ဒီကောင်သေလို့ မဖြစ်ဘူး .."

ထင်သလိုထုနှက်ရိုက်ပုတ်နေပြီးမှ ဒေါ်ခင်ဝင့်လှိုင် သွေးရူးသွေးတန်းထဖြစ်၏။ ပါး ထိုနေရာမှာပဲ ရုပ်တန့်နေမိကာ 'သွားပြီ' ဆိုသည့်စိတ်က မချင့်မရဲတက်ခေါက်မိတဲ့အထိ ...၊

"ငါ ဘာမှ မသိလိုက်ရဘဲနဲ့ .. တောက် .."

စိတ်ကြောင့် တင်းခံနေသည့် ကိုယ်ခန္ဓာက ပြိုလဲချင်သလိုဖြစ်သွားခဲ့သည်။ ဦးဝေယံ သူမကို တစ်ခုခုပြောချင်နေသည်။ ဒေါ်ခင်ဝင့်လှိုင် သိချင်နေသည့်တစ်ခုခုကို ဦးဝေယံ သိထားတာ သေချာပါသည်။

ဒါက မေမေ သိမ်းဆည်းခဲ့သော လျှို့ဝှက်ချက် ဘဖြစ်နိုင်တာမို့ ကိုယ်သာသိသင့်ဆုံး ...၊

www.burmeseclassic.com



ဦးဝေယံ ပြောဖို့ကြိုးစားနေခဲ့သည့် အမှုအရာတွေကို ပြန်မြင်မိသည်။ ဒေါ်ခင်ဝင့်လှိုင် ရဲ့လူဆိုသော ဦးဝေယံ က မေမေ့အပေါ်မှာ သစ္စာစောင့်သိသွားတာလား …၊

ထိုအတွေးနှင့်အတူ ဦးဝေယံ ဆီက တစ်ခုခုသိရဖို့ သူမ နောက်ထပ်ပြန်လာရဦးမှာကို တွေးနေမိတာတောင် မဆုံးသေးပေ …။

"ဒီမှာ .. ဒီမှာ .. ရှိုးကေ့စ်နောက်မှာ တံခါးနဲ့တူတယ် .."

"ဘယ်မှာလဲ ရွှေ့စမ်းမြန်မြန် .."

စကားသံတွေက ပါး နဲ့ အနီးဆုံးကို လှည့်လာ၏။ နေရာမှ ကမန်းကတန်းပြေးထွက်ခဲ့ရင်း နောက်ထပ် လျှို့ဝှက်တံခါးတစ်ချပ်ကို ထပ်ဖွင့်၍ အောက်ထပ်ကိုဆင်းခဲ့သည်။

သူမ စာကြည့်ခန်းထဲက ထွက်လိုက်မှ အလုပ်သမားနှင့်တူသော ယောက်ျားတစ်ယောက်နှင့် ပက်ပင်းတိုး၏။ ထိုလူမျက်လုံးပြူးသွားကာ တစ်ခုခုအော်ပြောမလို့ ပါးစပ်ဟလိုက်လျှင် …၊

"ဖောင်း …"

"အင့် …"

အလှမ်းကွာနေသဖြင့် ဓာတ်ပိုးကို ပတ်ကန်ပစ်လိုက်ရကာ ထိုသူ ခွေခနဲလဲကျသွားသလို ပါး ယိမ်းယိုင်သွားကာ နံရံမှာ ပစ်ကပ်ကျသွား၏။

"အား .. ကျွတ် .. ကျွတ် .."

ဒဏ်ရာရှိနေသည့် ခြေက အဆမတန်နာကျင်သွားသဖြင့် လူက တဖြည်းဖြည်းညွတ်ကျ၏။ သို့သော် သူမ ဒီခြံဝင်းထဲမှာ ကြာကြာနေခွင့်မရှိ …။

သော့တွေထားသည့် နံရံဆီ ခြေထော့ပြေးကာ သော့တွဲကိုလှမ်းဖြုတ်လိုက်လျှင် …၊

"ဟဲ .. ဟဲ .. မင်းက ကျိုးနေပေမယ့် တော်တော်လျှင်တဲ့ ဟာလေးပဲကွ .."

ပါး ရဲ့ ပခုံးတစ်ဖက်ပေါ်မှာ ခပ်ဆတ်ဆတ်လှမ်းပုတ်ပြီး ပြောပုံက



ရွှံ့စရာအသံနှင့် …၊

"ဒီဘက်လှည့်ပါဦး .. ဒေါ်မြတ်သခင် ရဲ့ သမီးလေးဆိုတာကို.."

ပါး သူ့စကားဆုံးအောင် ပြောခွင့်မပေးနိုင် …၊

သော့လက်ထဲဆုပ်မိတာနှင့် ထိုသူ ကိုင်ထားသည့်ပခုံးကို နှိမ့်ချလိုက်သည်။ ပြီးတော့ ချာခနဲ ပြန်လှည့်၍ လက်ပြန်ရိုက်ချလိုက်၏။

မိန်းကလေးမို့ အထင်သေးထားသည့်လူသည် မျက်နှာတစ်ပြင်လုံး လန်သွားကာ ကိုယ်လုံးကြီးနှစ်ပတ်သုံးပတ်လည်သွား၏။ ပြီးမှ ဘိုင်ခနဲ ပစ်လဲလေသည်။

ပါး အပြင်ကိုရောက်သည်နှင့် မီးရောင်တွေ ဖွေးခနဲလင်းထိန်သွား၏။ ထို့ကြောင့် မီးရောင်ကွယ်သော ခြံထောင့်ဆီကို ပြေးကာ သစ်ပင်ကာကွယ်၍ တစ်ဖက်ခြံထဲကို ခုန်ချလိုက်သည်။

ထိုစဉ် ကားမီးရောင်တစ်ချက် သူမ ကိုယ်ပေါ်ကိုဝေ့သွားပြီး ပေါ်တီကို အောက်မှာ ထိုးရပ်သွားတာ မြင်လိုက်ရ၏။ ထိုကား အပြင်က ဝင်လာတာ မဟုတ်ပေ …၊

ပေါ်တီကိုအောက်ကို ဝင်ထိုးပုံအရ အထဲကလူတစ်ယောက်ယောက် အပြင်ထွက်ဖို့ ကားထုတ်တာပဲဖြစ်နိုင်သည်။ ကိုယ့်ဘာသာတွေးတော ဆုံးဖြတ်ကာ သူမ ကားဆီ ပြေးကပ်ခဲ့သည်။

နားစွင့်ကြည့်လိုက်တော့ ဘာသံမှမကြားရပေ …။ သို့သော် တစ်ဖက်ခြံထဲမှာ မီးရောင်တွေ ဖွေးထိန်နေတုန်း …၊

အခု ကျွန်မ ပြေးခဲ့ရပေမယ့် နောက်တစ်ခါ ပြေးရမယ့်သူက ရှင်ပဲ ဒေါ်ခင်ဝင့်လှိုင် …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"နောက်တစ်ခါ ဒီလိုထပ်မဖြစ်ပါစေနဲ့ ခြား ရယ် .."

"ဘယ်သူကရော ဖြစ်ချင်လွန်းလို့လဲ မကေ ရာ၊ ကလေးဖျားနာတာ ပိုတောင်ပင်ပန်းသေးတယ်၊ ဘာဖြစ်လို့မှန်းမသိ၊ ဘာလုပ်ပေးရမှန်းမသိ .."

"ဒါဖြင့်လည်း နေ့ဘက်ပဲခေါ်ထားပေါ့ဟဲ့ .. ညကျပြန်ပို့ပေးပေါ့၊ ညမူညတာဆိုတာ .."

"အဲလိုဆို ကျွန်တော်တို့သားအဖက အတူနေဖို့အချိန်ကို ရှိမှာမဟုတ်တော့ဘူး၊ နေ့ဘက် ကျွန်တော် ဘယ်မှမထွက်တာ ကေ မသိတာကျနေတာပဲ .."

"အောင်မယ်လေး .. မှန်အလုံပိတ်ပြီးသွား နင့်ကို ဘယ်သူသိမှာမို့လဲ၊ ရုပ်ရှင်မင်းသားတွေတောင် နင့်လို ဘယ်သူမှမနေနိုင်ဘူး .."

"ကဲ .. တော်ပါတော့ဗျာ .. ရောက်လာတာနဲ့ ပွစိပွစိနဲ့၊ အခု ရပြီမို့လား .. သွားအိပ်တော့ .."

"အောင်မယ်လေး ခြား ရယ်၊ ညဥ့်နက်သန်းခေါင် ထပြေးလာရတဲ့လူကို ကျေးဇူးတွေတင်နေတာနော် ..၊ ရပါတယ် .. အဲလောက်မလိုပါဘူး .."



ကလေးကိုယ်က ချွတ်လိုက်သည့် အင်္ကျီဟောင်းတွေကို ဆိုးဆိုးဆတ်ဆတ်ကောက်ပြီး လှည့်ထွက်သွား၏။ ဒါတောင် အသံကနောက်မှာ ပဲ့တင်ထပ်ကျန်ခဲ့၏။

"ဟူး .."

ကျောပူတာလည်းမခံချင်၊ နားပူတာဆို ပိုတောင်ဆိုးသေးသည်။ သမီးရဲ့ဘေးမှာ တင်းပါးလွှဲထိုင်လိုက်ပြီး ရင်ဝထိ ဆွဲခြုံပေးထားသည့် စောင်ကို ခါးလောက်ပြန်ဆွဲချကာ အပေါ်ထပ်အင်္ကျီလက်ရှည်ကို လက်ဝလေးတွေ ခေါက်တင်ပေးငိုက်သည်။

ကလေးနဲ့ ပတ်သက်ပြီး အကျိုးအကြောင်းဆို မကေ ကို လှမ်းခေါ်ရသည်။ ဒါပေမယ့် တစ်ယောက်ကဒါဆို တစ်ယောက်က ဟိုဟာ ..၊

ကလေးနဲ့ ပတ်သက်တာဖြစ်ဖြစ် ဘယ်အကြောင်းလေးပဲ တိုင်ပင်လိုက်ပါစေ တူညီတဲ့သဘောထားတွေနဲ့ လက်တွဲဖြေရှင်းလိုက်ရသည်ဆိုတာ မရှိခဲ့ ..။

သူတစ်မျိုး ငါတစ်မျိုးမှာ ယုံကြည်ချက်တွေက အချိုးတူပြင်းရှလျက် ဘယ်သူကမှ အလျှော့ပေးခဲ့တာမရှိဘဲ ဝုန်းဒိုင်းကြဲထွက်သွားပြီဆို စောကေသီ ပဲဖြစ်လေသည်။

တကယ်တော့ မိဘမဲ့အထီးကျန်ဘဝနှင့် ရုန်းကန်ခဲ့ရသူချင်းမို့ စောကေသီ က ခြား ကို မောင်အရင်းမဟုတ်ပေမယ့် ချစ်ပါသည်။

ခြား ကလည်း ဒီတိုင်းပဲဖြစ်သည်။ ဒါပေမယ့် ခုချိန်မှာတော့ ကိုယ့်ဘဝကိုတောင် စိတ်တိုင်းမကျဖြစ်နေခဲ့တာမို့ ကိုယ့်အပေါ် သည်းခံရှာပါလားဆိုတာလား မမြင်နိုင် ..။

အရာရာဟာ ကိုယ့်သဘောအတိုင်း ဖြစ်မလာခဲ့သည့်နောက် ..၊

"ဖေကြီး .."

ဟင်!...၊

သမီးမျက်နှာလေးကို ငုံ့ကြည့်ပြီး တွေးနေတုန်း ကယောင်ကတမ်း

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး လက်ကိုဆုပ်ကိုင်ထားလိုက်တော့ သမီးလက်လေးက ပူခြစ်နေ၏။

"သမီးလေး .."

ခေါ်ကြည့်တော့ ကလေးက ပြန်ပြီးအိပ်မောကျနေပြီဖြစ်၏။ နာရီကြည့်ကာ နောက်ထပ်ဆေးတိုက်ရမည့်အချိန်က လိုနေသေးသဖြင့် စိတ်ပူသွားမိ၏။

ထို့ကြောင့် မီးဖိုဆောင်ထဲဝင်လာကာ ကြွေရည်သုတ်ဇလုံတစ်လုံးနှင့် ရေခဲရေထည့်ယူလိုက်သည်။

အိမ်မှာ ဘာတစ်ခုမှ အဆင်သင့်ရှိမနေတတ်တာတွေကလည်း အရေးကြီးလာပြီဆို တော်တော်စိတ်ပျက်ဖို့ကောင်းသည့် ပြဿနာဖြစ်သည်။

လျှပ်စစ်ပစ္စည်းတွေ အလွယ်တကူ သုံးလို့ရပေမယ့် ပလပ်တွေတပ်၊ ပြီးတော့ ပြန်ဖြုန်၊ ပြီးတော့ မီးပိတ်ခြင်း မပိတ်ခြင်းမှာ အန္တရာယ်တွေ အများကြီးဖြစ်နိုင်သေးသည်။

စိတ်နဲ့ကိုယ် မကပ်သည့်အခါ အရာရာကို မေ့လျော့နေတတ်သည့် အကျင့်က စွဲနေပြီဖြစ်သည်။ အိမ်ကထွက်တိုင်း တံခါးတွေစစ်၊ မီးစစ်နှင့် ဝီရိယတွေလည်း မထားနိုင် ..၊

ထို့ကြောင့် အပူလိုလျှင် ဂတ်စ်အိုးပြေးဖွင့်လိုက်သည်။ အအေးလိုချင် ရေခဲသေတ္တာ၊ နောက်ထပ် ဘာမှအဆင်သင့်ရှိမနေသမျှ သူကတော့ အခက်အခဲလို့လည်း မမြင်၊ မပြည့်စုံပါလားလို့လည်း မတွေးမိ ..။

သို့သော် ခုလိုမျိုး ကလေးအတွက် ကျန်းမာရေးကြောင့် လိုအပ်လာသည့်အခါတွေရှိလာခဲ့လျှင်တော့ ..၊

"ဗွမ် .."

မီးဖိုဆောင်ကထွက်လာကာမှ တစ်ခုခုပြုတ်ကျသည့်အသံကျယ်ကြီးကြောင့် ခြား ခြေလှမ်းတုံ့သွားသည်။ နောက်ပြန်လှည့်ပြီး နားစွင့်ထားလိုက်တော့လည်း ဘာသံမှ ထပ်မကြားရတော့ပေ ..။

ဘာမှမဟုတ်ဘူးပဲ ထားလိုက်ကာ ပြန်လှည့်ထွက်လာခဲ့၏။ အခန်း



ထဲရောက်တော့ စောကေသီ က ကလေးကို စမ်းသပ်နေပြီဖြစ်ကာ ..၊

"သိတယ် .. နင် ရေပတ်အုပ်ပေးမလို့ လုပ်နေပြီမှန်း .."

"အုပ်ရမှာပေါ့ .. မကေ ဆေးက တိုးမှမတိုးတာ .."

"အံမာ .. ကလေးက ဒီလောက်အဖျားကြီးနေတာ ကိုယ်ပူကျဆေးတန်းထိုးချလို့ရမလား၊ နင် ငါ့ကို ဆရာ မလုပ်စမ်းပါနဲ့ .."

ခြား က ရေဇလုံနဲ့ ပဝါကို စားပွဲပေါ်ချထားလိုက်ကာ ..၊

"မသိဘူး .. နောက်တစ်ခါလာကြည့်ဦးမယ်မှ မပြောတာ၊ သောက်ဆေးတွေပဲ ထားခဲ့တော့ .."

"ကဲ .. နင် တိတ်တိတ်နေစမ်းပါ၊ ဆရာဝန်ကို မောင်းထုတ်ပြီးတော့ သူပဲ သိသလိုလို တတ်သလိုလို .."

"ကလေးက ကယောင်ကတမ်းတွေပြောနေတာ .."

"ပြောမှာပေါ့ ဖျားနေတာကိုး .."

"ကယောင်ကတမ်းပြောတဲ့အဆင့်ဆိုတာက .."

"ဘာမှမဖြစ်ပါဘူးဆိုမှ ခြား ရယ်၊ နင်ဟာလေ ကလေးကိုတော့ မချစ်သလိုလို မကြင်နာသလိုလိုနဲ့ .."

"ကိုယ့်ရင်သွေးကို မချစ်ဘဲနေပါ့မလား .. အပျိုကြီးပိပိ ပြောလိုက်ရင် တလွဲ .."

"ဘာရယ်!..."

စောကေသီ က ကလေးကိုဆေးထိုးပြီးမှ မတ်တပ်ပြန်ရပ်ပြီး သူ့မျက်နှာကိုကြည့်၍ ..၊

"ထစ်ခနဲရှိ အပျိုကြီးပဲထည့်ပြော၊ ဒီမှာ နင်အသည်းကွဲနေတာဟက်တပ်ကွဲတာလား၊ မဟုတဟုလေးလား .. နှစ်ခြမ်းစလုံး ကြေမွှန့်ပြာဖြစ်သွားပြီလား၊ အဲဒါတွေ မသိပေမယ့် ငါ့တူမလေးကို ဘယ်လိုချစ်ခင်ယုယသင့်တယ်ဆိုတာတော့ ငါ နားလည်တယ် .."

"ဒါပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲပြောရတာပေါ့ .. ငါ ဘယ်လောက်ချစ်ချစ် သူ့အဖေ သူ့အမေ ချစ်တာနဲ့ တူမလား၊ ကလေးက လူကြီးဖြစ်ပြီး နင်က ကလေးပြန်ဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်ရော သိရဲ့လား .."

"မသိဘူး .."

"မသိချင်ယောင်ဆောင်နေတယ်လုပ်ပါ .. ဟွန်း .. ကလေးကလည်း ဒီလိုအဖေကိုများ .."

"မကေ နော် .. ကလေးကအိပ်နေပေမယ့် မှတ်ဉာဏ်ကအလုပ်လုပ်နေတာ .. သွေးမထိုးနဲ့ .."

"ဒါကျတော့ .."

ခြား ဇာ မျက်နှာကိုလက်နဲ့ပွတ်သပ်ရင်း ပြတင်းပေါက်နား လျှောက်သွားသည်။ ခန်းဆီးစလေးတွေကို သိမ်းဖယ်၍ မှန်ရဲ့အပြင်ဘက်က အမှောင်ထုကို အမိပွာယ်မဲ့ငေးရင်း ...၊

"မကေ တူမက မေးခွန်းတစ်ခုကိုမေးပြီဆို မသိရမချင်း လှည့်ပတ်မေးတာ .."

"မေးတော့လည်း ကလေးနားလည်မယ့်စကားမျိုးနဲ့ အဆင်ပြေအောင် ဖြေလိုက်ပေါ့ဟယ် .. ပြီးတော့ သူ့ဟာသူ ကားအက်ဆီးဒင့်ဖြစ်တဲ့ကိစ္စ နင် ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေတာလဲ.."

ကိုယ်နဲ့စကားများ ၇န်ဖြစ်ပြီး ရှူးရှူးဒိုင်းဒိုင်း မောင်းထွက်သွားလို့ ဖြစ်ရတာပါ။ ဒါကို ကိုယ့်ကြောင့်မဟုတ်ဘူးလို့ ဘယ်လိုပေါ့ပါးနိုင်မှာလဲ ...။

မို့ နဲ့ သူက မိဘလည်းသဘောတူကာ တစ်ယောက်ကိုတစ်ယောက်လည်း ချစ်ခဲ့ကြသည်။ ဒါပေမယ့် ချစ်သူသက်တမ်းတိုခဲ့၍လား၊ နားလည်မှု လွဲသည်ပဲ လွယ်လွယ်ပြောရမလား ...၊

ခွဲခြား ဆိုသော စိတ်ရောဂါကုအထူးကု ဆရာဝန်တစ်ယောက်၏ အောင်မြင်ကျော်ကြားမှုကို သူမက ကျေနပ်ဂုဏ်ယူခြင်းမရှိခဲ့ဘဲ စိတ်ပျက်



တာတွေပြောပြီး ညည်းညူခဲ့သည်။

"တစ်နေ့တစ်နေ့ မောင့်လူနာတွေနဲ့ပဲ အချိန်ကုန်နေတာ၊ မင်းသားတွေထက်တောင် ပိုနေသလားပဲ .."

ဤကဲ့သို့ ထေ့ငေါ့စကားတွေ သူမထံမှ စတင်ကြားလာရ၏။ ရောဂါအပေါ်မှာ စိတ်ဝင်စားတတ်သည့် ဆရာဝန်မို့ လိုအပ်လျှင် ကိုယ့်ရဲ့ပေးရှင်နဲ့ ပတ်သက်သော သူ့ရဲ့ ကာရိုက်တာ၊ လိုက်ဖ်စတိုင်လ်ကအစ မိသားစုစုံ ပရိုဂရမ်တစ်ခုလုံးကို လေ့လာရသည်။

ဆေးရုံ၊ ဆေးခန်းမှာ လူနာတွေ့ချိန်တင်မကဘဲ အိမ်ထိသွား၍ ဒါမှမဟုတ် ကိုယ့်အိမ်မှာချိန်း၍ ဆွေးနွေးကုသရတာတွေလည်းရှိသည်။ ထိုအခါတွေမှာလည်း အိမ်မှာဧည့်သည်ရှိပြီဆို သူမလည်း အပြင်ထွက်သွားတတ်သည်။

တစ်ခါ နှစ်ခါက မသိမသာသေးပေမယ့် နောက်ကျတော့ ဧည့်သည်ကို အားနာရလောက်အောင် ခပ်ရိုင်းရိုင်းထွက်သွားပြတာတွေဖြစ်လာခဲ့၏။

သူမ ရွှဲ့နေတာတွေ တမင်သိအောင် နေထိုင်ပြုမူနေခဲ့တာတွေဘာတစ်ခုမှ ခြား က ဆိုးသည်ကောင်းသည် မပြောခဲ့ ..။

မပြောလေ ပိုရွှဲ့လေနှင့် သူမ ခြေလှမ်းမှားလာတော့ ခြား ရဲ့ နားထဲကို အတင်းအဖျင်းစကားတွေ ရောက်လာခဲ့၏။

"ဘာကို ဆင်ခြင်ရမှာလဲ မောင် .. ဆင်ခြင်ရအောင် မို့ က ဘာတွေလုပ်နေလို့လဲ၊ မောင့်ရဲ့ များပြားသော စိတ်ဝေဒနာရှင်မိန်းကလေးတွေလို ဆရာဝန်ငယ်ငယ်ချောချောလေးရဲ့ အိပ်ခန်းထဲထိ .."

"မင်း ဘာတွေလျှောက်ပြောနေတာလဲ .."

"ဖြစ်နေတာကို လျှောက်ပြောတယ် ဖြစ်စရာလား .. မို့ ဖြင့် စိတ်ရောဂါဆရာဝန်တွေက ဒီလိုပါလားဆိုတာ အဲဒီလိုဆရာဝန်နဲ့ ယူမိမှပဲ သိရတော့တယ် .."

မို့ က စိတ်ဆတ်သလောက် အပြောလည်း ရိုင်းသည်။ သူချစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ချစ် မိဘချစ်မို့ အဆင်ပြေမည်ထင်ခဲ့သော်လည်း သမီးလေးတစ်ယောက်ရလာတဲ့အထိ လွဲမှားခဲ့သည့် နားလည်မှုတွေက ပိုလို့သာဆိုးလာခဲ့သည်။

ထိုထဲမှာမှ အဆိုးရွားဆုံး နေ့တစ်နေ့သည် ပေးရှင့်တစ်ယောက်နှင့် သူ့ကို အထင်လွဲကာ ဆေးခန်းကိုရောက်လာပြီးမှ ချက်ချင်းပြန်ထွက်သွားသည့်နေ့ဖြစ်၏။

ညနေမှောင်ရီဖြိုးဖျမှာ သူမ နေထိုင်မကောင်းတာလည်း သိထားသဖြင့် သူ ချက်ချင်း အမီလိုက်ခဲ့၏။ သူမ ကားကို အမီလိုက်မောင်းရင်း ဆိုင်ကယ်လ်တစ်စီးကို ရှောင်လိုက်စဉ် ဘေးကနေ ကျော်တက်သည့် ကားနှင့် အရှိန်နဲ့ ပစ်တိုက်မိ၏။

ထို့ပြင် ရှေ့တည့်တည့်ကနေ ကျော်တက်လာသည့်ကားနှင့် ထပ်ဆင့်ငြိကာ နှစ်ဆင့်တိုက်မိလေသည်။

လူက ကံကောင်းပြီး အကြီးအကျယ်ထိခိုက်ဒဏ်ရာမဖြစ်ခဲ့သော်လည်း ထလိုက်တိုင်းမူးနေကာ နားက ကြားတစ်ချက်၊ မကြားတစ်ချက်ခြောက်လလောက်ကြာသွားခဲ့သည်။

ထို့ပြင် အပြင်ကိုထွက်လိုက်တာနှင့် သာမန်လူတွေနဲ့ ကွဲပြားနေသော ပြုးပြုးပြဲပြဲ၊ ပြာနှမ်းနှမ်းပုံစံတွေ၊ တစ်ချို့က အရိုးကျနေသလားထင်ရအောင် ပိန်ခြောက်နေကာ တစ်ချို့က စည်ပိုင်ကြီးလို ပြားပြားပက်ပက်ကြီးထိုင်နေ၏။

တစ်ချို့က လမ်းပေါ်မှာ ခြေထောက်နဲ့သွားနေပြီး တစ်ချို့က လေးဘက်ထောက်၍ ခွေးတွေအစာရှာနေသလိုပင် ...။

တစ်ချို့ကိုတော့ သစ်ပင်ခွကြားမှာထိုင်နေတာမြင်ရ၏။ စမြင်စတုန်းကတော့ သူတို့ကလည်း ဘာသိဘာသာနေကြတာမျိုးဖြစ်လျက်ကိုယ်ကလည်း ဒါဘာတွေတုန်းဆိုပြီး မမြင်ဘူးလို့ ကြည့်တာဖြစ်သည်။

နောက်ကျတော့ ကိုယ်လည်း နားလည်လာသည်။ သူတို့ကလည်း ကိုယ်နဲ့ မျက်လုံးချင်းဆုံလိုက်တာနှင့် တအံ့တသြပြုံးတုံးပြဲတဲ့တွေထဲ



ဖြစ်ကုန်ကြ၏။ ဝိညာဉ်လောကကို မြင်နေရတာမှန်း ကိုယ့်ကိုယ်ကိုယ်တကယ်မသိခဲ့ ...။

ဒါတွေကို မကြည့်သင့်မှန်း နားလည်လာတော့ နောက်ကျသွားပြီဖြစ်သည်။ ကိုယ်ကရှောင်ပေမယ့် သူတို့က ဇွတ်လိုက်ကပ်သည်။

'ကယ်ပါ .. ယူပါ' တွေ ကပ်ပြောကြရင်း သူတို့ကို ဂရုမစိုက်မချင်း အမျိုးမျိုးနှောင့်ယှက်ဒုက္ခပေးကြ၏။

ဒါတွေကို သူ မမြင်ချင်ပေ။ လူသားပီပီ သရဲဆိုတာကိုကြောက်သည့်စိတ်ကလည်း ဒုက္ခပေး၏။ ကြောက်ရာကနေ ဒေါသထွက်လာတော့ သူတို့နဲ့ စကားပြောမိတော့သည်။

ထိုမှစ၍ ...၊

"မင်း လျှောက်မပြောနဲ့ မို့ .. ငါက ကိုယ့်ရဲ့ပေးရှင့်အတွက် ကူညီပေးနေတာ .."

"သချိုင်းကို နှစ်ယောက်တည်းသွားပြီတော့လား .."

"အဲ့ဒါက သူ့ယောကျ်ားကျွတ်လွတ်အောင် အိပ်မက်ပေးတဲ့ ပစ္စည်းလေး သွားထားပေးတာ .."

"ဩော် .. ဩော် .. အချိန်မတော် လှုပ်ရှားမှုဖြစ်မယ့်ကိစ္စကို ဒီဆရာဝန်နဲ့မှပေါ့နော် .."

"သူ့ယောကျ်ားက သူ လိုအပ်နေတာကို ငါ့ကိုပဲလာပြောတာ.."

"ဘာ!..."

"ကျွတ် .. မင်း နားလည်အောင် ကိုယ်ရှင်းမပြတတ်ဘူး၊ ဒါဆေမယ့် .."

"အဓိပ္ပာယ်မရှိတာတွေ ပြောနေမှတော့ မှန်ကန်ကြောင်း သက်သေပြဖို့ ဘယ်ရှိမှာလဲ .."

အခြေအနေတွေက ဟိုတုန်းကထက် ပိုဆိုးလာခဲ့သည်။ တစ်ခါတစ်လေ တစ်ယောက်တည်းစကားပြောသလို ဖြစ်နေခဲ့လျက် တစ်ယောက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



၏ နာမည်တွေထည့်ပြောနေသည့်အခါ မို့ က ရောက်လာပြီး သူ့နိုးဖမ်းသလို မိုက်မိုက်ရိုင်းရိုင်းတွေ ပြောသည်။

ထိုသို့ဖြစ်ရသော အဆိုးရွားဆုံး အခြေအနေတစ်ခုသည်။

"ညတုန်းက မောင် အချိန်မတော်ကြီး အိပ်ရာထဲက ထသွားတယ်၊ ကားနဲ့ ဘယ်ထွက်သွားလဲဆိုတာ လိုက်ကြည့်တော့ ပေးရှင့်ပါလို့ မောင် တတွတ်တွတ်လိမ်ညာထားခဲ့တဲ့ ဟန်နီ ဆိုတဲ့ မိန်းမဆီကိုပဲ .."

"အဲဒါ မဟုတ်ဘူး .. သူ အန္တရာယ်ဖြစ်တော့မယ်ဆိုတာ .."

"ဩော် .. မောင်တို့က စိတ်ချင်းဆက်နေတော့ သိကြတယ်ပေါ့.."

"ပြောတာကို နားထောင်ဦး မင်းထင်ရာတွေ ပြောပြီး ငါ့ကို စော်ကားလာခဲ့တာများပြီ .."

"ထင်ရာတွေပြောနေတာ မဟုတ်ဘူး၊ လက်တွေ့ပြနိုင်မှ သေချာပြောတာ .."

"ငါ ပြောဆိုလှုပ်ရှားနေတာ မင်း မြင်နေရပေမယ့် ငါ မြင်နေရတာတွေကို မင်း မမြင်ရဘူး မို့ ..၊ အဲဒါတွေကြောင့် မင်းကို ငါ ရှင်းပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့တယ် .. ဒါကို .."

"မပြောနဲ့ အခြေအမြစ်မရှိတာတွေ လာမပြောနဲ့ တော်ပြီ၊ ရှင့်ကို ကျွန်မ မပေါင်းနိုင်တော့ဘူး .."

"ရတယ် မို့ .. မင်းလိုတစ်ယူသန်အတ္တတွေနဲ့ မိန်းမကိုလည်း ငါ မလွမ်းဘူး၊ မင်း ကြိုက်သလိုဆုံးဖြတ် .."

သူမ တက်ခေါက်ပြီး ကားပေါ် ပြေးတက်မောင်းသွားသည်။ ဆယ်မိနစ်လောက်အကြာမှာ သူမရဲ့ နောက်ဆုံးသတင်းကို ကြားခဲ့ရ၏။

ဒီလိုအဖြစ်ဆိုးတွေကြောင့် အမြင်အာရုံတွေကို သူ မုန်းခဲ့သည်။ သူမနဲ့ ဘာလိုလိုရင်းနှီးခဲ့သော နေလင်းထွတ် ဆိုသူက အိမ်ထိရောက်လာပြီး သူ့ကိုပဲ ပုတ်ခတ်စော်ကားခဲ့သေးသည်။

"မို့ လို မိန်းမမျိုးကိုတောင် ခင်ဗျား ဂရုမစိုက်ဘဲနေနိုင်ခဲ့တာ အံ့ဩ



တယ် .. ကျူပ်သာဆိုရင် .."

ထိုစကားကို သမီးရှေ့မှာ ဆက်ပြောခွင့်မပေးနိုင်ဘဲ သူ့လက်သီးချက်တွေ ဆက်တိုက်ပစ်ဝင်သွားခဲ့သည်။ ဒါပေမယ့် ထိုသူဘယ်သူလဲဆိုတာ သမီးက မေးခဲ့လေသည်။

ပြီးတော့ မို့ ရဲ့ သူငယ်ချင်းတွေ ..၊

"ရှင့်ကို မို့ က သိပ်ချစ်တာ ကိုခြား၊ နေလင်း နဲ့ ဘာလိုလိုထင်အောင် လျှောက်တွဲပစ်တာလည်း ရှင့်ရဲ့ ဂရုစိုက်မှုကို သူလိုချင်လို့ပါ.."

"နေလင်းထွတ် နဲ့ မို့ က ဟိုတုန်းက ရည်းစားဟောင်းတွေပေမယ့် .. ရှင်နဲ့ လက်ထပ်ပြီးမှ လုံးဝ ရိုးသားပါတယ် .."

"နေလင်းထွတ် က မို့ ကို ချစ်နေတာပါ၊ မို့ ဘက်က ရိုးသားမှန်းအားလုံးသိပါတယ် .."

"ရှင့်ကြောင့် မို့ ခုလိုဖြစ်သွားတာ .."

"ရှင်က လူနာမိန်းကလေးတွေလောက်တောင် မို့ ကို ဂရုတစိုက်မရှိဘူးလေ .."

စသဖြင့်သော စကားတွေကြောင့် သမီးလေးရဲ့ နုငယ်တဲ့အတွေးထဲမှာ နာမည်တွေ ဖြစ်ရပ်တွေ ရှုပ်ထွေးစွာ စွဲထင်ကျန်ရစ်၏။

"နေလင်းထွတ် ဆိုတာ ဘယ်သူလဲ ဖေကြီး .."

"ရည်းစားဟောင်းဆိုတာ ဘာလဲဟင် .."

"ဖေကြီးက မေမေ့ကို မချစ်ဘူးလား .."

သမီးဆီက မေးခွန်းတွေထွက်လာတိုင်း သူ ဆွဲကြိုး...သချင်စိတ်ပေါက်၏။ ထို့ကြောင့် သမီးနဲ့ မရင်းနှီးချင်တော့ပေ ..။ စိတ်က ကြမ်းတမ်းလာခဲ့ရင်း စကားပြောတိုင်း ဆူမိငေါက်မိတာတွေ များလာခဲ့သည်။

ထို့ပြင် မမြင်ချင်သမျှကို မမြင်ရအောင် သူ နေ့ရောညပါ အပြင်မထွက်ဘဲနေခဲ့၏။ သမီးကို မကေ က ခေါ်ထားပြီး သူ အပြင်မထွက်ဘဲ နေခဲ့လိုက်တာ တော်တော်အဆင်ပြေသွားသောကြောင့် ဒီတိုင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



နေလာခဲ့တာ ဒီနေ့ထိ ..၊

သေခြင်းတရားရောက်ရှိလာခြင်းဟာ ဘယ်သူ့ကြောင့်လို့ ပြောလို့ မရမှန်း နားလည်ပါသည်။ ပြောင်းလဲသွားသည့် သူ့ရဲ့ စက္ကူအာရုံတွေမှာ မြင်လာရသည့် မဖွယ်မရာတွေကိုလည်း သူ ဘယ်လိုမှ တားဆီးမရနိုင်မှန်း သိသည်။

ဒါပေမယ့် 'ငါ့ကြောင့်' ဆိုသော အပြစ်မကင်းသလို ခံစားနေရခြင်းကို ဖျောက်ဖျက်မရခဲ့သလို မြင်နေရတာတွေကိုလည်း မမြင်လိုပေ။

သူတို့ ပြောနေကြသည့် အသံတွေကိုရော ဘာဖြစ်လို့ကြားနေရတာလဲ ..၊ သူ လုံးဝမကြားချင်တော့ပါ။ အားလုံးကို မရမကဖျောက်ဖျက်ဖို့ကြိုးစားလိုက်သည့်အခါမှာ တစ်အိမ်လုံး တံခါးတစ်ချပ်မှ မဖွင့်ဘဲ နှစ်ဆယ့်လေးနာရီ အလုံပိတ်နေခြင်းသို့ရောက်ခဲ့လေသည်။

ပတ်ဝန်းကျင်၏ အမျိုးမျိုးသော စူးစမ်းဝေဖန်ခြင်းတွေကိုလည်း ဂရုမစိုက်ဘဲနေခဲ့သည်။ ဘယ်လိုဆိုးဆိုးဝါးဝါးပြောနေကြပါစေ သူဘာမှ မဖြေရှင်းခဲ့ ..၊

အကယ်၍ မကေ သာ မရှိခဲ့လျှင်တော့ သမီးလေးတာဝန်နဲ့ သူ ဒီလိုမျိုးထင်သလိုနေခွင့်ရပါ့မလား ..၊

သမီးကို ဂရုမစိုက်ဘဲ ဒီတိုင်းနေခဲ့ရင်ရော သမီးရဲ့စိတ်၊ သမီးလေးရဲ့ အနာဂတ် ဘာတွေဖြစ်ကုန်မလဲ ..၊

ပြန်လှည့်ကြည့်လိုက်တော့ မကေ မရှိတော့ပါ။

သူ သမီးရဲ့ဘေးကို ပြန်ဝင်ထိုင်ကာ နဖူးက ဆံပင်လေးတွေကို တယုတယသပ်တင်ပေးရင်း ငေးကြည့်နေမိသည်။

သမီး ဖျားနာပြီး စိုးရိမ်စိတ်တွေ ဖိစီးခံစားလာရတော့မှ သူ့စိတ်တွေ ဘယ်လောက်လွင့်ပါးနေခဲ့သလဲဆိုတာကို ပြန်ပြီးဆင်ခြင်မိခဲ့၏။

ဒါဆို ဘာတွေမြင်မြင် ဘာတွေဖြစ်ဖြစ် သူ့စိတ်တံခါးကို လွတ်လပ်ခွင့်ပေးထားလိုက်ရမှာလား ..။ ထိုအခါ ကြုံခဲ့ကျော်ဖြတ်ခဲ့ရသည့် အဖြစ်



ဆွေက စိတ်အာရုံမှာ တရေးရေးပြန်ပေါ်လာလေသည်။

"ခင်ဗျား ဘယ်ကိုသွားခိုင်းနေတာလဲ .."

တစ်ကိုယ်လုံး မဲပြာရောင်ပေါက်ကာ မျက်လုံးနှစ်လုံးကပဲ ပြူးအွက်နေသော ပိန်ကပ်ကပ်လူဟာ အသက်ကိုတောင် ခန့်မှန်းဖို့မလွယ်တော့ပေ ..။

လူမဟုတ်မှန်း သိပေမယ့် သူ ခေါ်လိုက်မိတိုင်း 'ဟော့..လူ' ဟူ၍ဖြစ်ကာ ..၊

"ဟော့လူ .. ဘာလုပ်တာလဲ .."

တစ်နေရာကို လက်ညှိုးထိုးပြပြီး သူနဲ့အတူ လိုက်ဖို့အတင်းဦးဆောင်နေ၏။ ခြား နောက်ပြန်လှည့်လိုက်တာနှင့် သူက ခြား ရှေ့ကနေပိတ်ရပ်ထားပြီးဖြစ်ကာ ခေါင်းခါပြလိုက်၊ လက်ညှိုးညွှန်ပြလိုက်နှင့်..၊

ဤသို့သောနည်းနှင့် မိသားစုထဲက ကိစ္စတစ်ချို့ကို သူ ဝင်ရှင်းပေးခဲ့ရကာ၊ တစ်ချို့ကျတော့ စကားပြောနိုင်ကြ၏။

"ငါ့ကိုကယ်ပါ .. ငါ့ကို သူတို့က ကားမှောက်သေသလိုလုပ်ခဲ့ကြတာ အလောင်းကိုတွေ့ရင် ငါ့ကိုယ်ပေါ်က ဒဏ်ရာတွေက လူသတ်မှုဆိုတာ ဖော်မှာမို့လို့ အလောင်းမတွေ့ဘူးဆိုပြီး ဖျောက်ဖျက်ခဲ့ကြတာဆေါ့၊ ငါ့အလောင်းကို ကျောက်တုံးနဲ့ချည်ပြီး တံတားအောက်က ရေမြောင်းကြီးထဲ နှစ်ထားကြတာ .."

ဤသို့ တဖားဖားလိုက်ပြောပြီး မရမက အကူအညီတောင်းတာဘူတော့ သူ့အိမ်ထဲက မထွက်ဘဲနေလျှင် အပြင်ကနေ ခဲတွေနဲ့တစ်ညလုံး ပေါက်နေတော့သည်။

ခြံပတ်လည်မှာ သွားလာရင်းစောင့်နေလျက် .. သူ မထွက်မချင်း တစ်ချက်လေးမှ ခြံနားက မခွာပေ ..။

မနေနိုင်အောင် လုပ်ကြလွန်းလို့ သူတို့ဖြစ်စေချင်တာတွေကို လိုက်လုပ်ပေးမိတိုင်းလည်း ပြဿနာတစ်ခုခုမတက်ရဘဲ ပြီးမြောက်အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



သွားတယ်ဆိုတာ မရှိခဲ့ဘဲ ..၊

"ဂျိမ်း .."

ဆူညံသည့် အသံတစ်ချက်ကြောင့် သူ လန့်နိုးသွား၏။ ဆတ်ခနဲ ခေါင်းထောင်ကြည့်လိုက်တော့ သမီးက သူ့ဘေးမှာ အိပ်ပျော်နေလျက်ရှိကာ သူ လက်ထောက်ပြီး သာသာလေးထထိုင်လိုက်မှ လှုးလှုးလွန့်လွန့်ဖြစ်လာ၏။

"သမီး မထနဲ့ဦး ခေါင်းမူးလိမ့်မယ်နော် .. ဖေကြီး အပြင်သွားကြည့်လိုက်ဦးမယ်၊ တံခါးဖွင့်သံ ကြားလို့ .."

ပိုပို့ က မျက်လုံးလေးမပွင့်တပွင့်နှင့် ခေါင်းညိတ်၏။ သူ သမီးဘေးမှာ ခဏလေးလှဲလိုက်ရင်း ဘယ်လိုအိပ်ပျော်သွားခဲ့မှန်း မသိလိုက်ပေ။ နာရီကြည့်လိုက်တော့ မနက်လေးနာရီထိုးတော့မည်။

သမီး နဖူးလေးကိုစမ်းကြည့်ပြီးမှ စောင်လေးဆွဲတင်ပေးခဲ့ပြီး အပြင်ထွက်လာခဲ့သည်။ သူ ဧည့်ခန်းဘက်ကို ထွက်လိုက်တာနှင့် စောကေသီက အိမ်ထဲကို လည်ပင်းလိမ်ပြီး ပြန်ကြည့်နေတာနှင့် တည့်တည့်တိုးကာ ..၊

"ဟယ် .. ခြား .. နိုးသွားပြီလား၊ သမီးရော .. ငါထင်တယ်၊ တံခါးကို မသိအောင် ဖွင့်တာ ဘယ်လိုဖြစ်လို့လက်က ဒီလောက်တောင် အားမရှိမှန်းမသိဘူး၊ နင့်တံခါးကလည်း ဘယ်လောက်ဖွင့်ပိတ်နေသလဲတော့မသိဘူး၊ သံချေးကိုက်ပြီး သံစုံကိုမြည်နေတာပဲ .. အသံမမြည်အောင် အံကြိတ်ဆွဲတော့လည်း မမြည်စေချင်ကာမှ ပိုဆိုး .."

"ကဲ .. ခင်ဗျား ညည်းနေတာနဲ့ပဲ တံခါးကြပ်အောင်ထားမိတဲ့အတွက် ထိုင်ရှိခိုးရတော့မလိုလို မကေ ရာ .. အခု ပြန်မလို့နိုးထွက်တာလား .."

"ခိုးထွက်တာ မဟုတ်ပါဘူး .. ကလေးကို ငါ လာစမ်းပါသေးတယ်၊ ကလေးသက်သာနေတာနဲ့၊ ပြီးတော့ အိမ်မှာ ကောင်မလေးတွေ



ဆောပြန်သွားကြတယ်လေ၊ မိုးမလင်ခင် နွားနို့လာပို့မှာတွေ၊ ဘုရားပန်းနှာထားတာတွေ၊ ဆွမ်းတော်ကပ်ဖို့တွေနဲ့ .."

"ကဲ .. ပြန်ပါဗျာ .. ဒီမှာလည်း ဖအေပါ၊ မကေ ပူနေတာ သမီးရဲ့ ဘွားတော်ကြီးကျနေတာပဲ၊ ကိုယ့်အိမ်ကိုလည်း စိတ်မချဘဲနဲ့ ညတွင်းချင်း ပြေးလွှားနေတာ ခေါက်တုံ့ခေါက်ပြန် .."

"မိုးလင်းနေပါပြီ ဟယ် .. ငါ ဆွမ်းတော်ကပ်ပြီး ကိစ္စဝိစ္စတွေလုပ်ခဲ့ပြီးရင် ပြန်လာမယ် သိလား၊ နင်တို့သားအဖ ဘရေ့ဖက်(စ်)အတွက် လာလုပ်ပေးမယ် .."

"နေ့မှစေ မလာနဲ့တော့ .. မကေ ပင်ပန်းနေပါပြီ နားလိုက်ပါ.."

"အောင်မယ် .. ထိတောင်ပြေးထိုးရဦးမယ်၊ ငါ့အတွက်တွေ ဘာတွေငဲ့ဖော်ရလို့ .."

"ရွှဲ့ပြောတာလို့ မထင်ဘူးလား .."

"ဟမ် .. ဟဲ့ .. ပလုတ်တုတ် .."

"ဟား .. ဟား . ဟား .."

လှေကားလေးသုံးထစ်ပြားပြားပြေပြေလေးကို ခလုတ်တိုက်သွားသည်။ စောစောစီးစီးမို့ ခပ်ကြိတ်ကြိတ်ရယ်ရင်း တံခါးပြန်ပိတ်လိုက်သည်။

စောကေသီ ကားစက်နှိုးနေတဲ့အထိ ရယ်နေတဲ့ မောင်ရဲ့ မျက်နှာကို လှမ်းကြည့်ပြီး ပွစိပွစိပြောနေတုန်း၊ ပြီးတော့ မျက်စောင်းလည်းထိုးသေးသည်။

ဒီအစ်မတစ်ယောက်က သူ့ကိုတော့ တော်တော်သည်းခံပြီး ချစ်ရှာသူပါ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အထဲပြန်ဝင်လာခဲ့ရင်း စောစောကသီ ဖွင့်ထားခဲ့သည့် မီးတွေကို ပြန်ပိတ်လိုက်သည်။ အိပ်ခန်းထဲရောက်တော့ အိပ်ရာပေါ်မှာ သမီးက မရှိ …၊

ကြည့်လိုက်တော့ ရေချိုးထဲမှာလည်း ရေမရှိပေ …။ သမီး သူ့ကို လှမ်းခေါ်သေးလား …၊

တစ်ယောက်တည်းထသွားမှန်းသိကာ ကမန်းကတန်းထွက်လိုက်လာခဲ့သည်။ သို့သော် ရေခဲသေတ္တာနားမှာလည်း သမီးကို မတွေ့ …၊

ပြန်လှည့်အထွက်မှာ ထမင်းစားခန်းအဝင်ဝက သမီးဆော့ထားသည့် ဖန်ဂေါ်လီဘူးလေးကို ခြေနဲ့ ခတ်မိသွား၏။ ဂေါ်လီလုံးလေးတွေ လိမ့်ထွက်ကုန်တာကို ပြန်လှည့်ကြည့်ပေမယ့် ခြေထောက်အောက်လိမ့်ဝင်လာတာတွေကိုရှောင်လိုက်ပြီး ရေအိမ်ဘက်ကို အရင်စလိုသွားမိ၏။

"သမီး .. သမီး အထဲမှာလား .."

အိမ်က ကြီးမားကျယ်ပြန့်လှတာလည်းမဟုတ်ပေ …။ ထိုပြင် အပေါ်တစ်ထပ်လုံးကို လုံးဝမတတ်ဖြစ်ခဲ့တာတောင် ကြာပြီဖြစ်၏။

လူနှစ်ယောက်တည်းအတွက်ကျတော့ အိမ်က ကြီးနေသည်။ ပြီးတော့ ကလေးဖွလို့ပြန်လည်ရှင်းလင်းရမှာတွေအတွက်လည်း အလုပ်ရှုပ်မခံနိုင်ပေ …။



ထို့ကြောင့် နေမကောင်းဖြစ်နေကာမှတော့ သမီး အိမ်ပေါ်တက်သွားတာလည်း မဖြစ်နိုင် …။

"သမီး .. ပိုပို .."

"ဖေကြီး .."

ဟင် …၊

နီးနီးကပ်ကပ်ခေါ်လိုက်သံကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

"သမီး .."

"အဲဒီမှာ ငြိမ်ငြိမ်ရပ်နေလိုက် .."

"ဟော့ .. မင်း .. မင်း ဘာလုပ်တာလဲ ငါ့သမီးကို .."

သမီးကို လက်တစ်ဖက်နဲ့ ချုပ်ကိုင်ထားပြီး စူးစူးရဲရဲကြည့်နေသည့် မိန်းကလေး …၊

သူမကို မြင်ဖူးသည်။ ဘယ်နေရာမှာလဲ .. ဘယ်တုန်းကလဲ …၊

ဖြူဝင်းနိုင်ကြည်သော မျက်နှာကျပုံနှင့် ဂုတ်ဝဲဆံပင်နက်နက်လေးနှော .. ဟုတ်ပြီ …၊

"မင်း .. ဘာအကြံနဲ့ အိမ်ထဲလိုက်လာတာလဲ .."

"မေးခွန်းတွေ မေးမနေနဲ့၊ ရှင့်လို အိမ်စုတ်မှာ ခိုးပြတိုက်ဖို့ လာတယ်များမှတ်နေလို့လား .."

"မင်းမှာ အိမ်စုတ်တောင်မရှိရင်တော့ စိတ်ကူးရင်လည်း ကူးမှာပေါ့ .. ငါ့သမီးက ဖျားနေတာ၊ ခု လွှတ်လိုက်စမ်း .."

"ကျွန်မလည်း နေမကောင်းဘူး .."

"အဲဒါ ဘာလုပ်ရမှာလဲ .."

"အနာကျက်ဆေးနဲ့ ကိုယ်ပူအကိုက်အခဲ ပျောက်ဆေးလိုချင်တယ်.."

"မပေးနိုင်ဘူး .."

"ပေးလိုက်ပါ ဖေကြီးကလည်း အန်တီ့ကိုယ်တွေက မီးမီးထက် ပိုပူတယ် .."

"တိတ်တိတ်နေစမ်း .."

"ဟော့ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဖမ်းချုပ်ထားခဲ့ရတဲ့အထဲက သူ့အတွက် ပြောပေးနေသေးတဲ့ကလေးကို တွန်းလားထိုးလား သဟောက် သဟမ်းနဲ့ …၊

"မင်း ဘယ်လိုမိန်းကလေးလဲ .. ဘာဖြစ်ချင်လို့ ခါးပြလိုလို သူခိုးလိုလို ဝင်လာတာလဲ .. ဘယ်က ဝင်လာတာလဲ …၊ မင်းကို ငါ ခု ချက်ချင်း ဖုန်းဆက်ရဲခေါ်ပြီး .."

"ဖက် .."

"ဟာ!…"

"ဒေါက် .."

သူ့ကုတ်အင်္ကျီထဲက ဖုန်းထုတ်လိုက်တာနှင့် သူမ ခြေထောက်တစ်ဖက် ရိုပ်ခနဲပတ်ဝင်လာတာ ယုံတောင်မယုံနိုင် …၊

"မင်း ကြည့်စမ်း .."

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမသိလိုက်မီ လက်တစ်ဖက်လုံး ထုံကျဉ်သွားကာ ဖုန်းက လွင့်ထွက်သွား၏။

"ကလေးကို မြန်းခနဲ လန့်ဖျပ်အော်လိုက်မှာစိုးလို့ ဆွဲချုပ်ထားတာ .. ရှင် အချိန်ကုန်ခံပြီး မေးခွန်းတွေမေးနေမယ့်အစား ပထမဆုံး ကျွန်မကို ဆေးထုတ်ပေး၊ ဒုတိယက ကျွန်မခိုင်းတာကို အေးအေးလုပ်ပေးရမယ် .."

"ဘာကွ …"

"အခု နံပါတ်တစ်ကို စလို့ရပြီ .."

ခြား က သူမ မျက်နှာကိုစိုက်ကြည့်သည်။ နီမြန်းနေသည့်မျက်နှာလေးက အဖျားတက်နေမှန်းသိသာနေကာ ဖူးဖူးစင်အောင် လှနေသည့် မျက်ဝန်းလေးတွေ၊ နှုတ်ခမ်းလေးတွေအရ သူမ လူသတ်တဲ့အထိ ကျူးလွန်မယ့်သူမဟုတ်မှန်း တွက်မိလိုက်သည်။

ဒါပေမယ့် ကိုယ့်ကို အချိန်မရွေးအနိုင်ယူနိုင်သည့် ကိုယ်ခံပညာ သူမက ကျွမ်းကျင်နေ၏။

"ရှေ့ကသွား .."



"ဘာကိစ္စလဲ .."

"ရှင့်ကိုပြောနေတာ နားမပါဘူးလား .."

"ဆေးက ရှေ့မှာရှိတယ်လို့ မင်းကို ဘယ်သူပြောလဲ .."

"မရှိရင် ရှိတဲ့ဆီကိုသွား .."

"နေစမ်းပါဦး .. ငါက စိတ်ရောဂါပဲကုတာ မင်းထင်တာ လွဲနေပြီထင်တယ် .."

"ဖေကြီးကလည်း မီးမီးအတွက် ဆေးတွေဆောင်ထားရတာ အများကြီးပဲဟာ .. ပေးလိုက်ပါ .."

ပို့ပို့ က ဖအေကိုပြောပြီးတော့ သူမကိုမော့ကြည့်၍ …၊

"ဆေး က ဟိုရှေ့က စာကြည့်ခန်းထဲမှာ အန်တီ .. မီးမီး ယူပေးရမလား .."

"ဒီတိုင်းပဲ သွား .. ရှေ့က .."

ကလေးကို လည်ပင်းကနေ သိုင်းဖက်သလိုချုပ်ထားလိုက်တာ ခြား ကို ခြိမ်းခြောက်သလို တစ်ချက်ကြည့်သည်။ ပြီးမှ တရွေ့ရွေ့တိုးသွား၏။

ထိုပြင် လွင့်ကျနေသည့် ဖုန်းနားရောက်တော့ ဖုန်းကိုထပ်ပြီးလွင့်သွားအောင် ကန်ထုတ်ပစ်လိုက်သေး၏။ ခြား ခေါင်းတခါခါနှင့် ကျွတ်ခနဲစုတ်သပ်၏။ ထိုစဉ် …၊

"အား …"

"အ .. ဖေကြီး .."

ခြား ထိတ်ခနဲဖြစ်သွားပြီး ပြေးသွားမလို့ ပြင်လိုက်၏။ သို့သော် ကြမ်းပေါ်က ဖန်ဂေါ်လီလုံးတွေ နင်းမိပြီး သူမ ပုံပျက်ပန်းပျက်လဲကျသွားတာ မြင်လိုက်သဖြင့် သမီးကို ဝမ်းပမ်းတသာ ပြေးဆွဲလိုက်ပြီး …

"ဟား .. ဟား .. ဟား .."

ကလေးကို လွတ်ရာတွန်းပို့လိုက်ပြီး ရှေ့ကိုတစ်လှမ်းတိုးလာခဲ့ရင်း—

"ဘယ့်နှယ်လဲ အီဆိမ့်သွားပြီလား .. အဲဒါ တမင်ထောင်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ဆင်ထားတာမဟုတ်ဘူးနော် .. မင်း ကံဆိုးချင်တာ .. ဟ .."

စကားဆုံးအောင် ပြောခွင့်မရလိုက်ဘဲ သူမက လဲနေရာကနေ သူ့ ခြေထောက်ကို ခြေချင်းချိတ်ပြီး ဆွဲလှဲပစ်လိုက်၏။

သူ ဘိုင်းခနဲ ပစ်လဲသွားပေမယ့် သူမက ပခုံးတစ်ဖက်ကြွ၍ လက်မောင်းတစ်ခုလုံးနဲ့ သူ့လည်ပင်းကို တက်ဖိထားလိုက်ပြီး ..၊

"အခု ဘယ်လိုလဲ .."

"မင်း .. အ .. အစ် .."

ကြမ်းပြင်နဲ့ လက်မောင်းလေးတစ်ဖက် ဖိကပ်ချုပ်ထားလိုက်တာကို ခြား ဘယ်လိုမှ ရုန်းမထွက်နိုင်ဘဲ အသက်ရှူတွေပါ ကျပ်လာ၏။

"အန်တီ .. မီးမီး မေကြီးကို မလုပ်ပါနဲ့၊ မီးမီး ရှုံးပါတယ်၊ လွှတ်လိုက်ပါ .. မီးမီး ဆေးယူပေးပါ့မယ် .."

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပေမယ့် ပိုပို့ က ဘာအရေးကြီးဆုံးလဲဆိုတာကို သိသည်။ မျက်ရည်ကို ပြေးရင်းသုတ်ပစ်ကာ ဆေးတွေကို ပလတ်စတစ်ခြင်းလေးနဲ့ စုပြုံထည့်ယူလာ၏။

"အ .. အစ် .. မင်း .. မင်း လွှတ်တော့လေ .."

ခြား စိတ်ဓာတ်တွေကတော့ ရှက်လည်းရှက်မိ၏။ ဒါပေမယ့် ရှက်လည်း မရှက်နိုင်တော့ပေ။

ပညာသည်ချင်းဆိုရင်တော့ အသာလေးရုန်းထွက်သွားဖို့အကွက်ရှိလိမ့်မည်မှန်သော်လည်း သူ့မှာတော့ မိန်းကလေးတစ်ယောက်က ချုပ်ထားတာကိုတော့ ရုန်းမထွက်နိုင် ..၊

ပြီးတော့ သူမက လူမမာ တစ်ယောက် ..၊

ဆရာခေါ်လိုက်တော့ ခွဲခြား ..၊

♥♥♥



အခန်း (၉)

"ဒေါက် .. ဒေါက် .."

လူခေါ်ဘဲလ်သံတွေ ဆူညံပြီးကာမှ ဘေးက ပြတင်းပေါက်ကို ခဲနဲ့ ပေါက်ခေါ်နေကာ ..၊

"ခြား ရေ .. ဟဲ့ .. မင်းအစ်မ လာတာလေ၊ ဘာဖြစ်လို့ တံခါးထ မဖွင့်တာလဲ .. ကလေးဖို့ ကြက်ပေါင်းခေါက်ဆွဲလေးပါ ပြုတ်လာခဲ့တယ်၊ ကလေးကို အရည်လေးတိုက်ပြီး မင်းဟာ အဖက်စားဖို့ ငါ့ကို တံခါးဖွင့်ဦး .."

ရှေ့တံခါးကနေ သွားပြန်စောင့်ဖို့ပေမယ့် ပြတင်းတံခါးက ချောက်ခနဲ ပွင့်သွားသဖြင့် စောကေသီ ပြန်ကြည့်မိ၏။

ပြတင်းပေါက်မှာ ခြား က ငုတ်တုတ်ထိုင်နေကာ ..၊

"ကျွန်တော် နေမကောင်းဘူး .. ကလေးကိုလည်း ကျွေးမွေးပြီးပြီ မကော ပြန်တော့ .."

"ဘာရယ် .."

"ပြန်ပါဆိုဗျာ .."

"ဟဲ့ .. အောင်မယ်လေး၊ ငါ့ကိုများကြည့်စမ်း .. ကလေးကို အဖျား

www.burmeseclassic.com

www.burmeseclassic.com



သွေးစစ်ရဦးမယ်၊ ဆေးပေးရဦးမယ်ဟဲ့ ..”

မှန်ကို ထပ်ပုတ်ပြီး ခေါ်ပေမယ့် ပြန်မဖွင့်တော့ပေ ..။ အထဲမှာ အေးမားပြတိုက်နေတာကို မသိဘဲ စောစောကသီ စိတ်တိုတိုနှင့် ပြောဆိုသွားတာတွေကို ဒီတိုင်းကြားနေရ၏။

“တောက် .. မင်းလုပ်ပုံတွေမဟုတ်ဘူးနော် .. သူများအိမ်ထဲဝင်လာပြီး အစားအသောက်တင်မကဘူး၊ ဆေးဝါးလည်းယူတယ်၊ ခုထိလည်း ငါ့အရိပ်မှာ ခိုနေသေးတယ် ..”

“အဲဒီတော့ ကျွန်မက ကျေးဇူးတင်ရမယ်ပေါ့ ..”

“တောက် ..”

“ရှင် ခဏခဏ တက်ခေါက်မနေနဲ့နော် ..၊ အဲဒီ ပါးစပ်ထဲကို တစ်ခုခုထည့်ပိတ်လိုက်ရမလား ..”

မျက်လုံးချင်းစူးရဲစွာ ဆုံမိကြသည်။ ဒေါသကြောင့် ခြား ရဲ့ မျက်လုံးတွေစူးလတ်နေသလို ပါး ရဲ့ မျက်ဝန်းလေးတွေကလည်း ဟန်လုပ်တင်းနေပေမယ့် သူ့ထက်တော့ မမွဲပါ။

သူမ ဆေးသောက်ဖို့အတွက် မုန့်တစ်ခုနဲ့ အိုဗာတင်းတစ်ခွက်တော့ သောက်ထားခဲ့သည်။ ဆေးလည်း ကိုယ့်ဘာသာယူသောက်ထားပြီးပါပြီ။

ဒါပေမယ့် တစ်ကိုယ်လုံး ပရုပ်လုံးကြီးလိုဖြစ်နေကာ ကိုယ့်ရင်ခုန်သံကို ပြန်ကြားနေရသည်။ တစ်ခုခုကို အာရုံစိုက်ပြီး လှည့်လိုက်တိုင်း မူးဝေနေ၏။ မတ်တပ်ရပ်နေခြင်းဟာ ရင်ခုန်သံတွေ ရိုက်ပုတ်တာကို တောင့်ခံနေရသလိုပင် ..။

ခုချိန်မှာ သူမ တောင့်တဆုံးသည် တစ်နေရာမှာ ခွေချလိုက်ပြီး စိတ်ချလက်ချအိပ်ပစ်ချင်တာပဲဖြစ်၏။

ခြား ကလည်း သူမ မျက်လုံးတွေ တစ်ချက်တစ်ချက် ဖျတ်ခနဲ



မိုက်ကျသွားတာကိုမြင်သည်။ သူများကို ဘာလုပ်မယ်ညာလုပ်မယ် ကြိမ်းဝါးနေပြီး သူမ ကိုယ့်ကိုယ်ကိုယ်ရော ဟန်နိုင်ရဲ့လား ..၊

စိုက်ကြည့်ပြီး မထိမဲ့မြင်ပြုံးလိုက်သဖြင့် ပါး ဒေါသထွက်သွားသည်။

“ရှင်က ဘာရယ်တာလဲ .. တောက် ..”

တွေ့မယ်ဆိုသည့်ဒေါသနှင့် ကုလားထိုင်မှာ ကြိုးနဲ့တုပ်ထားခြင်းကို အားမရနိုင် ..၊

“ဟာ .. မင်း .. ဒါ ဘာလုပ်မလို့လဲ ..”

“ရှင့် မျက်နှာကြီးကို မမြင်ချင်လို့ ..”

“ဟ .. မလုပ်နဲ့လေ .. အိတ်စွပ်လိုက်ရင် ငါ သေသွားမှာပေါ့ ..”

“ပူမနေနဲ့ .. ရှင်သေသွားရင် ထောင်ကျခံရမှာက ကျွန်မ ..”

“ဩော် .. မင်း ထောင်ကျမှာပဲဆိုပြီး ငါက ပူပင်ကြောင့်ကြကင်းစွာ သေရမယ်ပေါ့ ..”

“မကောင်းချင်လည်း အခု ငိုလို့ရပြီ ..”

“ဟား .. ဟော့ .. မင်း ..”

လက်တွေကို ကုလားထိုင်လက်ရမ်းနဲ့ ကပ်တုပ်ထားသဖြင့် မျက်နှာကို လည်ပင်လိမ်ပြီးရှောင်တာ ဘယ်လိုမှမရ ..၊

သူမက အိတ်ရဲ့လက်ကိုင်ကိုင်းတွေကို ကြိုးနဲ့ဆက်၍ လည်ပင်းမှာ ခပ်ဖွဖွချည်လိုက်၏။ အိတ်ကသေးနေသဖြင့် သူ့ နှာခေါင်းချွန်ချွန်ကို ပိပြားသွားစေပြီးမှ ပါးစပ်ကိုလည်း မထိတထိပိတ်၏။

မသေပေမယ့် အသက်ရှူတိုင်း အိတ်ကြီးက ပါးစပ်ထဲကိုဝင်လိုက်ထွက်လိုက် ..၊

“ကျွတ် ..”

တက်ခေါက်ဖို့ဖြစ်ပြီးမှ သူမ ဒေါသနောက်တစ်မျိုးတိုးသွားမှာ သတိရသဖြင့် စုတ်သပ်ခြင်းနဲ့ပြီးလိုက်ရကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်း .. တော်တော့ .. ဖူး .. မင်းနော် .. ဖလူး .."

"အန်တီ .. မီးမီးကိုယ်တွေ ပြန်ပူလာပြီ .. မီးမီး ဆေးသောက်ရမှာ.."

"မသောက်နဲ့ .."

သားအဖနှစ်ယောက် ကုလားထိုင်တစ်လုံးစီနှင့် ငါးပေစီလောက်ခွဲ၍ မျက်နှာချင်းဆိုင်ချုပ်ထားလိုက်သည်။ သူမ လုပ်တာ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ကျေးဇူးကန်းရာ ကျကျမကျကျ ကိုယ်ထင်ရာကိုယ်လုပ်၊ ကိုယ်လုပ်နေတာ အမှန်တရား ..။

"အ ..."

ကိုယ့်ဘာသာ သတ်မှတ်ချက်တွေပေး၍ ဆိုဖာပေါ်မှာ နောက်ပြန်ထိုင်ချလိုက်တာနှင့် ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားသည်။ ဒီလူနှစ်ယောက်ကို ကြိုးတုပ်ထားလိုက်တာနှင့် တစ်ရေးအိပ်ခွင့်ရပြီလို့တော့ မမှတ်ခဲ့ပါ။

ဒါပေမယ့် သူမ ခဏထိုင်နားဖို့သာ စိတ်ကူးခဲ့သော်လည်း ..၊

"သမီး ပို့ပို့ .."

"ရှင် ဖေကြီး .."

"ဘယ်ရောက်သွားလဲ ဟိုတစ်ယောက် .."

"ဆိုဖာပေါ်မှာ အိပ်ပျော်သွားပြီ .."

"ဒီလောက် ပြူးတူးပြဲတဲနဲ့ ဖောင်းပွနေတာ၊ အဲ့ဒါ အိပ်တာမဟုတ်ဘူး၊ ဖျားပြီး သတိလစ်သွားတာ .."

အိတ်ကြီးနဲ့ပြောနေရတာ စကားသံတွေ ဗလုံးဗထွေးပေမယ့် သားအဖချင်းတော့ နားလည်နေလို့ တော်သေးသည်။

"ဖေကြီး .. မီးမီး ရှူးပေါက်ချင်တယ် .."

ခြား စိုးရိမ်သွားသည်။ သမီးလေးက နေကောင်းတာမဟုတ် ..၊

"သမီး အရမ်းသွားချင်နေပြီလား .."

"ခဏ အောင့်ထားခိုင်းမလို့လားဟင် .. မီးမီး ရသေးတယ် ဖေကြီး.."



လိမ္မာလိုက်တဲ့ သမီးလေးလို့ တွေးလိုက်မိပေမယ့် ကလေးက ဆီးချုပ်သွားနိုင်၏။ ဒီကောင်မလေးပုံစံကြည့်ရတာ ကလေးဆိုပြီး ပစားပေးမည့်ပုံလည်းမပေါ်ပေ ..။ သူ ဘာလုပ်ရမလဲ ..၊

တိတ်ပ်တွေနဲ့ ဘယ်နှစ်ပတ်တောင် ကပ်တုပ်ထားမှန်းမသိသည့်လက်က ရုန်းကြည့်တာနဲ့တင် တော်ရုံနဲ့ မလွတ်မြောက်နိုင်ဘူးဆိုတာ သိနေသည်။

ခြေထောက်တွေကိုလည်း ပူးတုပ်ထားသေးသည်။ ဒီပစ္စည်းတွေကို ဘာဖြစ်လို့ အိမ်မှာဆောင်ထားမိမှန်းတွေ့မိကာ ကိုယ့်ဘာသာ တက်ခေါက်မိသည်။

ခုတော့ ရန်ပြုမည့်သူက ကိုယ့်လက်နက်နဲ့ ကိုယ့်ကို လွယ်လွယ်လေး ချုပ်နှောင်သွားခဲ့၏။ သူ့မှာ မိန်းကလေးတစ်ယောက်ကိုတောင် အရှုံးပေးခဲ့ရသည်။ ဒီအခြေအနေထိ အညံ့ခံလိုက်ရတာ ဘယ်လောက်တောင်ရှက်ဖို့ကောင်းလိုက်သလဲ ..၊

"တင်းတောင် .. တင်းတောင် .."

"ဟယ် .. ကြီးကြီးစော လား မသိဘူး .."

"ရှူး .."

ခုနကလည်း ကလေးလည်ပင်းကို ညှစ်ထားပြီး နောက်ကနေ ကြိုးကိုင်နိုင်းစေနေခဲ့၏။ ခုတော့ သူမ အကျပ်ကိုင်နိုင်မည့် အခြေအနေရှိသေးရဲ့လား ..။

နားစွင့်ပြီး ခဏ ငြိမ်နေလိုက်မိ၏။

"ဟော့ .. ခြား ရေ ဒီတစ်ခါ ငါ့ကို တံခါးလာမဖွင့်ရင်တော့ နှင့်မှန်တွေ ငါ ရိုက်ခွဲပစ်ခဲ့မှာနော်၊ ကလေးကြောင့် သိရဲ့လား .. ကောင်စုတ်လေး .."

"တင်းတောင် .. တင်းတောင် .. တင်းတောင် .."

www.burmeseclassic.com

www.burmeseclassic.com



ဟား .. သွားပြီ ..၊

ဒီလောက်တောင် ဘဲလ်တွေစွတ်တီးနေတာ မီးခဲမတော့ နိုးပါပြီ။

သူ စိတ်ပျက်သွားပေမယ့် သူမထံမှ အသံထွက်မလာခဲ့ပေ ..။

"မီးမီး .."

"ရှင် .."

"သူ အိပ်နေတုန်းလား .. ဟု .. ဖလူး .."

"ဟုတ် .."

"လှုပ်လာသေးလား .."

"နည်းနည်းလေးမှ မလှုပ်ဘူး .."

"ဘုန်း ..."

သိပ်မကြာခင် ဆေးက မှန်တံခါးကို မြေကြီးခဲနဲ့ ပစ်ပေါက်လိုက်သံ ထွက်လာခဲ့၏။ စောကေသီ ဒီဆေးကို ရောက်လာပြီမို့ ဝမ်းသာသွားကာ ..၊

"မှန်ကို ခွဲလိုက်လို့ အော်ပြောလိုက် သမီး၊ သူ ဖေကြီးတို့ကို .. ဖွတ် .. ဖွီး .. မြင်ရင် တစ်ခုခုလုပ်ပြီး ရအောင်ဝင်မှာပဲ .."

ဒီလောက်ဆို သူမ သတိလစ်နေတာ သေချာပါပြီ ..၊

အထဲနဲ့ အပြင်စကား ပြောကြတာတွေ၊ မှန်ခွဲလိုက်တာတွေ သူမ ဘာဆိုဘာမျှမသိခဲ့ဘဲ၊ စောကေသီ အိမ်ထဲကို ခဲရာခဲဆစ်ဝင်ရောက်လာခဲ့လျှင် ..၊

"ဟော့တော် .."

"မကေ .. လုပ်စမ်းပါ .."

ခြား စိတ်မရှည်ဖြစ်နေကာ စောကေသီ အံ့သြမပြေဖွာ ကြိုးတွေ ဖြတ်လုပ်ကိုင်နေတာကို ပြီးအောင်မစောင့်ဘဲ အတင်းဆောင့်ရုန်းထွက်ပစ်၏။



"ဖွီး .. တောက် .. နေ့ခင်းကြောင်တောင် အနုကြမ်းစီးခံရတယ်လို့ ကြားလို့တောင်မကောင်းဘူး .."

"ဘယ်လို .. ဘယ်လို .. ဒါ .. ဒါလေးက ဓားပြ .. ဓားပြ ဟုတ်လား.."

"ဟုတ်တယ် .. သရဲမ .."

"မဟုတ်က .. ဟုတ်ကဟယ် .."

စောကေသီ က ပါး ရဲ့ဆေးကို သေချာသွားငုံ့ကြည့်ကာ ..၊

"ချစ်စရာလေးဟဲ့ .. ငါ့ကို သေချာပြောစမ်းပါ၊ နင့်ကို ကြိုးတွေတုပ်ပြီး ဘာလုပ်တာလဲ၊ ဟို ဇာတ်လမ်းထဲကလိုဖြစ်နေပြီ၊ မိန်းမနှစ်ယောက်က ချစ်လွန်းလို့လုကြတာလေ .."

"ဟုတ်တယ် .. ချစ်လွန်းလို့ ဒီမှာ ကံကောင်းလို့မသေတာ .."

"ဟဲ့ .. ဟဲ့ .."

ဒေါသတွေထွက်နေသဖြင့် စောကေသီ ကို တွန်းဖယ်ပစ်ကာ သတိလစ်နေသည့် ပါး ရဲ့ ကိုယ်လေးကို ဆွဲပွေ့လိုက်သည်။

"ဟဲ့ .. ဘာလုပ်မလို့လဲ .."

"အမှိုက်ပုံးထဲသွားထည့်မလို့ .."

"အို .. မဟုတ်တာ နေပါဦး .. နေဦး ခြား ..၊ ဘယ်လိုဖြစ်ကြတာလဲ၊ ငါ့ကို သေချာပြောပြစမ်းပါ၊ နေဦးဆိုမှ .."

"မကေ ဘာလိုက်ရှုပ်နေတာလဲ .. လွှတ်စမ်းပါ .."

"နင် ဒီလို စိတ်လိုက်မာန်ပါလုပ်လို့မရဘူးလေ .."

စောကေသီ က ပါး ရဲ့ ခြေထောက်ကို အမိအရဖမ်းဆွဲထားလိုက်ကာ ..၊

"ဒါ အမှိုက်ထုပ်မှမဟုတ်တာ၊ မိန်းကလေးတစ်ယောက်ကို .."

"ဟား .."

ပွေ့ထားသည့်လူကို ဆွဲထားသဖြင့် အပြင်ရောက်ခါနီးမှ ရှေ့တိုး



www.burmeseclassic.com

www.burmeseclassic.com



မရဖြစ်သွား၏။ ခြား စိတ်ပျက်လက်ပျက်ပြန်ကြည့်မိကာ ...။

"အခု မကေတူမ လူမမာလေး .. အဲ့ဒီ ကလေးပေါက်စလေးကို မညှာမတာ သူ ဘာလုပ်ထားသလဲ မမြင်ဘူးလား .."

"အေး .. မြင်ပါတယ် .."

"ကျွန်တော့် နောက်ဆေ့မှာ ခုထိ ဖူးယောင်နေတာ မပျောက်သေးဘူး .."

သင်း ခြေထိုးခံလို့ ကြမ်းပေါ် ပိုးစိုးပက်စက်လဲကျခဲ့ရတဲ့အဖြစ်ကို မပြောဖြစ် ...။

"အိမ်ပေါ်တက်လာပြီး အိမ်ရှင်တွေကို ကြိုးနဲ့တုပ်နေကာမှ သင်းကို မိန်းမချော မိန်းမလှလေးပါဆိုပြီး ကိုးကွယ်ထားရမှာလား .."

"မကိုးကွယ်ရပါဘူး .. ဒါပေမယ့် သူ ဘာလုပ်ချင်တာလဲဆိုတာ.."

"ကြိုးနဲ့တုပ် .. မျက်နှာအုပ်နေမှတော့ ဒီအိမ်မှာ လူသတ်ဓားပြတိုက် သူကြိုက်တာ လုပ်လို့ရပြီ .."

"ဘာမှမှ မလုပ်ခဲ့တာပဲ ခြား ရယ် .."

"ဟား .. မကေ .."

"မဟုတ်ဘူးလေ .. အခု သတိတောင်လစ်နေရှာတာ .."

"တစ်ခါတည်း အသက်ပါသွားသင့်တာ .."

"ဆရာဝန်ဖြစ်နေပြီးတော့ ပြောလိုက်တာဟယ် .. မလုပ်ပါနဲ့၊ အမှိုက်ပုံးထဲတော့ သွားမထည့်ပါနဲ့ .. ငါတောင်း .."

"မတောင်းပန်နဲ့ .. ကျွန်တော် လူသတ်ချင်စိတ်ပေါက်လာပြီ .."

"ခြား .."

လူတစ်ယောက်လုံးကို ကြာမြင့်စွာ ဖွေ့ထားရကာ ကိုယ်တိုင် တံခါးဖွင့်နေသေးသည်။ စောကေသီ ပျာပျာသလဲ တံခါးဝိုင်းဖွင့်သည်။ သို့သော် ...။



"ခြား .. မလုပ်ပါနဲ့ဆိုမှ .. အမှိုက်ပုံးထဲတော့ .."

လူတစ်ယောက်လုံးကြီးကို ထည့်ပိတ်လိုက်စရာ ဘယ်မှာလဲ အမှိုက်ပုံး...

မကေ တစ်ယောက်ဟာ တစ်ခါတစ်လေ ဘယ်လိုအူကြောင်ကြောင်နိုင်မှန်းမသိ ...။

"ဟယ် .. အဲ့ဒါ ဘာလုပ်မှာတုံး .."

"ဂျိမ်း .."

"အောင်မယ်လေး အသက်ရှုမွှန်းပြီး သေတော့မှာပဲ .."

ကားနောက်ဖုံးထဲ ထည့်ပိတ်လိုက်တော့ စောကေသီ မျက်ပြူးဆန်ပြာဖြစ်သွား၏။

"မင်း ဘယ်အမှိုက်ပုံမှာ သွားပစ်မလို့လဲ ခြား .."

"အမှိုက်ပုံမှာ မပစ်တော့ဘူး .. စိတ်ပြောင်းသွားပြီ .."

သူ ကားထဲဝင်မယ်လုပ်တော့ စောကေသီ က အတင်းဆွဲထားကာ ...။

"ဘယ်မှာလဲ ဘယ်မှာသွားထားမလို့လဲ .."

"ရဲစခန်းသွားပို့လိုက်မယ်၊ တစ်ခါတည်း တိုင်ချက်ဖွင့်ခဲ့ဦးမှာ.."

"ခြား .."

စောကေသီ ထံမှ မထင်မှတ်စွာကြားလိုက်ရသည့် ဒေါသသံကြောင့် သူ ပြန်လှည့်ကြည့်မိ၏။ ထိုစဉ် သူမက သူ့လက်ထဲက ကားသော့ကိုပါ ဆွဲလုယူလိုက်ပြီး ...။

"မလုပ်ရဘူး .. ရဲစခန်းကိုပို့လိုက်ရင် အမှိုက်ပုံမှာ သွားပစ်တာထက် ဆိုးသွားလိမ့်မယ် .."

"ဘာဖြစ်လို့လဲ .. သူခိုးဓားပြကို ရဲစခန်းသွားအပ်တာ မတော်တာ ဘာရှိလို့လဲ .."

"မတော်တာ ဘာရှိသလဲဆိုတာကို ဖြေရမှာက မတော်ဘူးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



လို့ မဖြေနိုင်ဘူး .. မိန်းကလေးတစ်ယောက်ဖြစ်နေတာကိုက အန္တရာယ်ကြီးတယ် ခြား၊ ပြီးတော့ သူ အရမ်းဖျားနေတယ်၊ မင်း အိမ်ကို သူက မီးရှို့ဖို့ ကြိုးစားတာလည်း မဟုတ်သေးဘူး၊ မင်းတို့ကို အသက်အန္တရာယ် ပြုလောက်ဖွယ် အခြေအနေလည်း မလုပ်သေးဘူးလေ .."

"အသက်အန္တရာယ် ပြုလောက်ဖွယ် အခြေအနေဆိုတာ ဘယ်အခြေအနေကို ပြောတာလဲ .. ပြောပြစမ်းပါ .. လည်ပင်းထဲ ဓားဝင်သွားမှာလား၊ ဒါမှမဟုတ် ရင်ဘတ်မှာ ထုတ်ချင်းခတ်သွားမှလား .."

"တော် .. တော် .. ဘာတွေဖြစ်နေနေ ငါ ဆရာဝန်တစ်ယောက် အနေနဲ့ သေသွားနိုင်တဲ့ လူမမာတစ်ယောက်ကို ဒီတိုင်းမပစ်လိုက်နိုင်ဘူး၊ ပြဿနာရှိတာတွေ နောက်မှရှင်း .."

ပြောပြီးတာနှင့် နောက်ဖုံးဖွင့်လိုက်ပြီး ကားသော့ကို သူမရဲ့ အပေါ် ထပ်အင်္ကျီအိတ်လေးထဲ ထည့်ထားလိုက်၏။ ပြီးတော့ ..၊

"ကျွတ် .."

မနိုင်မနင်း သယ်ထုတ်ဖို့လုပ်နေသည့်မြင်ကွင်းကလည်း ရှေ့မှာ အမြင်မတော် ..၊

"ဘာ ကျွတ်တာလဲ .. နည်းနည်းပါးပါး စာနာစိတ်လေးမွေးပြီး လာပြန်ထုတ်ပေး .."

"တစ်စိုးတစ်စိလေးမှကို မရှိတာ .."

ကိုယ်ပဲ ထုတ်ပေးရမှာမို့ နည်းနည်းပါးပါးစာနာစိတ်တော့ ဝင်သွားပြီလို့ အထင်မခံနိုင် ..၊

♥♥♥



အခန်း (၁၀)

ကြက်သားဆန်ပြုတ်နူးနူးမွှေးမွှေးလေးပြုတ်ပြီး နှစ်ပန်းကန်ခွဲခပ်လိုက်သည်။ လင်ဗန်းလေးပေါ်မှာ လက်သုတ်ပဝါလေးနဲ့ သေသေသပ်သပ် အင်ပြီးမှ ဗန်းကိုကိုင်ပြီး အပြင်ထွက်ခဲ့ရင်း ..၊

"သူ သတိရတော့မှာ .. ဒါလေးတိုက်ပြီး ဆေးသောက်ခိုင်းလိုက်၊ ဒီမှာ မီးမီးဖို့လည်းပါတယ်၊ ကြီးကြီးစော ကတော့ မစောင့်နိုင်တော့ဘူး .. ဒီမှာ .."

လူမမာ အိပ်ခန်းထဲကို လှမ်းဝင်လိုက်တာနှင့် စောကေသီ ဟင်ခနဲဖြစ်သွား၏။ သူ့ဘေးမှာ တကောက်ကောပါနေသည့် ပို့ပို့လေး ခများသည်း နှုတ်ခမ်းလေးပွင့်ဟာသွားကာ ..၊

"ဖေကြီး .."

မွေ့ရာစပ်မှာ ခြား က အပေါ်တစ်ပိုင်းအောက်တစ်ပိုင်း ပက်လက်ကြီးဖြစ်နေကာ လက်တစ်ဖက်က အလိမ်ခံထားပြီး ကျောအောက်ရောက်နေ၏။

လွှတ်နေသည့် လက်ပေါ်မှာ လူနာမိန်းကလေးက ဖိကပ်ထားကာ သည်ပင်းမှာ ဓားနဲ့တေ့ထောက်ထားလျက် ..၊

"အဲဒီမှာ ငြိမ်ငြိမ်လေးရပ်နေကြနော် .. အော်မယ် ဟစ်မယ်မကြံ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ .. တစ်ဆုံးထိုးထည့်လိုက်မယ် ..”

“အမလေး .. လေး မလုပ်လိုက်ပါနဲ့ .. ဖြစ်ရလေအေ .. ငါတို့က မင်းအသက်ကို ကယ်တင်ထားခဲ့တာ ..”

“ကျေးဇူးတင်ဖို့တွေ လာမပြောနဲ့ .. အခု ကျွန်မလိုချင်တာ ကျေးဇူးသိတတ်ခြင်းကြောင့် ရလာမယ့်ကောင်းကျိုးတရားတွေမဟုတ်ဘူး ..”

“မဟုတ်ရင်လည်း ထိုးချလိုက်ကွာ .. မင်းက ဘာမို့လို့ ငါတို့က ကြောက်ရမှာလဲ ..”

“မကြောက်ရင် ရှင် ရုန်းလိုက်လေ .. ကြောက်လို့ မရုန်းရဲတာ မဟုတ်ဘူးလား ..”

ခြား မျက်နှာနီသွားသည်။ ယောကျ်ားမာနနှင့် ဖျတ်ခနဲရုန်းထွက်ဖို့ ကြိုးစားလိုက်လျှင် ..၊

“အ ...”

“အောင်မယ်လေး .. မလှုပ်လိုက်နဲ့ .. မလှုပ်နဲ့ မောင်လေး .. သူတကယ်လုပ်မှာ ..”

“ကြီးကြီးစော .. ဖေကြီး ဘာဖြစ်သွားတာလဲဟင် ..”

“ဘာမှမဖြစ်ဘူး .. ဘာမှမဖြစ်ဘူး သမီး .. လာ .. လာ ..”

ကလေးကို သားအဖအိပ်ခန်းထဲ ပြန်ပို့ပြီး ဆန်ပြုတ်သောက်ထားနှင့်ဖို့ သေချာပြောထားခဲ့ရသည်။ ပြီးမှ အပြင်ကတံခါးပိတ်ခဲ့ပြီး ဒီဘက်ကို ပြန်ပြေးလာလျှင် ..၊

“ငါ .. ငါ ရဲခေါ်တာမဟုတ်ဘူးနော် .. ကလေးလန့်မှာစိုးလို့ သွားထားခဲ့တာပါ၊ ငါ့မောင်ကို အန္တရာယ်ဖြစ်အောင် မလုပ်ပါနဲ့ ..”

လည်ပင်းမှာ အဆမတန်နာကျင်သွားသဖြင့် ဓားသွားဝင်သွားပြီကို သိလိုက်၏။ ဒေါသတွေတလိပ်လိပ်တက်လာသော်လည်း သေမှာမကြောက်တဲ့လူမရှိ ..၊

သူလည်း လူထဲကလူပဲဖြစ်ရာ အံတစ်ချက်ကြိတ်လိုက်ပြီး ..၊



“မင်း ဓားကိုဖယ်လိုက် ..”

“ရှင်သဘောတူပြီလား ..”

“ဟုတ်တယ် .. ဖယ်လိုက် ..”

“ကျွန်မကိုတစ်ပတ်ရိုက်ပြီး ကြိုးစားရင်တော့ .. ဒီမှာ ..”

“အ ...”

သူမက ဓားကို ပြန်ရုတ်လိုက်ပေမယ့် သူ့မေးဖျားနဲ့ ဓားပြားကို ထိတ်ဆွဲပစ်လိုက်သဖြင့် အေးခနဲအထိအတွေ့က အသားထဲနစ်ဝင်သွားသလို ခံစားလိုက်ရ၏။

ရုတ်တရက် လန့်အော်လိုက်ပြီးမှ စမ်းကြည့်လိုက်တော့ ဘာမှမဖြစ် ..၊

ခြား မျက်နှာကြီး နီရဲသွား၏။

“ထ .. ထ လိုက်လေ မောင်လေး မြန်မြန်ထ ..”

ဓားဖယ်လိုက်တုန်း မြန်မြန်ထလိုက်ဖို့ တိုက်တွန်းရင်း စောကေသီက မောင်ကို ပြေးထူလိုက်သည်။ ပြီးတော့ ..၊

“မင်းက သူ့ကို ဘာသွားလုပ်လိုက်လို့ ..”

“ဟာဗျာ ..”

မတ်မတ်ပြန်ရပ်ပြီး လည်ပင်းက သွေးထွက်နေသည့်ဒဏ်ရာကို စမ်းကြည့်မိသည်။ ပြီးတော့ တက်ခေါက်၍ ..၊

“တော်တော် ရန်လိုတဲ့ မိန်းမ ..”

“ဘာတွေဖြစ်ကြတာလဲဟင် မောင်လေး .. ခုန သူပြောတာဘာလဲ..”

“ဘာမှမဟုတ်ဘူး .. အရူးစကားတွေ ..”

“ဘာ .. ရှင် ဘာပြောတယ် ..”

“ဟဲ့ .. ဟဲ့ ..”

ပါး မွှေ့ရာပေါ်ကနေ လွှားခနဲဆင်းလိုက်တော့ စောကေသီ လန့်ဖျပ်သွား ခြား နောက်မှာ ပြေးပုန်း၏။ ပြီးမှ နောက်ကနေ လက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာပြီး တကာကာနှင့် ...၊

"နေကြဦးလေ .. ပြေပြေလည်လည်ပြောကြဖို့မို့လား .."

ပါး ကတော့ စောကေသီ ကို ဂရုမစိုက်သေ ...။ ဓားကိုတဆဆနှင့် ခြား ကိုပဲကြည့်၍ ...၊

"ယောက်ျားဖြစ်ပြီး သေရမှာကြောက်တာနဲ့ ကတိလွယ်လွယ်ပေး လိုက်ရတာလား .."

"ဟုတ်တယ်ဆိုရင်ရော .."

"လူရှိန်အောင် ပြန်လှန်မေးခွန်းထုတ်မနေနဲ့ .. 'ငါကြောက်လို့ပါ' လို့ အခု ရှင့် ပါးစပ်ကပြောလိုက် .."

"ပြောတော့ .."

"ဟွန်း .. ပြောလိုက်ရင် သိမှာပေါ့ .."

"မပြောဘူးဆိုရင်ရော .."

"ရှင့်ရဲ့ ပြောခြင်း မပြောခြင်းက ဘာဖြစ်နေနေပါ 'ရွှေပါးအပ်' က လိုချင်တာကိုရအောင်လုပ်ယူနိုင်တယ် .."

ရွှေပါးအပ် ...၊

စောကေသီ နာမည်ကို လိုက်ခေါ်ကြည့်ရင်း အံ့သြလို့မဆုံးအောင် ဖြစ်နေခဲ့မိ၏။ သတိလစ်နေတုန်းက လှလိုက်တာလို့ ထင်ခဲ့ရတဲ့ မျက်နှာလေးက ခုလို အသက်ဝင်နေတော့ မျက်တောင်ကော့လေးတွေ ရံခလျက် မျက်ဝန်းလေးတွေက တလက်လက်တောက်နေသည်။

ဝင်းစိုနေသည့် အသားရောင်က ဆံပင်တိုတို ပြည့်ဝန်းသည့်မျက်နှာလေးနှင့် ချစ်စရာကောင်းသည်။

ဒီလိုမိန်းကလေးက ဘယ့်နှယ် ဓားလှံလက်နက်တွေကိုင်ပြီး သတ်မယ် ဖြတ်မယ်နဲ့ပါလား ...၊

"ဟား .. ဟား .. ဟား .."

လည်ပင်းက ဒဏ်ရာကို တစ်ရှူးတစ်စနဲ့ ဖိကပ်ထားပြီး ခြား



က ဟားတိုက်ရယ်၏။ ထိုရယ်သံကြောင့် တွေးနေသည့် စောကေသီ တောင် ဖျတ်ခနဲမော့ကြည့်မိတဲ့အဖြစ် ...၊

"ဘာပြောနေတာလဲ ခြား .. မင်းဆီက သူ ဘာလိုချင်နေတာလဲ.."

"သရဲဆီက ချဲဂဏန်းတောင်းနိုင်းနေတာ .."

"ဘယ်လို .."

"ဟွန်း .. ဒီမှာ ငါပြောမယ် ရွှေပါးအပ်၊ ကားပျက်နေတုန်း ပြင် တတ်တဲ့လူတွေ့ရင် ပြင်ပေးပါပြောလို့ရတယ်၊ ဖိနပ်ပြတ်သွားရင် ဖိနပ် ဆိုင်တွေ့အောင် ရှာရုံပဲ .. ဒါပေမယ့် မင်းနိုင်းတဲ့ကိစ္စက .."

"မဖြစ်နိုင်ဘူးလို့ ရှင်မပြောနဲ့ .."

"ဖြစ်မှ မဖြစ်နိုင်တာ မင်း ကြိမ်းဝါးသလို မင်းလိုချင်တာကို ရ အောင်ယူနိုင်တယ်ဆိုရင် ပြောစမ်းပါ၊ မင်းဘယ်လို ယူမလဲ .."

ပါး နှုတ်ခမ်းလေးကိုဖိကိုက်ထားရင်း မျက်နှာကို ရှုးရှုးဝါးဝါး စိုက်ကြည့်သည်။ ဒီလူ့မျက်နှာကို ဒေါသတကြီး အချက်ပေါင်းများစွာ ထိုးနှက်ပစ်ချင်ပေမယ့် ...၊

"သူက သေသွားတဲ့လူဆီက သူ သိချင်တာကို မေးနိုင်းနေတာ.."

စောကေသီ ကို ပြန်လှည့်ဖြေပြီး သူ့မဘက် မျက်နှာမူကာ ...၊

"ငါ အဲ့ဒါတွေကို မလုပ်တော့ဘူး .."

"ရှင် လုပ်နိုင်တယ် .."

"ငါ့ဆန္ဒနဲ့ ငါတောင် မလုပ်ခဲ့တာ .. သူများဓားထောက်နိုင်းတာ ကို ဘယ်လိုစိတ်နဲ့လုပ်ရမှာလဲ .. ပရလောကအကြောင်း မင်း ကြားဖူး လိမ့်မယ်၊ ဒါပေမယ့် မကြုံဖူးပါဘူး .. ဟုတ်တယ်မို့လား .."

"ခြား .. ကာကွယ်ဆေးလေး ထိုးလိုက်ရအောင် .."

"ရတယ် .."

နောက်ထပ်တစ်ရှူးတစ်စဆွဲထုတ်တော့ စောကေသီ က ဆေးထိုး ဖို့ပြင်တော့သည်။ ခြား က ဂရုမစိုက် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ငါ့စိတ်က မဝင်စားဘဲ ဘာမှလုပ်လို့မရဘူးဆိုတာ မင်း လက်ခံကြည့်လိုက် .."

"ရှင်က တတ်စွမ်းသရွေ့တော့ ပညာပြဦးမယ်ဆိုတဲ့ ဂလဲ့စားချေခြင်းနဲ့ ထိုးနှက်နေတာပဲ .. အစတည်းက မလုပ်နိုင်ဘဲ ရှင် ကတိမပေးသင့်ဘူး .."

သူမက သူ ဘာပြောပြောမယုံကြည် ...၊

နောက်ဆုံး အသားလှီးခွာချရပါစေ၊ ရအောင်ယူမည်ဆိုသည့် ခြေလှမ်းတို့နှင့် ရှေ့တိုးလာလျှင် ...၊

"နေပါဦး မင်းက ဓားတစ်ချောင်းနဲ့ မိုက်ရိုင်းလှချေလား ရှေပါးအပ်ရယ် .. မင်း ရုပ်လက္ခဏာလေးနဲ့ ဒီလိုကျေးဇူးကန်းတတ်လိမ့်မယ်ဆိုတာ ထင်ရက်စရာကိုမရှိဘူး .."

"အခု သေချာပေါက် နားလည်လိုက်တော့ ဒေါ်စော ..."

ကြီးကြီးစော လို့ ခေါ်သံကြားလိုက်သဖြင့် ဒေါ်စော လို့ ခေါ်လိုက်မိကာ ...၊

"ကျွန်မ ဒီအလုပ်ပြီးမြောက်ဖို့ အသက်လောက်အရေးကြီးတယ်၊ ဒီကိစ္စက ကျွန်မဘဝတစ်ခုလုံးနဲ့ဆိုင်တယ် .."

"အေး အသက်တွေဘဝတွေက လူတိုင်းမှာရှိတာပဲ၊ ဒါပေမယ့် မင်း သူများဘဝနဲ့ အသက်ကိုတော့ တန်ဖိုးထားရမှန်းမသိဘဲ မင်း ဘဝအတွက် သေရေးရှင်ရေးကိုပဲ ဖြစ်သလိုဖြေရှင်းဖို့ကြိုးစားနေတာ မှန်ရဲ့လား .."

"ကျွန်မလုပ်တာ ကျွန်မ မှန်တယ်ယ .."

"ဟယ် .. မင်း တကယ် အတ္တကြီးပါလား .."

စောကေသီ တအံ့တဩ ညည်းလေသည် ...။

"ရှင် စကားကို ပြင်ပြောလိုက် ခြား .. ကျွန်မက ဘာဖြစ်ဖြစ် အဆုံးစွန်တွက်ထားပြီးသား .."



ခြေလှမ်းရှေ့လာပုံက သူမ ဖွဲ့ကြိုးတတ်သူဖြစ်ကြောင်း ပြနေခဲ့သည်။ ခြား ဟူးခနဲသက်ပြင်းချလိုက်မိကာ ...၊

"ကောင်းပြီ .. မင်းနဲ့ငါ ဆွေးနွေးမယ်၊ ဒါပေမယ့် မင်းဘက်က လိုက်လျောရမှာတွေရှိတယ် .."

သူမက အကြာကြီး စိုက်ကြည့်နေပြီးမှ ...၊

"ပြော ..."

"ဒုန်း ..."

တံခါးထုသံပေါ်လာသဖြင့် ဒေါ်စောကေသီ ဆတ်ခနဲဖြစ်သွားကာ ကလေးကို သတိရပြီး ကမန်းကတန်းထွက်သွား၏။

ဒါတောင် မပြေမလည်တွေ ဖြစ်ကြမှာစိုးသဖြင့် နောက်ပြန်လှည့်ကြည့်နေသေးသည်။

"ကျွတ် .. ကျွတ် .."

နောက်ထပ် တစ်ရှူးတစ်စထုတ်ပြီး ကပ်ကြည့်လိုက်တော့ သွေးထွက်နည်းသွားပြီမှန်းသိလိုက်ကာ ခြား က စားပွဲကခုံ ဆွဲ၍ ထိုင်ချလိုက်၏။

အရေပြားရှသွားရုံပဲလုပ်လိုက်တာမှန်း သိလိုက်ပေမယ့် နာနေတာကိုတော့ တနုံ့နုံ့နဲ့ စိတ်တိုနေမိ၏။ ထို့ကြောင့် မျက်နှာက တင်းနေပြီးဖြစ်ကာ ...၊

"ငါ့ဘက်က ပြောစရာတွေရှိတယ်၊ အချက်ပေါင်းများစွာလည်း ဖြစ်နေနိုင်တယ်၊ ဒါကို မင်း မကျေနပ်လို့ ခေါင်းခါရင်တော့ ငါ့ဘက်ကလည်း ပြန်လျှော့ဖို့ စိတ်ကူးမရှိဘူးဆိုတာ ကြိုပြောချင်တယ် .."

ပါး ပက်ခနဲ ပြောလိုက်ဖို့ ပြင်သည်နှင့် သူက ခေါင်းခါပြ၍ ...၊

"မင်း ဘာတစ်ခုမှ ဖွတ်လုပ်ယူဖို့ မကြိုးစားနဲ့ ရှေပါးအပ်၊ ဖွတ်လုပ်လို့ရရင်ရမယ်၊ မင်း ဘာမှရမှာမဟုတ်ဘူး ...၊ မင်းလို တိုက်ခိုက်တဲ့ ပညာတွေ ငါ မတတ်ပေမယ့် မင်းထက်မလျှော့တဲ့ မာနတွေရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ စားချက်ကြောင့် ငါ့ကိုယ်က သွေးထွက်အောင်ပဲ မင်းလုပ်နိုင်မှာ၊ နောက်ထပ် မင်းရဲ့ခြိမ်းခြောက်မှုနဲ့ ငါ ဘာမှပြောမှာမဟုတ်ဘူး..."

"စကားတွေ အများကြီး မလိုဘူး .. ရှင်ပြောစရာရှိတာပြော .."

"လိုအပ်လို့ပြောနေတာကွ .. ပြဿနာတစ်ခုကို သောင်ဝင်အောင်ဖြေရှင်းဖို့ ကြိုးစားနေတာ တစ်လောကလုံး မင်းလက်ခုပ်ထဲရောက်နေတယ် ထင်မနေနဲ့ .."

လှုတိုင်းမှာ ဒေါသနဲ့ မာနနဲ့ ...၊

ခြား မျက်နှာက သူမနဲ့ အပြိုင်တင်းမာနေကာ ...၊

"နံပါတ်တစ် .. ခုကနေ သုံးရက်ထိ၊ ငါ အဲ့ဒီကိစ္စ လုံးဝမလုပ်ဘူး၊ နံပါတ်နှစ် .. အခု မင်းနဲ့ငါ သဘောတူညီမှုရတာနဲ့ မင်း ငါ့အိမ်ပေါ်က ချက်ချင်းထွက်သွားရမယ်၊ နံပါတ်သုံး မင်း ဖြစ်ချင်နေရတဲ့အကြောင်းရင်း .. ဒါမှမဟုတ် ငါ လုပ်ပေးရမယ့် ပြဿနာကို အနီးစပ်ဆုံး ငါသိရမှဖြစ်မယ်၊ နံပါတ်လေးက အလုပ်ဖြစ်ရင် မင်း ငါနဲ့ ပူးပေါင်းရမှာ .."

"ဘာ!..."

"နံပါတ်ငါးက .."

"ဘယ်တစ်ခုမှ မဖြစ်နိုင်ဘူး .."

"မင်းသဘောပဲ .."

"ဒီမှာ ခြား .."

"ပြော .."

"နံပါတ်တစ် ကျွန်မမှာ သွားစရာနေရာမရှိဘူး .."

"အဲဒါ မင်းကိစ္စ .."

"ဆိုတော့ .. နံပါတ်နှစ်လည်း ပျက်ပြီ၊ နံပါတ်သုံး ရှင်သိချင်သမျှ ပြောမပြနိုင်ဘူး .."

"ဟုတ်တယ် .. မင်း ပြောချင်မှ ဖြစ်တာ .."



"ရှင့် စိတ်ပါမှ လုပ်မှာ ဘယ်သူမှ စားထောက်နိုင်းလို့မရဘူးဆို

တော့ နံပါတ်လေးက အဓိပ္ပာယ်မရှိတဲ့အတွက် မဖြစ်နိုင်ဘူး .."

"ဒါဆို ပြီးပြီပဲ .."

"ပြီးလို့မရဘူး .."

"ခဏလေး နေကြဦး .."

နောက်မှာ ခဏရပ်နေရင်း အားလုံးကိုကြားလိုက်တာမို့ စောကေသီ

က သူတို့နားကိုလျှောက်လာပြီး ...၊

"တို့မေးတာလေးကို တစ်ခုနှစ်ခုလောက်တော့ ဖြေပေးစေချင်

တယ် ရွှေပါးအပ်၊ မင်းတို့နှစ်ယောက် ညှိနှိုင်းလို့ရနိုင်မယ့် အခြေအနေ

တစ်ခုခု တို့ရှာပေးနိုင်ပါတယ် .."

သူမထဲမှ ကောက်ခနဲငြင်းသံ ထွက်မလာသဖြင့် စောကေသီ အာ

တက်သွားမိကာ ...၊

"မင်း နေထိုင်မကောင်းဘဲ အရေးတကြီးရောက်လာရတဲ့လိုရင်း

က ဒီကိစ္စအတွက်ပဲလား .."

"ဟုတ်တယ် .."

စောကေသီ က သူမ ကိုင်ထားဆဲရှိသည့် ဓားနဲ့ တစ်ကိုယ်လုံးထို

ငေ့ကြည့်လိုက်ပြီးမှ ...။

"မေးခွန်းက ရိုင်းတော့ရိုင်းမယ်ထင်တယ်၊ ဒါပေမယ့် အလိုအပ်

ဆုံးမို့ မေးရမှာပါ၊ မင်းက လူဆိုးလား လူကောင်းလား .."

"ဘယ်သူမှ ကိုယ့်ကိုယ်ကိုယ် လူဆိုးပါလို့ ထုတ်မပြောဘူး .."

"ငါ သူ့ကိုမေးနေတာလေ .."

"ပြောပြတာ .."

ခြား က မေးရိုးနှစ်ဖက်တင်းခနဲဖြစ်သွားအောင် အံကြိတ်ပြီးမှ၊

ပြီးတော့ မျက်နှာလွှဲနေလေသည်။

စောကေသီ က ပါး ဆီကိုပြန်လှည့်၍ ...၊

www.burmeseclassic.com

www.burmeseclassic.com



"မမ မေးတာက ဒီလိုပါ၊ လူဆိုးလူကောင်းဆိုတာရဲ့ ကြားမှာ မဆိုးမကောင်းအနေအထားနဲ့ အခြေအနေအရ လှုပ်ရှားနေရတာမျိုးတွေ လည်း ရှိတတ်တာ သိတယ်၊ ငါ့ညီမကို လူဆိုးမဟုတ်နိုင်ဘူးလို့ထင်ပေမယ့် .."

"ကျွန်မကို ရှင် နားလည်ပေးဖို့မလိုဘူး .."

"ဟင်!..."

"ရှင်းပြချင်စိတ်လည်းမရှိဘူး၊ လောလောဆယ် ကျွန်မအတွက် အလိုအပ်ဆုံးဖြစ်နေတာကိုပဲ .."

"မင်း လိုအပ်နေတာကို မင်းဘာသာ နှိုက်ယူလို့ရသလား၊ မင်း တိုက်ခိုက်တတ်ပေမယ့် အရာရာကို စားထောက်တောင်းရုံနဲ့ မရဘူး..."

"ဟုတ်ပြီ .."

ရင်ဆိုင်မှုက ခြား နဲ့ ပါး ပဲ ပြန်ဖြစ်သွားခဲ့လျက် ...၊

"ကျွန်မ အခု သိရမှဖြစ်မယ် ခြား၊ စောစောကပြောခဲ့တဲ့ မဖြစ်နိုင်တာတွေဖယ်ပြီး နောက်ထပ် အလဲအလှယ်တစ်ခုခုထပ်ပြောကြည့်ပါ.."

အလဲအလှယ်လုပ်ယူရမှာကိုတော့ သူမ နားလည်သွားပြီပဲ ...။

မျက်နှာထက်မှာ ပြုံးရိပ်သမ်းသွားခဲ့ပြီးမှ ...၊

"တစ်ခုပြောဖို့ရှိတယ် .."

စိတ်မရှည်တော့သည့် မျက်နှာလေးကို သူ စိုက်ကြည့်လိုက်ရင်း...၊

"သွားစရာမရှိလို့ မင်း မျက်နှာပြောင်ပြောင်နဲ့ပဲ နေပါ့မယ်ဆိုရင် နေခွင့်ရှိတယ် .."

"ရှင်က အခု ဘာမှမလုပ်ပေးနိုင်ဘူးလို့ ပြောချင်တာလား .."

"ရိုက်(ထ်) .."

ပါး နှုတ်ခမ်းလေးတင်းခနဲစေ့သွားသည်။ သူ မမြင်သလိုနေလိုက်ကာ ...၊

"ဒါပေမယ့် ပြောချင်တဲ့အဓိကက ဒါ မဟုတ်သေးဘူး၊ မင်းကို



သုံးရက်ထိလည်း မစောင့်နိုင်ဘူး၊ ဒါပေမယ့် မင်းခိုင်းတာကို ငါမလုပ်သေးခင် ငါခိုင်းတာကို မင်းလုပ်ပေးရမယ် .."

"ဘာလဲ .."

ခြား က သူမ တစ်ကိုယ်လုံးကို ချဉ်တူးတူးကြည့်ပြီး မဲ့သည်။

"မင်း မလုပ်နိုင်မှာကို ငါ မခိုင်းဘူး၊ မင်းရဲ့ ဂုဏ်သိက္ခာကို မထိခိုက်ဘူး .. အိုခေ .."

ပြောပြီးတာနှင့် နေရာမှ ထရပ်လိုက်သည်။ သို့သော် ခြေတစ်လှမ်း လောက်သွားပြီးမှ စောကေသီ ကို ပြန်ငဲ့ကြည့်ကာ ...၊

"မကေ ပြန်ချင်ပြန်လေ .."

"ငါ သူ့ကို .."

"ဆေးကုပေးချင်သေးလို့လား .."

မေးပြီး ပါး ကို မျက်တောင်များတွေစင်းချပြီး ငဲ့ကြည့်၍ ...၊

"ဝါသနာပါရင် အခု ကိုယ့်ဆေးခန်းကိုပြန်ပြီး စောင့်နေတဲ့လူတွေ ကို ကုပေးလိုက်၊ လူလူချင်းစာနာတာပဲကောင်းတယ် .."

ကိုယ့်ကိုတော့ တိရစ္ဆာန်လို့ ပြောလိုက်တာလား ...၊

အားနာသော စောကေသီ ရဲ့ ဖျတ်ခနဲအကြည့်မှာ ပါး မျက်နှာ လေးတင်းသွားသည်။ နှာတံပေါ်သည်ဆိုတာထက် ပိုသာအောင် ကော့ထင်း နေသည့် နှာခေါင်းက ပွချင်ချင် ...၊

မျက်ခုံးက သိပ်မထူပေမယ့် မည်းနက်နေသဖြင့် နဖူးပြေပြေနဲ့ မျက်ခုံးရယ် နှာတံရယ်က တင့်တယ်ခန့်ညားမှုရှိ၏။

ဒါပေမယ့် ဥပမိရုပ်ကိုကြည့်ပြီး ခန့်မှန်းလို့ရတယ်ဆိုတာ ဘာကို ပြောကြတာလဲ ...၊

အတွေးကြောင့် ပါး နှုတ်ခမ်းမဲ့သွားသည်။

'ရုပ်လေးချောသလောက် လျှာစောင်းထက်ပါ့' လို့ ပြောရမလား..

'လူလေးက သနားကမားနဲ့ မိန်းမလို မိန်းမဟယ် ...' လို့ အော်

www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်ဖျားခါပေးလိုက်ရမလား ...၊

မျက်နှာကို စေ့စေ့ကြည့်နေရင်း မဲ့နေသည့် နှုတ်ခမ်းမှာလျောင်ပြုံး တစ်ချက်ထင်၏။

အံ့လည်းမအံ့ဩနဲ့ လက်ဖျားလည်းမခါနဲ့ ရွှေပါးအပ် .. ယောကျ်ား လည်း လူပဲလို့ မှတ်ထားလိုက်ရင်ရပြီ၊ ကိုယ့်ဒေါသနဲ့ကိုယ် စာနာပေး လိုက်မိ၏။

ခြား ကတော့ သူမ နှုတ်ခမ်းပေါ်က ပြုံးခြင်းမဲ့ခြင်းတွေကြောင့် ရယ်မြူးရိပ်ထင်နေသည့် သူ့မျက်နှာကြီး မီးထတောက်သွားပြီလားမသိ..။

ထိုအခါ ဥပေက္ခာတရားက ဆတိုးကြီးမားသွားခဲ့ပြီး ...၊

"နောက်တစ်ခု ပြောစရာထပ်ရှိသေးတယ် .."

ဒီတစ်ခါ ဒေါသတွေပေါ်တင်ဖြစ်ထွန်းနေသည့်အကြည့်က ပါး မျက်နှာလေးမှာ တိုက်ရိုက်စူးရောက်လျက် ...၊

"မင်းရဲ့ စားရေးသောက်ရေးအတွက် ဒီက တာဝန်ယူမှာမဟုတ် ဘူး .."

"ဟင်!..."

စောကေသီ ကိုယ်တိုင် ဟင်ခနဲဖြစ်သွားပြီး မောင်ဖြစ်သူကို မယုံ နိုင်သလိုကြည့်သည်။ ပါး ကို ပြန်ကြည့်မိတော့ သူမ မျက်နှာလေးက ခံစားချက်ကင်းမဲ့နေသလိုလို၊ ဒါမှမဟုတ် ရေခဲပြင်ကဲ့သို့ အေးစက်သွား သည်လား ...၊

♥♥♥



## အခန်း (၁၁)

"ဘာကိစ္စရှိလို့လဲ မသိဘူး .."

"ဒီလိုပါ .. အန်တီတို့က 'ပဒုမ္မာ' စံအိမ်ကြီးက သူဌေးဒေါ်ခင်ဝင့်လှိုင် ရဲ့ .. အင်း .. လူယုံတွေဆိုပါတော့ .."

စောကေသီ ရဲ့ အကြည့်တွေက အသက်လေးဆယ်ဝန်းကျင် အမျိုး သမီးကြီးနှင့် ဘေးတစ်ဖက်စီက ယောကျ်ားကြီးနှစ်ယောက်ကို တစ် ယောက်ချင်း စူးစိုက်သွားသည်။

ပြီးမှ ...၊

"သုံးယောက်စလုံးလား .."

လူယုံဆိုတာ တစ်ယောက်ပဲထားကြတာ ကြားဖူးသည်။ ကိုယ်ရံ တော်တွေ ဒါမှမဟုတ် အလုပ်သမားတွေဆိုပြီးနေပြီမဟုတ်ဘူးလား...၊

"ထိုင်ကြပါ .."

ဒေါက်တာစောကေသီ ဆိုတာ ခြံရှေ့က ဖြတ်သွားတိုင်း ဆိုင်းဘုတ် လှလှလေးကိုပဲ အမြဲမြင်တွေ့ခဲ့တာရှိပြီး လူကိုတော့ ခုမှ သေချာမြင်ဖူး တာဖြစ်၏။

ဒေါ်လေးမြင့် စောကေသီ မျက်နှာပေါ်က ကောက်ကြောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပုံဖော်ပြီး ရင်ထဲမှာ အောင့်သီးအောင့်သက်ဖြစ်သွား၏။

ဒေါက်တာဖြစ်တော့ ဘာလုပ်ရမှာလဲ ...။

'ပဒုမ္မာ' စံအိမ်ကြီးရဲ့ဘေးမှာ နို့ဆီခွက်လောက် တိုက်စုတ်လေးနဲ့ နေပြီး သင်း ဘာလို့ အကြောတင်းနေတာလဲ ...။

"ဘာများသုံးဆောင်မလဲ မသိဘူး၊ အိမ်မှာတော့ ကျွန်မတစ်ယောက်ပဲရှိတာလေ၊ ကောင်မလေးတွေ မရှိတုန်းဆိုတော့ .."

"နေပါစေ .. နေပါစေ .. ဘာမှ မစားတော့ပါဘူး .."

ဒေါ်လေးမြင့် ရင်ထဲက ပြဿနာကို ခဏဖုံးထားပြီး ချိုသာစွာပြုံးပြရင်း ...။

"ခြံချင်းကပ်လျက်နေပေမယ့် နည်းနည်းလည်းစိမ်းနေကြတော့ ခုလို အချိန်ပေးပြီး ဧည့်ခံတာကိုပဲ ကျေးဇူးတင်ရမှာပါ၊ လာရင်းကိစ္စကတော့ .."

မျက်လုံးတွေက တစ်အိမ်လုံးကို ဝေ့သွားလျှင် .. ပြီးမှ ...

"အကူအညီတောင်းတယ်ပဲပြောပါတော့ကွယ် .."

"ဟုတ်ကဲ့ .. ပြောပါ .. ဘာများလဲ .."

စောကေသီ ကလည်း အကဲခတ်နေတာပဲဖြစ်သည်။ ယောကျ်ားကြီးတွေက မျက်နှာပုံကြမ်းလွန်းကာ ဒီအမျိုးသမီးကြီးက ပြုံးနေသည့် နှုတ်ခမ်းက တခြား၊ မငြိမ်သက်သည့် မျက်လုံးတွေက တခြား ...။

သူတို့တွေ ဝင်လာတည်းက မနှစ်မြို့ခြင်းကိုခံစားမိနေခဲ့၏။

"ဒီလိုပါ မနေ့ညတုန်းက ဒီခြံထဲကို မိန်းကလေးတစ်ယောက် ဝင်သွားတာ သဲလွန်စတွေ့ထားတယ် .."

"ရှင် ... ဘယ်လို .."

ဒါက အမှုအခင်းကိစ္စတွေလား ...။

စောကေသီ ကိုယ်လေးတောင့်သွားကာ မျက်လုံးတွေပြူးကျယ်သွား၏။ ဒါကို ဒေါ်လေးမြင့် က ကြိတ်၍ ကျေနပ်သွားခဲ့ပြီး ...။



"မိန်းကလေးရဲ့ တစ်ရှူးထုပ်လေးကို ဒီဘက်ခြံစပ်မှာတွေ့တယ်.."

"အို .. တစ်ရှူးထုပ်ဆိုတာ လူတိုင်းသုံးနေကြတာပဲ .."

"လူတိုင်းမသုံးနိုင်တဲ့ တစ်ရှူးထုပ်မို့လို့ပါ .."

ပြောပြီးတာနှင့် ဟိုဘက်ခြံကနေ လှမ်းရိုက်ထားသည့်ဓာတ်ပုံကို ဖြန်းဖွင့်ပြကာ ...။

"အဲဒီတစ်ရှူးထုပ် အခု အဲဒီနေရာမှာပဲရှိသေးတယ် .."

တစ်ရှူးထုပ်က သူမ မမြင်ဘူးသော ဖောင်းကြွအိတ်ခွံနှင့် အနီရောင်နေါ်ပုံပါ၏။

"ဒါ ဘယ်ကပစ္စည်းမျိုးလဲဆိုတာ ပြောမနေတော့ပါဘူး၊ တို့တွေရဲ့ ဝတ်ဝန်းကျင်မှာ ဒီလို ဒီဇိုင်းမျိုးနဲ့ မမြင်ဖူးဘူးဆိုတာတော့ ဒေါက်တာ သိလောက်ပါပြီ .."

"ဒါလည်း သက်သေတစ်ခုလို့တော့ ပြောလို့မရသေးပါဘူး အန်တီ၊ ဒါပေမယ့် ဆက်ပြောပါဦး၊ အဲဒီ မိန်းကလေးက .."

"နာမကျန်းဖြစ်နေတဲ့ ငါတို့သူဌေး ဦးဝေယံ ရဲ့ .. အပွန်း .."

စောကေသီ မျက်မှောင်ကုတ်သွားသည်။

"သူခိုးဝင်လာပြီး သူဌေးကိုရအောင်တွေ့တယ်၊ သူ ပြန်ထွက်သွားပြီဆိုတာ သိလိုက်ရတဲ့အချိန်မှာပဲ သူဌေးကဆုံးသွားခဲ့တယ်၊ ဒါကြောင့် တို့တွေ သူ့ကို မိအောင် မဖမ်းလိုက်နိုင်ဘူး .."

ဒေါ်လေးမြင့် က စောကေသီ မျက်နှာကိုစိုက်ကြည့်နေလျက်...၊

"သူဌေး ဘာကြောင့် ဆုံးသွားတယ်ဆိုတာကတော့ စုံစမ်းနေဆဲပါပဲ၊ လူသေမှုလား .. လူသတ်မှုလားဆိုတာ .."

"ဒီမှာ ကျွန်မ ပြောပါရစေ .. အဲ့ဒီမိန်းကလေး ဘယ်ကြွက်တွင်းထဲက ဖြတ်ပြေးပြေး ကျွန်မနဲ့ မပတ်သက်ဘူး ...၊ ကျွန်မ သိလည်း မသိဘူး .."

"ဖြစ်နိုင်ပါတယ် .. ဒါကြောင့် မေတ္တာရပ်ခံချင်တာက မင်းအိမ်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မင်းမသိအောင် သူ ဝင်ပုန်းနေနိုင်တယ်ဆိုတာ လက်ခံပေးပါ၊ တို့တွေနဲ့ ပူးပေါင်းရှာဖွေပေးဖို့လည်း ..”

“နေပါဦး .. အန်တီတို့က ကျွန်မအိမ်ထဲကို ရှာချင်တယ်လို့ပြော တာလား ..”

“ဒေါက်တာ ကူညီပေးပါလို့ တောင်းဆိုတာပါ ..”

“စိတ်မကောင်းပါဘူးရှင် .. ကျွန်မ မကူညီနိုင်လို့ ဆောရီးပါ..”

ဒေါ်လေးမြင့် မျက်နှာ မသိမသာတင်းသွားသည်။ ဆေးကလူတွေ က မျက်မှောင်ကုတ်သွားပြီး ရန်လိုစွာကြည့်၏။

စောကေသီ က ဂရုမစိုက်ပေ ..၊

“ကျွန်မတို့က ‘ပဒုမ္မာ’ စံအိမ်ကြီးလို ထည်ထည်ဝါဝါမဟုတ်ပေ မယ့် ကိုယ့်ဝင်းကိုယ့်ခြံထဲမှာ အစွန်းအထင်းမရှိခဲ့တဲ့ ဂုဏ်ကျက်သရေနဲ့ သီးသီးသန့်သန့်နေခဲ့တာပါ ..”

“တို့ကလည်း မင်းရဲ့ ဂုဏ်ကျက်သရေတွေကို လာစော်ကားနေ တာမဟုတ်ပါဘူး၊ ဒါပေမယ့် အကယ်၍ ဒီမိန်းကလေးဒီ အဆောက် အဦးထဲမှာ ခိုလှုံနေတာကို မင်းက ကာကွယ်ပေးထားတာဆိုရင်တော့ ဥပဒေက မင်းတို့ရှိခဲ့တဲ့ ဂုဏ်ကျက်သရေတွေကို ထောက်ထားပြီး လက် ရှောင်သွားမှာမဟုတ်ဘူးနော် ..”

စောကေသီ မျက်နှာက ကြောက်ရွံ့ထိတ်လန့်သွားဟန်မရှိ၊ ဒေါ်လေးမြင့် အားမလိုအားမရဖြစ်သွားမိကာ ..၊

“ဒါမှမဟုတ် ကိုယ်နဲ့မပတ်သက်နိုင်ဘူးလို့ထင်ပြီး အခိုင်အမာ ငြင်းဆန်နေတာဆိုရင်လည်း နည်းနည်းတော့ စဉ်းစားကြည့်ဖို့ပြောချင် တယ်၊ သူခိုးခိုးခံရတယ်ဆိုတဲ့အိမ်တိုင်းက ခွေးတိုးပေါက်တောင်မရှိတဲ့ အိမ်တွေပါပဲ .. မင်းရဲ့အိမ်ထဲကို အပြင်လူဘယ်လိုမှ ဝင်လို့မရနိုင်ဘူး ထင်ရင်တော့ .. အကြွင်းမဲ့မမှန်နိုင်ဘူးနော် ..”

“အန်တီကရော သူ ကျွန်မအိမ်ထဲထိ ဝင်ပုန်းနေပါတယ်လို့ ဘာဖြစ်



နိုင်ခဲ့နေရတာလဲ ..”

ဒေါ်လေးမြင့် ရုတ်တရက် အသံတိတ်သွားသည်။

“တစ်ရှုးတစ်ထုပ်တွေ့ရုံနဲ့တော့ ဒီလောက် မသေချာနိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ကျွန်မလည်း ဥပဒေအကြောင်း နည်းနည်းပါးပါးတော့ သိပါတယ်၊ အန်တီ-ကျွန်မအိမ်ထဲကို လူပျောက်ရှာချင်တယ်ဆိုရင် ဝင် သွားတဲ့သူက ဘယ်လိုလူဆိုတာရယ်၊ ဒီထဲကို ဝင်သွားကြောင်း ဘယ်လို ခိုင်မာပါတယ်ဆိုတာရယ် .. ကျွန်မက လက်ခံထားပါတယ်လို့ ဘာကြောင့် ထင်ရပါတယ်ဆိုတာ ..”

“ဒေါက်တာ ..”

“ကျွန်မ ပြီးဆုံးအောင်ပြောပါရစေ ..”

စောကေသီ က ခပ်ပြတ်ပြတ်ပဲ ပိတ်ပြောကာ ..၊

“အဲ့ဒါတွေနဲ့အတူ ရှာဖွေဝရမ်းပါယူလာခဲ့ပါ ..”

“ဒါကျတော့ ရဲတွေရှာဖွေစစ်ဆေးခံရတယ်ဆိုတာ မင်းမှာ ဂုဏ်ရှိ သွားလို့လား ..”

“တာဝန်ရှိသူက သူ့ရဲ့လုပ်ပိုင်ခွင့်အရ စစ်ဆေးတယ်ဆိုရင် နာခံ ရမှာပေါ့၊ ဥပဒေနဲ့ ထိတွေ့ရင်ဆိုင်တာနဲ့ သိက္ခာကျအရှက်ရတာမဟုတ် ပါဘူး ..”

စစ်ဆေးခံရတာကို ဘယ်သူက ကြိုက်ပါ့မလဲ .. ဒါပေမယ့် ဥပဒေ အကြောင်းစပြောပြီး ခြိမ်းခြောက်တာ ဘယ်သူလဲ ..၊

စောကေသီ သူတို့ရဲ့ ကျောပြင်တွေကိုကြည့်ပြီး မဲ့လိုက်မိသည်။ ပြီးတော့ ခြား ထံသို့ ဖုန်းကောက်ဆက်လိုက်ကာ ..၊

“တိုက်ဆိုင်လိုက်တာ ခြား ရေ .. ဒီမှာလည်း လူပျောက်ရှာတဲ့လူ တွေ ငါ့အိမ်ပေါ်တက်ပြီး ပြဿနာရှာနေလို့ ..”

ဟင်!...၊

တစ်ဖက်က ဖုန်းနားထောင်နေရင်း ခြား ရဲ့ စိတ်ထဲမှာ ပါး ကို

www.burmeseclassic.com

www.burmeseclassic.com



သတိရသွား၏။ မဘေ ကတော့ ဆက်စပ်တွေးမိပုံမပေါ် အားလုံးကို နားထောင်ပြီး မေးသင့်မမေးသင့် စဉ်းစားနေမိကာ ညဥ့်နက်နေမှ ...၊

"ဒေါက် .. ဒေါက် .."

"ဘာကိစ္စလဲ .."

"မင်းကို မေးစရာရှိတယ် .."

"ရှင်မေးတိုင်း မဖြေနိုင်ဘူး .."

"ရှေ့ပါးအပ် .. မင်းကို လိုက်ရှာနေကြတဲ့လူတွေက မဘေ ဆီ ရောက်နေကြတယ်၊ အဲ့ဒါ မင်း ပါးစပ်ပိတ်နေလို့မရဘူး .."

ခဏတိတ်သွားပြီး တံခါးက ချောက်ခနဲ့ပွင့်သွား၏။ သူ နောက်ဆုတ်လိုက်တော့ ပါး က အပြင်ထွက်လာပြီး ...၊

"အခု သူတို့ ဒီရောက်လာကြပြီလား .."

ခြား က ဘာမှမဖြေဘဲ လှည့်ထွက်သွားသဖြင့် ပါး က နောက်က လျှောက်လိုက်သွားသည်။ ဧည့်ခန်းကျမှ ဆိုဖာမှာမထိုင်ဘဲ သူမဘက်ကို မျက်နှာချင်းဆိုင်ပြန်လှည့်ကာ ...၊

"ငါမေးတာကို မင်းအရင်ဖြေ၊ မင်း ဒီကို ဘယ်လိုရောက်လာတာ လဲ .."

ပါး က မျက်နှာလွှဲပစ်သည်။

"မဘေ ရဲ့ ကားနောက်ဖုံးထဲဝင်လိုက်လာတာမို့လား .."

သူမက တိတ်ဆိတ်စွာ နေခြင်းဖြင့် ဝန်ခံနေ၏။ မီးရောင်အောက်မှာ သူမရဲ့မျက်တောင်ဖျားလေးတွေက သားစပ်နှာယောင်မှာအရိပ်ထင် လျက် နှာတံလေးကော့ထင်းနေပုံကြောင့် ခြား စူးစိုက်ကြည့်နေမိ၏။

ပြီးမှ မျက်ဝန်းတွေ ဖျတ်ခနဲရွှေ၍ ...၊

"မင်းက အဲ့ဒီသူဌေးနဲ့ ဘယ်လိုဘာညာ ပတ်သက်နေတယ်လို့ပြော သွားတယ်တဲ့၊ ပြီးတော့ သူဌေးကို မင်းလုပ်ကြံသွားသလိုလိုပြောနေ တယ်၊ အခု အဲဒီသူဌေးသေသွားပြီ .. အဲဒါ သိလား .."



ပါး က ခေါင်းညိတ်တယ်ဆိုရုံလေး လှုပ်ပြကာ ...၊

"သိတယ် .."

ဆိုတာကို တိုးသဲ့သဲ့အေးစက်စက်ပြော၍ ...၊

"ကျွန်မ သူ့ဆီက အရေးကြီးတဲ့ လျှို့ဝှက်ချက်တစ်ခုသိချင်တယ်.."

"မင်းပြောတဲ့ ဝိညာဉ်က သူပေါ့ .."

"ဟုတ်တယ် .."

"မင်းက ဒီလူနဲ့ ဘယ်လိုပတ်သက်တာလဲ .. သူတို့ပြောတဲ့အတိုင်း.."

"တစ်ခုမှ မဟုတ်ဘူး .."

"မဟုတ်ရင် မင်း ထွက်ပြေးတာက .."

"မနိုင်ရင်ပြေးရတာပဲ .."

"အဲ့ဒီထဲ ဝင်သွားရတဲ့ အကြောင်းကရော .."

"ကိုယ့်အိမ်မို့ ကိုယ်ဝင်တာပဲ .."

"ကျွတ် .."

မျက်စိလည်သွားတယ်လို့ပြောရမလား .. နားရှုပ်ကုန်တာလား..၊

စိတ်မရှည်တော့တာက အမှန်ပဲဖြစ်ကာ ဆိုဖာစွန်းမှာ ဆောင့်ခနဲ သွားထိုင်လိုက်မိ၏။ ပြီးတော့ သူမကိုလှည့်မကြည့်ဘဲ ...၊

"မင်းကိစ္စကို ငါကိုယ်တိုင် စိတ်ဝင်စားမှ မင်းအတွက် အကျိုးတစ်စုံတစ်ရာရှိလာမယ်ဆိုတာ သဘောပေါက်စေချင်တယ် ရှေ့ပါးအပ်၊ ငါ စိတ်ဝင်စားလာအောင် ပြောပေးရမယ့်အစား မင်းက ဖုံးကွယ်ချင်တယ်၊ တိုင်ကိုဖက်ပြီးမှ လက်ခုပ်နှစ်ဖက်နဲ့အပြည့်ပဲ ပဲကြီးလှော်လိုချင်လို့ရ မလား ...၊ ရယူခြင်းနဲ့ ပေးဆပ်ခြင်းက အသွားအပြန်ပဲကွ .."

ပြောနေပြီးမှ ပြန်ထရပ်လိုက်ကာ ...၊

"ပြီးတော့ မင်းသိအောင် ငါထပ်ပြောမယ်၊ ငါ မယုံနိုင်သေးသေ မယ့် မင်းက မဖြေရှင်ဘူးဆိုရင် မင်းကို သူတို့ပြောတဲ့မိန်းကလေးမျိုးလို့ သတ်မှတ်ရမှာပဲ .. ဒါဆိုရင်တော့ မင်းကိုငါ လုံးဝမကူညီနိုင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ပါး မျက်ဝန်းလေးတွေ လက်ခနဲခုန်ထလာ၏။ ခြား က စိုက်ကြည့်ပြီး ခေါင်းထပ်ညိတ်ကာ ...၊

"ဒီလိုအကျင့်ပျက်ကာရိုက်တာမျိုးနဲ့ မင်းကို ..."

"ဦးဝေယံ ဆိုတာ 'ပဒုမ္မာ' စံအိမ်ကြီးက ဒရိုင်ဘာ၊ ခေါ်ခင်ဝင့်လှိုင် ဆိုတာက အဲဒီကသူဌေးကတော်ရဲ့ လူယုံ ..."

ဖြေရှင်းတာမဟုတ်ဘဲ ငေါက်ဆတ်ဆတ်လေသံက ခံပြင်းဒေါသတွေနှင့် ခက်ထန်နေ၏။ ပြီးတော့ ခြား ကို တိုက်ခိုက်သတ်ဖြတ်ချင်နေသလို စူးစူးရဲရဲကြည့်ကာ လက်သီးနှစ်ဖက်ဖိဆုပ်ထားလျက် ...၊

"ဂါထာတော်ကိုရွတ်နိုင်လို့ ဘုရင်ဖြစ်သွားတဲ့ မြေခွေးတောင်မှ သူတို့လောက် ယုတ်မာကောက်ကျစ်မှာမဟုတ်ဘူး ..."

"မင်းက ဘယ်လိုပတ်သက်တာလဲ ..."

"ကျွန်မ ဝင်ရှင်းမှဖြစ်မယ့် ပြဿနာရှိနေလို့ ဝင်ခဲ့တာ၊ ရှင် ကျွန်မကို ယုံယုံ မယုံယုံ သူခိုးဓားပြကလေကချေ ဘယ်လိုပဲထင်ထင်၊ ခုနက စကားမျိုးနဲ့ ထပ်မစွပ်စွဲနဲ့ ...၊ ကျွန်မမှာ လူတစ်ယောက်ကို သတ်ပစ်နိုင်တဲ့ ခွန်အားတော့ရှိသေးတယ် ..."

"မင်း ငါ့ကို ခြိမ်းခြောက်နေတာလား ... ဟွန်း ... မင်းလေသံကို လျှော့သင့်ပြီ ရွှေပါးအပ်၊ ငါ မင်းကိစ္စကို ကူညီပေးဖို့စေတနာတကယ်ဖြစ်လာရင်တောင် မင်းကိုကြောက်လို့ လုပ်ပေးရမှာလို့ ထင်စရာဖြစ်ဖို့ရှိရင် ဘယ်သူ့မှာမှ အကျိုးမရှိတဲ့ မလိုလားအပ်တာတွေပဲဖြစ်လာမှာ..."

ဘာတွေဖြစ်လာလာ သူမကတော့ ဒီလိုခွေးပြေးပြေးနေရတဲ့ဘဝမျိုးနှင့် သူဌေးကြီး ဦးကြာညို၊ ဒေါ်မြတ်သဇင် တို့ရဲ့ တစ်ဦးတည်းသောသမီးဖြစ်တဲ့အကြောင်းကို ဘယ်တော့မှ ဖွင့်ပြောပြမှာမဟုတ်ပေ။ သို့သော် ...၊

"ကျွန်မက သူတို့တွေရဲ့ မကောင်းမှုတွေကို သိထားဆုံးလူဖြစ်နေတဲ့အတွက် သူတို့ ကျွန်မကို နှုတ်ပိတ်ဖို့ကြိုးစားကြတာ ..."



သူမ ရှင်းပြသွားတာတွေ နားစိုက်ထောင်ရင်း တစ်ချို့နေရာတွေမှာ အဆက်အစပ်မဲ့သွားတာတွေကို သတိထားမိသည်။ တစ်ခါတစ်ခါ ပြောနေရင်း ပြောနေသည့်အကြောင်းကို ရပ်ပစ်လိုက်ကာ နောက်စကားလမ်းကြောင်းသို့ရောက်သွားပြန်၏။

"မင်း သိတာတွေက အပြင်လူတစ်ယောက်သိထားတဲ့ သတင်းအချက်အလက်မျိုးမဟုတ်ဘူး၊ အဲ့ဒီ စံအိမ်နဲ့ မင်းနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ မင်း တမင်ရှောင်ပြောနေတာ ..."

"အဲ့ဒါတွေ ရှင်သိဖို့မလိုဘူး ခြား ... ကျွန်မကိုယ်ကျွန်မ အာမခံနိုင်တာက ကျွန်မသူတို့ပြောတဲ့ မိန်းမမျိုးမဟုတ်ဘူး၊ ဒါပေမယ့် သူတို့ပြောသလို အဲဒီလူကြီး ကျွန်မလက်နဲ့ သေသွားခဲ့တာဆိုရင် သိပ်ကောင်းမှာပဲလို့တော့ တွေးမိတယ်၊ စိတ်ကူးထဲမှာလည်း အကြိမ်ကြိမ်အခါခါ သတ်ခဲ့တယ်၊ လက်တွေ့ကျတော့ ကိုယ်က မကျူးလွန်ရသေးဘဲနဲ့ စွပ်စွဲခံရတာပဲ အဖက်တင်တယ် ..."

"သူကတော့ မင်းကို သူ သိတာတစ်ခုခုပြောပြဖို့ ကြိုးစားခဲ့တယ်ဆို ..."

"အဲ့ဒါကို ရှင် တကယ်ဖော်ထုတ်နိုင်တယ်ဆိုရင် သိရမှာပေါ့ ..."

"မင်းက ဒီလူကို အထင်လွဲနေတာရော မဖြစ်နိုင်ဘူးလား ..."

"အိမ်တော်ထိန်းနဲ့ ပူးပေါင်းကြံစည်ခဲ့တာ အသိသာကြီးပဲ ..."

"ဒါဖြင့် သူ မင်းကို လျှို့ဝှက်ချက်တစ်ခုခုပြောချင်နေတယ်လို့ ဘာဖြစ်လို့ထင်တာလဲ ..."

"သူပြောဖို့ကြိုးစားခဲ့လို့ ..."

"သူ မင်းကို မင်းမုန်းသလို မမုန်းဘူးဆိုတာ သိသာတာပဲ ..."

"သူမုန်းတာ မမုန်းတာ အရေးမပါဘူး ..."

"မင်းအတွက်အရေးမပါပေမယ့် ငါ အလုပ်လုပ်တဲ့အခါ အရေးပါနိုင်တယ်၊ နေပါဦး ... မင်းကရော ငါ့ကို အဲ့ဒီလိုလူဆိုတာ ဘယ်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုသိပြီး ယုံကြည်နေရတာလဲ ..”

“ရှင့်ဆီကို လာလာနေတဲ့ နွေဦး ဆိုတဲ့ အမျိုးသမီးပြောနေလို့..”

“နွေဦး ..”

ထိုနာမည်ကို သူ ရေရွတ်နေရင်း မျက်မှောင်ကုတ်သွား၏။ ပြီးတော့ ခြား အသံတိတ်သွားပြီး တစ်ဖက်ကို ကျောခိုင်းလျှောက်သွားသည်။ ပြီးမှ ခပ်စောင်းစောင်းပြန်ငဲ့ကြည့်ကာ ..၊

“ငါ ထူးထူးဆန်းဆန်းဖြစ်လာခဲ့တာမှန်တယ်၊ ဒါပေမယ့် အဲဒါတွေကို ငါ မမြင်ချင်ခဲ့ဘူး၊ ပရလောကကို မြင်နေရတာမှန်းသိတော့ ပိုဆိုးသွားတယ်၊ ပြောရရင် ငါ အဲ့ဒါတွေမှာ အတွေ့အကြုံမရှိဘူး၊ ထပ်ပြီးထင်တာ ပြောရရင် ငါ့ဆီလိုက်လာဖူးတဲ့ ဝိညာဉ်တွေက သူတို့ချစ်တဲ့လူတွေကြောင့် သူတို့ရဲ့ မပြီးပြတ်ခဲ့တဲ့ အရေးကြီးကိစ္စတစ်ချို့ကြောင့် ဒါတွေကို ငါကတစ်ဆင့် ကူညီပေးဖို့လိုက်ပြောကြတာ ..”

“ရှင် မလုပ်ပေးခဲ့ဘူးလား ..”

“လုပ်ပေးခဲ့တယ်၊ ဒါပေမယ့် ဘယ်နှစ်ဦးရှိခဲ့သလဲ လက်ချိုးရေလို့ရတယ်၊ နောက်ပြီး အဲ့ဒီဝိညာဉ်တွေထဲမှာ ဂလဲ့စားချေချင်တဲ့အမုန်းတွေမပါဘူး၊ ငါ့ကို ဂလဲ့စားချေခိုင်းခဲ့တာညီးမဟုတ်ဘူး ..”

“ကျွန်မက ..”

“မင်းလို လူစင်စစ်တစ်ယောက်ကနေ ဘယ်ဝိညာဉ်ကိုရှာပေးပါဆိုတာမျိုးလည်း မရှိခဲ့ဘူး ..”

ပါး မျက်နှာလေးမှာ စိုးရိမ်ပူပန်မှုတစ်ချို့ အရိပ်ထင်လာ၏။

“ငါ သူတို့ကိုမြင်ရမှန်းသိတော့ ဒေါသထွက်အောင် ကြောက်လာအောင် ဘယ်လိုမှ နေလို့မရလောက်အောင် အမျိုးမျိုးနှောင့်ယှက်ပြီး သူတို့မိသားစုတွေနဲ့ ဆက်သွယ်ခိုင်းတယ်၊ မဖြစ်မနေ ဝင်လုပ်ပေးမိတော့ အဲဒီလူတွေကပဲ ငါ့ကို မယုံမကြည် လှောင်ရယ်ခဲ့ကြတာ၊ ဒါကြောင့် မင်းလို ငါ့ဆီရောက်လာတဲ့ လူမရှိဘူးလို့ပြောတာ ..”



“ကျွန်မကလည်း ရှင့်ကို ယုံကြည်လွန်းလို့ တစိုက်မတ်မတ်ရောက်လာတာ မဟုတ်ဘူး ခြား၊ ပြေးပေါက်မှားပြီး ဝင်ခဲ့မိတဲ့ ကားနောက်ဖုံးထဲကနေ ဒီထဲကိုထပ်ရောက်လာတယ်၊ ပြီးတော့ နောက်ထဲမှာ ပုန်းနေရင်း ဒီအိမ်လိပ်စာကို သိခဲ့ရတာ ..”

“အဲ့ဒီတော့ ..”

“မနွေဦး.ကို ရှုတ်ပြလိုက်တဲ့ လိပ်စာ ကျွန်မသိထားတဲ့အတွက် သတိရလိုက်တယ်၊ ရှင်တို့မောင်နှမ တစ်ညလုံးပြောနေကြတဲ့ ရှင့်ရဲ့ အလုပ်နဲ့ အိမ်ထောင်ရေးအကြောင်းတွေ ကြားလိုက်ရတော့ ရှင်က အဲဒီ ဒေါက်တာပဲဆိုတာ သေချာသွားတယ်၊ အားလုံးက တိုက်ဆိုင်စွာ အံဝင်ဂွင်ကျဖြစ်သွားတာတွေပဲ ..”

ညပိုင်းက သူနဲ့ မကော .. ပို့ပို့ အကြောင်းပြောဖြစ်ရင်း ထိုအတွေးတွေနဲ့ပဲ သမီးဘေးမှာ သူ အိပ်ပျော်သွားခဲ့သည်။ ဒါတွေကို သူမ သေချာကြားသွားတာပဲ ..၊

“ဒါဆို မင်းအတွက် ရေကန်အသင့် ကြာအသင့်ဖြစ်သွားတာပေါ့၊ ကောင်းသားပဲ .. ဒီလိုခရီးသွားဟန်လွဲအကူအညီတောင်းတာမျိုးဆိုရင် ငြင်းရယ်ဆိုလည်း အားနာရသက်သာတာပေါ့ ..”

“ရှင် ပေးပြီးသားကတိစကားတစ်ခုကို ပေါ့ပျက်ပျက်မပြောနဲ့..”

“မပေါ့ပျက်ဘူးလေ၊ သေသွားတဲ့လူတိုင်း ပရလောကထဲမှာ ဝဲလည်နေတာမှမဟုတ်တာ၊ မင်းလည်း ကြားဖူးနားဝရှိမှာပါ၊ ကောင်းရာဘုံဘဝကို ကူးသွားတဲ့ သေသူတွေကို ပရလောကထဲမှာ ဘယ်လိုသွားရှာမလဲ..”

“ဒီလို လူယုတ်မာက ကောင်းတဲ့ဘုံဘဝကို ဘယ်လိုမှ မရောက်နိုင်ဘူး ..”

“မင်းက အသက်ထွက်သူအပေါင်းရဲ့ ဝိညာဉ်များဆိုင်ရာ ထိန်းချုပ်စီမံသူလား ..”

“ရှင်ကရော ဘယ်လောက်သိလို့လဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"ငါသိသလောက် မင်း မသိတာတော့ သေချာတယ် .."

"ခွဲခြား .."

"သိပ်လန့်မသွားပါနဲ့ .. မင်းနဲ့ငါ အပေးအယူသဘောနဲ့ လုပ်ကြဖို့ သဘောတူပြီးသားကို ငါ မဖျက်ဘူး၊ အခု ဒီတံခါးမကြီးဖွင့်ပြီး မင်းငါနဲ့ ခြံထဲဆင်းလိုက်ခဲ့ .."

"ဘာလုပ်ဖို့လဲ .."

သွား တံခါးဆီခြေဦးလှည့်ပြီးမှ ပြန်ကြည့်၍ ..၊

"အပေးအယူလေ .. မင်းကို ငါ အရင်နိုင်းမှာ၊ အောင်မြင်မှ မင်းအတွက် လုပ်ပေးမှာ .."

"အဲ့ဒါကိုသိတယ် .. ဒါပေမယ့် .."

ပါး စကားသံလေး တုံ့ဆိုင်းသွားသည်။ ပြီးမှ ..၊

"ကျွန်မ အခု အပြင်ကိုထွက်မလိုက်ချင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"ကျန်းမာရေးမကောင်းလို့ .."

ဒါပဲပြောပြီး ပါး လှည့်ထွက်လာခဲ့သည်။ ပန်းကာဒဏ်ရာ ပြန်နာနေသည်။ မျက်လုံးတွေလည်း ပူနေသေး၏။ ထို့ပြင် သူမ ခုချိန်ထိဘာမှ မစားရသေးပေ ..။

အမှန်အတိုင်းပြောရလျှင် ဆာလောင်မှုကြောင့် အသားများပင် တုန်နေပြီဖြစ်၏။

နေပါစေ .. နည်းနည်းကျွေးပါလို့ တောင်းစားရအောင် သူမက သူတောင်းစားမဟုတ် ..။

♥ ♥ ♥



## အခန်း(၁၂)

"အ ..."

ဗိုက်တွေအောင့်လာသည်။ ပြီးတော့ အန်ချင်လာ၏။ ကိုယ့်အတွက်ပေးထားသည့် စတိုခန်းလေးထဲမှာ ပြေးအန်စရာဘေစင်မရှိ၊ ရေအိမ်လည်း မတွေ့ ..၊

ဗိုက်ကိုနှိပ်ရင်း အပြင်ကို ခြေသံဖွဖွနှင့် ထွက်လိုက်လျှင် တစ်အိမ်လုံးက ညဥ့်ကမ္ဘာထဲမှာ အိပ်မောကျနေကြပြီဖြစ်ကာ သူမ တစ်ယောက်သာ ဝေဒနာကိုအံကြိတ်ခံစားလျက် ..၊

"ကျွတ် .. ကျွတ် .."

"အန့်တီ .."

ဟင်!...၊

ကုန်းနေသည့်ခါးက မတ်ခနဲဖြစ်သွားကာ နောက်ကို လှည့်ကြည့်လိုက်၏။ သူမနောက်မှာ ပေါင်မုန့်မီးကပင်လေးနှစ်ချပ်နှင့် နို့ပုလင်းလေးကို တစ်ဖက်စီကိုင်ထားသော ပို့ပို့လွင် ..၊

ညဝတ်အင်္ကျီခါးစည်းကြိုးနှင့် ဂါဝန်ဖားဖားလေးက ခြေမျက်စိမထိတထိကားကားလေးနှင့် အိပ်ထားပုံမရှိသော မျက်နှာလေးမှာ မျက်ဝန်းညိုလေးတွေက ကြည်လဲ့နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အန်တီ ဗိုက်ဆာနေပြီမို့လားဟင် .."

စားစရာတွေကို မကြည့်မိအောင် ပါး မျက်နှာလွှဲပစ်လိုက်သည်။ ပြီးတော့ ရေအိမ်ကိုသွားဖို့ ခြေလှမ်းပြင်၏။ ပိုပို က သူမရှေ့ကိုပြေးရောက်လာပြီး ..။

"ဗိုက်ဆာနေရင် ဗိုက်နာတယ် အန်တီရဲ့ .. အန်တီဗိုက်နာနေတာ ရေအိမ်ဝင်ချင်လို့မဟုတ်ဘူး .. ရော့ပါ .. ဒါလေးစားလိုက်နော် .."

"ဖယ်ပေးစမ်း .. ရှေ့က .."

ပိုပို မျက်နှာလေးငယ်သွားပေမယ့် ရှေ့ကမဖယ်ပေ ..။

"ဖေကြီး မသိပါဘူး .. မီးမီး ပြန်မပြောပါဘူးနော်၊ စားလိုက်ပါ၊ အန်တီ့ကို ပေါင်မုန့်မီးကင်လာကျွေးဖို့ မီးမီး ဖေကြီးအိပ်တဲ့အထိ စောင့်နေတာ .."

ရင်ထဲမှာ သစ်ရွက်လှုပ်သလို ညင်သာသော လှိုင်းတစ်ချက်သိမ့်ခနဲ ခါသွား၏။ ဒါပေမယ့် သူမ ရှက်ရွံ့သိမ်ငယ်နေခြင်းကိုပဲသိကာ သူမလေးတို ကွေ့ရှောင်ထွက်ခဲ့၏။

"အန်တီ .."

ပိုပို ကလည်း ခွဲမလျှော့ဘဲ ထပ်လိုက်လာသည်။ သို့သော် ..။

"အွန့် .."

သူမ ဘာသာ စိတ်လောကြီးကာ မောက်လျက်လေး အွန့်ခနဲလဲကျသွားခဲ့၏။ ပေါင်မုန့်က လက်ကမလွတ်ပေမယ့် ဖိဆုပ်လိုက်မိသဖြင့် ဆုတ်ဖြဲပစ်လိုက်သလိုပေါက်ပြဲ ပွဲထွက်ကုန်သည်။

နို့ပုလင်းက ကြမ်းပေါ်ကို လိမ့်ထွက်သွားခဲ့ပြီး ကော်ပုလင်းမို့ကွဲတော့မကွဲပေ။ ပါး နောက်ပြန်လှည့်လိုက်ကာ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ထိတ်ခနဲဖြစ်သွားခဲ့မှန်းမသိဘဲ ..။

"မင်းကို ဘယ်သူက စားပါမယ်ပြောနေလို့လဲ .."

ဒေါသထွက်စရာမဟုတ်ဘဲ ဒေါသတွေထွက်ကာ သူမလေးကို



ပြန်ထူပေးဖို့ အနားရောက်သွားလျှင် ..။

"မင်း တော်တော် အကြင်နာတရားမရှိတဲ့ မိန်းကလေးပါလား.."

ခြား အသံက စိုးရိမ်ဒေါသတွေနှင့် လူမရောက်ခင် ဟိန်းထွက်လာ၏။ ပြီးတော့ ပြေးလွှားရောက်လာပြီး ပိုပို ကို ပွေ့ထူချီထားလိုက်ကာ..။

"မင်းဆီကို မားထမ်းပြီး ပြေးလိုက်တာလာတား .."

ရုတ်တရက် ပါး ဘာမှမဖြေနိုင်ဘဲ ငေးကြည့်နေမိ၏။

"တောက် .."

ပြန့်ကျဲနေသည့် ပေါင်မုန့်အစတွေနဲ့ နို့ပုလင်းကို ကြည့်ပြီး တက်ခေါက်ကာ ..။

"အလကား စိဋ္ဌမာန လို မချွတ်ထိုက်တဲ့မိန်းမ .."

ပိုပို ဆုပ်ကိုင်ထားဆဲ ပေါင်မုန့်အပဲ့တွေကို အတင်းပုတ်ထုတ်ခါချပစ်ခဲ့ပြီး ခြား လှည့်ထွက်သွားသည်။ ပါး မျက်ဝန်းမှာ မျက်ရည်ရောင်တို့ ပြိုးပြလက်လာ၏။

ပြီးတော့ အံကြိတ်ထားမိသည်။ ရင်ထဲမှာ တနင့်နင့်ခံပြင်းနေတာ ဘာကိုမှန်းမသိ ..၊ ထို့ပြင် ဗိုက်တွေစူးအောင့်လာခဲ့လျက် အသက်ရှူခဏရပ်၍ ပါးစပ်ကိုပါ ပိတ်ထားလိုက်ရသည်။

ဗိုက်ဆာနေတာကြောင့်မဟုတ်ဘဲ ဘယ်အရာက ရင်ကိုထိုးနှက်နေနေသည်မသိခဲ့ပေ ..။ ဒါပေမယ့် သူမ ကြေကွဲနေတာမှန်း ကိုယ့်ကိုယ်ကိုယ်သိသည်။ တစ်ဆက်တည်းမှာ မုန်းတီးမိခြင်းကို ပုံဖော်နေမိ၏။

ဟုတ်တယ် .. ရွှေပါးအပ် ဂျာ အဲဒီလိုမိန်းမ .. ရှင်သိဖို့ပဲလိုတာ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

သူမ နှုတ်ခမ်းတွေဖြူဖျော့ကာ မိန်းမော ငြိမ်သက်နေရှာတဲ့အထိ အခြေအနေဆိုးမှ စောကေသီ လက်ထဲ ရောက်သွားခဲ့သည်။

"မင်း ဘယ်လိုယောကျ်ားမျိုးလဲ ခြား ရယ် .. ဘာပြဿနာတွေပဲ ရှိရှိ ဒီလောက်ထိ မင်း ဥပေက္ခာမထားသင့်ဘူး .."

"ကြိုက်မရှက် ဝတ်မရှက်ဆိုတာရှိတယ်၊ သူ ဝတ်နေတာ မခံစားနိုင်တော့ရင် တောင်းပန်လာမှာပေါ့ .. ဘာဖြစ်လို့ နေရာတကာ ကျွန်တော်ကချည်းပဲ လျှော့ရမှာလဲ .."

"မင်းကချည်းပဲဟုတ်လား .. ပြောပါဦး မင်းချည်းပဲ ဘာတွေလျှော့ထားခဲ့တာလဲ .."

ခြား မဖြေနိုင် ..၊

သို့သော် အိပ်ရာထက်မှာ မျက်တောင်ဖျားတွေစင်းချထားပေမယ့် တလှုပ်လှုပ်တရွရွ လှုပ်ခတ်နေသော သူမ မျက်ဝန်းလေးတွေကို စီးမိုးကြည့်မိသည်။

ထို့ပြင် မျက်ဝန်းထောင့်လေးနှစ်ဖက်မှာ မျက်ရည်ဥလေးတွေ စို့စွတ်လာတာလား ..၊



သူမ ငိုတတ်ပါလားဆိုတာ မယုံနိုင်စွာ ..၊ ခြေလှမ်းမသိမသာ နှေးပြီး သေချာအောင် စိုက်ကြည့်လိုက်မိသည်။ မျက်ရည်အစစ်တွေမှန်း သိလိုက်တော့ ကိုယ့်ဘာသာ ဆံပင်သပ်ရင်း မလုံမလဲ ..၊

"ခြား .."

"ဗျာ .."

"ယောကျ်ားမပီသရင်တောင် မိန်းမလိုမိန်းမရ ဆန်တယ်ဆိုတာ ကောင်းဘူး .."

"ဟာ .. မကော နော် .."

"မင်း အဲဒီလိုယောကျ်ားမဟုတ်မှန်း ငါသိတယ်၊ ဒါပေမယ့် အခုအဲလိုပုံချိုးနေတာ အံ့ဩစရာဖြစ်နေတယ် .."

"ကျွန်တော့်ကို သူက .."

"ဘယ်စကားပုံကိုမှ မှီငြမ်းမပြောနဲ့ .. 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ စကားရှိသလို၊ 'သေချင်တဲ့ကျား တောပြောင်း' ဆိုတာမကြားဖူးဘူးလား .."

ခြား သူမ မျက်လုံးမှိတ်ထားတာကို ထပ်ကြည့်မိပြန်သည်။ ဒရစ်(ပ်)ချိတ်ထားသည့်ပိုက်တန်းလန်းနှင့် လက်လေးကိုမြင်တော့ မျက်နှာလွှဲမိပြန်၏။

"ဘယ့်နှယ် .. မဟုတ်တာကို မာနပြိုင်နေရတယ်လို့၊ လူမမာကအာဟာရပိုလိုတယ်ဆိုတာလည်း သိသားနဲ့ .."

"လုပ်စရာရှိတာလုပ်ပါ မကော ရာ .. ရောက်လာတာနဲ့ နားပူပြီ.."

"ကလေးကမှ အကြောင်နာတရားရှိသေးတယ်၊ တော်သေးတာပေါ့ .. ဒီအဖေက မွေးပေမယ့် ဒီလိုစိတ်ရှိမလို့ .."

"သူ့အမေက မွေးတာပဲ .."

"ဟုတ်တယ် .. ဟုတ်တယ် .. ပြောမှာဆိုမှားရှိရင်လည်း ခွင့်လွှတ်.."



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် စကားများနေတာကို ပို့ပို့ က ကြားနေကျမို့ ပြန်လည်ငြိမ်သက်တဲ့အထိစောင့်နေပြီးမှ ...၊

"ကြီးကြီးစော .. အန်တီက ဗိုက်ခဲတာလို့ဖျားတာလားဟင် .."

"ဟုတ်တယ် မီးမီး ရဲ့ ...၊ နေမကောင်းဖြစ်နေတုန်း သင့်တင့်တဲ့ အာဟာရမှမဝင်ရင် အားနည်းပြီး ရောဂါတာရှည်တာပေါ့ .."

ပို့ပို့ က ဖအေ့မျက်နှာကို မရဲတရဲမော့ကြည့်ကာ ...၊

"အန်တီက မီးမီးကို ထူပေးမလို့ပါ၊ ဖေကြီးက အဲ့ဒါကိုမသိဘဲနဲ့.."

"သိဖို့လည်း ဘယ်တော့မှ ကြိုးစားမှာမဟုတ်ဘူး၊ မီးမီးဖေကြီးက.."

"မကေ ဘာဖြစ်လို့ ကျွန်တော့်ကိုပဲ အပြစ်တင်နေတာလဲ .."

"မင်းက ယောကျ်ားဖြစ်နေလို့ပေါ့ ခြား ရယ် .. သူ မင်းရဲ့အိမ်ထဲကို နိုးဝင်လာခဲ့တာပဲရှိတယ် .. ဘာများ .."

"ဒီ့ထက် လုပ်စရာဘာကျန်သေးလို့လဲ .. တစ်အိမ်လုံးကို ခွစီးပြီး သူပဲ လက်ညှိုးထိုးညွှန်ကြားနေတာ၊ ကျွန်တော် ဘာပြောပြော အစသူ ဖြစ်ချင်တာတွေဖြစ်သွားတာပဲမို့လား .. ကိုယ်ဖြစ်စေချင်တဲ့အတိုင်းဆိုရင် ခြေထောက်နှစ်ချောင်းကကိုင်ပြီး ဆွဲလွှင့်ပစ်လိုက်တာကြာပြီ .."

စောကေသီ သူ့ရှေ့မှာ လာရပ်လိုက်ကာ ...၊

"အဲ့ဒီကိစ္စတွေ မင်းတို့နှစ်ယောက် သဘောတူဆွေးနွေးပြီးပြီလေ၊ ပဒုမ္မာစံအိမ်ကြီးနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာကတော့ သူ့မှာလည်း ပြောမပြချင်တဲ့အကြောင်း ရှိလို့ဖြစ်မှာပေါ့ .."

ပါး နဲ့ သူ ပြောဖြစ်ခဲ့တာတွေကို မကေ ကိုပြောပြပြီးဖြစ်သည်။ သူ မပြောချင်တာတော့ပြောပြပြီး မပြောချင်တာဆိုရင် မပြောနိုင်ဘူးလို့ ခေါင်းခါပစ်တာ ပြတ်ပြတ်သားသား ...၊

ဒါလည်း မကေ တို့က နားလည်မှုတွေရှိနေတုန်း ...၊

"ကြီးကြီးစော .. ကြီးကြီးစော .."



"ဟင် .. မီးလေး .."

"အန်တို့ကို မီးမီး မုန့်ကျွေးချင်လို့ပါ၊ ဖေကြီးကို ပြောပေးပါနော်၊ အန်တီ သနားပါတယ် .."

ခြား မျက်မှောင်ကုတ်နေမိပေမယ့် ဘာမှမပြောနိုင်ပေ ...။

သနားတဲ့လူတွေကိုပဲ နားမလည်ချင် ...။ ဘယ်အမူအရာ ဘယ်လိုအားလုံးကြောင့် သနားနေကြတာလဲ၊ သနားဖို့ကောင်းလောက်အောင် ဘယ်မှာလဲ ...၊

နှစ်မဲ တစ်မဲ ဆိုတော့လည်း မတတ်နိုင် ...၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"စားပါ အန်တီရဲ့ .. ဖေကြီးကကျွေးပါတယ်၊ ကြီးကြီးဓော ကလည်း အလုပ်တွေများနေလို့ မလာဘူးတဲ့၊ ဒါပေမယ့် လူမမာစာကို ဆိုင်က ဝယ်ကျွေးလိုက်ပါတဲ့ .. ဖေကြီးကို သေချာမှာထားတာ .."

ကြက်သားဆန်ပြုတ်က ဆိုင်နံ့လေးသင်းနေပေမယ့် ပျစ်ခဲခဲဆီစေ့စေ့နှင့် သောက်ချင်စရာမရှိ ..။

တစ်နေကုန် တစ်ညလုံး အစာမရှိလို့ ဗိုက်ကအောင့်နေခဲ့သော်လည်း ထိုစဉ်တည်းက စားသောက်ချင်စိတ်ရှိခဲ့တာမဟုတ်ပေ ..။ ခုကျတော့ အဆာလွန်သွားတာလား ..၊

ဒါမှမဟုတ် နှလုံးထဲစမို့ အားအင်ကုန်ခမ်းပြီး ဘာမှစားချင်စိတ်မဖြစ်တော့တာလား ..။

သေချာဆုံးကတော့ ခြား ဆိုသူ၏ မသထာရေစာကို ဘယ်တော့မှ မျိုမချဖို့ ဆုံးဖြတ်ထားခြင်းကြောင့်ဖြစ်နိုင်၏။

အိပ်ရာထဲမှာ လှဲမနေချင်သဖြင့် ငုတ်တုတ်ထထိုင်နေတော့ မျက်လုံးထဲမှာ ဝေတေတေဖြစ်နေ၏။ ပို့ပို့ က ဆန်ပြုတ်ထုတ်လေးနှင့် ပန်းကန်လုံးလှလှလေးမှာ ဖွန်းလေးတပ်ပြီး ယူလာကာ သူမရှေ့မှာပဲ မသေ



သပ်ထည့်၍နေတာကိုလည်း ဒီတိုင်းကြည့်နေခဲ့မိသည်။

ကလေးမို့ ပူပူလောင်လောင်တွေကို ဖင်မနိုင် ခေါင်းမနိုင်ကိုင်ကာ ပန်းကန်ထဲ အရောက်ထည့်နေသည်။ သူမကိုယ်သူမ အပူမလောင်အောင် ကာကွယ်နိုင်ပေမယ့် ဖိတ်တစ်ချို့စင်တစ်ချို့နှင့်ပဲ ကိုယ့်ရှေ့မှာ ဆန်ပြုတ်ပန်းကန်က အငွေ့တထောင်းထောင်းနဲ့ ရောက်လာခဲ့တာဖြစ်သည်။

"ကြီးကြီးဓော က မှာသွားတယ် အန်တီရဲ့၊ အစာစားမှ အားရှိမှာတဲ့၊ အန်တီက တအားတော်တာလေ .. ဖေကြီးကိုလည်း မကြောက်ဘူး၊ တော်ကြာ အန်တီ ဘာမှမစားလို့အားမရှိရင် ဖေကြီးကို ပြန်မချနိုင်ဘဲနေသိမ့်မယ် .."

ကိုယ့်မျက်နှာအောက်ကနေ မျက်နှာလေးမော့ပြောနေသဖြင့် ပို့ပို့ရဲ့ မျက်ဝန်းလေးတွေကို ပါး သေချာစိုက်ကြည့်နေမိသည်။

"နော် .. အန်တီ စားလိုက်နော် .. ဖေကြီးက အန်တီ့အတွက် ဝယ်လာတာပါ၊ မီးမီးက နေကောင်းပြီနေပြီဥစ္စာ ဖေကြီးက အန်တီကို ကျွေးနိုင်းတာပေါ့ .."

"ဘာလဲ .. မင်းကို ငါကိုယ်တိုင် တောင်းပန်ချော့မော့စေချင်နေတာလား .."

ခြား က စီးကရက်လက်ကြားညှပ်ပြီး ဝင်လာသည်။ ပြီးတော့ စီးကရက်ကို နံရံနဲ့ ဖိချေပစ်ကာ စည်းကမ်းမဲ့စွာ ပြတင်းပေါက်ကနေ လွှဲပေါက်ပစ်လိုက်၏။

ဒါလား .. စိတ်ရောဂါအထူးကု ဆရာဝန် ..၊

"ဘာကြည့်နေတာလဲ .."

မျက်လုံးချင်းဆုံလိုက်တာနှင့် ပါး ရဲ့ အတွေးတွေကို သိလို့ ဒ်သလို မျိုး ..၊

"ငါ ဘယ်လိုနေနေ မင်း စိတ်ဝင်စားဖို့မလိုဘူး၊ မင်းမြနေတာထိုင်တာကိုပဲ မြင်ရမှာ၊ ဘယ်နေရာဖြစ်ဖြစ် ကိုယ့်စိတ်ထဲမှာ ဘယ်လိုရှိနေနေ

www.burmeseclassic.com

www.burmeseclassic.com



အလိုက်သင့်ဆိုတာရှိတယ် ..."

"ရှင် ကျွေးတာကိုမစားဘဲ နေလိုက်တော့ မျက်နှာပြောင်တယ်လို့ မပြောလိုက်ရမှာစိုးရိမ်သွားတာလား ..."

"မင်းကို အဲဒီလိုပြောခွင့်ရဖို့အတွက်နဲ့ ငါက အိမ်ပေါ်မှာတင် ကိုးကွယ်ထားပြီး မင်းခိုင်းတာကိုလည်း လုပ်ပေးဦးမယ်ပေါ့၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးနေတဲ့ပုံပဲ ..."

"အဲဒါ ရှင်ကိုယ်ရှင် မေးစမ်းပါ .. ဘာဖြစ်ဖြစ် ရှင်ပြောရင် အကောင်း.."

"အခု မကောင်းတာက မင်း .. အဲဒီတော့ စားစရာရှိတာကိုစား မင်း နာတာရှည်ဖြစ်နေလေ ငါ ဒုက္ခများလေပဲဆိုတာ သဘောပေါက်ရင် ပေါ့ .."

"ရော့ .."

ပြောပြီးတော့ ကိုယ့်တာဝန်ပြီးပြီလိုမျိုး ပြန်ထွက်လာခဲ့သည်။ 'ရော့' ဆိုကာမှ လှည့်ကြည့်မိ၏။ ပါး က သူ့ကို လက်တစ်ဖက်ကမ်းပေးနေကာ ထိုလက်ထဲမှာ ပလက်တီနမ်ဆွဲကြိုးလေးက လက်တောက်နေ၏။

"ဘာလဲ .."

"ကျွန်မ ဒီမှာ နေထိုင်မိတဲ့အတွက် .."

"ဒါကိုယူမှ ငါ ကျွေးတာကိုစားမယ်လို့ ပြောတာလား .."

"ရှင့်စိတ်ရင်းနဲ့ ပြောခဲ့တဲ့စကားတွေကို ကျွန်မ မှတ်ထားပါတယ်၊ ဒါကြောင့် ကျွန်မဘက်က မလွှဲသာတဲ့အခါတွေရှိလာခဲ့ရင် စိတ်သန့်ချင်တယ် .."

လူကြီးတွေအလယ်မှာ ပို့ပို့ က မျက်နှာလေးငယ်နေလျက် လူကြီးနှစ်ယောက်ကိုရော ဆွဲကြိုးကိုရော နားမလည်စွာ လိုက်ကြည့်နေခဲ့၏။

ခြား ကလည်း ပြန်လှည့်လာပြီး ဆွဲကြိုးကိုဆွဲယူလိုက်၏။ ပြီးတော့ ထိုလက်ကို မြှောက်ပြကာ ...၊

"အိုခေ .."



မျက်နှာသည် အလွန်အမင်းစိတ်တိုနေခြင်းကိုမြင်နေရလျက်၊ ခြေသံကြမ်းကြမ်းများနှင့် ပြန်ထွက်သွား၏။ ပါး က သူ့ကျောပြင်ကိုစိုက်ကြည့်နေပြီး ပျောက်ကွယ်သွားမှ မျက်ဝန်းတွေက ပို့ပို့ ဆီ ပြန်ရောက်၏။

ပို့ပို့ က သူမကို မျက်လုံးအဝိုင်းသားလေးနှင့် မော့ကြည့်နေကာ အားစောကလို စကားတွေတတွတ်တွတ်မပြောတော့ဘဲ အရုပ်မလေးအတိုင်း ...၊

ပါး အကြည့်တွေ ဆန်ပြုတ်ပန်းကန်ဆီ ထပ်ရောက်သွား၏။ သူမအတွက် အာဟာရလိုသည်။ ဒီနေရာမှာတင် ဗုန်းဗုန်းလဲသွားလို့မဖြစ်သည့်အခြေအနေမှာ မနက်ဖြန်တွေအတွက် ခွန်အားမဲ့နေလို့မဖြစ် ...၊

မျက်ဝန်းထဲမှာ ခြား ရဲ့ မျက်နှာကိုမြင်ယောင်ကာ နာကျည်းစွာ ခဲလိုက်မိသည်။

ဘဝတစ်ကွေ့မှာ ခဏဆုံကြတာပေမယ့် ရှင့်ကို ကျွန်မ ဘယ်တော့မှ မမေ့အောင် မှတ်ထားမယ် ခြား ...၊

ကျွန်မ တွေ့ဖူးသမျှ ယောကျ်ားတွေထဲမှာ ရှင်က ရှားပါးသတ္တဝါဆိုတော့ ...။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ညဉ့် တစ်နာရီထိုးပြီဖြစ်သည်။

ခြံက သိပ်မကျယ်ပေမယ့် ခြံဝနဲ့ အိမ်ရှေ့ခပ်လှမ်းလှမ်းမှာ မီးတိုင်တွေရှိနေသဖြင့် ယူကလစ်ပင်လေးတွေကြားမှာ အလင်းရောင်ရှိနေလေသည်။

ပြီးတော့ ငြိမ်သက်နေသော ပတ်ဝန်းကျင်က တစ်ချက်တစ်ချက် လေမြူးသွားသည့်အခါ ယူကလစ်ပင်က သစ်ရွက်လေးတွေကို ပုတ်ဆော့သွားတတ်၏။

တိတ်ဆိတ်ခြင်းနှင့် အလင်းရောင်ပြောက်ကြားသည် သစ်ရွက်တို့ လှုပ်ခတ်သွားခြင်းကြောင့် ညဉ့်ယံကို စိတ္တဇဆန်အောင် တွန်းအားပေးနေခဲ့၏။

ပါး ခြေလှမ်းတွေ မှန်နေပေမယ့် မျက်လုံးတွေကိုတော့ အနားမပေးခဲ့ပေ။ ခြား က ရှေ့ကသွားနေပြီး မျက်နှာစာခြံရှေ့နား ကပ်သွားကာမှ ခြေလှမ်းရပ်၏။

ခြံရှေ့က ပြန့်ပြူးသောလမ်းကို သံဇကာကွက်တို့ထဲကနေ လှမ်းမြင်နေရသည်။ သို့သော် ခြံတိုင်း မီးထွန်းမထားသောကြောင့် ခြံရှေ့ကွက်ကွက်လေးပဲ အလင်းရောင်ဖြစ်လျက် ထိပ်နှစ်ဖက်က မှောင်မိုက်နေ၏။



"ရှင်က သရဲနဲ့ ချိန်းတွေ့မလို့လား .."

တိတ်ဆိတ်ခြင်းနှင့်အတူ ကြက်သီးတွေ ဖျန်းခနဲရှိန်းထသွားသဖြင့် ပါး ကပဲ စမေးမိ၏။ သူက နောက်လှည့်မကြည့်ဘဲ-ပင့်သက်ရှိုက်ကာ..

"ချိန်းဖို့မလိုဘူး .. ငါ့ခြံရှေ့မှာသူ အမြဲရှိတယ် .."

"ကျွန်မကို ခေါ်လာတာက သူရဲနဲ့ မိတ်ဆက်ပေးမလို့လား .. ဒါမှမဟုတ် ကျွန်မ ကြောက်လန့်သွားအောင် ခြောက်ခိုင်းမလို့လား .."

ခြား က ဖျတ်ခနဲလှည့်ကြည့်သည်။ အလင်းရောင် ကွက်တိကွက်ကျားနှင့်ပေမယ့် ဖြူဝင်းသည့်မျက်နှာနှင့် စူးရဲနေသော မျက်လုံးတွေက ထင်းနေ၏။

"အဲလို ခိုင်းချင်သလိုခိုင်းနိုင်ရအောင် ငါက ဝိညာဉ်တွေရဲ့ ဝိုဏ်းချုပ်ကြီးမှ မဟုတ်တာ .."

ဒါတော့ ဘယ်သိမလဲဆိုသည့်စကားကို မပြောဘဲ ပါး က ပခုံးလေးတွန့် နှုတ်ခမ်းမဲ့၏။

"ဒါပေမယ့် သိချင်တယ် .. မင်းရော သိလားဆိုတာ လက်တွေ့သိချင်လို့ခေါ်လာတာ .."

"ဘာကိုလဲ .. ကျွန်မကို ဘာကိုသိစေချင်တာလား .."

"သိစေချင်တာမဟုတ်ဘူး .. ငါ တစ်ယောက်ပဲ သူတို့ကို မြင်နေတဲ့အတွက် ငါ့ကိုပဲ ဒုက္ခပေးနေတာ၊ အဲဒါကို နားမလည်ချင်ဘူး၊ ငါ တတ်ထားတဲ့စိတ်ပညာအရ ကိုယ့်အမြင်ကို နားလည်အောင် ဘယ်လိုပဲ ကြိုးစားကြိုးစား ကားအက်ဆီးဒင့်ဖြစ်သွားတဲ့နောက်မှာ ငါ ဒီလိုဖြစ်လာရတယ်ဆိုတဲ့ အဖြေက သဘာဝမကျဘူး .."

"လောကကြီးက လူတွေကို သဘာဝကျတာတွေချည်းပေးနေတာမှမဟုတ်ဘဲ .. စိတ်ရောဂါတွေကုနေရင်းနဲ့ ရှင်ပါ ရူးသွားဦးမယ်.."

"ဟွန်း .."

သူက မဲ့ပြီး ရှေ့ကိုပြန်လှည့်သွားသည်။ ပြီးတော့ ..၊

"ဟုတ်တယ် .. သဘာဝမကျတာတွေကိုပဲ ငါ သေချာချင်တာ၊

www.burmeseclassic.com

www.burmeseclassic.com



အခု ယောဟုကို မှောင်ရိပ်အစပ်မှာ ရှိနေတယ် .. မင်း လှမ်းကြည့်လိုက်.."

ဟင်!..၊

ဝိညာဉ်ကိုပြောတာမှန်း သိလိုက်သဖြင့် မိန်းကလေးပီပီ ထိတ်ခဲနဲ့တော့ ဖြစ်သွားမိသည်။ သူက မျက်နှာခပ်စောင်းစောင်းလှည့်လာပြီး ပါး ကို ကြည့်၍ ..၊

"ခုနကတော့ ငါက ကြောက်စေချင်လည်း မင်းက ကြောက်မှာမဟုတ်သလို ပုံစံမျိုးနဲ့မို့လား ..၊ ဘာလဲ မကြည့်ရဲဘူးလား .."

ပါး က ဂရုမစိုက်သည့်ပုံစံပြန်ဖမ်းပြီး ထိုဆီကို လှမ်းကြည့်လိုက်သည်။

'သရဲဆိုတာ လူတိုင်းမြင်ရတာမဟုတ်ဘူး' တဲ့ ..။

သူမလည်း ခုချိန်ထိ တစ်ခါမှ သရဲခြောက်မခံခဲ့ရဘူးသဖြင့် သူ တကယ်မြင်နေရရင်လည်း ကိုယ်မြင်ရမှာမဟုတ်ဘူးဆိုတာ ယုံကြည်လိုက်သည်။

ယုံကြည်သည့်အတိုင်း မှောင်ရိပ်စပ်မှာရော အလင်းတွေ အမှောင်တွေထဲမှာပါ ဘာမှမတွေ့သဖြင့် ..၊

"ရှင်က ဘာကိုမြင်စေချင်တာလဲ .."

ပြောပြီး လက်လေးပိုက်၍ ..၊

"စိတ်မကောင်းစရာပဲ .. ရှင်က မြင်စေချင်တယ်၊ ကျွန်မကလည်း မြင်ချင်ပါတယ်၊ ဒါပေမယ့် ဘာမှမမြင်ဘူး .."

"ကိုယ် ထင်ပါတယ် .."

သူ့ထံမှ ကိုယ် ဆိုသည့် အသုံးအနှုန်းကြောင့် ရှိခဲ့သည့် ခက်ထန်မှုတွေက သူ မဟုတ်ခဲ့သလိုပင် ..၊ သို့သော် ...

"မင်း သူ့ကို မြင်ရရင်လည်း ခုလို ပြုံးနေနိုင်မှာမဟုတ်ဘူး .."

"ခက်တော့တာပဲ .. ရှင် ဘယ်လိုကြီးမြင်နေသလဲတော့မသိဘူး၊ ဒါပေမယ့် ကျွန်မကလည်း ကြောက်စရာမြင်ရင်တော့ ကြောက်ပြမှာပါ၊ လူကြီးတွေပြောကြတာက သရဲကို ကံနိမ့်တဲ့သူတွေပဲ မြင်ရတာတဲ့ .."



"အဟွန်း .."

"ကြောက်ပြတာပဲဖြစ်ဖြစ် တကယ်မကြောက်တာဖြစ်ဖြစ် ငါလိုချင်တာက မင်း သူတို့ကို မြင်ရပြီဆိုရင် သူတို့လည်း မင်း မြင်နေရတာကို သိတယ် .."

"အဲ့ဒီတော့ ဘာတွေဖြစ်မှာလဲ .."

"ငါတစ်ယောက်တည်း ဒုက္ခများမနေရတော့ဘူးပေါ့ .."

"ဘာ ..."

ပါး မျက်လုံးပြူးသွားသည်။ ကိုယ့်မျက်နှာမှာ အလင်းရောင်အားနည်းသဖြင့် ဒီ မျက်လုံးပြူးသွားတာကို သူ မမြင်လောက်ဘူးထင်သည်။ ဒါပေမယ့် မျက်လုံးသာမကဘဲ သူမ တကယ်ထိတ်လန့်သွားတာဖြစ်ကာ ..၊

"ရှင်က ကျွန်မကို ချောက်တွန်းဖို့ကြိုးစားနေတာပဲ၊ အဲဒီ နာနာဘာဝတွေ ကျွန်မနောက်လိုက်ကုန်အောင် လွှဲချချင်တာ .."

"ကြားလို့တော့ မကောင်းပေမယ့် ဒီတိုင်းပဲ ဖြစ်မယ်ထင်တယ်၊ ဒါပေမယ့် **မင်းတကယ်** သူတို့ကို မမြင်နိုင်ဘူးဆိုရင်တော့ အပေးအယူ တစ်ခုနဲ့ပဲ ငါ **လက်လျှော့**မှာပါ .."

"ဒါဆို အခု ကျွန်မ ဘာမှမမြင်ဘူးဆိုတော့ .."

"ပြီးမှ မပြီးသေးတာ .."

ခြား က ဂျာကင်အိတ်ထဲထည့်ထားသည့်လက်ကို ထုတ်လိုက်သည်။ ပြီးတော့ နောက်ကို ခြေလှမ်းဆုတ်၍ ပါး ရဲ့ရှေ့မှာ ပိုနီးသွားကာ ..၊

"ဒါလေးသောက်လိုက် .."

"ဘာ!..."

"ဘာဖြစ်လို့ အထိတ်တလန့်တွေဖြစ်နေတာပဲ .. မင်းလို ငါက ဆေးခတ်ပြီး တောင်တောင်မြောက်မြောက်တွေ ကြံစည်တာမစိုးရိမ်နဲ့၊ ပြီးတော့ မင်းကို သတ်ပစ်ချင်လောက်အောင် မုန်းမယ့်အကြောင်းလည်း ငါတို့မှာ မရှိကြဘူး၊ ဒါ ဒိုင်ရာစီပင် ပါ.."

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပေးသည့် လက်ထဲမှာ ပုလင်းလေး သေးသေးလေးပဲဆိုတာ မြင်နေရသည်။

"ဒီဆေးက တရားဝင်ရောင်းခွင့်မရှိတဲ့ ဆေးမဟုတ်ဘူး .."

"ဒါပေမယ့် ရှိနေသေးတယ်လေ၊ ပြီးတော့ ဒါ အဆိပ်မှမဟုတ်ဘဲ.."

"ဘာအတွက်လဲ .. ကျွန်မကို ရှင် အိပ်ပျော်သွားစေချင်တာလား၊ ဒီနေရာမှာ .."

"ဒီနေရာမှာ မင်း အိပ်ပျော်သွားရင် ငါက လက်သြောင်းခံပြီး ပြန်မွေ့သွားရမှာပေါ့၊ မဟုတ်တာတွေ တွေးမနေစမ်းပါနဲ့ ငါဖြစ်စေချင်တာ တစ်ခုခုထူးခြားနိုင်မလားလို့ ငါ ကိုယ်တိုင်သေချာစပ်ခဲ့တာ၊ မင်းဘာမှ မဖြစ်ဘူး .."

သရဲ မြင်ရတဲ့ သောက်ဆေးဆိုတာရှိသလား၊ အဓိပ္ပာယ်မရှိတာ..၊

"သူ ဒီနားကို လာနေပြီ .. ရော့ သောက်ပါ မင်း သူ့ကို မြင်ရဖို့က လေးဆယ်ရာနှုန်းပဲရှိတယ်၊ ဒီဆေးမှာ ဆိုက်ဒ်အဖက်(ထ်)မရှိဘူးဆိုတာ အကြွင်းမဲ့ယုံထားလိုက် .."

"ရှင်က ဘာမို့လို့ ယုံရမှာလဲ .."

ပြောပြီး လမ်းပေါ်ကိုလှမ်းကြည့်လိုက်သဖြင့် ခြား က ခပ်ဟဟ ရယ်ကာ ..၊

"မင်း ကြောက်နေတာမို့လား .."

ဟုတ်သည်။ 'ဒီနားကို လာနေပြီ' ဆိုသည့်စကားကြောင့် သူမ ကြက်သီးမွေးညှင်းတွေထခဲ့ရပြီဖြစ်၏။

သို့သော် ..၊

"ကြောက်တာထက် သူများအလိမ်ခံလိုက်ရမှာက ပိုဆိုးတာ .."

"ဒါဆိုပြီးတာပဲ .. မင်းနဲ့ငါက ဘာအပေးအယူမှ မရှိတော့ဘူးပေါ့ .."

"နေဦး .."

ခြား က တကယ်ပဲ ပြတ်သားစွာထွက်သွား၏။ သူမ ရပ်ကြည့်



မနေနိုင်ပေ ..။

"ရှင် ခိုင်းစရာရှိတဲ့တစ်ခုက ဒီဆေးသောက်လိုက်ရင် ပြီးသွားမှာလား .."

"ဘယ်ပြီးမလဲ မင်းကိုငါ ဘာမှမှ မခိုင်းရသေးတာ၊ ဒီမှာ ရှေ့ပါးအခ် ဒီဆေးကို မင်းသောက်လိုက်ရင် အရက်မူးသမားပုံစံ မင်းသွားရုံပဲ .."

"မူးယစ်ဆေးတွေ ပါနေသလား .."

"မင်းရှေ့မှာ ရပ်နေတာ ဆရာဝန်၊ ဆေးသမားမဟုတ်ဘူး .. မေးခွန်းတွေလျှောက်မေးမနေနဲ့၊ မင်းကို လိုအပ်လို့တိုက်နေတာ .."

"မရှင်းတာကိုတော့ မေးရမှာပဲ .. တစ်ခုယူချင်ရင်တစ်ခုပေးရမယ်ဆိုတာ လက်ခံတယ်၊ ရှင် ဘာတွေခိုင်းမလဲ .. ဘယ်နှစ်ခုလောက် ခိုင်းမလဲဆိုတာ ဘာမှမသိရဘဲနဲ့တော့ .."

"ကောင်းပြီ .. မင်းခိုင်းမှာကို ငါလုပ်ပေးလို့မရဘူး၊ ဒါဆိုရင် မင်း လက်ခံလား .."

"ဘယ်လို .."

"အခု .. ဒီဝိညာဉ်ကို မင်းတွေ့ရပြီဆိုရင် မင်း ဖြစ်ချင်တာဖြစ်နိုင်ဖို့ ခြောက်ဆယ်ရာနှုန်းသေချာသွားလိမ့်မယ် .."

ပါး က ဘာမှမမေးဘဲ ရှုးစိုက်ငြိမ်သက်နေ၏။

"ဘာဖြစ်လို့လဲ မင်း သိချင်တယ်မို့လား .."

"ဟုတ်တယ် .. ကျွန်မ သိရမှာဖြစ်မှာ .."

"ငါက ပရလောကနဲ့ ဆက်သွယ်နိုင်တဲ့လူဆိုပြီး မင်း ယုံကြည်လို့ လာခဲ့တာမဟုတ်ဘူး၊ ငါကလည်း ဒါကို ကြွားဝါးပြောချင်နေတဲ့လူ မဟုတ်ဘူး၊ ငါ့ကျမှ ဒီလိုတွေ လာကြုံနေတာကိုပဲ မချင့်မရဲဖြစ်နေတာ၊ အဲဒီတော့ ငါ့ဆန္ဒကိုပြောရမယ်ဆိုရင် မင်းလိုလူရော ငါ့လိုဖြစ်နိုင်ဘူးလားဆိုတာပဲ .."

ဒါ သဘာဝကျသလား ..၊

"သဘာဝမကျတာတွေ ငါ့မှာ ဖြစ်နေတဲ့အတွက် သူများတွေ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားနိုင်သလားဆိုတာ သိချင်လာတာလေ၊ သဘာဝမကျတာ ဘာရှိလို့လဲ .. အဲ .. မင်းနိုင်းတဲ့ကိစ္စအတွက် ပြောရမယ်ဆိုရင်တော့ ..”

ခြား စကားရပ်သွားပြီး ...၊

“တိတ်တိတ်နေစမ်း .. ယောက်လူ ..”

ဟင်!...၊

ပြောလိုက်ပုံက ဒီသရဲ ခြံစည်းရိုးနားကို ရောက်လာပြီဆိုတာ သိသာစေလျက် မျက်လုံးဝေ့ကြည့်တော့ ခပ်ငုံ့ငုံ့မို့ ‘တွားလာနေပြီ’ ဆိုတာနှင့် ဆက်စပ်ကာ ကြက်သီးတွေထလာ၏။

“သူ့ စကားပြောချင်လို့ ဒေါပွနေပြီ .. မင်းကို ငါ ခိုင်းမယ်ဆိုတာက သူ ငါ့ကို အကူအညီတောင်းနေတဲ့တစ်ခုခုကို မင်းက လုပ်ပေးဖို့..”

“ဒါဆိုလည်း ရှင် မေးလိုက်လေ၊ ဘာဖြစ်ဖြစ် ကျွန်မ ဖြစ်အောင်လုပ်ပေးမယ် ..”

“မရဘူး ..”

စကားပြောရင်း ခဏခဏလှည့်ကြည့်နေပုံက ဟိုသရဲဘာတွေလုပ်ပြနေသည်မသိ ...၊

“မင်း အဲ့ဒီလောကနဲ့ ဆက်သွယ်ဖို့ကြိုးစားနေတာမို့လား .. မင်းကို ငါ လုပ်ပေးလို့မရဘူး၊ မင်းကိုယ်တိုင်ပဲ ကြိုးစားရမှာ ..”

“အို .. ကျွန်မက ရှင်မှမဟုတ်ဘဲ ..”

“မင်းကလည်း ဝိညာဉ်တစ်ကောင် မဟုတ်ဘူး ရွှေပါးအစ်၊ သူတို့အကူအညီတောင်းကြတာတွေ ငါ ဆောင်ရွက်ပေးခဲ့ဖူးတယ်၊ လူတစ်ယောက်က ဝိညာဉ်ရာခိုင်းတာ မင်းနဲ့မှ ပထမဆုံးပဲ .. အဲဒီတော့ မင်းထပ် ငါပိုသိတဲ့အတွက် မင်းကိုကူညီပေးနိုင်တယ်၊ ဒါပေမယ့် သူတို့နဲ့တော့ မင်းကိုယ်တိုင်တွေ့ရပြောရမှာ ..”

“ကျွန်မ မမြင်ရဘူးဆိုရင်ရော ..”

“ဒါ သောက်ပြီးမှ ပြော ..”

နောက်ထပ် သူ ပြောလာတော့ ပါး ဆတ်ခနဲခေါင်းညိတ်ကာ ပုလင်း



အဖုံးလေးဖွင့်၍ တစ်ခါတည်းမော့သောက်ပစ်လိုက်သည်။ လည်ချောင်းထဲမှာ ခါးသက်ပြီး ရှတတကြီးလျှောဆင်းသွား၏။

ခြား က ခပ်နွဲ့နွဲ့ခါးထောက်ပြီး စိုက်ကြည့်နေ၏။ ဆေးကို မျိုချပြီးသည်နှင့် ပါး က ပတ်ဝန်းကျင်ကို လှည့်ပတ်ရှာတော့သည်။ မျက်လုံးရော ခေါင်းပါ နှစ်ပတ်လောက်ဝေ့ပြီးမှ ပြန်ကြည့်၍ ...၊

“ခု ဘာဖြစ်မှာလဲ ..”

“မသိဘူး ..”

ပြောပြီး ခြား က လက်ပိုက်လိုက်သည်။

“ရှင်က စိတ်ပြေနပြေ စောင့်ကြည့်ဖို့ အစီအစဉ်နဲ့လား ..”

“စောင့်မကြည့်လို့ ငါက ဘာလုပ်နိုင်မှာလဲ .. ဆေးရှိန်တက်လာရင် မင်း ဘာထူးခြားလာသလဲ မင်းကိုယ်မင်း ပြန်စစ်ရမှာ .. ဘာမှမထူးခြားပဲ ..”

ပါး မကျေမနပ်ဖြစ်သွားသည်။ ပတ်ဝန်းကျင်က လေလေးသော်မှ မဖြူးတော့ဘဲ လုံးဝငြိမ်သက်တိတ်ဆိတ်နေ၏။ သရဲမြင်ရအောင် ဆေးတိုက်လိုက်တာမှန်းသိထားသောကြောင့် ဘာဆေးဆိုတာမသိ၊ ယုံကြည်ခဲ့တာလည်းမဟုတ်ဘဲ မှောင်ရိပ်ထဲမှာ လှည့်ပတ်ရှာနေမိရင်း ရင်ခုန်သံတွေက ညင်သာစွာ ဆူညံလာ၏။

ကြောက်စိတ်ဝင်လာတာကို မသိစေချင်ပေမယ့် ရင်ခုန်နေတာကို ထိန်းချုပ်ရင်း ချိုးနှိမ်ခံထားရခြင်းက တစ်ဖက်၊ ရှန်းကြွဆူညံလာတာကိုလည်း ထိန်းရခက်နေကာ ...၊

“ကျွန်မ စိတ်မရှည်တော့ဘူး ..”

“မင်း ကြောက်လာတာ ..”

“ကြောက်ကြောက် မကြောက်ကြောက် ..”

မျက်လုံးထောင့်မှာ အရိပ်တစ်ချက်မြင်လိုက်သဖြင့် ဖျတ်ခနဲလှည့်ကြည့်မိစဉ် ခေါင်းထဲမှာ ရီတီတီဖြစ်နေတာကို သတိထားမိလိုက်သည်။

“ကျွန်မ တစ်ခုခု ထူးခြားလာသလိုပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"မင်း ထူးခြားလာတာကို ငါ မသိချင်ဘူး၊ တစ်ခုခုမြင်လာရတယ် ဆိုတာပဲ ကြားချင်တာ .."

"ဘာမှ .. ဟင်!.."

သူမနဲ့ နီးနီးလေးမှာ ...၊

"အား ..."

ကိုယ်ကလှည့်ကြည့်လိုက်တာလား သူက ကိုယ့်မျက်နှာရှေ့ရောက်လာတာလား မသိ ...၊

နှာခေါင်းလည်းမပါ၊ နှုတ်ခမ်းသားတွေလည်းမရှိပဲ သွေးစီးကြောင်းတွေနဲ့ ပိန်ချုံ့နေသော မျက်နှာကြီး ...၊

ဘယ်လိုကြိုတင်ကြံစည်မှုမှမပါဘဲ ပါး သူ့ရင်ခွင်ထဲရောက်သွားခဲ့၏။ ပြီးတော့ တရိပ်ရိပ်မူးနေသည်။ ရင်ခုန်သံတွေက စည်တီးသလို ဆောင့်ခါတုန်ယင်နေ၏။

"ဒီပုံစံနဲ့များ မင်းက ဝိညာဉ်နဲ့ စကားပြောဦးမယ် ဟုတ်လား.."

သူ့စကားသံကြောင့် ပါး သတိဝင်လာသည်။ ယောကျ်ားတစ်ယောက်ရဲ့ ကျောပြင်ကို သိမ်းကျုံးဖက်၍ ရင်ခွင်မှာ မျက်နှာအပ်ပြီး ကြောက်လွန်းလို့ ပုကပ်နေရမည့် ဒီလိုအဖြစ်မျိုးကို အတိတ်မှာလည်း မရှိခဲ့၊ ပစ္စုပ္ပန်မှာလည်း မယုံနိုင် ...၊

ထိုစဉ် ခြား က သူမ ပခုံးလေးနှစ်ဖက်ကိုကိုင်ပြီး ရင်ခွင်ထဲက ဖယ်လိုက်၍ ...၊

"သူ မင်းနဲ့ ပြောရတော့မှာကို သိသွားလို့ မင်းကို စိတ်ဝင်စားနေပြီ၊ ဘယ်လိုလဲ .. မကြည့်ရဲတော့ဘူးလား .."

ပါး ကိုယ့်စိတ်ကိုမြှင့်တင်၍ အသက်ဝဝရှူလိုက်သည်။ လူကပို၍ ပေါ့ပါးနေတာလား၊ ပတ်ဝန်းကျင်က ပို၍ ကြည်လင်လှပနေတာလား...၊

ဒါမှမဟုတ် မြင်မြင်သမျှအရာရာက ကြီးကျယ်ခမ်းနားနေသည်လား...၊

ကိုယ့်ကိုယ်ကိုယ် အထင်မြင်သေးမခံနိုင်သည့် မာန်မာနတွေနှင့် အဆိပ်တက်လာတာ သတိမထားမိ ...၊



"ဘယ်မှာလဲ .."

"မင်းရဲ့ဘေးက အုတ်တိုင်ကိုလှမ်းကြည့်လိုက် .."

မြင်ရပြီ ...၊

ခေါင်းက မြင်မကောင်းအောင် ရှည်နေသည်။ သွားတွေက သွေးစအွန့်ထဲမှာ ပြူးပြနေသဖြင့် မျက်လုံးကြီးပြူးထွက်နေသလောက် ကြည့်ရဆိုးနေသည်။

"ကျွတ် .."

ဒါ ကြောက်စရာမဟုတ်ဘူး ...၊

ကိုယ့်စိတ်ကိုတင်းရင်း၊ ခေါင်းခါ၍ မျက်လုံးတွေခဏမှိတ်ထားလိုက်သည်။ ဒီလူ လေးဘက်ထောက်ကျသွားလိုက် ခရိုခယိုင်ပြန်ထရပ်လိုက်နှင့် မြေပြင်မှာပဲရှိနေသေးတာပါ။

ဒါဆို ခုနက မျက်နှာရှေ့မှာ သူ့မျက်နှာကြီး ဘာလို့ ကပ်ပေါ်လာတာလဲ ...၊

ဒါ တကယ်မဟုတ်ဘူး ပါး ...၊

သေချာတယ် နင့်စိတ်တွေကို ဒီလူ မူးယစ်အောင်ဖန်တီးလိုက်တာ...၊

သူမ စိတ်တွေ ပေါ့ပါးနေသည်။ မြင်နေရသည့် ပြူးတူးပြဲတဲကဘာတွန်းရုပ်ကြီးလိုလို ...၊

"သူက ဘာလဲ .."

"ဟော့ .. ပြောလိုက် .."

ခြား က မေးဆတ်အချက်ပေးပေမယ့် ဝိညာဉ်က ခြံထဲဝင်လာဖို့ပဲ အပေါက်ရှာနေ၏။ လေးဘက်တွားသွားသည့်အခါ ခေါင်းကိုမြေကြီးမှာ ဖြုတ်ချထားခဲ့တော့မလိုရှိကာ ထရပ်လိုက်လျှင် ထောင့်မှန်ချိုးလောက်မှာဝဲ ခါးက ပြန်ကုန်းကျ၏။

ထိုင်ကျသွားလိုက်၊ ပြန်ထရပ်လိုက်နှင့် ဝိညာဉ်ကို စိုက်ကြည့်နေရင်း ပါး ရှေ့ကိုတိုးသွားမိ၏။

"နင်က ဘာဖြစ်လာတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါထပ်မေးတာလည်း မဖြေနိုင်ပေ၊ လက်ညှိုးတော့ ထိုးပြနေ၏။ လိုက်ကြည့်ပေမယ့် ဘာမှလည်းမရှိ ...၊

"ဘာပြတာလဲ .. နင် ဘာလုပ်စေချင်တာလဲ .."

ဝိညာဉ်က ခြား ကို လှမ်းကြည့်သည်။ ပြီးတော့ ခြံတိုင်တွေပေါ် ကုတ်တွားတက်ဖို့ ကြိုးစားနေပြန်သည်။ ထို့ပြင် သံတိုင်းတွေအောက် မြေကြားထဲကနေ လက်ကြီးတစ်ဖက်ရှည်ထွက်လာပြီး ပါး ရဲ့ ခြေထောက်ကို ဖမ်းဆွဲ၏။

"ဘာလုပ်တာလဲ .. အ ..."

နောက်ဆုတ်ရှောင်လိုက်မိစဉ် မြေကြီးလုံးကြီး ခြေထောက်နဲ့တိုက်မိပြီး ဖင်ထိုင်လဲသွား၏။ သူမ ခေါင်းတွေ တရိပ်ရိပ်မူးနေကာ တော်တော်နဲ့ မထနိုင်ခဲ့ ...၊

"ရွှေပါးအံ့ပ် .. ဟော့ .."

"ဟင် ..."

မျက်လုံးတွေ သေချာဖွင့်နိုင်လာတော့ သူမ ခြံထဲမှာမဟုတ်တော့ဘဲ နူးညံ့အိစက်သည့် မွေ့ရာထက်မှာဖြစ်နေခဲ့လျက် ...၊

"ကျွန်မ .."

"အရမ်းမူးနေသေးလား .."

"အင်း .. ရပါတယ် .."

အိပ်ရာပေါ်မှာ ထထိုင်လိုက်ရင်း မျက်တောင်တွေဖိခတ်ပစ်မိ၏။ ပြီးတော့ ဆံပင်တွေခါသွားတဲ့အထိ ခေါင်းကို နှစ်ချက်လောက် ခါပစ်လိုက်၏။

"ဟော့ .. ဒီလောက်မလုပ်နဲ့လေ .. မင်း တစ်ကိုယ်လုံး အနာတရ ဖြစ်ထားတာ အကင်းသေသေးတာမဟုတ်ဘူး .."

စိုးရိမ်စိတ်နှင့် တားလိုက်ပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ..

"ဆောရီးပါ .. ငါ မှားသွားတာ .."

သူ ဘာကိုတောင်းပန်တာမှန်း ပါး သိသည်။





"မင်း နေမကောင်းဘူးဆိုတာ သိထားရက်နဲ့ .."

"ရပါတယ် .. ကိစ္စတွေမြန်မြန်ပြီးကြဖို့က အရေးကြီးနေတာ .. ကျွန်မ နားလည်ပါတယ် .."

ခြား က တင်းနေသည့်မျက်နှာလေးကို စိုက်ကြည့်၏။ ဖွေးနေသည့် မီးရောင်အောက်မှာ သူမပါးပြင်လေးတွေက မီးနီထိုးထားသလို ရဲရဲဝင်းစက်နေ၏။ မျက်ခုံးတန်းလေးတွေ ထူနက်နေကာ မျက်မှောင် ကုတ်ထားပေမယ့် အလှမပျက် ...၊

"ဟုတ်တယ် .. မင်းနဲ့ငါ အဲဒီအတိုင်း အလုပ်လုပ်ကြဖို့ သဘောတူခဲ့ကြတာ၊ ဒါပေမယ့် အခု ငါ လွန်သွားတာသိတယ်၊ မင်းဘယ်လောက်ထိ လိုအပ်နေသလဲဆိုတာကို နားလည်သွားတဲ့အတွက် တောင်းပန်တာ.."

ပါး က မျက်နှာထားနည်းနည်းလေးမှ လျှော့မသွားဘဲ ခပ်တည်တည်လေးပြန်ကြည့်၏။

"မလိုဘူး ခြား .. ကျွန်မက ယောကျ်ားတွေနဲ့ ရန်ဖြစ်နေရတာကို ငါသနာပါတယ် .."

"ဘာ ..."

"လိုရင်းတိုရှင်းပဲ ကောင်းပါတယ် .."

"ဟိတ် .."

ပါး က ခုတင်ပေါ်က ဆင်းလိုက်လျှင် သူ မတ်တပ်ရပ်လိုက်ပြီး သူမရှေ့မှာ ကာဆီးထားလိုက်၏။ အချိုးတူအေးစက်နေကြသည့် မျက်ဝန်းတို့ နီးကပ်စွာ ဆုံဆည်းမိကြလျက် ...၊

"မင်းကို ဒုက္ခရောက်လာတဲ့ မိန်းကလေးတစ်ယောက်အဖြစ် နားလည်ယုံကြည်ပေးဖို့ ငါကိုယ်ငါ တော်တော်ကြိုးစားလိုက်ရတာ .."

ပြောနေရင်း နှုတ်ခမ်းတွေစေ့ပြီး မျက်နှာက ပိုငုံ့လာကာ ...၊

"မင်း ဘယ်လောက်ထိ လုံ့လစိုက်နေသလဲဆိုတာ ငါကိုယ်တိုင် မြင်လိုက်ရတဲ့အတွက် မင်းရဲ့ဒုက္ခကို နားလည်လိုက်နိုင်တယ်၊ ပြောချင်တာက အဲ့ဒါပဲ ရွှေပါးအံ့ပ် .. ငါက မင်းထင်နေတဲ့ ယောကျ်ားမျိုးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘူး ..”

“မဟုတ်ရင် ရှင် စိတ်တိုနေဖို့မလိုပါဘူး၊ ကျွန်မ ဘာလိုအပ်နေသလဲဆိုတာ ရှင် သိသွားပြီဆိုတော့ အဲ့ဒီ ဝိညာဉ်ကိစ္စ ရှင် ကူညီလို့ရပြီလား ..”

“မင်း .. ဘာပြောချင်တာလဲ ..”

“ရှင့် စကားတွေ မတည်ငြိမ်တာကို တွေးကြည့်တာပါ၊ ကျွန်မ ဘာသာ ကြိုးစားရမှာမို့ ပြောခဲ့တယ်၊ အခု ရှင် နားလည်သွားပြီဆိုတာက ..”

“နားလည်မှုနဲ့ ပူးပေါင်းတာနဲ့ ခြိမ်းခြောက်ဟိန်းဟောက်ပြီး ဆွဲချုပ်ခေါ်တာ ဘယ်ဟာက ပိုကောင်းမယ်ထင်လဲ ..”

ပါး အသံတိတ်သွားသည်။ သူက ခပ်မှဲ့မှဲ့ပြုံး၍ တစ်ဖက်လှည့်ရပ်ကာ ..၊

“မင်းကို ကူညီမယ်လို့ ငါ ဆုံးဖြတ်လိုက်တာ မင်း မပါလို့မရဘူး..”

“ဟွန်း ...”

ပါး ရဲ့ ဟွန်းခနဲ မဲ့သံကြောင့် သူပဲ ကြည့်ကာ ..၊

“ဘာကိုလဲ ..”

“ရှင် လက်တစ်လုံးခြား ညာလိုက်တာ သိသာလို့လေ ..”

မျက်မှောင်ကုတ်သွားသည့်မျက်နှာကို ပါး က ခပ်ထေ့ထေ့စိုက်ကြည့်ပြီး ..၊

“ထားလိုက်ပါ .. ခုထိ ရှင် ကျွန်မကို မကျေနပ်ချက်တစ်ချို့ရှိနေဆဲပဲဆိုတာ ကျွန်မကလည်း နားလည်ပြီးသားပါ၊ အဲ့ဒါကြောင့် အပိုတွေ မပါကြေးလို့ ကျွန်မ ကြေညာခဲ့တာ ..”

ခြား ရဲ့ မျက်နှာ နီမြန်းလာ၏။

“ရှင့် စေတနာမေတ္တာ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ နားလည်လည် မလည်လည် ကျွန်မ လိုချင်တာက ဝိညာဉ်တစ်ကောင်ကို ရှင် ရှာဖွေပေးဖို့ပဲ အဲ့ဒီအတွက် ရှင့်ဆီက ဘာမှမလိုဘူး၊ သရဲခေါ်နိုင်တဲ့လူ



ကို သရဲခေါ်ခိုင်းတဲ့ကိစ္စက ဘာဖြစ်လို့ ဒီလောက်ရှုပ်ထွေးနေတာလဲ..”

“သရဲခေါ်နိုင်တဲ့ လူတွေအများကြီးပဲ မင်း သူ့တို့ဆီသွားပါလား..”

“ကလေးဆန်လိုက်တာ ခွဲခြား ရယ် .. သရဲခေါ်တဲ့နည်းတွေ ကျွန်မသည်း တတ်တာပဲ .. ကလေးတွေ စားပွဲတစ်လုံး ခေါက်ရမ်းပန်းတစ်ပွင့်နဲ့ဝဲ သချိုင်းမှာ သရဲခေါ်ပြီး ကွေးအောင်ကခိုင်းမလား လွယ်လွယ်လေးဝဲ .. ရှင် ဘာဖြစ်လို့ ဒီလိုတွေကတ်ဖဲ့ပြောပြီး ကလေးဆန် ...”

“ရွှေ .. ပါး .. အပ် ..”

ဒေါသကို ဘယ်လိုမှထိန်းမရတော့ဘဲ ပါး ရဲ့ ပခုံးလေးနှစ်ဖက်ကို ဆောင့်ခနဲ ဆွဲခါပစ်မိကာ ..၊

“မင်း တော်လိုက်တော့ .. မင်းပါးစပ်နဲ့ရော လက်နဲ့ရော စော်ကားခဲ့တာတွေ ငါ့သိက္ခာတစ်ပြားသားမှ မရှိတော့ဘူး ..”

“ရှင် စိတ်ထဲရှိတဲ့အတိုင်း တစ်လုံးတစ်ခွ ပြောတတ်သလို ကျွန်မသည်း စိတ်ထဲရှိသလိုပြောတာလေ ..”

ပါး က ပက်ခနဲပြန်ပြောပြီး သူ့လက်နှစ်ဖက်ကို မျက်တောင်ဖျားလေးတွေ စိုက်ချကြည့်၍ ..၊

“ရှင့်လက်တွေ ဖယ်လိုက် ခြား ..”

“ဟွန်း .. ငါ ဖယ်ပေးလိုက်ရင် မင်းရဲ့ လက်စွမ်းလက်စကို သိထားလို့ ကြောက်နေတယ်ထင်သွားမှာပေါ့ ..”

“ရှင် မဖယ်ဘူးလား ..”

“နိုး ..”

“အ ...”

“ဘုန်း ...”

သိုင်းသမားမဟုတ်သည့်အတွက် သူမလော်ကတော့ မမြန်..။

သို့သော် လက်ကို လိမ်ချိုးခံလိုက်ရသည်နှင့် လူက ကောသန်သွားသည့်အတိုင်း သူမ ကိုယ်ပေါ်ကို ထပ်ဖိ၍ လဲ့ပစ်လိုက်သည်။

နှစ်ယောက်စလုံး ကြမ်းပြင်ပေါ်လဲကျသွားကြကာ သူမက အောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ပက်လက်လေးဖြစ်လျက် သူမရဲ့ ရင်ဘတ်ပေါ်မှာ ခြား ရဲ့ ကျောပြင်ကြီး...

"တောက် .."

တစ်ကိုယ်လုံး စူးအောင့်နာကျင်သွားပေမယ့် ပါး တက်ခေါက်ကာ သူ့ကိုယ်ကြီးကို လှိမ့်ချပစ်လိုက်သည်။ သို့သော် ခြား က တမင်လှိမ့်ထွက်လိုက်တာနှင့် ထပ်တူဖြစ်သွားခဲ့ပြီး သူမဘက်က တစ်ဖက်သက် လုပ်ကွက်မဟုတ်တော့ပေ ..။

ခြား က ပက်လက်ပြန်ဖြစ်သွားကာ ခြား ရဲ့ ရင်ဘတ်ပေါ်မှာ သူမ မှောက်လျက်ပြန်ကျ၏။

ထို့ပြင် ခြေချင်းထပ်ချိတ်ကာ သန်မာစွာဆွဲချုပ်ပစ်လိုက်သည့် လက်ထဲမှာ သူမ ..၊

"ရှင့် .."

"မင်းလို ပညာမတတ်ပေမယ့် ငါက ယောကျ်ား .."

"တောက် .."

"မင်း မေ့သွားတယ်ထင်တယ် .. ဆင်ပြောင်ငါးစီးအားမာန်ကြီးတဲ့ မိန်းမဆိုတာ ဗီသာခါကျောင်းအစ်မကြီးတစ်ယောက်ပဲရှိတယ် .."

မျက်နှာနှစ်ခုက ထိဆက်တော့မတတ် နီးကပ်နေ၏။ ပါးရိုးလေးနှစ်ဖက်မှာ ဆံနွယ်လေးတွေ အုပ်ကွယ်ကျနေလျက် မျက်နှာလေးတစ်ခုလုံးက မှောင်ရိပ်ကျနေသည်။

သို့သော် တလက်လက်စူးတောက်နေသော မျက်ဝန်းလေးတွေက နေ ဒေါသ၏ ရေအဆူအမှတ်ကိုပြနေ၏။ အံကြိတ်ရုန်းနေလေ ပို၍ တင်းကျပ်သွားလေဖြစ်နေသော သူ့လက်တွေကြောင့် ခုနေသာ လွတ်မြောက်သွားခဲ့လျှင် သူမ ဘယ်လိုတုံ့ပြန်လာမလဲဆိုတာ မတွေးရဲစရာ..

"ခွဲခြား .."

"သိတယ် .. ငါ မင်းကို တမင်အနိုင်လိုချင်လို့မဟုတ်ဘူး၊ ဒါပေမယ့် မင်းချည်းပဲ ဒေါသမာနတွေရှိနေတာ မဟုတ်မှန်းတော့ သိစေချင်တယ် .."



"နေရောင်ထိုးမှ မှန်က အရောင်ပြန်တာ .. ရှင့်ပါးစပ် တည်တည်ခန့်ခန့်နေဖို့ကျတော့ ရှင် နားမလည်ဘူးလား .."

"ဟား .. စကားပြောနေပြီဆို ကိုယ့်ဘက်က မှန်တာမှားတာ ပြန်မပြောဘဲ နေလို့ရသလား၊ မင်းစကားကို ငါ ဖြေနေတိုင်း စကားနိုင်သူတယ်ချည်းထင်နေတာတော့ မင်း ရန်လိုနေတာပဲ .."

"ဟုတ်တယ် ရှင့်ကို အဲ့ဒါဟုတ်ပါတယ်လို့ ကျွန်မပြောခဲ့တာ ရှင် မကြားလိုက်ဘူးလား .."

ပြောရင်း အတင်းဆောင့်ရုန်းသည်။ ဘယ်လိုမှ လှုပ်မရအောင် ပိတ်ချုပ်ထားသဖြင့် ရုန်းလေကျပ်လေ ..၊

"ရှင် အဲဒီလို အသားယူတတ်တဲ့လူမျိုးမှန်း ကျွန်မ အသိနောက်ကျသွားတယ် .."

ခြား မျက်နှာ ရဲခနဲဖြစ်သွားသည်။

"ဟုတ်လား .. မင်း မသိသေးတာကိုပြောပြဦးမယ်၊ ယောကျ်ားတွေရဲ့စိတ်ကို ယုတ်မာချင်အောင် နှိုးဆွတဲ့ စကားမျိုး ဘယ်သူတွေပြောတာလဲ သိလား .."

ပါး ကိုယ်လေး တောင့်တင်းသွားသည်။

"မင်း ငါ့ကို နာကျင်အောင် အကြိမ်ကြိမ်လုပ်ခဲ့တယ်၊ နှလည်းသိတယ်၊ ဒါပေမယ့် ငါကတော့တော်တော်သည်းခံထားခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ်ထင်တယ်၊ ဒါပေမယ့် မင်းက ယုတ်မာတယ်လို့ပြောနေတော့ .."

"အား ..."

ဖျတ်ခနဲ လှိမ့်ပစ်လိုက်သည်နှင့် ပါး သူ့ရင်ခွင်အောက် ရောက်သွားလေသည်။

"ရှင် .. ရှင် မညစ်ပတ်နဲ့ .."

"နောက်တစ်မှု တိုးသွားပြန်ပြီ .."

"ရှင့်ကိုစွပ်စွဲနေတာမဟုတ်ဘူး .. ဒါပေမယ့် မိန်းကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ရှင် မရမကချုပ်ပြီး အနိုင်ယူပြနေတာမဟုတ်လို့လား ..."

"ဘာကွ ..."

သူ ရယ်တော့ နှုတ်ခမ်းကလေးငွေ့ငွေ့တို့၏ ရိုင်းပျစွာ ထိခတ်ကျီစယ်ခြင်းက ပါး တစ်ကိုယ်လုံးကို ရေနွေးပူတွေနဲ့ လောင်းချနေသလိုပင်...

ထို့ပြင် သူ့မျက်နှာငုံ့ကျလာပုံက ...၊

"ရှင် .. ရှင်နော် .."

မျက်နှာကို လည်ပင်းကျိုးမတတ် လွှဲထားလိုက်လျှင် လည်တိုင်မှာ ပူနွေးနေ၏။ ဒါပေမယ့် သူ မထိတထိတမင်ဒုက္ခပေးနေတာပဲဖြစ်၏။

"မင်းက မိန်းကလေးမို့ ငါက ညှာတာရမယ်ပေါ့၊ ဟွန်း .. မင်းကို ညှာရင် ငါ နာဦးမှာပဲ၊ ဒီလိုဆွဲချုပ်ထားတာတောင် မြွေလည်ပင်းကိုတက်နင်းထားမသိလိုမျိုး ငါလွှတ်လိုက်ရင် မင်းလက်က ငြိမ်နေမှာ မဟုတ်ဘူး .."

"လွှတ် .."

"ကိုယ်နဲ့ ကျေအေးမလား .."

"လွှတ်လို့ပြောနေရင် လွှတ်ပေါ့ .."

"အခု ရန်မဖြစ်ဖို့ ပြောနေတာမဟုတ်ဘူး၊ လုပ်ဖို့ရှိနေတဲ့ကိစ္စအတွက် ရန်တကျက်ကျက်ဖြစ်မသွားချင်တာ၊ မင်း မျက်နှာပေါ်ကဓား၊ လှံ၊ လက်နက်ရောင်တွေ ထွက်နေလို့ .."

"အဲ့ဒါအတွက် ချုပ်နှောင်အကျပ်ကိုင်ပြီးမှ ကတိတောင်းနေတာ ရှင် မရှက်ဘူးလား .."

"မရှက်ပါဘူး .. မင်းက အဲ့လို မိန်းမပဲဟာ .."

"တောက် .."

"အခုကပြောနေတာ အဲ့ဒီအသံမျိုးတွေ နောက်ထပ်ထွက်မလာဖို့-"

ဒီလို အခွင့်အရေးမျိုး ရှင် နောက်ထပ်ရဦးမှာလို့များ ထင်နေသေးလား ခြား ...၊ ဝေးသေးတယ်၊ ယောက်ျားတစ်ယောက်ရဲ့ အင်အားနဲ့ မာနကို ကျွန်မ မေ့သွားခဲ့တာ ...။



ပြီးတော့ ရှင့်ကို အထင်သေးလိုက်မိတာ ကျွန်မ အမှား၊ ဒါမျိုးနောက်တစ်ခါဆိုတာ ထပ်မရှိစေရဘူး ...၊

"မင်းကို နောက်တစ်ခါ အနိုင်ယူနိုင်ဖို့ မသေချာဘူးဆိုတာ ငါသိတယ်၊ ဒါပေမယ့် အကယ်၍များ ဒီလို ထပ်ရှိခဲ့ရင် မင်းကိုငါ အသာလေး လွှတ်ပေးလိုက်မှာ မဟုတ်ဘူး၊ နောက်ထပ် မသေချာတာတစ်ခု မင်း မှတ်ထားဖို့ပြောပြကာ .."

တစ်ခါတည်း လဲသေလိုက်တော့ ...၊

နှုတ်ခမ်းလှုပ်ရုံ အံကြိတ်တက်ခေါက်ရင်း ပါး တနုံ့နုံ့ဖြစ်ကျန်ရစ်၏။ ပြီးတော့ သူ့ နှုတ်ဖျားက လေငွေ့နွေးတို့ စွဲထင်ကျန်ရစ်ခဲ့သလိုမျက်နှာနဲ့ လည်တိုင်တစ်ဝိုက်ကို ပွတ်သပ်ဖျက်ချရင်း မကျေနပ်နိုင်...

ထို့ပြင် ကိုယ့်ကိုယ်ကနေ သူ့ရဲ့ ကိုယ်နံ့တွေ ထွက်နေတာလား...

"ဒုန်း .."

ခွေးခြေပုလေးကို လျှောတိုက်လွင့်သွားအောင် ကန်ထုတ်ပစ်မိကာခေါင်းထဲမှာ မိုက်ခနဲဖြစ်သွား၏။ မွေ့ရာပေါ်မှာ တအိအိထိုင်ချလိုက်ပြီးမျက်လုံးတွေကို မှိတ်ထားရသည်။

အဲဒါ သတိမမူဦး၊ သူများကို အထင်သေးဦး ရှေ့ပါးအပ် ...၊

ရန်သူကို ရန်သူလိုပဲ သဘောထား၊ ဘယ်လိုလူပဲဖြစ်ဖြစ် ဘယ်တော့မှ အထင်မသေးနဲ့ ...၊

ခဏခဏ တက်ခေါက်နေရင်း ပြန်ထရပ်မိသည်။ ခေါင်းတွေမူးနေကာ ကိုယ်မှာ အပူငွေ့တွေပျံ့နေသလိုပင် ...၊ ထို့ပြင် ချွေးစေးတွေလည်း ထွက်နေ၏။

နာရီကိုကြည့်တော့ မနက်သုံးနာရီ ...၊

ဒီအင်္ကျီတွေမှာ သင်းရဲ့ ကိုယ်နံ့တွေစွဲနေတာ မခံနိုင်တော့ပေ ...အင်္ကျီပဲ ချွတ်လဲလိုက်လို့ရပေမယ့် ဒေါက်တာစောကောသီ ရဲ့အင်္ကျီတွေပဲရှိတာမို့ စိမ်းသက်တဲ့ ကိုယ်နံ့တွေချည်းပဲ ဘာထူးမှာလဲ ...၊

မဝတ်ရသေးဘူးဆိုသည့် ညအိပ်ဝတ်စုံနှစ်စုံကတောင် ပရုပ်ဆော်

www.burmeseclassic.com

www.burmeseclassic.com



တွေ နံနေသေးသည်။ ဖြစ်ချင်ရာဖြစ် တဘက်စောင်ဆွဲကာ ရေချိုးခန်း ဘက်ထွက်ခဲ့၏။

"မစားနဲ့တော့ .. တော်ကြာ မိုးလင်းတော့မှာ၊ တစ်ရေးနိုးစား သောက်တာမကောင်းဘူး .."

ခြား ရဲ့ စကားပြောသံကြောင့် ခြေလှမ်းရပ်လိုက်ပေမယ့် သားအဖ နှစ်ယောက်က ရေအိမ်ဘက်ကနေ ထွက်လာကြပြီမို့ မျက်နှာချင်းဆိုင် ပြီးသားဖြစ်သွား၏။

"ဟင် .. အန်တီက အစောကြီးထလာတယ် .."

သူနဲ့ မျက်လုံးချင်းဆုံသွားပြီး ပါး ဆတ်ခနဲမျက်နှာလွှဲပစ်သည်။ ပို့ပို့ က ပါး လက်ပေါ်က ရေလဲတဘက်ကြီးကို သတိထားမိသွားလျက်..၊

"အန်တီက ရေချိုးမလို့လား .. နေလည်းမကောင်းသေးဘဲနဲ့ .."

ပါး က တစ်ခွန်းမှ ပြန်မဖြေဘဲ သူမတို့ကို ရှောင်ထွက်သွားလျှင်..၊

"အန်တို .."

ပို့ပို့ က ပါး ရဲ့ လက်ချောင်းလေးတွေကို မိမိရရဆုပ်ကိုင်ထားလိုက် ကာ ..၊

"ရေချိုးခန်းထဲက မီးပျက်နေတယ်၊ မီးမီး လိုက်စောင့်ပေးရမလားဟင်.."

"မလိုပါဘူး .."

လက်ကိုစောင့်ခါချပစ်ကာ ခြေလှမ်းကို ပိုကျဲပစ်လိုက်၏။ ခြား က ပို့ပို့ လက်လေးကို ခပ်ဖိဖိဆွဲယူလိုက်ပြီး ..၊

"သမီးကို ဖေကြီးပြောထားတယ်မို့လား .. ကိုယ့်ဘာသာနေတတ် အောင်နေဖို့ .."

"မီးမီး နေတတ်ပါတယ် .."

"နောက်တစ်ခါ ဘယ်သူနဲ့မှ အရောဝင်ဖို့မကြိုးစားနဲ့ .."

"အန်တီ့ကို မီးမီးက ချစ်တယ် .."

"ဘယ်နေရာတွေမှာ ချစ်စရာကောင်းနေလို့လဲ .. ဖေကြီးကို ဒေါသ ထွက်အောင် မပြောနဲ့ .."



"အန်တီက လုတယ် .."

"တော်တော့ .."

အော်ပစ်လိုက်ပြီးမှ စိတ်မကောင်းဖြစ်သွားမိသည်။

သမီးလေးခမျာ သူနဲ့ နှစ်ယောက်တည်းအတူရှိချိန်တိုင်းမှာ တစ် ကြိမ်မဟုတ်တစ်ကြိမ်တော့ အဆူအငေါက်ခံရတာပဲဖြစ်၏။ မကေ က ဆို ဒါကိုပြောလို့မဆုံး ..၊

"ကလေးကို မင်း မအော်ပါနဲ့ .. ပြီးတော့ သူ စိတ်ဝင်စားတာလေး တွေ မေးမြန်းတက်ကြွနေတုန်း 'တော်စမ်း တိတ်စမ်း' နဲ့ ပိတ်အော် ပစ်တာမျိုးတွေ ဘယ်တော့မှ မလုပ်နဲ့၊ စိတ်ရောဂါကုနေပြီးတော့ မင်း သိပ်ပြောရခက်တယ်သိလား .."

မကေ က ဒါတင်ပြောတာမဟုတ် ..၊

"ခုတော့ ကလေးက လူကြီးဖြစ်ပြီး လူကြီးက ကလေးဆန်နေတယ်၊ ဒီလိုဖအေမျိုး ဒီကလေးမို့ ချစ်နေတာ အံ့ရော .." တဲ့ ကလေးဆန်သည် လို့ ပြောခံရတာ ခံရခက်ပေမယ့် ပြောစရာဖြစ်နေတာမို့ မတတ်နိုင်..၊

ကိုယ့်သမီးလေးပေမယ့် "ဒီကလေးလောက် စကားတတ်ပြီး စပ်စု တတ်တာ ပြစရာမရှိ" ဘူးလို့ပြောချင်လာတဲ့အထိ စိတ်ညစ်လောက် အောင် မေးတာတွေကို သည်းမခံချင် ..၊

ထူးဆန်းစွာ ကြုံတွေ့လာရသည့် ဝိညာဉ်လောကနှင့် သူ့အဖြစ်ကို စိတ်တိုင်းမကျနေသမျှ ကာလသည် သူ့ဒေါသတွေက သမီးအပေါ်မှာပဲ အချိန်နေရာ မရွေး ..၊

ထပ်ပြီးတော့လည်း ပြောနေမိပြန်ပါပြီ ..၊

ရှေ့ပါးအပ် .. မင်းကြောင့် ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ဒဏ်ရာက အခြေအနေကောင်းနေသားရဲ့ ဘယ်လိုဖြစ်လို့ အဖျား မပြတ်တာလဲ .."

မွေ့ ရာပေါ်မှာ ပက်လက်လေးရှိနေသည့် ပါး က ဘယ်သူ့ကိုမှ မကြည့်၊ မေးတဲ့လူက မဖြေတော့ ခြား ကို မော့ကြည့်မိလျှင် ..၊

"ညက ရေထချိုးတာလေ .."

"ဘယ်လို .."

စောကေသီ နားကြပ်ဖြုတ်လိုက်ပြီး မျက်လုံးဝိုင်းသွား၏။

"ခုန နလံထစကို ညဘက်ကြီးရေချိုးရလား၊ ဘယ်အချိန်ကြီးလဲ.."

"သုံးနာရီကျော်နေမှ .."

မသိရင် ပြောဆိုမကောင်းသည့်ဇနီးဖြစ်သူအကြောင်း ဆရာဝန်ကို ပြန်တိုင်ပြောနေတဲ့ ယောကျ်ားလိုလို ..၊

"ဟင်း .."

စောကေသီ သက်ပြင်းချလိုက်မိကာ ကော့ညွှတ်သည့် မျက်တောင် များလေးတွေကို ဆားတိုက်ကနေကြည့်ရင်း ..၊

"မင်း ကိုယ့်ကိုယ်ကိုယ်မှ မညှာရင် ဒုက္ခတွေ့လိမ့်မယ် ရှေ့ပါးအပ်၊ ခု တို့ကလည်း ကျန်းမာရေးပညာပေးအတွက် ခရီးထွက်ရဦးမှာ၊ ခြား



နဲ့ မင်းက အဆင်ပြေတာမဟုတ်ဘူး၊ ပြေဖို့လည်းမရှိဘူးလေ .. ကလေး ကိုတောင်သူက စိတ်ရှည်တာမဟုတ်ဘူး .."

စောကေသီ က သူမတို့တွေ ဘာတွေဖြစ်ထားကြသလဲဆိုတာ ဘာမှမသိသေး ..၊

"ပြီးတော့ မင်းမှာလည်း ဆောင်ရွက်စရာကိစ္စ ရှိသေးတယ်မို့လား.."

ပါး မျက်နှာလေးပြေပြစ်သည့် ပုံစံနှင့် တည့်တည့်မတ်မတ်လေး လှည့်လာသည်။ မျက်လွှာချထားပေမယ့် ဘာမှာတော့ ပြန်မပြောသေး လေ ..။

"ပဒုမ္မာစံအိမ်ကလူတွေကလည်း .."

"တိ .. တိ .."

ခြံရှေ့က ကားဟွန်းသံကြောင့် စကားပြောလက်စက ပြတ်တောက် သွား၏။

"တို့ခြံရှေ့ကလား မသိဘူး .."

ခြား က ပြတင်းပေါက်ကနေ လှမ်းကြည့်ပြီးမှ ခေါင်းညိတ်ကာ..၊

"ဟုတ်တယ် .."

ခြံကလည်း သိပ်အကျယ်ကြီးမဟုတ်၊ ခြံစောင့်လည်း မရှိသော ကြောင့် ဧည့်သည်ဆို ကိုယ်တိုင်ဖွင့်ပေးရသည်။ ဒါပေမယ့် ဒီခြံကိုတော့ သူနဲ့ပတ်သက်သည့် ဧည့်သည်မလာခဲ့တာ ကြာပါပြီ။

အဘယ့်ကြောင့်ဆိုလျှင် ဒီခြံကိုပြောင်းလာခဲ့ပြီးမှ သူ ဒီမှာနေမှန်း သိတဲ့လူ သိပ်မရှိ ..၊

ခြံတံခါးနားရောက်တော့ ဆင်းလာသူတွေကို မြင်လိုက်ပေမယ့် ထိုလူတွေကို သူမသိ ..၊

"ဒေါက်တာ ခွဲခြား နဲ့ ဒေါက်တာ စောကေသီ တို့ရဲ့ အိမ်လား ကွယ် .."

"မဟုတ်ပါဘူး .. ဒါ ကျွန်တော့်အိမ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ဒေါ်ခင်ဝင့်လှိုင် မျက်မှောင်ကုတ်သွားသည်။ ပြီးမှ မျက်မှန်ကို ဟန်ပါပါချွတ်လိုက်ပြီး ရှေ့ထပ်တိုးသွားကာ ..။

"ခုနလေးတင်ပဲ ဒေါက်တာစောကောသီ ဝင်သွားတာပါ၊ ဟုတ်တယ်မို့လား၊ တို့က သူနဲ့ အရေးကြီးကိစ္စဆွေးနွေးစရာရှိလို့ နောက်က ထပ်ချပ်မကွာလိုက်လာခဲ့တာ၊ ဟွန်း ..ဟွန်း .. မတွေ့ချင်လို့များ ရှောင်ပြေးနေသလားမသိဘူး၊ အဲလိုဖြစ်စရာအကြောင်းတော့ မရှိဘူးထင်တာ .."

နုတ်ခမ်းနီရင့်ရင့်နှင့် နဖူးအပြောင်သိမ်းထားသည့်ဆံပင်တွေကို နောက်မှာ ထိပ်မကျတကျတင်ပြီး ထုံးထား၏။ အင်္ကျီဝတ်စားပုံက ရင်ဖုံးလက်ရှည်ပွပွ ထမီပြောင်အိအိနှင့် ..၊

မျက်နှာမှာ ခေတ်ဆန်စွာ ခြယ်သထားသော်လည်း မဟာဆန်အောင် ချမ်းသာထည်ဝါခြင်းကို အကဲခတ်စရာမလိုဘဲ သိသာစေချင် ဖြစ်နိုင်သည်။ အသက်အားဖြင့် ငါးဆယ်ဝန်းကျင်မို့ ခန့်တော့ ခန့်ညားပေမယ့်..၊

"အန်တီတို့က ခဏလေးဝင်ပြီး စကားပြောခွင့်တောင်းနေတာပါကွယ်၊ ပဒုမ္မာစံအိမ်ကြီးကဆိုရင် သူလည်း ရှောင်ထွက်သွားမှာမဟုတ်ပါဘူး၊ တို့ကို လက်ခံစကားပြောမှာပါ .."

♥♥♥





## အခန်း (၁၇)

"တောက် .."

ဒေါ်ခင်ဝင့်လှိုင် တက်ခေါက်ရင်း ကျိန်ရစ်ခဲ့၏။

လူပါးဝလိုက်တဲ့ ကောင်လေး၊ သင်းက ဆရာဝန်လား၊ ရှေ့နေလား၊ ဘာမို့လို့ ဒီပုံစံဝင်နေတာလဲ ..၊

ပြောသွားတာတွေကို မချင့်တင်ကဲစိတ်နှင့် တွေးမိနေ၏။

"အမျိုးသားတွေပဲ ဝင်ပါ၊ အမျိုးသမီး မဝင်ရပါဘူး .." တဲ့ ..။

"သူတို့က အန်တီ့လူယုံတွေပါ၊ အမိကလာတဲ့ကိစ္စက အန်တီ့ ကိစ္စ.."

"အန်တီပြောမှ ပြီးမှာဆိုရင် မကေ ပြန်ထွက်လာတာပဲ စောင့်လိုက်ပါ၊ ဒါက ကျွန်တော့်အိမ် ကျွန်တော် ဘယ်အမျိုးသမီးကိုမှ ပေးမဝင်နိုင်ဘူး .." တဲ့ ..။

ဒေါ်ခင်ဝင့်လှိုင် ဆိုတာနှင့် မကေ ပြောပြထားသည့် အိမ်နီးချင်းတွေဆိုတာမှန်း ခြား ကလည်းသိသည်။ ဘာပြဿနာကြောင့် ရောက်လာမှန်းမသိလိုက်သဖြင့် တမင်ခွဲထုတ်ထားခဲ့တာဖြစ်သည်။

တိုက်က နှစ်ထပ်တိုက် ခပ်သေးသေးမို့ ဝင်လာကြပြီး မျက်လုံးနှစ်ပတ်လောက်ဝေ့လိုက်တာနှင့် ရှုံ့ရဲသည့်အကြည့်တွေက အမြင်ကပ်ပယ်တွေ အမျိုးမျိုးဖြစ်သွားကြလျက် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာကတော့ ကျွန်တော်တို့ကို တွေ့ဖူးပြီးသားပါ .."

အထဲကနေ စောင့်ကြိုနေသည့် စောကေသီ မျက်နှာကလည်း မတည်မပြုံးနှင့် ..။

"ဘာလဲ .. ဒီအိမ်ကိုပါ ရှာကြည့်ချင်တဲ့ စိတ်ကူးနဲ့လား .."

"လာကြည့်ရုံပါပဲ .."

မျက်နှာတွေမှာ မိုက်တိမိုက်ကန်းပုံတွေ ပေါ်လာကြကာ ထိုင်လည်း မထိုင်ကြချေ ..။ နှစ်ယောက်ဝင်လာပြီး မသိမသာလူချင်းခွာ၍ အိမ်ထဲနဲ့ အပေါ်ကို မျက်လုံးဝေ့ အကဲခတ်သည်။

ပြီးတော့ ဒီလောက်နဲ့ ရပြီဆိုသည့်အကြည့်တွေနှင့် မျက်လုံးချင်း တိုင်ပင်ကြသည်။ စောကေသီ နဲ့ ခြား ကတော့ သူတို့အမူအရာတွေကိုပဲ မပြတ်အကဲခတ်နေရင်း သူတို့ ဘာပြောလာမလဲဆိုတာကို စောင့်နေလိုက်၏။

"ဒေါက်တာတို့ သိအောင် တစ်ခုတော့ ပြောခဲ့ချင်ပါတယ် .."

"အင်း .. ရယ် .. ပြောပါ .."

"သူဌေး ဦးဝေယံ ဆုံးသွားတဲ့ကိစ္စက လုပ်ကြံမှုဆိုတာ ထင်ရှားသွားပါပြီ၊ နောက်တစ်ခုက လုပ်ကြံတဲ့သူက ရွှေပါးအပ် ဆိုတာလည်း သက်သေနဲ့တကွ ရှိနေပြီးပြီ .."

ခြား က တည်ငြိမ်စွာရှိနေပေမယ့် စောကေသီ မျက်နှာသိသာစွာ ပျက်သွား၏။ ပြောနေသူက ခပ်မိန့်မိန့်ပြုံးကာ ..။

"ဖမ်းဝရမ်းတွေဘာတွေနဲ့ အကျယ်တဝင့်မလုပ်ဘဲ ခုလို စုံစမ်းနေရတာက ကျွန်တော်တို့သူဌေးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးလို့ပါ၊ ဒီမိန်းကလေးကို လက်ခံထားတဲ့အတွက် ဒေါက်တာတို့ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ နားလည်ရင် .."

"ကျုပ်တို့က လက်ခံထားတယ်လို့ ဘာဖြစ်လို့တပ်အပ်ပြောနေတာလဲ .."

ထိုသူက ခြား ကို လှမ်းကြည့်၏။ ပြီးမှ ပြုံးကာ ..။



"ဟုတ်ပါပြီ .. လူသတ်မှုကိစ္စကိုသိအောင် ပြောပြတယ်ပဲမှတ်ထားလိုက်ပါ၊ နောက်ထပ်သုံးကြိမ်မြောက်ဆိုရင်တော့ ကျွန်တော်တို့ဘက်က သတိပေးတာမလုပ်တော့ဘူး .."

"ဒီအိမ်ပေါ်ထိ သတိပေးဖို့တက်လာတယ်ဆိုတာလည်း စော်ကားတာပဲ .."

ခြား မျက်နှာကတင်းနေကာ အိတ်ထဲက ဖုန်းထုတ်ယူ၍ ..။

"ခင်ဗျားတို့ သိချင်နေတာကိုရော၊ ကျုပ် ဘယ်လိုလူလဲဆိုတာရော ခု သိအောင်ပြလို့ရတယ်၊ ခု တစ်ယောက်မှ အပြင်ထွက်ဖို့ စိတ်မကူးနဲ့.."

ဟင် ..။

ဆောင့်ကြွားကြွား ခပ်မိန့်မိန့်အပြုံးတွေ ဖြုတ်ခနဲ ပျောက်ကွယ်သွားလျက် ..။

"ခဏနေဦး .."

တစ်ယောက်က ခြား လက်ထဲက ဖုန်းကို လုယူမတတ်အနားကပ်သွားကာ ..။

"မင်း ဘာလုပ်မလို့လဲ .."

"ရဲခေါ်မယ် .."

"ဘာ ...."

"ကျုပ်အိမ်ပေါ်ထိတက်လာပြီး ဘာတွေပြောပါတယ် ဘယ်လိုစော်ကားပါတယ်လို့ တိုင်မပြောဘူး .. ခင်ဗျားတို့ ချက်ချင်းအချုပ်ထဲရောက်သွားအောင် ကျုပ် တစ်ခွန်းတည်း ပြောလိုက်ရုံပဲ .."

"မဟုတ်ဘူးလေ .."

နှုတ်ဆက်စကားတွေလည်း မပီပြင်တော့ဘဲ နောက်ဆုံးဖုန်းမဆက်ဖို့ တောင်းပန်ပြီး အပြေးတစ်ပိုင်းဆင်းထွက်သွားကြ၏။

စောကေသီ မောင်ဖြစ်သူနားကို ထိတ်ထိတ်ပျာပျာ ထလာကာ..။

"အဲဒါ တကယ်ဖြစ်နိုင်တယ်ထင်တယ် .."

"ရွှေပါးအပ် လူသတ်ခဲ့တယ်ဆိုတာလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သူ့ကိုယ်ပေါ်မှာ ဓားတွေဘာတွေ လျှို့ဝှက်ဆောင်ထားတာကြည့်ပါလား .. မိန်းကလေးလှလှပပနဲ့ အသက်အပုတ်လည်း ကျွမ်းကျင်တဲ့ပုံ .."

ပြောနေသည့်စကားက လိုရင်းမရောက်သေးဘဲ စောကေသီ အကြည့်တွေတစ်နေရာရောက်ပြီး ငြိမ်သက်သွားသည်။ ခြား က ထိုနေရာကို လှမ်းကြည့်လိုက်လျှင် ..၊

"ကျွန်မ သွားတော့မယ် .."

ပါး က မျက်နှာအစ်အစ်နီနီလေးနှင့် ညှော်ခန်းကိုဖြတ်လျှောက်လာကာ စောကေသီ နဲ့ သူ့ကို ဇွေကြည့်ပြီး နှုတ်ဆက်သည်။ ပြီးမှ နှစ်ယောက်နှင့် ကြိုဂုံပုံမကျတကျမှာ ရပ်လိုက်ရင်း ..၊

"ကျွန်မရဲ့ ဂျာကင်မှာရော ဘောင်းဘီအိတ်တွေထဲမှာပါ မစောကေသီ လာရှာကြည့်နိုင်ပါတယ် .."

"အို .. ဘာကိုရှာရမှာလဲ၊ နေပါဦး .. မင်းက ဘယ်ကိုပြန်မှာလဲ သူတို့ ခုနကပဲ ထွက်သွားကြတာ၊ ထွက်သွားချင်မှလည်း သွားဦးမှာ.."

မေးခွန်းနှင့်အတူ စောကေသီ က ပါး ရဲ့ ဘေးကို ထလျှောက်လာကာ ..၊

"မင်း နေလည်းမကောင်းသေးဘူး .."

"ရပါတယ် .. ကျွန်မ ဒီကသွားမှဖြစ်မှာ .."

"ဘာဖြစ်လို့လဲ .. မင်းက တကယ်ပဲ သူတို့ပြောသလို .."

"မဟုတ်ဘူးဆိုတာ ကျွန်မ ပြောပြီးပြီထင်တယ်၊ ဒီထက် ဘာမှ ရှင်းမပြနိုင်တဲ့အတွက် ကျွန်မ ထွက်သွားမှာပါ .."

"မဟုတ်သေးပါဘူးကွာ .."

စောကေသီ အားမလိုအားမရဖြစ်လာကာ ခြား ဘာမှဝင်မပြောဘူးလားဆိုသည့်အကြည့်နှင့် မျက်လုံးရောက်သွား၏။

ခြား က ပါး မျက်နှာလေးကို စိုက်ကြည့်နေလျက် ဘာမှဝင်ပြောမည့်ပုံ မရှိပေ။ ထို့ကြောင့် ..၊



"မင်း လုပ်မယ့်ပုံက တို့အားလုံးကို ဂရုမစိုက်တာပဲ ရှေ့ပါးအပ်နယ်၊ အဲ့ဒီလိုတော့ အပြစ်မတင်ချင်ပါဘူး၊ ဒါပေမယ့် ဒီတိုင်းဖြစ်နေပြီ မင်းသိလား၊ တို့တွေက မင်းဘာတွေဖြစ်လာလာ ဘာမှမမေးခဲ့ဘဲ စာနာစိတ်နဲ့ ကူညီထားခဲ့ကြတယ်၊ ဘာမေးမေး သေချာမဖြေဘဲနဲ့လည်း မင်းကို ကူညီနေခဲ့တာလေ၊ ကျေးဇူးတင်စကားပြောဖို့မလိုပါဘူး၊ ကျေးဇူးသိတတ်တဲ့ စိတ်လေးပဲလိုတာ .."

ပါး က နှုတ်ခမ်းတွေဇွေပိတ်၍ မျက်လွှာချနေ၏။ ဒီမိန်းကလေး ဘယ်လိုအေးစက်တဲ့နှလုံးသားနဲ့ မွေးလာတာလဲ၊ ကိုယ်သာလျှင် စိတ်ညှော်ရဖို့ဖြစ်လာကာ ..၊

"မင်း ထွက်သွားတာနဲ့ပဲ တို့က အရှုပ်ထုပ်ကြီးပေါ့သွားပြီဆိုပြီး အသံဖက်ခါကျေနပ်နေမယ်ထင်လို့လား .."

မျက်ဝန်းလေးတွေ လက်ခနဲပင့်တက်လာတော့ အမိအရ ဖမ်းကြည့်မိသည်။ သူမ မျက်ဝန်းထဲမှာ နူးညံ့မှုတွေရှိနေတာမြင်လိုက်ရပြီး ..၊

"ထွက်သွားသည်ဖြစ်စေ ဒီမှာပဲနေသည်ဖြစ်စေ မင်း ပြောသင့်တာကိုတော့ ပြောပြသွားသင့်တယ် .."

"ကျွန်မ ရည်ရွယ်ချက်တွေ ဘာမှမဖြစ်သေးတဲ့အတွက် ဘာမှ ပြောပြလို့မရလို့ပါ၊ အဲ့ဒီအတွက် .."

"တောင်းပန်မယ်ဆိုရင်တော့ မလိုဘူးလို့ပြောရမှာပဲ၊ တို့က မင်းကို မြင်မြင်ချင်း ချစ်စရာလေးလို့ပဲ မြင်ခဲ့တာ၊ ခင်မင်စိတ်ဖြစ်မိလို့လည်း မင်းရဲ့အပြုအမူတွေ ဘယ်လိုဖြစ်နေနေ တို့ဘက်ကဝတ္တရားမပျက်ခဲ့ဘူး၊ တစ်ခုပဲပြောစရာရှိတယ်၊ မင်း အကြောင်းတွေးမိတိုင်း မင်း ဘယ်လို မိန်းကလေးမျိုးလဲဆိုတာကို သိချင်နေတယ်၊ ဒါကို မင်းက ငါ ထွက်သွားလိုက်ရင် ရှင်းပြီလို့ထင်တာလား .."

"ကျွန်မ .."

ပါး မျက်နှာလေးမော့လာတာ တစ်ခုခုကိုပြောဖို့ အားယူနေ၏။ စောကေသီ ပြောလက်စစကားကို ရပ်ပစ်လိုက်ပြီး စိတ်ဝင်တစား နားစွံ့

www.burmeseclassic.com



မိ၏။

"ကျွန်မက အဲဒီ စံအိမ်က ဆွေမျိုးတော်စပ်သူတစ်ယောက်ပါ၊ ဦးဝေယံ က ကျွန်မ သတ်ပစ်ချင်လောက်အောင်မုန်းတဲ့လူကြီးပဲ၊ သတ်ပစ်ဖို့ထိတော့ ကျွန်မရဲ့ အနာဂတ်ကို သူ့ကြောင့် အညွန့်တုံးမခံဘူး.."

"ဒါဆို မင်း အဲ့ဒီကိုရောက်သွားတာက .."

"သူ ဘာမှမပြောနိုင်တော့တာကို ကျွန်မ မသိခဲ့ဘူး .."

သတ်ပစ်ချင်လောက်အောင် မုန်းနေတာတွေကို သူ့ရှေ့မှာ ပြောချင်လို့သွားခဲ့တာပါ။ ပြီးတော့ မေမေ့ရဲ့ နောက်ဆုံးအချိန်မှာ မေမေနဲ့ အနီးကပ်ဆုံးရှိနေခဲ့တဲ့သူမို့ မေမေနဲ့ ပတ်သက်တဲ့ တစ်စုံတစ်ရာကို သိချင်ခဲ့တာဖြစ်သည်။

နင် ဘာသိချင်တာလဲလို့မေးရင်တော့ သူမမှာ ဖြေစရာမရှိပေ ..။

"သူပြောပြနိုင်သေးတယ်ထင်လို့ တစ်ခုခုမေးချင်လို့သွားခဲ့တာပေါ့.."

စောကေသီ မေးခွန်းကို ပါး ခေါင်းခါလိုက်သည်။

"ဘာမေးဖို့ဆိုတာ မဟုတ်ပါဘူး .."

"ဟင်!..."

"သူနဲ့တွေ့မှ သူ တစ်ခုခုပြောချင်နေတယ်ဆိုတာ သိတာ၊ အဲဒီ တစ်ခုခုက ကျွန်မအတွက်အရေးကြီးမယ်ဆိုတာလည်း တွေးမိလို့ .."

"ဒါဆို မမစော တစ်ခုမေးချင်တယ်၊ စိတ်တော့မဆိုးနဲ့ .."

စောကေသီ က စကားပလ္လင်ခံလိုက်ပြီးမှ ..။

"ဆွေမျိုးတော်တယ်ဆိုတာကတော့ ထားပါတော့၊ မင်း သူ့ကို မုန်းနေတယ်ဆိုတာက မင်းအပေါ်မှာ သူ တစ်ခုခုနဲ့ မတော်မတရား လွှမ်းမိုးထားတာမျိုးရှိခဲ့လို့လား .."

ပါး ခေါင်းခါလိုက်တာနှင့် ဒါ တကယ်ပဲဆိုတာ ယုံကြည်သွားကာ စောကေသီ က ခေါင်းညိတ်၏။

"မင်း မသတ်ဘူးဆိုတာ တို့ ယုံပါပြီ၊ သူတို့ပြောသလို မဖြစ်နိုင်ဘူးဆိုတာကတော့ အကြောင်းပြချက်မလိုဘဲ အစတည်းက တို့ကယုံကြည်



ခဲ့တာ၊ အဲ့ဒီတော့ မင်းကို အစကနေပြန်မေးရတော့မယ်၊ ဒီက ထွက်သွားမှာက ဒီမှာထက်ပိုလုံခြုံမယ့်နေရာတွေ့လို့လား ..၊ ဒါမှမဟုတ် မင်းပြေချင်တာတွေ မရမကထပ်မေးမှာစိုးလို့လား .."

ပါး မျက်နှာလေး မသိမသာလွှဲသွားကာ ခြား ဆီကို မျက်လွှာပင့်ကြည့်ပေမယ့် မျက်လုံးချင်းမဆုံဘဲ ရုတ်သိမ်း၏။

"သိပါတယ် .. မင်း နေပုံထိုင်ပုံက တင်စီးသလိုလို ကြောသလိုလိုရှိပေမယ့် တို့ဘက်က ညီမလေးတစ်ယောက်လိုမြင်လိုက်တာနဲ့ ဒါတွေကို ထားလိုက်နိုင်တယ်၊ မင်း ဒီမှာပဲ နေနိုင်တယ် ရှေပါးအပ်၊ ပဒုမ္မာအိမ်နဲ့ မင်းရဲ့ ပတ်သက်မှုကို သေချာမသိရပေမယ့် သူတို့တွေ မရိုးသားတာကို ခံစားမိတယ် .."

ယုံတော့လည်း ချက်ချင်းပါလား ..၊

ခုနက ပြုံးတူးပြဲတဲ ထဖြစ်လာတဲ့ပုံစံကို မြင်ယောင်ပြီး ခြား ပြုံးမိသည်။ သူ ပြုံးလိုက်တာကို စောကေသီ ကလည်း သိပါသည်။ ဒါပေမယ့်..။

"မင်း လူသတ်လာတာ မဖြစ်နိုင်ဘူးလို့ ယုံကြည်တယ်ဆိုရင် သူတို့ သီဆယ်ပြောနေတာတွေက တစ်ခုခုကြံစည်မှုပဲ၊ ဒါကြောင့် မင်းတို့ အကြောင်းကို မင်းဆန္ဒရှိမှ ပြောပါ၊ ပြီးတော့ ဆန္ဒရှိတယ်ဆိုရင် ဒီမှာပဲ နေလို့ရတယ်၊ မင်းလည်း ခြား ရဲ့ အကူအညီလိုနေသေးတယ်ဆိုတော့ တစ်ခုပဲပြောချင် ကျေးဇူးမတင်ရင်တောင် စော်ကားရင် ငရဲကြီးတတ်တယ်.."

မျက်လုံးချင်းဆုံသွားကြပြန်သည်။ ခြား က ခပ်စူးစူးကြည့်လျက် ပါး က ချက်ချင်းမှောင်ကုတ်ပစ်၏။ လူမသိသူမသိ ရှုံးနိမ့်ခဲ့ရတဲ့အဖြစ်အတွက် ဒါကို မေ့ဖျောက်ပစ်ဖို့ကမလွယ် ..၊

ကျေးဇူးပြုထားခဲ့ရင်လည်း ကျေးဇူးကင်ချင်အောင်နေပါလား ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မင်း ဖြစ်ရဲ့လား .."

"ဖြစ်တယ် .."

သူမ စကားပြောသံတိုင်းက ရင်ဝကို လက်သီးဆုပ်ကြီးနဲ့ လက် ပြန်ထုခံရသလိုပင် ..။ ဒါပေမယ့် ကြားရဖန်များတော့လည်း နားဏ အထုံအကျင့်ဖွဲ့နေပြီထင်သည်။

"ဟိုတစ်ခါ မင်းစိတ်တွေထွေပြားကုန်အောင် ငါ မရိုးမသားလုပ် ပြီး ဆေးတိုက်ခဲ့လို့၊ ဒီတစ်ခါတော့ မင်း သူ့ကိုမြင်ဖို့ သိပ်မလွယ်ဘူး အကယ်၍ မြင်လိုက်ရရင်တော့ စိတ်ခိုင်အောင်မွေးထား .."

မကြောက်ပါဘူးလို့ ပက်ခနဲ ပြန်မပြောနိုင်တော့တာက သေချာ နေသည်။ ဒါပေမယ့် ခြောက်တိုင်း ကြောက်မပြချင်သည့်စိတ်က ခု တမင်ခြောက်ပြောနေတာမှန်း သိတော့မခံချင် ..၊

ညရဲ့အလှက လမင်းကြီးသာနေတော့ ပြည့်စုံနေသည်။ လေလေး တဖြူးဖြူးက အဆက်မပြတ်ဆိုတော့ စိမ့်အေးလာ၏။ ခြံရှေ့ထောင့်မှာ အတူတူယှဉ်ရပ်မိတော့ ဆံစတွေ လွင့်ခါနေအောင် လေဖြူးနေသဖြင့် ခြား က ပြန်ငဲ့ကြည့်၏။

သူမကိုယ်မှာ ဒဏ်ရာတွေရှိသည်။ အဖျားတက်ထားတာလည်း



နေ့ကထိ တက်လိုက်ကျလိုက် ..။

ဒါပေမယ့် ဒဏ်ရာတွေအကြောင်း မေးလည်း မပြော၊ ကိုယ်ပူနေ သလား စမ်းကြည့်လို့လည်း မရ ..။

ဘာမေးမေး 'ရတယ် .. ဖြစ်တယ်' ဆိုတာထက် ပိုမပြောသော သူမ၏ ခေါင်းမာခြင်းက မကေ ခရီးထွက်နေသည့်အဖြစ်ကြောင့် သူ့ အတွက် စိုးရိမ်ဖွယ်ဖြစ်လာခဲ့၏။

ညမှုညတာ တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ ..၊

"ဘယ်မှာလဲ .. ရှင့်သရဲ .."

"ရှိတယ် .. သူ ငါ့ကို အကူအညီတောင်းနေတာ မရသရွေ့ ဒီခြံ ထဲ့က ဘယ်မှ ခွာမှာမဟုတ်ဘူး .."

"ခု ရှင်ထွက်လာတာမြင်တော့လည်း သူက ရပ်ကြည့်နေတာပဲ လား .."

"ဟုတ်တယ် .. သူ မရမကကြိုးစားနေတုန်းက ငါ သူ့ကိုပြန်ခြိမ်း ခြောက်ခဲ့တယ်၊ အဲဒါကို ကြောက်ပြီး သူ ငါ့အနားအတင်းမကပ်ရဲတော့ ဘူး .."

"ရှင့်ကို သူတစ်ယောက်ပဲ အကူအညီတောင်းနေတာလား၊ တံခါး တွေတောင် ပိတ်နေရတယ်ဆို .."

"တံခါးတွေ ပိတ်ထားပါတယ်ဆိုမှ ဘယ်သူက လာမှာလဲ .. သူ တတော့ .."

ခြား က ရှေ့ကို လှမ်းကြည့်ကာ ခဏတိတ်သွား၏။ ပြီးမှ ပြန်ငဲ့ ကြည့်ကာ ..၊

"မင်း သူများကိုတော့ မေးခွန်းတွေမေးနေတာ တလစပ်ပါလား.."

"ရှင် မဖြေချင်နေလို့ရတယ် .."

"ဟွန်း .."

ခြား က ကိုယ့်အဖြစ်ကို သဘောကျသလို ဆံပင်သပ်ရင်းရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုမဟုတ်ဘူးဆိုတော့ မေးရင် ဖြေမိတာပေါ့ .."

ပါး က ခပ်မှဲ့မှဲ့လေး ပြုံးပြီး တစ်ဖက်လှည့်ပစ်သည်။ ခြား က သူမကို လှည့်ကြည့်နေရင်း ...၊

"မင်းကို မကေ အဝတ်စားတွေ ဝယ်ပေးခဲ့တာ ဘာလို့ မဝတ်တာလဲ၊ ဒါ မေးခွန်းမဟုတ်ဘူးနော် .. ဝတ္ထုရားအရ ငါသိထားသင့်တဲ့ကိစ္စမို့လို့ .."

ပါး က ဂျာကင်အိတ်ထဲလက်တွေထည့်ထားကာ မြေပြင်ကို ခြေဦးထိပ်နဲ့ ရှပ်ကန်ရင်း ...၊

"ဘာမှမဖြစ်ပါဘူး .."

"မဖြစ်ရင် ဝတ်ပေါ့ကွ .. မင်း ငါ့ကို ဆွဲကြိုးပေးထားတာပဲ၊ မင်းရဲ့ စရိတ်စက အဲ့လောက်မရှိသေးပါဘူး၊ မင်းသွားတဲ့နေ့ကျရင် မင်း ပစ္စည်းတန်ဖိုးတွက်ပြီး ငါကတောင် ပြန်အမ်းရဦးမယ်ထင်တယ် .."

"ကျွန်မမှာ ဒီဆွဲကြိုးတစ်ကုံးပဲရှိတာမှမဟုတ်တာ၊ တခြားအတိုအစလေးတွေလည်း ရှိသေးတယ်၊ ဒါချည်းပဲ နေ့စဉ်မချွတ်တမ်းဝတ်နေတယ်ထင်လို့လား .."

ခြား က သူမတစ်ကိုယ်လုံးကို သေချာကြည့်သည်။ လပြည့်ဝန်းကသာနေပေမယ့် အဝတ်အစားသစ်တာ ညစ်တာထိတော့ သေချာကြည့်လို့မရပေ ...၊ သို့သော် ...

"မင်း အပြင်ထွက်လိုက်တာလား .."

"ရှင့်အိမ်ထဲမှာပဲ နေ့ရောညရောနေရအောင် ကျွန်မက ဝရမ်းပြေးမှ မဟုတ်တာ .."

"ဒါပေမယ့် မင်း အဲဒီပုံနဲ့ ရောက်လာတာပဲ၊ ဝရမ်းပြေးမဟုတ်ပေမယ့် ပြေးတော့ပြေးနေတာပဲမဟုတ်ဘူးလား .."

"အခု ရှင်နဲ့ ထွေရာလေးပါးပြောဖို့ ခြံထဲဆင်းလာတာမဟုတ်ဘူး-"

"သိတယ် .."



"လုပ်စရာရှိတာလုပ်ဖို့ ပြောချင်တာ .."

"ဒါပေမယ့် မင်း အပြင်ထွက်တာ အဝတ်စားဝယ်ရုံသက်သက်တော့ မဟုတ်ဘူးမို့လား .."

"ကျွန်မကိစ္စ ကျွန်မ ရှင်းဖို့ကြိုးစားနေတာ၊ ဒါပေမယ့် လိုက်လေးလေဖြစ်နေတယ်၊ နောက်ဆုံးတော့ ဦးဝေယံ ရဲ့ ဗိညာဉ်ကိုဖမ်းမိဖို့ပဲ အဓိကဖြစ်နေလို့ .."

ဒါကြောင့် သူမ ဒီအိမ်မှာ ပြန်လာပြီး ကပ်တွယ်နေတာလား ...၊

ကိုယ့်ဘာသာ တိတ်တဆိတ် ကြိုးစားကြည့်နေခဲ့မှန်း သိလိုက်ရတော့ ပြုံးမိ၏။ မာနကတော့ သေးသေးမဟုတ် ...၊

"သူ လာနေပြီ .."

ခြား ရဲ့ အကြည့် ရှေ့ကိုပြန်ရောက်သွားကာ လမ်းပေါ်ကို မျက်လုံးစိုက်ကျသွားတာထိ ပါး က သေချာမြင်နေသဖြင့် ...၊

"အဲဒီ ဗိညာဉ်က ဘာဖြစ်လို့ သွေးသံရဲရဲနဲ့ လေးဘက်တွားသွားနေရတာလဲ .."

"သူက ဖွတ်ဖွတ်ညက်ညက်ကျေအောင် အရိုက်ခံရပြီး ကားပေါ်က ပစ်ချခံခဲ့ရတာ .."

"အဲ့ဒါနဲ့ ဆိုင်လို့လား .. ဗိညာဉ်ဘဝကိုရောက်သွားတဲ့ထိ .."

"ဆိုင်လို့နေမှာပေါ့ .. သေသွားတဲ့လူတွေကို သူတို့သေရတဲ့ပုံစံနဲ့ပဲ မြင်နေရတာ၊ ကားတိုက်ခံရတဲ့လူက အတိုက်ခံရတဲ့ပုံအတိုင်း၊ ရေနစ်သေတဲ့လူက ရေတွေနဲ့ပဲ၊ မသေသေးဘဲ မှားယွင်းပြီး ရင်ခွဲခံရတဲ့လူဆိုရင် ဗိုက်မှာ ယောင်းလောင်းပေါက်နဲ့ပဲ .."

"ရှင် .. လုံးဝမကြောက်ခဲ့ဘူးပေါ့ .."

"ကြောက်တာပေါ့၊ ဒါပေမယ့် တမင်ကြောက်အောင်လုပ်ပြနေတယ်ထင်ပြီး ဒေါသထွက်လာတာက ကြောက်တဲ့စိတ်ကို ပျောက်သွားစေခဲ့တယ်၊ နောက်တော့မှ သူတို့လောကမှာ ဒီတိုင်းဆက်ပြီး ကျင်လည်

www.burmeseclassic.com

www.burmeseclassic.com



နေရတယ်ဆိုတာ နည်းနည်းသိလာတာ ..”

“ရှင် အဲ့ဒါတွေကို ယုံသလား ..”

“ယုံယုံ မယုံယုံ ကိုယ့်ရှေ့ရောက်လာကြတာတွေကို မြင်နေရတာက ဘာလုပ်ရမလဲ ..”

“ကိုယ့်ကိုယ်ကိုယ် ရူးနေသလားလို့ တွေးမိတာမျိုးပေါ့ ..”

“နိုး .. လုံးဝမတွေးမိဘူး၊ ကိုယ်မရူးဘဲနဲ့ အရူးလိုဖြစ်နေတာကိုတော့ စိတ်တိုတယ်၊ လူတစ်ယောက်က ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်နေရင် မျက်စိမြင်နေလျက်နဲ့ လမ်းပျောက်နေသလိုဖြစ်သွားမှာပေါ့၊ ကိုယ့်ရဲ့ ခြေလှမ်းတိုင်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပဲ ..”

“ဒါဖြင့် ပရလောကကို ရှင်ယုံကြည်နေတာပဲ ..”

“ယုံကြည်ခြင်း မယုံကြည်ခြင်းထက် ဒါတွေဘာကြောင့်ဖြစ်လာသလဲဆိုတာပဲ စဉ်းစားမိတယ် ..”

“ဘယ်လို အဖြေထွက်သလဲ ..”

“သူတို့လောကနဲ့ သူတို့ရှိနေကြတာ ကိုယ်မြင်တယ်လေ၊ လူတိုင်းမမြင်ရတာ ဘာကြောင့်လဲဆိုတာမသိဘူး၊ ဒါပေမယ့် သူတို့က ဒုက္ခသည်တွေပါ ..”

“ဒါဆိုလည်း အိမ်တံခါးပိတ်ပြီး ပုန်းမနေနဲ့ပေါ့၊ ရှင် ကူညီလိုက်ရင် ကုသိုလ်ရတယ် ..”

“ဟွန်း ..”

ခြား က ခြံတိုင်တွေဘက်ကို လက်ကာပြလိုက်ပြီး ပါး ဘက်ကို မျက်နှာချင်းဆိုင် လှည့်ရပ်လိုက်သည်။

“အဲ့ဒီကုသိုလ်မျိုး ငါ မလိုချင်ဘူးဆိုရင် မင်းက နှုတ်ခမ်းမဲ့ဦးမှာ၊ ဒါကြောင့် မင်းကို ပြဿနာတစ်ခု ရှင်းခိုင်းမယ်၊ ဒီလူ့ကို မင်း ကူညီပေးပြီးရင်တော့ ကုသိုလ်တွေ ထပ်လိုချင်သေးရင် အားမနာနဲ့ ..”

ရယ်ကျဲကျဲနှင့် မျက်နှာကို ပါး က ဂရုမစိုက်သလိုကြည့်သည်။



မျက်လုံးချင်းဆုံလာမှ ခြား က ဟားခနဲရယ်ကာ ..၊

“ထားလိုက် .. မင်းနဲ့ ငါ အဲ့ဒီကိစ္စမပြီးသေးဘူး ..”

ပြောပြီးတာနှင့် ဟိုဘက်လှည့်ကာ ..၊

“မင်း ပြောနိုင်သလား .. ပြောလို့ရပြီ ..”

သူ နားစွင့်နေတာကိုကြည့်ကာ ပါး က လရောင်ဖွေးနေသည့် လမ်းပေါ်ထိ ခြေဖျားလေး ထောက်ကြည့်သည်။ ပြီးတော့ ခြံစည်းရိုးသံပန်းတွေကြားထဲ ပိုက်စိတ်တိုက်ကြည့်၏။

တစ်နေ့ညကတော့ သူမ မြင်လိုက်ရတာ သွေးပျက်ဖွယ်ပါ ..။

“ဟော့လူ .. သူ မင်းကို မမြင်ဘူး၊ အခု ငါပြောခိုင်းနေတယ် ..”

ဝိညာဉ်က ကိုယ့်ကိုကြည့်နေတာလား၊ ပါး ဟိုကြည့်ဒီကြည့်ရှာမိပြန်၏။

“ဘာတွေပြနေတာလဲ .. မင်း ခိုင်းတာကို လုပ်ပေးဖို့အတွက် မင်း ပြောချင်တာကို ငါက ကြိုးစားပုံဖော်ရဦးမှာလား၊ သွားလိုက်တော့ နောက်ထပ် ဘယ်တော့မှ ထပ်မလာနဲ့ ..”

ခြား က မာဆတ်ဆတ်ပြောပြီး လှည့်ထွက်လာခဲ့၏။ ခုပဲ ဒီ ဝိညာဉ်ကိုတော့ ကူညီလိုက်မယ်ပြောပြီး ခုပဲ စိတ်တိုလှည့်ပြန် ..၊

ပါး နောက်ကို တစ်ချက်ပြန်ကြည့်ပြီးမှ သူ့နောက်က လိုက်လာခဲ့သည်။ ထိုစဉ် ..၊

“နေဦး ..”

“အမလေး ..”

လှိုင်သံပါကြီးနှင့် ကိုယ့်နောက်က ပြေးလိုက်ခေါ်သလို အသံကြီးထွက်လာလျှင် ပါး တစ်ကိုယ်လုံး အေးခနဲဖြစ်သွားသည်။ ရုတ်တရက်ကြောက်သည့်စိတ်နှင့် အလျင်စလို လှမ်းလိုက်မိကာ သူ့ပခုံးတစ်ခြမ်းနဲ့ တိုက်မိသွား၏။

ခြား လက်တစ်ဖက် ဆတ်ခနဲ မြှောက်သွားကာ သူမ ပခုံးကို ဖမ်းဆွဲ

www.burmeseclassic.com



ထားလိုက်၏။ မဟုတ်လျှင် ပါး ဘယ်လိုပုံစံလဲကျသွားမည်မသိ …။

"ကျွတ် …"

စိတ်တိုသွားကာ နောက်လှည့်ကြည့်လိုက်တော့ သူထင်သည့်အတိုင်း နောက်ထပ်တစ်ယောက် တိုးနေခဲ့လျက် …၊

"ဘာကိစ္စလဲ … အဖော်အပေါင်းတွေခေါ်လာရအောင် ဘာဖြစ်ချင်တာလဲပြော …"

ပါး ရဲ့ လက်လေးတစ်ဖက်ကိုဆွဲ၍ နောက်ပြန်လှည့်ခဲ့သည်။ နှစ်လှမ်းလောက်တိုးသွားပြီးမှ သူမ လက်လေးကို လွှတ်၍ ခြံစည်းရိုးသံပန်းတွေနား ကပ်သွားခဲ့ပြီး …၊

"ပြော …"

ပါး သူ့နောက်မှာ ခပ်ခွာခွာရပ်နေမိ၏။ ရင်ခုန်သံတွေ မြန်နေပေမယ့် အစတည်းက သိပ်တော့မကြောက်တတ်တဲ့သူပါ။ ရုတ်တရက်မို့ လန့်သွားပေမယ့် စိတ်ကိုထိန်းချုပ်လိုက်နိုင်တာနှင့် တည်ငြိမ်သွားခဲ့၏။

ထို့ပြင် ဘယ်လိုရှုးစိုက်ကြည့်ပေမယ့် ပုံသဏ္ဍာန်ဆိုလို့ ဘာတစ်ခုမှ ရုပ်လုံးပေါ်လာတာမရှိ …။

"ရပြီ လိပ်စာပြော …"

သူ့အသံကိုပဲ ကြားနေရသော်လည်း လေကပိုကြမ်းလာကာ နှိုညည်းသံကဲ့သို့ ဘယ်လိုအသံမှန်းမသိသော အသံကြီးက ခပ်ဝေးဝေးက ကားမောင်းသွားတာကို ကြားရသည့်အသံနဲ့လည်း တူ၏။

ညဥ့်လေက ခပ်ကြမ်းကြမ်းပတ်ဝေ့လာကာ ဆံပင်တွေ မျက်နှာပေါ် ကန့်လန့်ဖြတ်ဖေးတင်လာကြတာ ခဏခဏပင် …။

ပါး မျက်နှာပေါ်က ဆံပင်တွေကို ဖယ်ချရင်း ရှေ့ကို ထပ်တိုးသွားမိကာ ဘာမှ မမြင်ရဘူးလို့သိထားပြီး မျက်လုံးက ဟိုဒီကြည့်နေမိဆဲ…။

ဟင် !…၊

တစ်ကိုယ်လုံး ရှိန်းခနဲပူထူသွားသည်။ ခြံစည်းရိုးသံပန်း၏ ထိပ်ချွန်



တိုင်တွေကြားမှာ ပြာနှမ်းဖောင်းကြွနေသော လက်ကြီးနှစ်ဖက် …၊

ဘုရား … ဘုရား …၊

တစ်ယောက်တည်း မျက်လုံးတွေကို မှိတ်ပစ်ရင်း ဘုရားတလိုက်မိသည်။ မကြောက်ဘူးဆိုပေမယ့် မြင်လိုက်ရတိုင်း ကိုယ့်စိတ်ကို မထိန်းနိုင် …၊

နောက်ထပ်မကြည့်ရဲတော့တာလည်း သေချာကာ ဒီတစ်ခါဆို တစ်ကိုယ်လုံးကိုများ မြင်ရမှာလား မသိဘူးလို့ တွေးနေမိတာအထပ်ထပ် …၊

ထပ်ကြည့်လိုက်ချင်တာလား … မကြည့်ရဲတော့တာလား …၊

မျက်နှာလွှဲထားရင်း ကိုယ့်ကိုယ်ကိုယ် မသေချာနိုင်ဘဲရှိစဉ် …၊

"သွားမယ် …"

ခြား အသံကို ကြားလိုက်ပေမယ့် လူက မလှုပ်ရှားမိ …၊

"သွားမယ် …"

နောက်ထပ်အသံနှင့်အတူ လက်ကိုလာဆွဲခေါ်မှ သတိဝင်လာသည်။

သေချာတာက သူမ နောက်ပြန်လှည့်မကြည့်ရဲတော့ခြင်း …၊

ကိုယ့်ကိုယ်ကိုယ်လည်း နားလည်သွားခဲ့သည်။ နောက်ဆို သိပ်အပြောမကြီးနဲ့ …၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မေကြီး ဘယ်သွားမလို့လဲဟင် .."

"သမီးကို ကျောင်းဝင်ပို့ခဲ့ပြီးမှပါ .."

"မီးမီး သိပါတယ် .. မီးမီးကို ပို့ပြီး ဘယ်သွားမှာလဲလို့ .."

ကလေး မေယျာဝစ္စတွေလုပ်ပေးနေရင်း မသိတာတွေများလာတော့ စိတ်ကမကြည်လင် ..။

ဒီကြားထဲ မေးမြန်းနေတာတွေကို ဖြေနေရတာ မပြီးနိုင် ..၊

"ဖေဖေ ဘယ်သွားသွား သမီးသိတော့ ဘာလုပ်မှာလဲ .."

ကျောင်းသွားရင် ဘယ်ဖိနပ်စီးတာလဲ မသိသောကြောင့် ကလေးဖိနပ်တွေရှေးနေရင်း စိတ်မရှည်သံက သိသာလာ၏။

"သမီး .. အမေးအမြန်းထူတာ ဖေဖေ မကြိုက်ဘူးလို့ပြောထားတယ်နော် .."

ကြောက်သွားသလို မျက်တောင်လေးတွေ ခတ်ရင်း ခဏငြိမ်သွားပေမယ့် ပို့ပို့ ဖအေ့မျက်နှာကို မရဲတရဲကြည့်ရင်း နောက်ထပ်အထွန့်တက်ဖို့ အားယူ၏။

"သမီး ဒီဖိနပ်စီးတာလား .."

ရှူးဖိနပ်အနီရောင်လေးထောင်ပြတော့ ပို့ပို့ က ခေါင်းခါ၍ ..၊



"ကြိုးလေးတွေပါတဲ့ အဝတ်ဖိနပ်လေးဝဲစီးတာ၊ ဟိုမှာ မေကြီး အဖြူလေး .."

"ဟုတ်ပြီ .. လာ .. စီး .. မြန်မြန်လုပ် နောက်ကျနေပြီထင်တယ်၊ ဘရေဖက်(စ်)စားရဦးမှာ .."

"မီးမီး ပေါင်မုန့်မီးကင်နဲ့ စတော်ဘယ်ရီရှို(စ်)ပဲ စားတော့မယ်.."

"မစားရဘူး .. ညက အချိန်မတော်မှ ရေအိမ်ဝင်ရတာ .. တော်ကြာ ဝမ်းပျက်လိမ့်မယ် .."

"မေကြီး ဘာလုပ်ထားလို့လဲဟင် .."

"ခေါက်ဆွဲပြုတ်လုပ်ထားတယ် .."

ပို့ပို့ မျက်နှာလေး ရှုံ့တွတွဖြစ်သွားသည်။ ဖိနပ်စီးပေးနေရင်း ခြားက မော့ကြည့်လိုက်တော့ ဖအေဆူမှာစိုးပြီး မျက်တောင်လေး တဖျတ်ဖျတ်ခတ်၏။

"ခေါက်ဆွဲပြုတ် မကြိုက်ဘူးလား .."

"မေကြီးက ခေါက်ဆွဲကို ရေနွေးတွေလောင်းထည့်ထားတာ .."

"ဟုတ်တယ် .."

"ဘာမှလည်းမပါဘဲနဲ့ .."

"ဘာလိုသေးလို့လဲ .. ဟိုအမှုန့် ဒီအမှုန့် ခတ်ပေးလိုက်ရင် မွှေးသွားတာပဲဟာ .."

ပို့ပို့ က ဖိနပ်စီးပြီး မတ်တပ်လေးရပ်လိုက်တဲ့အထိ နှာခေါင်းလေး ရှုံ့နေတုန်း ..၊

"မြန်မြန်လာ ရှိတာပဲစားပြီး လစ်တော့ .. ကြေးမများနဲ့ .."

"မေကြီး .."

"ပြော .."

ခုံဆွဲ၍ ကလေးကို ဇွတ်ခနဲမချီပြီး တင်လိုက်သည်။ ကလေးက သူ့ဟာသူဝင်ထိုင်လို့ရပေမယ့် စိတ်ကမရှည် ..။

"ရော့ .. ခေါက်ဆွဲနူးသွားပြီ .. အတော်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ကိုငုံ့ကြည့်ကာ ပို့ပို့ က ပြန်မော့ကြည့်၍ …၊

"ကြက်ဥလည်း မပါဘူး …"

"သမီး …"

ခြား က ကော်ဖီဖျော်နေရင်း မျက်မှောင်ကုတ်ထားသည့်မျက်နှာနှင့် …၊

"အစားအသောက်ကို ဇီဇာကြောင်တာ မကောင်းဘူး၊ ကိုယ်က မကြိုက်တဲ့အစားကို မကြိုက်ဘူးလို့ပြောနိုင်တယ်၊ ဒါပေမယ့် နေရာတကာ ကြေးများပြီး ရွေးချယ်လို့မဆုံးဖြစ်နေရင် အဲဒါ ဇီဇာကြောင်တာ၊ ဘယ်ဟာမဆို တော်ရုံပဲကောင်းတယ် …"

ခုံကိုအသံမြည်အောင်ဆွဲထုတ်လိုက်ပြီး ထိုင်ချလိုက်သည်။ သူကိုယ်တိုင် ကော်ဖီမစ်ထုပ်တွေ ကွက်ကီးတွေနဲ့ပဲ မိုးလင်းလိုက် မိုးချုပ်လိုက် ငြိမ်းချမ်းနေတာ ဘယ်လောက်ကြာပြီလဲ …။

ကိုယ့်သမီးလေးမို့ သူ ကြိုက်တာလေး ကျွေးချင်သည်။ ဒါပေမယ့် ဖွယ်ဖွယ်ရာရာတွေ သူ မလုပ်တတ်ပေ။ စိတ်ချမ်းသာပျော်ရွှင်သွားအောင် ယုယနွေးထွေးမှုတွေနဲ့ စောင့်ရှောက်ချင်၏။

သို့သော် စိတ်ထဲမှာအလိုလိုဖြစ်နေတာက ကြင်နာနွေးထွေးခြင်းတွေ မဟုတ်ဘဲ ဖြစ်နေသည်။ သူ့အမေ ရှိတုန်းကလည်း သူ့အလုပ်နဲ့ အချိန်တွေ လုံးထွေးကာ သမီးက မအေနဲ့သာ နေခဲ့ရ၏။

ခဏလေးအိမ်မှာရှိနေတာမြင်တာနှင့် သမီးက သူ့အနားရောက်လာသည်။ စကားတွေလာပြော၏။ မေးခွန်းတွေ ဟိုမေး ဒီမေး …။

ထိုစဉ်တည်းက သမီးကို သူ စိတ်မရှည်ခဲ့တာတွေကို မှတ်မိနေသေးသည်။

"ဒါလေးတော့ ဖြေပေးလိုက်လို့ရတယ်မို့လား မောင် … သမီးက မောင့်သမီးလေးပါ …"

"ဘယ်သူက ငါ့သမီးမဟုတ်ဘူး ပြောနေလို့လဲ …၊ ဒါပေမယ့် သမီး တာဝန်ကို မင်းယူလေ၊ ငါ့အလုပ်က ရှုးစိုက်ရတယ်၊ စဉ်းစားရ



တယ်၊ ကလေးနဲ့ မသက်ဆိုင်တာတွေ ကလေးက လာမေးတာကို ငါ ဘယ်လိုရှင်းပြရမှာလဲ …"

"ကလေး နားလည်လွယ်မယ့် စကားမျိုးနဲ့ပေါ့ …"

"ကလေးနားလည်လွယ်မှာ ဘယ်လိုစကားမျိုးလဲ ငါမသိဘူး မို့…၊ ခင်းက အိမ်ရှင်မကောင်းဆိုရင် ယောကျ်ားမျက်နှာပေါ်က ရာသီဥတုကို အကဲမခတ်ဘဲ 'ဟိုမှာ သမီးအဖေ လာပြီ' ဆိုပြီး တွန်းလွှတ်ပေးလိုက်တာ ဆွေ မလုပ်ပါနဲ့ …"

"မောင့်ကို မို့ နားလည်မပေးနိုင်တော့ဘူးထင်တယ် … မောင် ဘယ်လိုဖအေမျိုးလဲဆိုတာ …"

"ဖခင်ကောင်းတစ်ယောက်မဟုတ်ဘူးလို့ ပြောလိုက်ပါ၊ အဲ့ဒီလို သူ ဖြစ်ခွင့်မရလို့လည်း ငါ ဝမ်းမနည်းဘူး၊ သမီးကို ငါချစ်တယ်၊ ဘယ်လိုချစ်နိုင်မှ ချစ်ရာရောက်တယ်ဆိုတာကို စိတ်မဝင်စားဘူး …"

သူ ရက်စက်ခဲ့သည်။ ဒီလိုစကားတွေ ဘာကြောင့် ပြောထွက်ခဲ့မှန်း၊ ကြားရတဲ့သူ ဘယ်လောက်ထိခိုက်သွားစေမယ်မှန်း သူ ဘာကိုမှမစဉ်းစားခဲ့ … စိတ်လည်း မဝင်စားခဲ့ပေ …။

ဒါကြောင့် မို့ သူ့ရင်ခွင်ကို မခုံမင်ဘဲ သာယာမှုနောက်လိုက်ခဲ့တာလား၊ သူ့ကို ဖြားယောင်းလို၍ သဝန်တိုလာအောင် တမင်ကြံစည်ကြိုးစားပြီး ခြေလှမ်းမှားသွားတာလား …၊

မှားယွင်းမှုတွေထဲမှာ အမှန်တရားကို သူ မရှာခဲ့ပေ …။ ငါ့ကြောင့်ဆိုသည့် ပြစ်တင်စိတ်နှင့် ယူကျုံးမရဖြစ်ခဲ့သည်။ ဒီအဖြစ်အပျက်တွေအကြောင်း တစ်စုံတစ်ယောက်က သို့မဟုတ် တစ်သင်းတစ်ဖွဲ့က မေးမြန်းစပ်စုလာမှာကို ကြောက်ခဲ့၏။

ငါ ဘာဖြစ်နေသလဲဆိုတာကို တွေးမိလာသည့်အခါမှ ရှက်ရွံ့ခြင်း ပဲဆိုတာကို သိလာခဲ့သည်။

'ငါ အဖေ မပီသခဲ့ဘူး' ဆိုသည့် သိမ်ငယ်စိတ်လား၊ ဒါမှမဟုတ် မို့ ရဲ့ မှုမမှန်ထွက်လာခဲ့သော သတင်းဆိုးတွေကြောင့်လား၊ သူ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ ဘယ်လိုလူနဲ့မှ မတွေ့ချင် ..။

ထို့ပြင် ပရလောကဆိုတာကို ပိုမုန်းသွားခဲ့သည်။ ဒါတွေကို မြင်ပြီး မနေသာဘဲ ဝင်ပါမိခဲ့သည့်အဖြစ်တွေကြောင့် မို့ က အထင်မှားပြီး ထင်ရာတွေလုပ်ခဲ့တာဖြစ်သည်။

ခုတော့ လင်မယားနှစ်ယောက်စလုံး ဘယ်သူ့ ခြေလှမ်းမှားခဲ့တာလဲဆိုသည့် အမည်းစက်ကြီးက ဒီတိုင်း အဆုံးမသတ်ခဲ့ဘဲရှိနေလျက်နှင့်..

"မေကြီး .."

ကလေးအသံကြားမှ စိတ်က ကိုယ်နဲ့မကွာပြန်ဖြစ်သွားသည်။

"မေကြီး သောက်လေ .. ကော်ဖီတွေ အေးကုန်ပြီ .."

ကြည့်လိုက်တော့ ကလေးကတောင် စားထားတာ တစ်ဝက်ကျနေပြီဖြစ်၏။ ထို့ကြောင့် ကော်ဖီကို တစ်ဝက်ကျအောင် သောက်ပစ်လိုက်မိသည်။ ပန်းကန်ကို ပြန်ချလိုက်သည်နှင့် ပို့ပို့ က ကွက်ကီးထဲက သူစားတတ်သည့် ပန်းသီးကိတ်ခြောက်ကို ကိုင်ထားပြီး အဆင်သင့်စောင့်နေကာ ..၊

"ရော့ .. မေကြီး မုန့်စား .."

သမီးလေးက သူ့ကို ပြန်ပြီး ပြုစုနေပါလား ..၊

မုန့်ကိုယူလိုက်ရပေမယ့် စိတ်ထဲမှာ သိပ်တော့မကောင်း .. သို့သော် ..၊

"မေကြီး မီးမီးကို မချစ်ဘူးလားဟင် .."

ပါးစပ်ထဲထည့်လိုက်သည့်မုန့်က လျှာပေါ်မှာပဲ ငြိမ်သက်စွာတည်နေ၏။

"မီးမီးကို မေကြီးက စိတ်ဆိုးနေတော့ ကြီးကြီးဒေါ က ပြောတယ်၊ မအေနေရာမှာ ဝင်ရပြီဆိုမှ ဘယ်လောက်ဒုက္ခများမှန်း သိတာတဲ့၊ မေကြီးက မမေ့လို မပြုစုတတ်ဘူးတဲ့ .."

"မဟုတ်ပါဘူး .. မေကြီး အလုပ်တွေ ပိနေလို့ပါ .."

"အခု မေကြီးက ဘာမှလည်းမလုပ်ဘဲနဲ့ .."



မုန့်ဝါးနေသည့် ပါးစပ်က နောက်ထပ်ရပ်တန့်သွားခဲ့၏။

"မြန်မြန်စား .. သွားမယ် .."

မျက်နှာကိုတင်းပြီး ကော်ဖီကို အလျင်စလိုမော့သောက်ပြလိုက်သည်။ သို့သော် ..၊

"မီးမီးက မေမေ လိုချင်တာ .."

မရဲတရဲလေးပြောကာ ခြား မျက်နှာကြီး ရဲခနဲဖြစ်သွားတာမြင်သည်နှင့် ခေါင်းလေးငုံ့သွား၏။ ခေါင်းသာငုံ့နေပေမယ့် ပို့ပို့ က လိုချင်တာကို တင်ပြဖို့အတွက် ဖွဲမလျှော့ခဲ့ဘဲ ..၊

"အန်တီ ရွှေပါးအပ် လို မေမေ လှလှလေး .."

"ပို့ပို့ .."

ခြား ဘယ်လိုမှ မျိုသိပ်နေလို့မရတော့ဘဲ ခပ်ကြိတ်ကြိတ်ခေါ်မိကာ..၊

"ဘာတွေလျှောက်ပြောနေတာလဲ .. မိထွေးဆိုတာ သမီး ဘယ်လောက်နားလည်လို့လဲ၊ ကလေးဆိုတာ ကလေးနဲ့တန်တဲ့စကားပဲပြောတယ် .."

"မီးမီးက မေကြီးနဲ့ နေချင်တယ်၊ မေကြီးက မီးမီးနဲ့ မနေချင်ဘူး၊ အဲဒါ မေမေ မရှိလို့တဲ့ .. မီးမီးမှာ မေမေရှိရင် မေကြီးနဲ့ မီးမီး .."

"သမီးအမေက သေပြီ .. ဘယ်တော့မှ ပြန်မလာတော့ဘူး .."

ပြောပြီး နေရာမှ ထရပ်လိုက်သည်။ ပို့ပို့ ကလည်း ခုံပေါ်ကနေ ဆင်းလိုက်ပြီး သူ့နောက်ပြေးလိုက်လာကာ ..၊

"မေမေက ပြန်မလာတော့ပေမယ့် မေမေ ထပ်ယူလို့ရတယ်တဲ့၊ အန်တီဒေါက်တာညို ကျတော့ မေကြီးကိုပဲလိုချင်တာ မီးမီးကိုမချစ်ဘူး.."

သူ့ခြေလှမ်းက မသိမသာတုံ့သွားသည်။ ဒေါက်တာခွာညိုလင်းကိုလည်း မြင်ယောင်သွားသည်။ မကော ကိုယ်တိုင် ယောက်မလို့ခေါ်ပြီး ချစ်ချစ်ခင်ခင်နဲ့ ရင်းနှီးစေခဲ့တာဖြစ်သည်။

ဘယ်လောက်ထိလဲဆိုလျှင် သမီးလေးကိုခေါ်သွားပြီး လျှောက်လည်ဖူးသည်။ သူမ အိမ်မှာလည်း ခေါ်သိပ်ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခုနောက်ပိုင်းမှာ ဆက်ဆံရေးကျဲသွားတာကိုတော့ အမှတ်တမဲ့ပါ။

"မီးမီးကို ဖေကြီးရှေ့မှာ ချစ်တယ်၊ သူ့အိမ်ရောက်သွားတော့ မချစ်တော့ဘူး၊ ဖြူဖွေးလေးကို မီးမီးက ဗီရိုထဲထည့်ပိတ်ထားလို့ဆိုပြီး မီးမီးကို ရေချိုးခန်းထဲ ထည့်ပိတ်ထားတယ် .."

"ဘာ ..."

သမီးမျက်နှာလေးကို တအံ့တသြပြန်ငုံ့ကြည့်မိသည်။ ပို့ပို့က သူ့ကို မော့ကြည့်၍ လက်ကိုဆုပ်ကိုင်ထားကာ ..၊

"ပြီးတော့ အန်တီရွှေပါးအပ် လိုလည်း မလှဘူး၊ အန်တီညို့ကို မီးမီး မချစ်ဘူး၊ အန်တီရွှေပါးအပ် ကိုချစ်တယ်၊ မီးမီးနဲ့ အန်တီရွှေပါးအပ်က အတူတူနေလို့ .."

"သမီး တော်တော့ .."

မျက်နှာလေးကို မော့ယူလိုက်ကာ အိမ်ထဲကို မလုံမလဲလှမ်းကြည့်မိသေးသည်။ ပြီးမှ ..၊

"ဘာကိုချစ်နေတာလဲ .. ဒီမိန်းမ ဒီလောက်ရက်စက်တတ်တာ ဘာတွေစိတ်ကူးယဉ်စရာရှိလို့လဲ .."

"ဟင့်အင်း .. မီးမီး ချစ် .."

"တော်တော့ .."

မေးဖျားလေးကို လှုပ်ခါတားဆီးရင်း လက်လေးကိုဆွဲခေါ်လာသည်။ ပြီးတော့ ကျောပိုးအိတ်လေးနဲ့ မုန့်ဘူးရယ် ရေဘူးရယ်ကို ကောက်ယူလိုက်သည်။

"အန်တီက လှတယ် .. မီးမီး အန်တီ့ကိုပဲ ချစ်တယ် .."

"တောက် .."

သူ့ရဲ့ တက်ခေါက်သံမှာ ပို့ပို့ အသံလေးတိမ်နဲ့ရပ်သွားသည်။ တစ်ခုခုပေါက်ကွဲတော့မည့်စိတ်ကို ဘယ်ကိုလွှဲပို့ရမှန်းမသိဖြစ်ကာ ကားတံခါးတောကို လော့ခ်ဖွင့်ပေးလိုက်ပြီး ..၊



"သွား ကားထဲသွားဝင်နေ၊ နောက်ထပ် ဖေဖေ ဘာမှမကြားချင်ဘူးနော် .. ပါးစပ်ပိတ်ပြီးသွား .."

ဒေါသထွက်လာလျှင် မနူးညံ့တတ်သည့်စိတ်က ပြန်မကြည့်တော့ဘဲ ဖုန်းထုတ်ကိုင်ရင်း အထဲဝင်လာခဲ့သည်။

"မကေ လား .."

"..... ..... ....."

ဖုန်းပြောရင်း အခန်းထဲဝင်လာလေ၊ လိုအပ်တာကိုရှာနေရင်း ..၊

"ကလေးကို ဘာတွေလျှောက်ပြောထားတာလဲဗျာ ..၊ မကေ ဖွထားတာတွေနဲ့ ဒီမှာ အကြီးကြီးကွိုင်နေပြီ .."

"..... ..... ....."

"မေးမနေပါနဲ့တော့ .. ဘယ်နေ့ပြန်လာမှာလဲ .."

"..... ..... ....."

"ဟား .. မရဘူး၊ မနက်ဖြန်ပြန်ခဲ့ပါ မကေ ရာ ..၊ မကေ တူမကိုတော ပြန်ထိန်းပေး .."

ဖုန်းပြောနေရင်း အခန်းထဲက ခြေလှမ်းကျဲတွေနှင့် ထွက်လာခဲ့လျက်..၊

"အ ..."

"ဟာ .."

ဘေးတံခါးကနေ အိမ်ထဲဝင်လာသည့် ပါး နဲ့ ဝင်တိုက်မိတာ အင့်ခနဲ ..၊

ဖုန်းပြောနေတာတွေ ဘယ်ရောက်ကုန်မှန်းမသိဘဲ ..၊

"ဆောရီး .. ဆောရီး .."

ခွမ်းခနဲလွတ်ကျကွဲထွက်သွားသည့် သူမရဲ့ ဖုန်းကို ကပျာကယာ ဆိုတ်ကောက်ပေးရင်း ..၊

"မင်းကို ထွက်သွားနှင့်ပြီထင်နေတာ နဖူးနာသွားလား .."

"ရတယ် .."

နဖူးပြေပြေလေးမှာ နီရဲသွားတာမြင်နေရ၏။ တင်းနေသည့် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ နာသွားခြင်း မသွားခြင်းကို အကဲခတ်မရလောက်အောင် အ
တမ်းလည်း ဒီတိုင်းပဲမို့ ...၊

"ဖုန်းက ပါ၀ါအော့(ဖ်)ဖြစ်သွားပြီ .. ပြန်မဖွင့်တော့ဘူး .. နေဦး
ခဏလေး .."

သူ ပြန်လုပ်ပေးမလို့ ဖုန်းကို ပြန်ဖြုတ်လိုက်လျှင် ပါး က ဆွဲယူ
လိုက်ကာ ...၊

"မလုပ်နဲ့တော့ ရတယ် .."

"ရွှေပါးအပ် .."

ပါး က ကျောခိုင်းလိုက်ပြီးမှ လှည့်မကြည့်ဘဲ ရပ်လိုက်၏။

"မင်း ခုမှ သွားမှာဆိုရင် ဘာထူးမှာလဲ .. တစ်ခါတည်းလိုက်ခဲ့လေ.."

"မလိုက်ချင်ဘူး .."

ကျောခိုင်းလျက် စကားပြန်ပြီး ဆက်လျှောက်သွား၏။

ဒီကောင်မလေး ဘာပုံစံလေးလဲ၊ စိတ်ကို ဘယ်လိုရှည်အောင်
သည်းခံကြိုးစားပေမယ့် ကြားလိုက်ရရင် မတည့်ရာမတည့်ကြောင်း ..

"အန်တီ .."

မကြည်မလင်နှင့် လျှောက်လာခဲ့စဉ် မြင်ကွင်းကြောင့် နေရာမှာတင်
ရပ်သွားမိ၏။ ပါး က ခြံဝကိုလျှောက်ထွက်သွားနေကာ ကျောပိုးအိတ်
လေးလွယ်လျက်သား ဆွဲခြင်းကလေး ကိုင်လျက်သားနှင့် ပို့ပို့ က တဖားဖား
ပြေးလိုက်နေ၏။

"အန်တီ နေပါဦး .. မီးမီးတို့နဲ့ .."

"အွန့် .."

"ဘုန်း .. ခွမ်း .."

လဲပြီးကို သိလိုက်ကာ ပါး ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့
ကမန်းကတန်းပြေးလာထူကာ ..၊

"ဘာလိုက်လုပ်တာလဲ .. မင်းက .."

"အား .. မီးမီး ခြေထောက်နာသွားပြီ .."



"ဟင် .. ဒူးခေါင်းပွန်းသွားပြီ .."

ပါး ကိုင်ထားသည့် ဖုန်းကို ဂျာကင်အိတ်ထဲ ပြန်ထည့်လိုက်ပြီး
အလေးရှေ့မှာ ငုတ်တုတ်လေးထိုင်သည်။ ပြီးတော့ ဒူးလေးတစ်ဖက်မှာ
သွေးတွေထွက်လာတာကို ငုံ့ကြည့်ရင်း ထိတ်လန့်သွားကာ ...၊

"ကျွတ် .. ဖြစ်မှာပေါ့ .. အလကားနေရင်း ပြေးလွှားနေတာကို.."

ဘာလုပ်ပေးရမှန်းလည်း မသိ၊ နောက်ကို လှမ်းကြည့်တော့လည်း
ခြား ကို မမြင် ...။

"လျှောက်ကြည့်စမ်း .. ရရဲ့လား .."

"အ .."

"အော်မနေနဲ့ .. အနာခံပြီးလျှောက်၊ နွဲ့နေရင် ပိုဆိုးမှာပေါ့ .."

"အန်တီ ကိုင်ထားပေးလေ .."

"လာ .. ကိုင် .."

ပို့ပို့ က ပါး လက်ဖဝါးကို သူမလက်လေးနှစ်ဖက်နဲ့ သေချာဆုပ်
ကိုင်ပြီး မျက်နှာကိုမော့ကြည့်သည်။

ငုံ့ကြည့်နေသော ပါး ရဲ့ မျက်တောင်ကော့လေးတွေနဲ့ နှုတ်ခမ်း
လွှာလေးတွေကို မော့ငေးရင်း ပြုံး၍ ...၊

"အန်တီက လှတယ် .."

"အဲဒါ မင်း ဝါးစားလို့မရဘူး၊ လက်ကိုအတင်းဆွဲမထားဘဲ လျှောက်စမ်း.."

"လျှောက်လို့ရပါတယ် .. မီးမီး မနာတော့ဘူး .."

"နေဦး .."

မနာဘူးဆိုပေမယ့် ပွန်းထားသည့်ဒဏ်ရာကနေ စီးကျလာသည့်
သွေးပေါက်က ခြေသလုံးထိရောက်နေပြီဖြစ်၏။

"ကျွတ် .."

စိတ်တော့ညစ်သွားပေမယ့် ဒီကလေးလေး ကိုယ့်ကိုပဲ တစ်ကောက်
ကောက်လိုက်ကူညီနေတာကို မလိုလားဘဲ ခံစားမိနေသည်။

ဖအေဖြစ်တဲ့သူကလည်း ပုံမှန်ဆက်ဆံရေးထက်မပို ကိုယ်ကလည်း

www.burmeseclassic.com



ညင်ညင်သာသာ ဆက်ဆံခဲ့တာမဟုတ်ဘဲ သူမလေးက နူးနူးညံ့ညံ့လေး ပဲဖြစ်နေ၏။

ဥပေက္ခာတရားကို ရိုးမယ်ဖွဲ့ခံစားနေတာမျိုးမရှိဘဲ သူမကသာ ချစ်ခင်ကြင်နာချင်နေတာမျိုး ...၊

"ပလာစတာ(ဗ်) ကပ်ထားလိုက် .. ရှေ့တိုး .."

ကိုယ့်အိတ်ထဲမှာ အမြဲဆောင်ထားခဲ့တာမို့ အနာကပ်ပလာစတာ(ဗ်) တွေက အဆင်သင့်ရှိနေ၏။ တစ်ခုအဆုံးခံပြီး သွေးစတွေကို သုတ်ပေး လိုက်ကာ တစ်ခုနဲ့ ကပ်ပေးထားလိုက်၏။

"အနာကျက်အောင် ဆေးထိုးထားမှ ဖြစ်မှာထင်တယ်၊ မင်းအဖေ ကို ဒဏ်ရာပြလိုက် .."

ပါး က ပြန့်ကျဲသွားသည့် ဆံပင်ခြင်းနဲ့ မုန့်ဘူးကို ပြန်ကောက်ထည့် ပေးပြီး ပို့ပို့ ကို လက်တစ်ဖက်ကဆွဲ၍ ကားဆီပြန်ပို့ပေးသည်။ တံခါး ဖွင့်ပေးကာ ကိုယ်ပဲမွေ့တင်ပေးလိုက်၏။

ထိုစဉ် ခြား အပြင်ထွက်လာတာမြင်လိုက်သဖြင့် ကိုယ်ကိုမတ်ကာ တံခါးပိတ်ဖို့ လှမ်းလိုက်လျှင် ...၊

"အန်တီ .."

ပို့ပို့ က ပါး လက်ကိုဆွဲထားကာ ...၊

"အန်တီ ဘယ်သွားမှာလဲဟင် .. မီးမီးတို့နဲ့ လိုက်ခဲ့ပါ .."

"မလိုက်ဘူး .."

ပါး က လက်ကိုခါချပစ်၏။ သို့သော် တံခါးကြားကနေ နောက် ဆုတ်လိုက်တာနှင့် ခြား နဲ့ တိုက်မိမလိုဖြစ်သွားလျက် ...၊

"ဆောရီး မင်းကို ပြောမလို့လိုက်လာတာ .."

"ဘာလဲ .."

"မင်း တစ်နေရာခွဲသွားပြီး ရှာစရာမလိုတော့ဘူး၊ ငါ စုံစမ်းနိုင်း ထားတဲ့ဆီက သတင်းရပြီ .."

"ဒါပေမယ့် ကျန်မဘာသာပဲ သွားမယ် .."



"ဘာဖြစ်လို့လဲ .. ငါက မင်းနဲ့ဆုံမယ့်နေရာကို ထပ်ရှာနေရဦး မယ် .. အလုပ်ရှုပ်အောင် .."

ပါး က ကားထဲကိုမကြည့်ဘဲ မျက်နှာနည်းနည်းငဲ့ပြီးမှ သူ့ကို ပြန်ကြည့်၍ ...၊

"ရှင့်ကလေးလေးက စကားများတယ် .."

ခြား မျက်နှာပျက်သွားသည်။ ပြီးတော့ ခေါင်းညိတ်လိုက်ပြီး သူမ ရှေ့က ဖယ်ပေးသည်။

"မင်းသဘောပဲ .."

ပါး ကလည်း ပြတ်သားစွာထွက်သည်။ သို့သော် ဂျာကင်အတို့ စမှာ တင်းခနဲဖြစ်သွားသဖြင့် ပြန်ငုံ့ကြည့်မိလျှင် ...၊

"မီးမီး စကားမပြောဘဲနေပါ့မယ် .."

မျက်ဝန်းလေးထဲမှာ မျက်ရည်တွေဝဲလည်လျက် ပို့ပို့ မျက်ခမ်းစပ် လေးတွေ နီရဲနေရှာ၏။

ပါး ရင်ထဲမှာ နင့်ခနဲတစ်ချက်ဖြစ်သွား၏။

ပြီးတော့ မကျေနပ်ခြင်းက ဘယ်သူ့ကိုမှန်းမသိဘဲ နှုတ်ခမ်းလေး မသိမသာမဲ့သွားခဲ့ပြီး ...၊

အဲဒါ ငိုစရာ ဘာလိုလို့လဲ ...၊

မျက်ရည်ကြောင့် နင့်သွားမည့် ကိုယ့်ရင်ဘတ်ကြီးကိုပဲ ဆွဲဆုတ် ကုတ်ဖဲ့ပစ်ချင်တော့သည်။

ဒါ ဘယ်လိုမှ မဖြစ်သင့်သည့်ကိစ္စ ...၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ရှင် ကျွန်မကို ဒီထက် ရှင်းပြဖို့လိုတယ် ခြား .."

"သိတယ် ..မင်းရဲ့ လိုရင်းတိုရှင်းတွေထဲမှာ ဒီကိစ္စပါနေသလား လို့ ဘယ်လို လိုရင်းတိုရှင်းလုပ်ရမလဲ စဉ်းစားနေတာ .."

တမင်ရွှဲ့ပြောတာမှန်းသိသောကြောင့် ပါး ဘာမှထပ်မပြောဘဲနေလိုက်သည်။ နောက်မှာ ပို့ပို့ နဲ့အတူတူထိုင်နေရင်း သူမကိုလည်း လှည့်မကြည့်ပါဘဲ ကိုယ့်ကို တစ်လမ်းလုံး မောင်းလာတာကိုသိနေသည်။

ဒီကလေး ဘာဖြစ်လို့ ကိုယ့်ကိုမှ ခင်တွယ်ဟန်တွေပြနေတာလဲ..။ မအေက မကြင်နာလို့ ကြင်နာတတ်တဲ့လူကို စွဲလမ်းခင်မင်နေတာမျိုး ဆိုလျှင် ဖြစ်နိုင်သေးသည်။

ကိုယ်က သူမလေးကိုသာမကဘဲ အားလုံးအပေါ်မှာ ပြတ်တောက်တင်းမာစွာနေခဲ့တဲ့သူ ..။ မျက်နှာကိုလှည့်မကြည့်ဘဲ တင်းတင်းမာမာ လုပ်နေရသော်လည်း စိတ်က သူမလေးဆီကိုပဲ ခဏခဏရောက်နေမိ၏။

ပြီးတော့ ကိုယ့်ကို အတင်းကြီး ကူညီပတ်သက်ဖို့ ကြိုးစားခဲ့တာတွေ..

မှောက်လျက်လဲပြီး ဒူးပြဲသွားတာ သွေးထွက်သံယိုဖြစ်ရတာတွေ အားလုံးက လွမ်းလောက်စရာမဟုတ်ဘဲ တရေးရေးပြန်ပေါ်နေခဲ့၏။

ဒီနေ့က ခြား နဲ့ သူမ ဝိညာဉ်တစ်ကောင်၏ဆန္ဒကိုဖြည့်ဆည်း



ပေးဖို့အတွက် နှစ်ယောက်ပူးပေါင်းဆောင်ရွက်ရန် သဘောတူပြီး အခြင်မှာ ဆုံကြဖို့ စီစဉ်ထားခဲ့တာဖြစ်သည်။

ဒါပေမယ့် သူမ တိတ်တဆိတ်သိချင်နေခဲ့သည့် သတင်းတစ်ခုကို လျှို့ဝှက်မိတ်ဆွေတစ်ယောက်က အစဖော်ပေးခဲ့သည်။

ထိုကိစ္စအတွက် သူမ လုံးပမ်းရဦးမှာဖြစ်ကာ ..၊

"ကျွိ .."

"အား .."

"အ .."

မီးပွိုင့်အလွတ်မှာ ကွေ့ကြောကနေ အတင်းဖြတ်တက်လာသည့် ကားကြောင့် ခြား သေလုမျောပါး ဘရိတ်အုပ်ပစ်လိုက်ရ၏။ ပို့ပို့ တစ်ကိုယ်လုံး ဆိုဖာခုံကြားထဲ ပုံခနဲကျသွားကာ ပါး မျက်နှာတစ်ခုလုံး ရှေ့က ကူရှင်နဲ့ ပစ်ဆောင့်သွား၏။

"တောက် .."

ကားနှစ်စီးလွတ်ရုံလေး ဖြတ်သန်းသွားကြလျက် ပတ်ဝန်းကျင်တစ်ခုလုံး ဟာခနဲဖြစ်ကုန်ကြ၏။ ခြား တက်ခေါက်မိကာ မီးပွိုင့်လွန်လာမှ နောက်ကိုလှည့်ကြည့်မိသည်။

"သမီး .."

ကလေးကို ခုံအောက်ကနေ ပါး ဆွဲထုတ်နေတာ မြင်လိုက်သဖြင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်သွား၏။

"ဘာမှမဖြစ်ဘူး .. ကားကိုပဲ ဂရုစိုက် .."

ပါး ၏ ဒေါသသံက ကားကြောင့် မဟုတ်ဘဲ ဒေါသလုံးနှင့် လွှင့်သွားနိုင်၏။ သူမလည်း ထိတော့ထိသွားမှာပဲလို့ တွေးမိကာ ခြား စိုးရိမ်စိတ်ဖြစ်သွား၏။

"ခဏလေး .."

သူ တစ်နေရာပြီး ကားရပ်လိုက်ကာ နောက်ခန်းထဲကို ကူးလာပြီး—

"သမီး ဒဏ်ရာရသွားသလား .."

www.burmeseclassic.com

www.burmeseclassic.com



"မီးမီး ဘာမှမဖြစ်ဘူး မေကြီး၊ အန်တို နှာခေါင်းမှာ သွေးတွေ.."

ဟင် ...၊

သူ ကြည့်လိုက်တာနှင့် ပါး က မျက်နှာလွှဲပစ်ကာ နှာခေါင်းကို လက်ခုံနဲ့ ကပ်သုတ်နေ၏။ ခြား က ရှေ့မှာ တစ်ရှူးပြေးယူကာ ...၊

"ရော့ .. ကူရှင်နဲ့ ဆောင့်မိသွားတာလား၊ ဆေးရုံသွားပါကွာ .. အဲ့လိုမှ မလုပ်လိုက်ရင် ကွေ့လာတဲ့တက္ကစီနဲ့ မိုးကြိုးပစ်သွားမှာ .."

သူပေးတဲ့ တစ်ရှူးကိုတော့ယူသည်။ ဒါပေမယ့် မျက်လုံးက မီးဝင်းဝင်း တောက်လျှက် ...၊

"ရှင့်ကို ဘယ်သူက တရားခွဲမှာမို့လို့ ရှင်းပြနေတာလဲ၊ မောင်းစရာ ရှိတာ မမောင်းဘူး .."

ထိုအခါကျမှ နာရီကြည့်မိ၏။ သမီး ကျောင်းနောက်ကျတော့မည်။

ကိုယ့်နေရာမှာပြန်ထိုင်ပြီးမှ သမီးကိုယ်မှာ ခါးပတ်လေးချိတ်ပေးထားတာကို မှန်ထဲကနေ ထပ်ကြည့်မိသည်။ ပြီးတော့ တစ်ရှူးနဲ့ နှာခေါင်းမှာ ကပ်ဖိ၍ မျက်လွှာချထားသည့် သူမကို လှမ်းကြည့်မိသည်။

ကလေးကို ကမန်းကတန်းပွေ့ထူနေတာ သူမြင်သည်။ ပြီးတော့ ခါးပတ်ချိတ်ပေးနေ၏။ ပြီးမှသာ သူမ နှာခေါင်းသွေးကျလာခြင်းကို သိပုံပေါ်သည်။

ရှေ့မှာ အာရုံများနေပေမယ့် နောက်မှာတစ်ခုခုဖြစ်သွားပြီးမှန်း မသိစိတ်က ခံစားမိနေသည်။ နောက်လှည့်မကြည့်ပါဘဲ လှုပ်ရှားနေသမျှကို သိနေခဲ့၏။

သူမ ရင်ထဲမှာ တုံ့ပြန်တွယ်တာတတ်သည့် သံယောဇဉ်စိတ်လေး တစ်စိုးတစ်စိလောက်တော့ ရှိသည်ထင်၏။

♥♥♥



## အခန်း (၂၁)

"ဟိုမှာ ဆိုင်သိမ်းနေကြတာတွေ့လား .. အဲ့ဒီမှာ လက်ပွေ့အိတ်ကြီးတကားကားနဲ့ ညွှန်ကြားနေတာ ဒေါ်မိမိလတ် တဲ့ .."

"သူက ဟိုဝိညာဉ်နဲ့ ဘယ်လိုပတ်သက်နေတာလဲ .."

"ပထမ မိန်းမကြီး .."

"သြော် .. သူက အငယ်အနှောင်းတွေနဲ့လား .. ဒါကြောင့် အသေစောတာ .."

မိန်းကလေးပီပီ ချက်ချင်းကဲ့ရဲ့ပစ်လိုက်တာကို သူ မသိမသာပြုံးလိုက်မိ၏။ နေရာတကာ ယောကျ်ားဆန်ဆန်ဖြစ်နေတတ်သည့် စိတ်ခါတ်အယူအဆနှင့် သူမက မိန်းမဆန်သွားတော့လည်း ချက်ချင်း ...။

"ဟိုသတ္တဝါက စကားမပြောနိုင်ဘူးမို့လား .. ဒါတွေ ရှင်ဘယ်လို လုပ်သိလဲ .."

ရွှေဆိုင်ကြီးနဲ့ မျက်နှာချင်းဆိုင်က အားကစားပစ္စည်းဆိုင်ထဲမှာ ဟိုဒီရပ်ကြည့်နေရင်း ကိုယ့်အကြောင်းကိုယ်ပြောနေကြသလိုမျိုးခြားနဲ့ သူမ ရွှေဆိုင်ကိုကြည့်ပြီး ပြောနေကြတာ ဘယ်သူမှ မရိပ်မိ ...။

"သူ ဆုံးခဲ့တာ တစ်နှစ်ကျော်သွားပြီ၊ သူ ဆုံးကာနီးတည်းက အရင်မိန်းမကြီးနဲ့ ပြန်နေခဲ့တာတဲ့ ...၊ တကယ်တော့ သူ ထပ်ယူခဲ့တဲ့

www.burmeseclassic.com



မိန်းမက ငွေမက်ပြီး သူများလက်ထဲက မရမကယူခဲ့တာ ..”

“လုယူရအောင် သူ ဖိနပ်စုတ်မှမဟုတ်တာ၊ ကိုယ့်ဘာသာ ဖောက်ပြန်ဘာပဲ မိန်းမကို လွှဲချသေးတယ် ..”

“မင်း မဝေဖန်နဲ့လေ .. နားထောင်ရုံပဲထောင်၊ ကိုယ်လည်း သူပြောဂဲ့ အချက်အလက်တစ်ချို့နဲ့ စုံစမ်းထားသလောက်ပဲ သိထားတာ ..”

“သူ့ကို ကျွန်မ မြင်ရတုန်းကတော့ ဘာမှမပြောနိုင်ပါဘူး ..”

“ဟုတ်တယ် .. ပြောနိုင်တဲ့သူကို သူခေါ်လာတယ်၊ ကိုယ်က ဘယ်လော့မှ ပြီးဆုံးအောင် နားမထောင်ခဲ့ဘူး၊ ဒါပေမယ့် အပြင်ထွက်ဖြစ်တဲ့အခါ သူ့အကြောင်း မေးမြန်းကြည့်ခဲ့ဖူးတယ် ..”

“ဘာဖြစ်လို့ ဆက်မလုပ်ပေးခဲ့တာလဲ ..”

“နောက်ထပ် .. ဒါမျိုးတွေကို လက်ယပ်ခေါ်သလိုဖြစ်သွားရင် ရေတောင် ဖြောင့်ဖြောင့်သောက်နိုင်မှာမဟုတ်ဘူး ..”

“ခုရော ..”

“မင်းကို နိုင်းမှာလေ ..”

ပါ့ရဲ့ မျက်ဝန်းလေးတွေ သံသယအရိုင်အမာနှင့် ရောက်လာသည်။ ပြီးတော့ ..၊

“ရှင်က ရှင့်သရဲတွေ ကျွန်မနောက်ကို စုပြုံလိုက်လာအောင် ထွင်ပေးတဲ့ပုံပဲ ..”

“တမင်တကာတော့မဟုတ်ပါဘူး၊ မင်းလိုချင်တာနဲ့ ငါ ပေးချင်တာက အလျှင်းသင့်နေလို့ ..”

“ဒါပေမယ့် ကျွန်မက သူတို့ကို မြင်နိုင်တာမှ မဟုတ်တာ ..”

“မင်း မတာ်နိုင်မှန်း သိတဲ့အခါမှာ ဒါကို ငါမလုပ်ဘူးဆိုတာ သူတို့ နားလည်သွားပြီ ..”

“ရှင်က သူတို့ကို ထပ်မမြင်နိုင်တော့ဘူးဆိုရင် ဟုတ်မှာပေါ့ ..”

သူက ပြုံးလိုက်ကာ ..၊

“ငါ အခုသိသွားပြီ .. မကြည့်ရင် မမြင်ဘူး ..”



သူ့ဘက်ကတော့ ထောင့်စေ့လို့ပါလား ..၊

ကိုယ်ပြောသမျှကို ကျကျနန ချေပနေတော့လည်း မခံချင်စိတ်ဖြစ်လာမိသည်။ ကိုယ်လိုအပ်နေတဲ့ အကူအညီကပဲ သူ့ကို အဆင်ပြေစေသည်ဆိုတော့ အသုံးချခံလိုက်ရသလိုဖြစ်သွားပြီပေါ့ ..။

“ခုနကပြောတာကို ပြန်ဆက်ရအောင် ..”

ပါး စိတ်ကသိကအောင့်ဖြစ်သွားမှန်း သိပေမယ့် ခြား က မသိသလိုနေကာ ..၊

“ဒီအမျိုးသမီးက သူ့ထက် အသက်ဆယ်နှစ်လောက်ကြီးတယ်၊ သူက အသက်ငယ်တော့ ဆိုးတယ်ကွာ ..၊ အဲ့ဒီမှာ မိန်းကလေးတစ်ယောက်နဲ့ ငြိသွားတယ်၊ ပါသွားတယ် .. ဒါပေမယ့် ဒေါ်မိမိလတ်လောက် သူ့အပေါ်မကောင်းမှန်းသိတော့ ဒီကိုပဲ ပြန်ရောက်လာတယ်..”

“ဟွန်း ..”

ပါး မဲ့လိုက်မိပြန်သည်။ ပြီးတော့မှ မျက်နှာလွှဲနေပုံကရင်း ..၊

မိန်းမယူတာများ ကောင်းမကောင်း နှိုက်မြည်းရအောင် ဒူးရင်းသီးတန်းမှာ လမ်းလျှောက်နေတယ်မှတ်နေသလား ..၊

ရိုင်းရိုင်းပြောရလျှင် တိရစ္ဆာန်တွေ ရင်ဘတ်ထုငိုသွားနိုင်သည်။

“ဒါပေမယ့် သူ ပြန်ရောက်လာပြီး သိပ်မကြာဘူး လုပ်ကြံခံရလို့ သေသွားတယ် ..”

“ဒါ ဖြစ်သင့်တာပဲ ..”

“သူ့နောက်မိန်းမရဲ့ မောင်တွေက သတ်တာတဲ့ ..၊ ဒေါ်မိမိလတ်က ငွေကုန်ကြေးကျခံပြီး ပြီးဆုံးအောင်လုပ်တယ်၊ အပြစ်ရှိတဲ့လူတွေကို ထောင်ချပစ်တယ်၊ ဒါပေမယ့် ဒီအမျိုးသမီးရဲ့ တရားလွန်ချစ်တဲ့စိတ်ကြောင့် ဦးသက်နိုင် က ..”

“ဦးသက်နိုင် ဆိုတာ ဟိုဝိညာဉ်လား ..”

“ဟုတ်တယ် .. သူ ဘဝမကူးနိုင်ဘဲ ဒီမှာပဲပိတ်မိနေတယ် ..”

“ဘယ်လို ..”

www.burmeseclassic.com

www.burmeseclassic.com



ခြား က သက်ပြင်းချလိုက်ပြီးမှ …၊

"ငါတို့ အကြာကြီး မိုးတိုးမတ်တပ်ပြောနေရင် သူများတွေ သတိထားမိလိမ့်မယ် …"

"ဟုတ်တယ် … အဲ့ဒီ ရွှေဆိုင်ကိုသွားမယ် …"

"သူက သိမ်းနေတာကွ …"

"ဘာဖြစ်ဖြစ် …"

ပါး က ရွှေဆိုင်ရှေ့မှာ သွားရပ်လိုက်ကာ …၊

"ဆိုင်မဖွင့်တော့ဘူးလားဟင် … ဘာဖြစ်လို့လဲ …"

"ဟုတ်ကဲ့ … သွားစရာရှိလို့ နေ့တစ်ဝက်ပဲဖွင့်တာ …"

ကောင်မလေးတွေက ဖြေပေမယ့် သူ့အလုပ်သူလုပ်နေကြ၏။ ပါး က ခြား ကို ဖျတ်ခနဲလှည့်ကြည့်ကာ ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ …၊

"အန်ကယ်လ်သက် … ဒီမှာ သမီးတို့ပါ …"

ဟင်!…၊

ဒေါ်မိမိလတ် ကျောခိုင်းနေရာမှ ချာခနဲလှည့်ကြည့်၏။ ပါး က သူမရှိရာကို အပြင်ကနေ လှမ်းကြည့်၍ …။

"သမီးတို့က အန်ကယ်လ်သက် ဆိုင်မှာ အားပေးမယ်ဆိုပြီး ဒီထိတက်လာတာနော် …"

"ဒီမှာကွယ့် …"

ဒေါ်မိမိလတ် က အနားရောက်လာကာ ပါး ကို ခြေဆုံးခေါင်းဆုံးကြည့်၏။ ပြီးတော့ ခြား ကိုကြည့်သည်။ ပြီးမှ အံ့သြနေသည့် မျက်ဝန်းတွေနှင့် …၊

"မင်း ခုနက အန်ကယ်လ်သက် လို့ ခေါ်လိုက်တာလား …"

ပါး က အထဲကိုလှမ်းကြည့်၍ အားနာဟန်နှင့် ရယ်ကာ …၊

"အန်ကယ်လ်ဦးသက်ခိုင် ကိုခေါ်တာပါ၊ ဆောရီးပါ အန်တီ၊ သူ သမီးကို စကားမပြောချင်ဘူးထင်တယ် …"

"အဲ … ဟို … သူက…"



"ဟုတ်မှာပါ … ဟိုတစ်လောတုန်းက သူ့ကို သမီး နောက်လိုက်တာ အရမ်းလွန်သွားတယ် … ရပါတယ် …"

"နေပါဦး သမီး …"

ဒေါ်မိမိလတ် မျက်နှာ ချက်ချင်းကြီး နူးညံ့ပျော့ပျောင်းသွားခဲ့လျက်…၊

"သမီးနဲ့ ကိုသက် ဘယ်တုန်းက နောက်ဆုံးတွေ့ခဲ့တာလဲဟင်…"

"အဲ … နည်းနည်းတော့ ကြာသွားပြီ၊ ဒါပေမယ့် သူ ရှက်သွားမှာ၊ လူကြီးကို မလေးမစားနောက်လိုက်သလို ဖြစ်သွားလို့ …"

ဘယ်လိုနောက်လိုက်တာလဲလို့ ထပ်မေးရင် ပြန်ဖြေဖို့ စဉ်းစားစမ်းပါး …၊ သူ ဘယ်တုန်းကသေမှန်းမသိ၊ ဘယ်နေရာ ဘယ်လိုသွားလာတတ်သလဲ မသိ …။

အမှတ်တမဲ့ ခြား ဆီကိုလှမ်းကြည့်မိတော့ ခြား မျက်နှာက ရယ်ချင်နေသည့် မျက်လုံးတွေနှင့် …၊

သေလိုက်ပါလား …၊

ကိုယ့်စိတ်ကိုတင်း၍ ပါး ထူမြွေရရပြန်လှည့်လိုက်ကာ …၊

"သူ ခုနက ပါး ကိုမြင်မှ ဝင်သွားတာ …"

ဦးသက်ခိုင် က မခေါ်လို့ စိတ်မကောင်းဖြစ်သွားသည့်ပုံစံ ပြောလိုက်ပြီး …၊

"ရပါတယ် အန်တီ … အန်ကယ့်လ်ကိုပဲ ပြောပေးပါ၊ ပါး က ခင်လို့နောက်လိုက်တာပါလို့၊ ရိုသေလေးစားမပျက်ပါဘူးလို့ …"

"သမီးက ဘာများနောက်လိုက်လို့လဲဟင် …"

"ဟို … သူ … သူ နောက်အိမ်ထောင်ပြုလိုက်တဲ့ကိစ္စကိုပါ၊ ဘာမှအကြီးကြီးတော့ မဟုတ်ပါဘူး၊ ပါး ကလည်း ပါး ရဲ့ မိဘနဲ့ ပတ်သက်ပြီး အဲ့ဒီလိုကိစ္စကို မုန်းတီးတဲ့ခံစားချက် ရှိတော့လေ …"

"ဪ်ကွယ် …"

"အန်ကယ့်လ်ကို လူကြားထဲမှာ ဆရာလုပ်မိသလိုဖြစ်သွားတယ်ထင်တယ် …"

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် .. သူ့အကြောင်း သမီး ဘာမှမသိသေးလို့ပါ၊ လာပါ.. အထဲဝင်

"မဝင်တော့ဘူး အန်တီ .. အန်ကယ်လ် ဒီ ပြန်ရောက်နေပြီကြား လို့ တောင်းပန်ရင်းနဲ့ .."

"အေးပါ .. ဝင်ပါသမီးရယ်၊ လာပါ .. သမီးအမျိုးသားကိုလည်း ခေါ်ခဲ့ပါ .."

"ဟင်!..."

"လာ .. လူလေး လာ .."

ဒေါ်မိမိလတ် က ပျာပျာသလဲကြီးဖြစ်နေကာ ..၊

"မကျော် တို့ ဆိုင်ပိတ်ပြီးရင် သော့ အဲ့ဒီမှာပဲ ထားခဲ့ပြီးပြန်ကြ တော့.."

မိန်းကလေးတွေကို မှာကာ ပါး နဲ့ ခြား ကို တစ်ဖက်စီဆွဲ၍ ဆိုင် ထဲပြန်ဝင်၏။ နေ့လယ်မကျတကျပေမယ့် အတွင်းမှာ မီးတွေထိပ်ဖွင့် လိုက်ကာ ..၊

"ထိုင်ကြ သမီးတို့ .."

နှစ်ခန်းတွဲ ရွှေဆိုင်ပိုင်ရှင် ဒေါ်မိမိလတ် ၏ ရှုးသွပ်ခြင်းက လူဆို လူကောင်းခွဲခြားရမှန်းပင်မသိဘဲ တစ်ယောက်တည်း ချန်နေရစ်ခဲ့ပြီ ပါး တို့ကို အတွင်းခန်းထဲထိခေါ်သွင်းခဲ့တဲ့အထိ နက်ရှိုင်းနေခဲ့လျက်..

"ကိုသက် က ဆုံးသွားပါပြီ သမီးရယ် .."

"ဆုံးသွားပြီ .."

ပါး အဲလောက်ထိ ဟန်ဆောင်မကောင်းပေ ..၊ မအံ့သြဘဲ အံ့ဩ သလို သရုပ်ဆောင်ကာ ခြား ကို လှည့်ကြည့်မိ၏။ ရှေ့ဆက်သွားဖို့ဇ သူ့အစီအစဉ်မဟုတ်ဘူးလား ..၊

"အခု သမီးက သူ့ကိုမြင်လိုက်တယ်ဟုတ်လား၊ ဘယ်လိုမြင်လိုက် တာလဲ .. သူ ဘယ်လိုလေးလဲဟင် .."

"သူ ...."



"ရုပ်အင်္ကျီအဖြူအနက်ကွက်နဲ့ အဲ(ရ်)ကူလာနားမှာ ရပ်နေတာ.."

"ဟင်!..."

ဒေါ်မိမိလတ် က ခြား ကို ဖျတ်ခနဲလှည့်ကြည့်ကာ ..၊

"မင်းလည်း မြင်တယ် ဟုတ်လား .."

"မြင်တယ် .. သူ အဲဒီ ရှိုးကေ့စ်ဘောက်ကို ဝင်သွားတာ .."

ရှိုးကေ့စ်ဘောမှာ ပိုစတာအပြည့်ကပ်ထားသဖြင့် နောက်မှာ စတို ခန်းတံခါးသေးသေးလေးရှိနေသေးတာကို အပြင်လူသိမှာမဟုတ်ပေ..။

ဒေါ်မိမိလတ် က ထိုနေရာကို စူးစိုက်ကြည့်နေရင်း မျက်ရည်တွေ တပေါက်ပေါက်ကျလာ၏။ ပြီးတော့ ..၊

"ငါ .. ငါ သူ့ကို ဒီလို ကျဉ်းကျဉ်းကျပ်ကျပ်နေရာလေးထဲမှာ မနေ နိုင်းပါဘူး၊ ငါ့တစ်အိမ်လုံးကို စိတ်ကြိုက်နေထိုင်ခွင့်ပေးထားတာပါ၊ ဘာဖြစ်လို့ ဒီထဲမှာမှ .."

"မငိုပါနဲ့ အန်တီရယ် .. သေသွားပြီဆိုရင်လည်း သူ ဘဝကူး ကောင်းအောင် အလှူဒါနလေးလုပ်ပေးလိုက်ပေါ့၊ သေပြီးမှ သူ့ကိုမြင် နေရသေးတယ်ဆိုတာ သူ မကျွတ်လွှတ်နိုင်သေးဘူးဆိုတာ ပြတာပဲ.."

"သူ ကျွတ်လွတ်ချင်မှာမဟုတ်ဘူး သမီး၊ သူ အန်တီ့ကို ချစ်တယ်၊ သူ့စိတ်တွေကို အန်တီ ပိုင်ရပြီဆိုကာမှ .. အန်တီဘယ်လောက်ချစ်တယ် ဆိုတာ သူ တကယ်နားလည်သွားကာမှ သူ .. သူ .. လုပ်ကြံခံခဲ့ရတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေခဲ့ရတာ .."

ပါး တို့ မျက်လုံးချင်းဆုံသွားကြသည်။ ကိုယ့်စိတ်ကိုက နုနွဲ့နေ ခြင်းမရှိသည့်အတွက် ငိုချင်းရှည်ကြီးတစ်ပုဒ်ကို ကြာရှည်စွာ သည်းခံ နားထောင်မနေချင် ..၊

ခြား မျက်နှာမှာလည်း ဒီတိုင်းရှိနေခဲ့လျက် ..၊

"ဒါပေမယ့် သေသွားပြီဆိုရင်တော့ အန်တီ .. သူ့အတွက် .."

"သူက သိပ်ကိုချမ်းသာချင်တဲ့ လူပါ၊ ပြီးတော့ သူ့ဘဝအခြေခံ က ကြမ်းတမ်းခဲ့ပေမယ့် သူက မင်းသားလေးတစ်ပါးလို နေတယ်၊ ချမ်း

www.burmeseclassic.com

www.burmeseclassic.com



သာထိုက်လို့သာ တို့နဲ့ ဆုံဆည်းခဲ့တာပေါ့၊ သူ စိတ်ကစားပြီး တစ်ခြား
တစ်ယောက်ကို ယူသွားခဲ့တဲ့အထိ အန်တီ သူ့ကို ခွင့်လွှတ်ခဲ့တယ်၊
သူတို့အတွက် ထောက်ပံ့ခဲ့တယ် ..''

အာဂမေတ္တာပါလား ..၊

''ဒါပေမယ့် မေတ္တာတရားဆိုတာ သိပ်ကိုဖြူစင်နိုင်မှာပါတယ်
အန်တီ့မေတ္တာမှန်တော့ သူ့အမှား သူသိလာတယ်၊ အန်တီ့ဆီကို ပြန်
ရောက်လာပြီး တောင်းပန်တယ်၊ အန်တီအစတည်းက အပြစ်မြင်ခဲ့တာ
မှမဟုတ်ဘဲ သမီးရယ် ..''

ပြော၍ ရှိုက်ငိုနေသေးသည်။

''သူ့ခမျာ လောကစည်းစိမ်ကို ပြည့်ဝအောင် မခံစားရရှာပါဘူး
ဒါကြောင့် အန်တီ သူ့ကို စိတ်ချမ်းသာအောင်ထားတယ်၊ မကောင်း
ဆိုးဝါးလို့လည်း အပြောမခံဘူး၊ သူ ဘယ်ဘဝရောက်ရောက် အန်တီ
ယောကျ်ားပဲလေ ..''

ပြောတာတွေကို နားထောင်ရင်း သူမရဲ့အစွဲကို ဘယ်လိုချွတ်ရမ
ဆိုတာ အတွေးထဲမှာ ရှုပ်ယှက်ခတ်နေသည်။

''သူ့ယောကျ်ားကို သက်ရှိထင်ရှားရှိစဉ်ကလိုပဲထားတယ်၊ စားချိန်
တန်ရင် အတူတူစားဖို့ခေါ်တယ်၊ အိပ်ချိန်တန်ရင် အတူတူအိပ်တယ်
ကောင်းမှုကုသိုလ်တွေလုပ်ပေးတာရှိပေမယ့် အမှုမထားဘူး၊ သင်္ကြန်နှစ်ဆန်း
တစ်ရက်နေ့မှာ ရပ်ကွက်တိုင်းအလှူရေစက်ချကြတယ်၊ မကောင်း
တဲ့ ဖုတ်၊ ပြိတ္တာတွေ ထုတ်ကြတယ်၊ ရပ်ကွက်ငယ်လေးတွေမှာဆို သံ
တီး စလောင်းပုံးတီးပြီး ထုတ်ကြတာလေ ..''

''သူကတော့ ဘာမှမတီးဘဲ ခြတ်ခါးတွေ အိမ်တံခါးတွေဖွင့်ပြီး
'ကိုသက်ခိုင် ရေ .. ရှင်မပြေးနဲ့ ကိုယ့်အိမ်ထဲမှာ ကိုယ်နေ၊ အပြင်ရောက်
နေတယ်ဆိုလည်း မြန်မြန်ပြေးဝင်ခဲ့ ..' လို့ ခေါ်တာတဲ့ ..''

''ပြီးတော့ သရဲကိုအိမ်ထဲမှာ မွေးထားရင် ကိုယ့်ကိုဒုက္ခပေးသ
တတ်တယ်ပြောလည်း ဘယ်သဖေါ်ကတာမှ နားမထောင်ဘူးတဲ့၊ ပြောရ



ကိုလည်း ရန်သူလိုပဲတဲ့ .. ဒါကြောင့် အဲဒီကိစ္စအတွက် ငါ့ဘာမှ
လုပ်ချင်တာ ..''

''နောက်ဆုံး ငါ မတတ်နိုင်တော့ရင် သူ့ကို ပြောရေးဆိုခွင့်ရှိတဲ့
တစ်ယောက် ပဲခူးမှာရှိတယ်၊ ငါ့ကို လိပ်စာပြောထားတယ်၊ မင်း
အတိုင်း ဒီလူကိစ္စအဆင်ပြေတဲ့အထိ မင်း တာဝန်ယူရမှာ ..''

..

တစ်ထိုင်တည်းမှာ ခြား ပြောခဲ့သမျှတွေကို စဉ်းစားရင်း ဘာဆက်
ရမလဲဆိုတာက ဒုက္ခပေးနေ၏။ ဒေါ်မိမိလတ် ကတော့ မျက်ရည်
ကျနေဆဲနှင့် ..၊

''ဟော့ဒီမှာ သမီးရဲ့ .. သမီးယောကျ်ားပြောတဲ့ ရှပ်အင်္ကျီအနက်
လေးဆိုတာ ..''

နေရာမှ ထသွားပြီး ချိတ်နဲ့အင်္ကျီတွေထဲက အဖြူအနက်ကွက် ရှပ်
အင်္ကျီတစ်ထည်ကို ဖြုတ်လာသည်။ တယုတယပိုက်ထားပြီးမှ နေရာမှ
ထိုင်ကာ ..၊

''သူ ဒီအင်္ကျီလေးကို သိပ်ကြိုက်တာ၊ အဖြူရောင်နဲ့ အနက်ကို
ကြိုက်တော့ ဒီအကွက်ကြားမျိုးလေးဆို သူ့အကြိုက်ပဲ ..''

''အန်တီ ..''

''ဟင် ...''

''ပါး တစ်ခုလောက် ပြောလို့ရမလားဟင် ..''

ဒေါ်မိမိလတ် မျက်နှာ တစ်ချက်တော့ပျက်သွားသည်။ ပါး ဘာပြော
ခြင်ဆင်လိုက်မှန်း ရိပ်မိသွားပုံပေါ်ကာ ..၊

''အင်း .. ပြောလေ ..''

ခွင့်ပြုပေမယ့် လေသံက တက်ကြွမှုမပါ။ ပါး ကတော့ တစ်ခုခု
လုပ်ကြွေးရှိပြီဆို လက်ငင်းဖြေရှင်းတတ်သည့်အကျင့်ရှိသူဖြစ်ရာ..

''အန်တီဘေးမှာ အန်ကယ်လ်ရှိနေတယ်လို့ ဘယ်လိုခံစားမိတာ
လဲဟင် ..''

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ပြောပြဖို့ခက်တဲ့ မေးခွန်းပဲ သမီးရယ်၊ ဒါပေမယ့် သမီးလည်း ခုမြင်ရတယ်လေ၊ သားလည်း သူ ဘာဝတ်ထားတယ်ဆိုတာတောင် ပြောနိုင်တယ်မို့လား ..၊ သူ အန်တီ့နားမှာ အမြဲရှိနေတာ သက်သေမလို ပါဘူး .."

"ဒါပေမယ့် အန်တီ သူ့ကို မမြင်နိုင်ဘူးလေ၊ သူ့အတွက် အစားကောင်းတွေပြင်ပေးထားလည်း သူ ထိုင်စားနေတာကို အန်တီ မမြင်ရဘူး၊ သူ့အိပ်ရာခမ်းနားကို ဟိုတုန်းကထက် ပိုကောင်းအောင် အန်တီ ပြင်ထားပေမယ့်လည်း အိပ်တော့ အန်တီတစ်ယောက်တည်းပဲမို့လား.."

ဒေါ်မိမိလတ် မျက်နှာတည်သွားသည်။ မျက်ဝန်းတွေမှာ နူးညံ့မှုတွေ လျှော့ပါးစပြုလာခဲ့၏။

"ပါး ပြောချင်တာကလေ ကိုယ်ကချစ်လို့ သူဘယ်ဘဝရောက်ရောက် မငြီးငြင် မစွန့်ပစ်နိုင်ပေမယ့် သူ့ဘက်မှာ ဘယ်လိုနေထိုင်ခံစားနေရသလဲဆိုတာကျတော့ .."

"သူ ကျေနပ်နေမှာပဲ .. မင်းက ဘယ်သူ .."

"ကျွန်မက ရွှေပါးအပ် ပါ .."

"အင်း .. ရွှေပါးအပ် .. မင်းက ကိုသက်နဲ့ ဘယ်လိုသိကျွမ်းရင်းနှီးခဲ့ဖူးမှန်းမသိပေမယ့် ငါကတော့ သူ့အကြောင်းပြောလို့ရမယ့်သူကိုပဲ မိတ်ဟောင်းဆွေဟောင်းလို ရင်းနှီးပြီးသားပဲ ..၊ ဒါကြောင့် ငါ့ဆိုင်ထဲတို့ ယုံယုံကြည်ကြည်နဲ့ ခေါ်သွင်းပြီး စကားပြောခဲ့တာပေါ့၊ ကျေးဇူးပြုပြီး မင်းပြောချင်တဲ့အကြောင်းအရာကို ပြောင်းလိုက်ပါလား၊ အန်တီတို့ ဒီ့ထက်စကားတွေ အများကြီးပြောလို့ရအောင်လေ .."

"မိတ်ဆွေကောင်းတို့ ကျင့်ထုံးဆိုတာလည်း ရေလိုက်ငါးသိုက် ပြော .. ကျွေးတာလေးစားပြီး ထပြန်သွားတာမျိုးမဟုတ်ပါဘူး အန်တီ ပါး က အန်ကယ့်လ်အတွက်ရော အန်တီ့သောကတွေကိုပါ ငြိမ်းချမ်းစေချင်လို့ပါ .."

"ဘယ်လို .. မင်းစကားက ကြီးကျယ်လှချေလား .."



"ပါး အန်ကယ့်လ်ကို မြင်လိုက်ပြီး သူက သေသွားပြီးသားလူဆိုတာ သိလိုက်ရတာနဲ့ စိတ်မကောင်းဖြစ်သွားမိတာ .."

ပါး က စူးလက်နေသည့်မျက်ဝန်းတွေနှင့် ရဲရင့်နေသည်။ ဒေါ်မိမိလတ် ချက်နှာ တင်းလာတာမြင်ပေမယ့် နောက်တွန့်အားနာသွားမည့်ပုံမရှိဘဲ..၊

"မကျွတ်မလွတ်တဲ့ဘဝမှာ ရှိနေမှန်းသိကြရင် အားလုံး သနားကြတာပဲ အန်တီ ..၊ အဲဒါ ဘာဖြစ်လို့ သူတို့ဘဝက အန်တီ ထင်သလို ပြီးပြည့်စုံနေကြတာမဟုတ်လို့ပေါ့ .."

"ဘယ်ဟုတ်မှာလဲ .. အားလုံးကလည်း အန်တီ့လိုမှ မဟုတ်ကြတာ၊ သေသွားပြီဆိုရင် ထင်းစတစ်စလောက်တောင် တန်ဖိုးမထားကြတော့ဘူးလေ .."

"ခန္ဓာကိုယ်ကြီးကတော့ အပုတ်ကောင်ကြီးပဲ အန်တီ ..၊ ပါး ပြောချင်တာက ကျန်ခဲ့တဲ့ ရုပ်ကြွင်းကိုမဟုတ်ဘူး၊ ဘယ်ရောက်လို့ ဘယ်လိုနေမှန်းမသိတဲ့ သူ့ရဲ့ဝိညာဉ် .."

"ဘာလို့မသိရမှာလဲ ရွှေပါးအပ် .. ငါ့ယောကျ်ားရဲ့ ဝိညာဉ်က ငါ့နားမှာပဲရှိတယ်၊ သူ ကောင်းကောင်းနေရတယ်၊ ကောင်းကောင်းဝတ်ရတယ် .."

"သူ ဘယ်လိုနေရတယ်ဆိုတာ အန်တီမြင်ရင် ဒီလိုပြောမှာမဟုတ်ပါဘူး .."

ခြား ဝင်ပြောလိုက်တော့ ဒေါ်မိမိလတ် လှည့်ကြည့်သည်။ မျက်ဝန်းထဲမှာ ဒေါသမီးတောက်တွေ ရှိနေပေမယ့် တင်းတင်းမာမာစကားတော့ ပြောသေးဘဲရှိလျက် ..၊

"မင်း ဘာပြောချင်တာလဲ .."

"ကျွန်တော်က စိတ်ရောဂါအထူးကုဆရာဝန်ပါ .."

"နာမည်က .."

"ခွဲခြား .."

"ငါ ကြားဖူးတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိလတ် က ပြောပြီး ခပ်မဲ့မဲ့ရယ်သည်။

"မင်းဆီကို ချောင်းပေါက်အောင်လာနေတဲ့ နွေဦး ဆိုတဲ့မိန်းကလေးက ငါ့မောင်ဝမ်းကွဲရဲ့ ဇနီး .."

နွေဦး ဆိုတာကို ပါး သိသည်။ ဘယ့်နှယ် သူမ နာမည်ကိုပဲ ဟိုကြား ဒီကကြားနဲ့ပါလား ..။

"ငါကတော့ နွေဦး ထက် မရှူးပေမယ့် နွေဦး လိုမဟုတ်ဘူး၊ ငါ့ယောကျ်ားကို ငါတောင်စကားပြောခွင့်မရဘဲနဲ့ သူများကပြောဆိုနိုင်တယ်ဆိုတာ .."

"ကျွန်တော် အခု အန်တီ့ရှေ့မှာပဲ .. သူ့နဲ့ပြောလို့ရပါတယ် .."

"ဘာ !..."

ဒေါ်မိမိလတ် မျက်လုံးတွေ သိသာစွာ ချောက်ချားသွားသည်။ ပြီးတော့ စတိုခန်းတံခါးဆီ လှမ်းကြည့်ကာ ..။

"မယုံဘူး .. ပြောပြ ညည်း မယုံဘူး၊ မင်းတို့ ထွက်သွားကြ၊ ငါ့ယောကျ်ားက ငါနဲ့ပျော်တယ်၊ သူနဲ့နေရတဲ့အဖွက်လည်း ငါက ကျေနပ်တယ်၊ သရဲဖြစ်ဖြစ် စုန်းဖြစ်ဖြစ် ငါ မကြောက်ဘူး၊ သွားကြပါတော့.."

"သွားပါ့မယ် .. ဒါပေမယ့် အန်တီ နည်းနည်းလေး စဉ်းစားကြည့်စမ်းပါ၊ အန်တီက သူ့ကို အနားမှာထားပြီး အချစ်သူရဲကောင်းလိုနေနေတယ်၊ အဲ့ဒီအတွက် မြင်ရတာ၊မမြင်ရတာမရှိဘူး၊ သူ့တာဝန် .. သူ့ကြောင့် အန်တီ့မှာ ဘာမှထိခိုက်မှု မရှိဘူး .."

ပါး က သေချာဆုပ်ကိုင်ပြသကဲ့သို့ ရှင်းပြနေကာ ..။

"သူ့မှာတော့ မနေအပ်တဲ့ နေရာမှာနေလို့ ဒုက္ခဆင်းရဲကြီး တွေ့နေတယ်ဆိုရင် အန်တီ ကျေနပ်နိုင်မလား .."

ဒေါ်မိမိလတ် ငြိမ်သက်နေ၏။

"နာနာဘာဝတွေဟာ သူတော်စင်ရဲ့ အရိပ်နဲ့ထိရင် မီးကွင်းစွပ်ခံရသလို ပူလောင်ပါတယ်၊ အဲဒါတွေကို အန်တီ ဘာမှမသိပေမယ့် သူ့မှာ ခံစားနေရတယ်ဆိုရင် အန်တီ ဒီတိုင်းဆက်နေနိုင်မှာလား .."



"ဖြစ်စရာမရှိဘူး ရှေ့ပါးအပ် .. အိမ်ရှင်က ခွင့်ပြုရင် အဲဒီအိမ်မှာ သူတို့ဝင်ထွက်လို့ရတယ်၊ နေထိုင်လို့ရတယ် .."

"ဘယ်သူပြောတာလဲ .."

နောက်ထပ် ဒေါ်မိမိလတ် တိတ်ကျသွားပြန်သည်။

"အဟမ်း .."

ခြား က ဒေါ်မိမိလတ် ငိုင်နေတာကိုကြည့်ပြီး ချောင်းတစ်ချက်ဟန့်လိုက်ရင်း ..။

"ကျွန်တော်က အဲဒါတွေကို စိတ်ဝင်စားပြီး တစိုက်မတ်မတ်လေ့လာနေတဲ့သူ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ်ကမလိုက်ဘဲနေလည်း ကိုယ့်နောက်လိုက်ပြီး အကူအညီတောင်းနေကြတဲ့ ပရလောကနဲ့ပတ်သက်ပြီး .."

"ဒါဖြင့် မင်းတို့က ငါ့ဆီလာကြတာ အကြံနဲ့လာကြတာပေါ့ .."

ပါး က ဆတ်ခနဲခေါင်းညိတ်လိုက်ပြီး ..။

"အန်ကယ်သက် က အကူအညီတောင်းလို့ပါ .."

"အမိပွာယ်မရှိတာ .."

"ဟွန်း .."

ခြား က ရယ်လိုက်ပြီး အခန်းကိုဝေ့ကြည့်သည်။ ဦးသက်ခိုင် ကို သူ သေချာမြင်ပေမယ့် ..။

"အန်တီ မြင်အောင်တော့ ပြလို့မရဘူး၊ ဒါပေမယ့် သူ အခု ရှိနေတယ်၊ အန်တီ ကိုင်ထားတဲ့အကျီကိုဝတ်ပြီး အန်တီတို့အိမ် ရေစက်ချတရားနာခေတ်ပုံဘောင်သေးမှာ ရပ်နေတယ် .."

ဟင် !..၊

ဒေါ်မိမိလတ် အကျီကိုငုံ့ကြည့်သည်။ ပြီးတော့ ခေတ်ပုံဆီဖျတ်ခနဲလှည့်ကြည့်၏။ ပါး ကလည်း နောက်လှည့်ကြည့်ပြီး ခြား ဘက်ကိုပြန်လှည့်၍ ..။

"အန်တီ သိသာစေမယ့် တစ်ခုခု ရှင် သက်သေပြလို့မရဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး .."

ဒါနဲ့မျှားဆိုသည့်အကြည့်နှင့် ဒေါ်မိမိလတ် က တည့်တည့်စိုက်ကြည့်သည်။ ခြား က ဦးသက်နိုင် ကိုပဲကြည့်ကာ ...

"သူ ကျွန်တော့်ကို တိုက်ရိုက်မပြောနိုင်ဘူး၊ ကြားက ပြောပေးတဲ့ လူမည်းကြီးလည်း ဒီမှာမရှိဘူး၊ ဒါပေမယ့် အခု သူ တစ်ခုခုကိုပြနေတယ်.."

"ဟင် .. ဘာပြတာလဲ .."

မယုံကြည်ပေမယ့် ဒေါ်မိမိလတ် ဆတ်ခနဲထရပ်ပြီးဖြစ်ကာ ခြားနဲ့ ခေတ်ပုံဘောင်ကို မျက်နှာချင်းဆိုင်ထား၍ သူမက ကြိုက်ကျနေရာမှာ ရပ်လိုက်၏။

"သူ .. ဟိုမှာကပ်ထားတဲ့ ဝေါလ်ရှု(ထ်)ကိုပြနေတယ်၊ ပြီးတော့ သူ့ မျက်မှန်လား၊ မျက်မှန်ပုံလုပ်ပြနေတယ်၊ အန်တီ အဲဒီနားမှာ သွားရှာကြည့်လိုက်ပါ .."

လှူစိမ်းတွေရှေ့မှာ စတိုခန်းကို မဖွင့်ချင်ပေမယ့် ဘာမှ သတိမထားမိတော့ဘဲ ဒေါ်မိမိလတ် ချက်ချင်း သွားဖွင့်တော့သည်။

စတိုခန်းက တံခါးပေါက်တိုပေမယ့် အထဲမှာ ငုတ်တုတ်ထိုင်လို့ရသည့်အနေအထားဖြင့် ဆယ့်ငါးပေပတ်လည်လောက် ကျယ်၏။

မျက်မှန်ပုံပြလိုက်တာနှင့် ဘာကိုရှာရမှာမှန်းသိကာ ဒေါ်မိမိလတ် ပြန်ထွက်လာတော့ ကုတ်အင်္ကျီတစ်ထည်နှင့် မျက်မှန်ထည့်သည့်ဘူးတစ်ဘူးပါလာ၏။

ဘူးကတစ်ဖက်၊ အင်္ကျီကတစ်ဖက်နှင့် ဒေါ်မိမိလတ် ရှိုက်ကြီးတငင်ငိုလေသည်။

"ဒါ .. ဒါ .. သူ ဆုံးမယ့်နေ့က အပြင်ကပြန်လာပြီး ချွတ်ထားတဲ့ အင်္ကျီ၊ ဒီ ကုတ်အင်္ကျီကို သူ သိပ်ကြိုက်တာ၊ သူနဲ့ဆို စမတ်(ထ်)ကျတယ်လို့ ငါကပြောဖူးတယ်၊ သူ .. သူ ဟို မိန်းကလေးနဲ့ အတူသွားနေတာတောင် ဒါကို မချွတ်တမ်းဝတ်ထားတာတဲ့ .."

မျက်မှန်ဘူးကို ရုတ်တရက်မဖွင့်ဘဲ လွမ်းလို့မပြီးနိုင်ဖြစ်နေခဲ့၏။



ပြီးမှ ဖွင့်လိုက်တော့ အထဲမှာ မျက်မှန်မရှိပေ ..။

"ဒါ မျက်မှန်ဘူးပဲ .. ဘာမှမှ မရှိတာ .."

ဒီ အင်္ကျီထဲမှာ မျက်မှန်ဘူးရှိနေတာကို ခဏခဏ စမ်းမိထားလို့ သိနေခဲ့သည်။ မျက်မှန်ထည့်ထားသည်ပဲထင်ခဲ့တာမို့ ဂရုမစိုက်မိခဲ့ ..၊

သို့သော် အထဲမှာ စက္ကူခေါက်လေးတစ်ခုဖြန့်ခင်းထားတာရှိနေသေးသဖြင့် ကော်ထုတ်ပြီး ဖြန့်ကြည့်လိုက်လျှင် လက်ထပ်စာချုပ်ထဲက သူမရဲ့ လက်မှတ်လေးကို ကွက်ညှပ်ပြီး မျက်မှန်ဘူးနဲ့ အနေတော်လေးပဲ ယူသိမ်းထားတာဖြစ်သည်။

"ဖြစ်ရလေ ကိုသက် ရယ် .. ဟီး .. ဟီး .. ဟီး .."

ဒေါ်မိမိလတ် ခေတ်ပုံဘောင်နားကို မှန်းဆကြည့်ကာ ရှိုက်ငိုလေသည်။

"သူ အန်တီ့ဘေးမှာ ရပ်နေတယ် .."

"ဟင် .. ဟုတ်လား .. ကိုသက်၊ နှင် .. နှင် ငါ့ပခုံးကို ဖက်ထားလိုက်ပါ၊ ငါ့ကို အငိုတိတ်အောင် ချော့စမ်းပါ၊ ဟီး .. ဟီး .."

မယုံကြည်ခဲ့သည့် စိတ်တွေ ဘယ်ဆီရောက်ကုန်သည် မသိ ..၊ ဒါ တကယ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်ဘူးဖြစ်စေ၊ စိတ်ထဲမှာကိုက ဦးသက်နိုင် အနားမှာရှိနေသည်လို့ ခံစားနေရပြီဖြစ်ကာ ..၊

"နှင် ငါ့ကို အဲလောက်ချစ်ရဲ့သားနဲ့ ဘာဖြစ်လို့ နောက်တစ်ယောက် ယူသွားတာလဲ၊ ဘာဖြစ်လို့ ငါ့ကို တစ်ယောက်တည်းထားသွားတာလဲ၊ ငါ နှင့်ကို ကြည့်ချင်တယ် ကိုသက်၊ ခဏလေးဖြစ်ဖြစ် ကိုယ်ထင်ပြစမ်းပါ .. ခဏလေးပါပဲ .."

"သူ ခေါင်းခါနေတယ် .."

"ဟင် .. ဘာဖြစ်လို့လဲ၊ ငါ့ကိုတော့ ဘာဖြစ်လို့ မြင်အောင်မပြနိုင်တာလဲ၊ ဒါဆိုရင်လည်း သူ့ရဲ့ ကိုယ်နံ့လေးဖြစ်ဖြစ်ပါ .."

"ခုချိန်မှာ သူ့ရဲ့ ကိုယ်နံ့ကလည်း မွှေးနေမှာမှ မဟုတ်တာ .."

"ခွဲခြား .. မင်း .. ဒီထိလာပြီး ငါ့ကို ဒုက္ခပေးရုံနဲ့တော့ မနှိပ်စက်ပါနဲ့၊ ငါ မြင်ရအောင် ကူညီပေးပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သိုက်ဆရာလည်းမဟုတ်ဘူး၊ အောက်လမ်းပညာလည်း မတတ်ဘူး အန်တီ .. ကျွန်တော် မြင်နေရတာလည်း မြင်ချင်လို့ ဖန်တီးယူခဲ့တာမဟုတ်ဘူး၊ အဲဒီလို မြင်နေရတဲ့အတွက် သူတို့ အကူအညီတောင်းတာကိုလည်း သိနေရတယ်၊ ကူညီဖို့ ကြိုးစားမိတိုင်းလည်း ခုလိုမျိုး ရန်တွေ့မောင်းထုတ်ခံရတာမျိုး .."

"ဒါကတော့ သူတို့အပေါ်မှာ သံယောဇဉ်မပြတ်နိုင်တဲ့ စိတ်နဲ့ပါကွယ်၊ ဒါကြောင့် သူ့ကို ကျွတ်လွတ်အောင်လုပ်ပေးဖို့ပြောလာတဲ့သူတိုင်းကို အန်တီ ရန်လိုခဲ့မိတာပါ၊ အခု အန်တီ လိုလိုလားလား တောင်းဆိုနေတာပါ၊ သူ့ကို ခဏလေးမြင်ပါရစေ .."

"ဆောရီးပါ အန်တီ .. ကျွန်တော် တကယ်မတတ်နိုင်လို့ပါ၊ အန်တီ သူ့အတွက် တကယ်ငြိမ်းချမ်းစေချင်တယ်ဆိုရင်တော့ .."

"ဟင် .. ပြောလေ .. ပြောစမ်းပါ၊ သူက အန်တီနဲ့နေရတာ စိတ်ဆင်းရဲနေသတဲ့လား .."

"ကျွန်တော် ပြောတာကို ယုံကြည်မယ်ဆိုရင်တော့ စိတ်ခိုင်ခိုင်နဲ့ နားထောင်ပါ .."

ဒေါ်မိမိလတ် မျက်လုံး ပြူးသွားသည်။ မကြားရဲသလိုဖြစ်လာခဲ့သည့် မျက်ဝန်းတွေက ချောက်ချားလှုပ်ရှားလာကြပြီး ..၊

"ဘာ .. ဘာလဲဟင် .."

"သေတဲ့လူတွေက သူတို့ ဘယ်လိုသေခဲ့ကြရသလဲ .. အဲဒီလို သေနည်းမျိုးအတိုင်းပဲ သူတို့နေကြရတာ .."

"ဘယ်လို .."

"ဥပမာ .. ခေါင်းဖြတ်သတ်ခံရရင် ခေါင်းပြတ်နေတဲ့ပုံနဲ့ .."

"အို .. မဟုတ်တာ .."

ဘယ်လိုမှ လက်မခံနိုင်စွာ ဒေါ်မိမိလတ် ခါးခါးသီးသီးခေါင်းခါ၏။

"ဝိညာဉ်ဆိုတာ မီးခိုးငွေ့လေးလိုပဲ .. လွင့်ချင်ရာလွင့် မျောချင်ရာ မျောနေကြတာပါ .."



"ဝိညာဉ်ဘဝ ဘယ်နှစ်မျိုး၊ ဘယ်နှစ်ဆင့်လောက်ရှိသလဲ ကျွန်တော်မသိဘူး၊ ကျွန်တော်သိတာက ဦးသက်နိုင် မတ်တပ်ရပ်ပြီး မသွားနိုင်ဘူး .."

"ဘုရား .. ဘုရား .."

"သူ့မျက်နှာတစ်ဝိုက်မှာ သွေးတွေရှိတယ်၊ လက်နှစ်ဖက်စလုံး နောက်ပြန်လန်နေတယ်၊ လမ်းသွားတော့ လေးဘက်တွားပြီး .."

"မဟုတ်ဘူး .. လုံးဝမဟုတ်ဘူး .."

"အန်တီ .."

"ဟား .. ကျွတ် .."

စိတ်ပျက်တာ အဲဒါတွေပဲလို့ အော်ပြောပြီး ထထွက်လာခဲ့ချင်သည်။ သို့သော် ..၊

"အန်တီ စိတ်ထိန်းဦးလေ .. အန်တီ ရရဲ့လား .."

"အင်း .."

ပန်ကာလေးမြင်တော့ ဖွင့်ပေးလိုက်မိသည်။ ဒေါ်မိမိလတ် မေ့မြော မတတ်ဖြစ်သွားပေမယ့် သတိရှိနေသေးလို့ တော်သေးတော့သည်။

"အန်တီ မယုံတာလား၊ နားမထောင်ချင်တော့တာလား၊ နားမထောင်ချင်တော့တာဆိုရင် .."

"ပြောပါ .. အခု .. သူ .. သူ ရှိနေသေးလားဟင် .."

"ရှိတယ် .. အန်တီ့ မျက်ခုံးနှစ်ဖက်အလယ်ကို လက်ခလယ်နဲ့ ချေပေးပါလို့ပြောနေတယ် .."

"ကိုသက်ရယ် .. အဟင့် .. နင် .. နင်ရှိနေတာ ငါ သိပြီ .."

ဒေါ်မိမိလတ် ခေါင်းတခါခါနှင့် ငိုနေလေသည်။

"သူ ကျွန်တော့်ကို အကူအညီတောင်းခဲ့တယ် အန်တီ၊ သူ အန်တီနဲ့ အတူတူနေလို့မရတော့ဘူး၊ ဒါပေမယ့် အန်တီ သူ့ကို ထွက်သွားခွင့်ပေးတဲ့အတွက် သွေးသံရဲရဲနဲ့ ဒီပုံစံကြီးအတိုင်း သူ ဆင်းရဲကြီးစွာနေနေရတယ်တဲ့၊ သူ့ကို သွားခွင့်ပြုလိုက်ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် အန်တီ၊ သူ အန်တီ့ကို မချစ်လို့သွားချင်တာမဟုတ်ပါဘူး၊ ဒါပေမယ့် သူရှိနေတဲ့အတွက် အတူနေထိုင်ပေါင်းသင်းကြလို့လည်း မရဘူးမို့လား .."

ဒေါ်မိမိလတ် ခေါင်းညိတ်နားလည်သွားသည့်အတွက် ပါး ရဲ့ တာဝန်တစ်ရပ် ပြီးဆုံးသွားခဲ့သည်။ တကယ်ဆို ဒေါ်မိမိလတ် ရဲ့ ဒေါသအတ္တတွေကြောင့် ကိုယ်ကလည်း မာနကြီးတဲ့သူမို့ ခြား အနားကပ်လို့တောင် မရခဲ့ပေ ..။

ထို့ကြောင့် ပထမဆုံး ပါး ကို ခေါ်ပြပြီး ဒီအမျိုးသမီးကြီးကို လှေလာနိုင်းဖို့ဖြစ်သည်။ ပြီးမှ နောက်တစ်ဆင့် သေဆုံးသူရဲ့ ဝိညာဉ်ကို ကျွတ်လွတ်အောင် ကူညီပေးဖို့ ..၊

"မင်း ဒါမျိုးလည်းရသားပဲ .."

"ဘာ .."

"လူနဲ့သူနဲ့ စကားပြောတော့လည်း ချောလို့ပဲ .."

"လူနဲ့သူနဲ့ နေလာတာလေ၊ တစ်ယောက်တည်းအခန်းတံခါးပိတ်ပြီး နေတာမှ မဟုတ်ဘဲ .."

ခြား က စိတ်မဆိုးဘဲ ပခုံးတွန့်၍ရယ်ကာ ..၊

"ထားပါတော့ .. အခု မင်းကိစ္စကို ငါ ကူညီရမယ့်အလှည့် .."

နှစ်ယောက်အတူ အအေးဆိုင်မှာ ထိုင်မိကြတော့ ပါး က အအေးမသောက်ဘဲ ရေခဲမုန့်ပဲစားသည်။

သူကလည်း ကော်ဖီပူပူပဲမှာကာ နှစ်ယောက်သည် ဆန့်ကျင်ဘက်အရသာများကို ကိုယ်စီစားသုံးရင်း ..၊

"ဒါပေမယ့် တစ်ခုရှိတာက သေတဲ့လူကိုယ်တိုင် မပြီးပြတ်ခဲ့တဲ့ ဝန်ထုပ်ဝန်ပိုးကို စွဲလမ်းပြီး ပြီးဆုံးအောင် ဆောင်ရွက်ပေးခဲ့ချင်တဲ့ထက်သန်မှုရှိရတယ်၊ နောက်တစ်ခုက ထပ်ပြောရရင် သက်တမ်းစေ့လို့ မဟုတ်ဘဲပဲ ရုတ်တရက် ကံဖြတ်တာမျိုး .."

"ဥပစ္ဆေဒကကံနဲ့ သေရတာတွေကို ပြောတာလား .."



"ဟုတ်တယ်လေ .. အိပ်ရာထဲမှာ နာတာရှည်ဖြစ်နေပြီး သားကိုစောင့်၊ သမီးကိုစောင့်နဲ့ အသက်ငင်နေတဲ့ လူမမာ အသက်ထွက်သွားတာမျိုးက .."

"ဦးဝေယံ က နာတာရှည်ဖြစ်နေတာပေမယ့် မြန်နှုန်းခနဲကြီး ဆုံးသွားတာပဲ .."

ခြား က "ဒါတော့ မသိဘူး" ဆိုသည့် မျက်နှာနှင့် ပခုံးတွန့်၏။ ပါး မျက်နှာလေးတင်းလာလျက် ..၊

"နောက်တစ်ခုထပ်ရှိသေးဒင် ပြောထားစမ်းပါ၊ မဖြစ်နိုင်စရာတစ်ခုခုရှိနေသေးတဲ့ပုံပဲ .."

"ရှိတာပေါ့ .. အသက်ထွက်သွားတည်းက လွင့်ချင်ရာလွင့်နေတဲ့ ဝိညာဉ်၊ ပြီးတော့ အဝီစိတန်းရောက်သွားသလား၊ နတ်ပြည်မှာ ဘုံပေါက်ပြီးသားရှိလို့ တစ်ခါတည်း ဆယ့်ခြောက်နှစ်သားအရွယ်နဲ့ နတ်သားဖြစ်နေပြီလား ..၊ ဒါမှမဟုတ် ခွေးဗိုက်ထဲရောက်သွားလား .. ဖြုတ်မဗိုက်ထဲမှာ သန္ဓေတည်နေပြီလား .."

"တော်သေးတာပေါ့ .. ရှင့်မှာ မိန်းမရှိနေရင် ရှင့်မိန်းမဗိုက်ထဲလည်း ဝင်နေနိုင်တာပဲ .."

"ဟား .. ဟား .. ဟား .."

ပါး က ရယ်နေသည့်မျက်နှာကြီးကို မျက်စောင်းထိုး၍ ရေခဲမုန့်ကို အတင်းဖိသိပ်မွှေနှောက်ပစ်၏။

"ပျော်ကုန်ပြီကွ .."

"ရှင့်အပူ မပါပါဘူး .."

"ဟုတ်လား .. ဟား .. ဟား .. ဟား .."

"ခွဲခြား .."

"ဟင် .. ပြော .."

"အဲ့ဒီတော့ .. ရှင့်စကားကို ဆက်စမ်းပါဦး .."

"မင်းကို အရင်တည်းက ပြောမိတယ်ထင်တယ်၊ သူတို့က ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



လာရှာကြတာ၊ ငါက တစ်ခါမှ သွားမရှာဖူးဘူးဆိုတာ ..”

“ခု မဖြစ်နိုင်ဘူးလို့ ပြောလိုက်တာလား ..”

“ဖြစ်နိုင်ချေက ဆယ်ရာခိုင်နှုန်းလောက်ပဲရှိတယ်၊ အခိုးအငွေ့တစ်ခုကို ဘယ်မှာလိုက်ဖမ်းရမလဲ ..”

“မဖြစ်နိုင်ဘူးဆိုရင် ဒါ ဖြစ်နိုင်ချေမရှိပါဘူးလို့ ရှင် အစောတည်းက ပြောခဲ့လေ ..”

“ပြောနေတာပဲကွ .. မင်းပဲ ငါ့ကို ဓားထောက် လက်ချိုးပြီး အမျိုးမျိုး နှိပ်စက်ခိုင်းခဲ့တာ ..”

“လောလောဆယ် ကျွန်မက ရှင် ခိုင်းတာကိုလုပ်ခဲ့ရပြီးပြီ ..”

ခြား က ‘ဟုတ်လား’ ဆိုသည့်မျက်နှာနှင့် မျက်ခုံးနှစ်ဖက်ပင့်သွားသည်။ ပြီးတော့ ရယ်ချင်ပတ်ကျိမျက်လုံးတွေက လူကို ဆားငံရည်နဲ့ ပက်ခံလိုက်ရသလိုရှိလျက် ..၊

“ရှင်က ကျွန်မကို လက်တစ်လုံးခြား လှည့်လိုက်တာလား ..”

“နီး .. ဒါပေမယ့် အဲ့လိုဖြစ်သွားရင်တော့ ..”

“ဒီမှာ ..”

“ဟ .. အ ..”

သူ ဘယ်လိုမှ မထင်မှတ်လိုက်ပေ ..။ ပါး က စတီးခွက်လေးထဲမှာ အခေါက်လိုက်စိုက်ထည့်ထားသည့် တစ်ရှူးစတွေကိုဆွဲယူလိုက်ကာ လျှပ်တစ်ပြတ် ဘယ်လိုလှုပ်ရှားလိုက်မှန်းမသိ ..၊

သူ သေချာသိလိုက်သည့်အချိန်တွင် စားပွဲပေါ်တင်ထားသည့် သူ့လက်ခုံပေါ်မှာ တစ်ရှူးတစ်ထပ်ခံလျက် ရေခဲမုန့်စားသည့် စတီးဇွန်းနှင့် ဖိထောက်ခံထားရပြီဖြစ်ကာ ..၊

“မင်း ..”

“ငြိမ်ငြိမ်နေစမ်းပါ ..”

“ဟား ..”

နောက်ထပ် သူ့ရဲ့ စားပွဲခုံအောက်က ခြေထောက်တစ်ဖက်ပေါ်မှာ



သူမရဲ့ ရှူးဖိနပ်စီးထားသော ခြေထောက်တစ်ဖက်က ဖိကြိတ်နင်းထားလိုက်ပြီး ..၊

“လူတွေ သတိထားမိအောင်လုပ်ရင် ရှင့်ထိုက်နဲ့ ရှင့်ကံနော် ..၊ အခု ကျွန်မကို ရှင် တစ်ခုခုတုံ့ပြန်ထိုးနက်ဖို့ ဟန်ပြင်လိုက်တာနဲ့ တစ်ရှူးကိုဖောက်ပြီး ဒီဇွန်း ဘယ်ထိခရီးဆက်မလဲ သိသွားလိမ့်မယ် ..”

“မင်းကို ငါ ဘာတွေစော်ကားလိုက်လို့ တိုက်ဖို့ခိုက်ဖို့တွေ ဖြစ်သွားတာလဲ ..”

“စော်ကားတယ်ဆိုတာ ဘယ်လိုအဆင့်မျိုးနဲ့ သတ်မှတ်တာလဲပဲ ရှင် အရင်ဖြေပါ၊ ကျွန်မက ကိုယ့်ပြဿနာဘယ်လောက်အရေးကြီးကြီး ရှင် ဆောင်ရွက်မှုဖြစ်မှာမို့လို့ ရှင်ခိုင်းတာ လုပ်ပေးခဲ့တယ် ..”

“မင်းကို ငါက မလုပ်ပေးနိုင်ဘူး ပြောနေလို့လား ..”

“ရှင် ယောကျ်ားစကားပြော ..”

“ယောကျ်ားစကား မဟုတ်သေးဘူးထင်ရင် ပြောပြမယ်လေ၊ မင်းနားမထောင်ချင်ရင်တော့ လက်မပါကြေးပေါ့ ..”

စိန်ခေါ်သည့် မေးခွန်းကြောင့် ပါး မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ ပြီးတော့ ဇွန်းနဲ့ စိုက်ဖိထားသည့်လက်ကို ပို၍အားစိုက်လိုက်သဖြင့် ခြား မျက်ခုံးတွေ တွန့်ခနဲတစ်ချက်ဖြစ်ကာ အံကြိတ်၏။

ဒေါသသည် အသားနာခြင်းထက် သာလွန်ဆူပွက်စေကာ ..၊

“မင်း သိပ်လှတယ် ရွှေပါးအပ်၊ အရမ်းချစ်ဖို့ကောင်းတယ်၊ စိတ်ထွတ်ကိုယ်လွတ် နမ်းပစ်ချင်စိတ်တွေပေါက်လာအောင် မင်း နှုတ်ခမ်းက ဆွဲဆောင်မှုရှိတယ် ..”

သဖန်းသီးလို ရဲချိတ်လာသည့် မျက်နှာလေးကို စိုက်ကြည့်နေရင်း..၊

“ကြားလား .. အဲဒါ ယောကျ်ားစကားတွေပဲ၊ ကိုယ်ကကူညီဖို့ကြိုးစားပေမယ့် သူ့စည်းသူ ချိုးဖောက်မိလာအောင် အဲဒီမိန်းကလေးက ခေါ်ခတ်နှိုးဆွလာရင်တော့ ..”

“ရှင့် ပါးစပ်ကို ပိတ်လိုက် ..”



www.burmeseclassic.com

www.burmeseclassic.com



ဖွန်းက တစ်ရှုးကို ထိုးဖောက်၍ သူ့လက်ခုံကို ထိပါးရန်စလာ
လျှင် ခြား ရဲ့ လက်တစ်ဖက်က သူမ လက်ပေါ်ကို ထပ်ဆုပ်ကိုင်လိုက်၏

ထိုစဉ် ...။

“ရှေ့ပါးအပ် ..”

နောက်မှာ လူရိပ်တစ်ချို့ထင်လာခဲ့ပြီး သူမရဲ့ဘေးကို ရောက်လာ
သူက ဒေါ်လေးမြင့် ...။

ပါး ကတော့ သိခဲ့တဲ့လူတွေကိုရော မသိတဲ့လူတွေကိုပါ ဘယ်သူ
မှ ဂရုမစိုက်ပေ ...။ ပဒုမ္မာစံအိမ်ကြီးမှာ ဘယ်သူတွေ ထွက်သွားပြီး
ဘယ်သူတွေဝင်လာသလဲ သူမ ဘာမှမသိခဲ့တာကြာပြီဖြစ်ရာ ...။

“ရှင်နဲ့ နောက်မှ ရှင်းမယ် ..”

မျက်လုံးကို တည့်တည့်ကြည့်ကာ နှုတ်ခမ်းလှုပ်ရုံပြောပြီး လက်
ပြန်ရုတ်လိုက်၏။ ဟိုနေ့က အိမ်ထဲထိဝင်လာခွင့်မရခဲ့သော အမျိုးသမီး
ကြီးနဲ့ ဒီလူနှစ်ယောက်ကို ခြား က မှတ်မိနေကာ လောလောဆယ်
ရဲ့ပြဿနာသည် သူ့ဒေါသတွေကို အနားသတ်ပေးလိုက်သလိုရှိလျှက်

“ခင်ဗျားတို့က ..”

“ငါတို့က ကိုယ့်အိမ်တွင်းရေးကို ရှင်းနေကြတာ၊ မင်းတို့ လိမ်
ခဲ့တာကို တစ်ကြိမ်တစ်ခါမက ခွင့်လွှတ်ထားခဲ့ပြီးပြီဆိုတော့ အခု ငါ
စကားပြောစရာရှိတယ် .. မင်း ထွက်သွားပေးလို့ရမလား ..”

ဒေါက်တာတွေ ဆရာတွေခေါ်ပြီး လေးစားဟန်ပြတာတွေ ဘာ
မရှိတော့ဘဲ ဒေါ်လေးမြင့် တို့လူစု မျက်နှာတွေက မောက်မာပြင်း
နေကြ၏။ ခြား ကလည်း အေးစက်စက်ပြန်ကြည့်ပြီး ခေါင်းခါလို
ကာ ...။

“မသွားနိုင်ဘူး ..”

ဒေါ်လေးမြင့် မျက်နှာပျက်သွားသည်။ ပါလာသည့် လူကြီးတွေ
တစ်ခုခုလုပ်တော့မလို လှုပ်ရှားလိုက်ကြလျှင် ဆိုင်ထဲကိုဝေ့ကြည့်
ဒေါ်လေးမြင့် က မျက်ရိပ်ပြတားလိုက်၏။ ပြီးတော့ ပါး ဘက်ကို



၍ ...။

“မင်းနဲ့ ပြောစရာရှိတယ် .. လောလောဆယ် ဖြစ်ပြီးခဲ့တာတွေကို
မဖြစ်ခဲ့ဘူးလို့ သဘောထားပြီး သူဌေးက မင်းနဲ့ အေးအေးဆွေးနွေးဖို့
ဆန္ဒရှိတယ် ..”

“ကျွန်မက ဆန္ဒမရှိဘူး ..”

“မင်းဆန္ဒရှိရှိ၊ မရှိရှိ ခုချိန်မှာ မင်းက ပြစ်မှုများစွာနဲ့ ပြေးလွှားနေ
ရတဲ့ ဝရမ်းပြေးဘဝမှာနော် .. မင်းဘဝက ငါတို့ရဲ့ လက်ခုပ်ထဲမှာရှိ
တယ် ..”

ပါး က ခြား ကို မသိစေချင်တာတွေ မကြားစေလိုသဖြင့် ဆိုင်ပြင်
ကို ထွက်သွားခဲ့၏။ ဒေါ်လေးမြင့် က ခြား ကို အထင်မြင်သေးသလို
ပြန်ငုံ့ကြည့်ပြီးမှ နောက်ကပါသွားသည်။

“မင်း ငါတို့နဲ့ လိုက်ခဲ့ဖို့ သဘောတူမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့
ပဒုမ္မာစံအိမ်ကြီးက မင်းနဲ့သက်ဆိုင်ခဲ့ပေမယ့် မင်းက မိဘကို စပြီး
အမွေဖြတ်ခဲ့တဲ့ သမီးလေ .. ဒေါ်မြတ်သဇင် ရဲ့ မိသားစုသန်းခေါင်စာရင်း
ထဲမှာလည်း မင်း မရှိတော့တာကြာပြီ ..”

ပါး မျက်နှာလေး ချောက်ချားသွားပုံက ဟန်ဆောင်နိုင်ခြင်းကင်းမဲ့
စွာနဲ့ ဖြစ်သည်။ သူမ ဒါကို နည်းနည်းလေးမှ မသိခဲ့ဘူးဆိုတာ ထင်ရှား
နေကာ ...။

“အဟွန်း .. ဟွန်း .. ခုနေ ပဒုမ္မာစံအိမ်ကြီးက စိန်တွေနဲ့ ဆောက်
ထားတယ်ဆိုရင်တောင် မင်းနဲ့ ဘာမှမဆိုင်တော့ဘူး ..”

“ရှင် လျှောက်ပြောမနေနဲ့ မေမေ ဘယ်တော့မှ အဲ့ဒီလိုမလုပ်ဘူး..”

“အဲဒါကြောင့် မင်း လိုက်ကြည့်ဖို့လိုတာပေါ့ ..”

“ခု ဆွေးနွေးချင်တယ်ဆိုတာက ..”

“မင်း သိနေတာတစ်ချို့ကို မေးမယ်၊ အဲဒီအတွက် မင်း မငြင်းနဲ့
တော့ဘူး၊ နောက်ဆုံး မင်းကို ဖွဲ့ထားတဲ့ပုဒ်မတွေ ပြုတ်သွားမယ်ဆိုရင်
ခင်းရမယ့် လွတ်လပ်ခွင့်ကပဲ တန်ဖိုးနိမ့်ဖွယ်မဟုတ်ဘူးလား ..”

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တမ်းတရားတွေနဲ့ လုပ်ဇာတ်ခင်းပြီး ပုဒ်မတပ်ထားတာကို ကျွန်မက ဂရုစိုက်နေမယ်ထင်လို့လား .."

"ဟား .. ဟား .. ဟား .. ရွှေပါးအပ် ရယ် .. မဟုတ်တမ်းတရားဖြစ်ဖြစ်၊ လုပ်ဇာတ်ဖြစ်ဖြစ် ပုဒ်မသာခံရတာ ဘာများခက်လို့လဲ .. ကြမ်းပိုးက တက်နင်းလို့ လိပ်က သူ့ကိုယ်ပြားသွားပါပြီလို့ စွပ်စွဲမလား၊ ဦးတဲ့သူက မှန်တာပဲ .. အခု ငါတို့က မင်းထက်အရင် ဦးထားတဲ့သူလေ.."

ပါး အံ့ကြိတ်ထားမိသည်။ မေမေ ဒီလိုမလုပ်ဘူးလို့ စိတ်ထဲမှာ အထပ်ထပ်ပြောနေမိရင်း ဦးဝေယံ အပေါ် ယုံကြည်အားကိုးစွာကြည့်တတ်သည့် မေမေ့ မျက်ဝန်းတွေကို သတိရလာပြန်သည်။

ဖေဖေ ခြေလှမ်းမှားနေပါသည်ဆိုသော သက်သေတွေ သာဓကတွေနဲ့ မေမေ့နားမှာ မိတ်ဆွေကောင်းလို လူယုံတော်လို ဟန်ဆောင်ကောင်းကောင်းနှင့် မြှောက်ပင့်ချောက်ချခဲ့သော ဒေါ်ခင်ဝင်း ..၊

ခုတော့ သူမက ဒေါ်ခင်ဝင့်လှိုင် အဖြစ်နဲ့ ပဒုမ္မာစံအိမ်ကြီးမှာ မင်းမူနေခဲ့ပါပြီ ..။

ထိုစဉ်က သူမ ဒါတွေကို စေ့စေ့လေးတောင် တွေးမကြည့်မိခဲ့ပေ၊ မေမေကရော ဘာဖြစ်လို့ သမီးကို ချောင်ထိုးပြီး ဒီလူတွေကိုမှ အားကိုးယုံကြည်နေခဲ့တာလဲ ..၊

ခုကျတော့ သူမ ပြတ်တောက်စွာ ချန်ရစ်ခွဲခွာထွက်ခဲ့ခြင်းကြောင့် ဆိုးရွားခြင်းများစွာ ဖြစ်ပျက်သွားခဲ့ရလျက် ..၊

"မင်း ဘယ်လိုစဉ်းစားနေတာလဲ ရွှေပါးအပ် .. အကယ်၍ မင်းဆ ဟင့်အင်းဆိုလည်း ရတယ်နော် .. ငါတို့က ပဒုမ္မာစံအိမ်ကို အမြစ်ကနေ ဖြိုလှဲပစ်ဖို့ အဆင်သင့်ပဲ .."

"စံအိမ်ကို လက်ဖျားနဲ့တောင် မထိနဲ့လို့ ဒေါ်ခင်ဝင်း ကို ပြောလိုက်စမ်းပါ .."

ပါး က ပက်ခနဲပြန်ပြောပြီး သွားလာနေကြတဲ့လူတွေကို ငေးကြည့်သည်။ ပြီးမှ အေးစက်စက်ပြုံး၍ ဒီဘက်ပြန်လှည့်ကာ ..၊



"ကျွန်မနဲ့ စံအိမ် ဘာမှ မသက်ဆိုင်တော့ဘူးဆိုရင် ရှေ့နေကြီးကိုယ်တိုင် ပြောလိမ့်မယ် .."

ဒေါ်လေးမြင့် မျက်နှာပျက်သွားသည်။

"ကျွန်မကို ဘယ်လိုပုဒ်မတွေတပ်ထားသလဲဆိုတာလည်း ကျွန်မကိုယ်တိုင် တရားရုံးမှာ သွားရှာမယ်၊ ဘာကြောင့်လဲဆိုတာ စုံစမ်းမယ်၊ ရွှေပါးအပ် ကို ခပ်တုံးတုံးလို့ထင်ရင် စမ်းကြည့်လိုက်စမ်းပါ .. ဟွန်း.."

ပါး က ရှူးရှူးရဲရဲစိုက်ကြည့်ကာ ..၊

"ရှင်တို့ ကောင်းစားနေကြတာကို မနိုင်လို့ ထိုင်ကြည့်နေတယ် ထင်နဲ့၊ တစ်မှန်းတည့်အောင် စောင့်နေတာ .."

ကြည့်စမ်း ငနာမလေး လူတွေကို ခွေးရူးလို့ ပြောလိုက်တာ ..၊

ဒေါ်လေးမြင့် ဒေါသတွေနှင့် ဖွေ့ဖွေ့ခုန်ကာ ထမီဆွဲ 'မ' လိုက်တဲ့ အထိ ပေါက်ကွဲဖို့ပြင်ဆင်လိုက်မိသည်။ သို့သော် ..၊

နေနှင့်ဦး ရွှေပါးအပ် .. ညည်းတွေ့မယ် ..၊

♥♥♥

www.burmeseclassic.com



## အခန်း (၂၂)

"ဟိတ် .. မင်း ဘယ်တွေလျှောက်သွားနေတာလဲ .."

"တီ .." ၁

ကားနဲ့လိုက်ပြီး စကားပြောတာ ပြန်လှည့်မပြောသဖြင့် ဟွန်းတီးကြည့်သည်။ ပါး က လှည့်ကြည့်သော်လည်း မျက်လုံးချင်းမဆုံခင် ပြန်လွဲသွားသည်။

"ဟေ့ .. မင်းကို မေးနေတာ ရှေ့ပါးအပ် .."

"တီ .. တီ .."

"တောက် .."

ပြောနေတာကို မကြားချင်ယောင်ဆောင်နေလို့ရသည်။ ဟွန်းတီးတဲ့အသံက လူကို ကိုင်လှုပ်ပစ်တာထက်ဆိုး၏။ ပါး ခြေစုံရပ်ပစ်လိုက်တော့ ခြား ရဲ့ ကားကလည်း သူမအေးမှာပဲ ရပ်သွားကာ ..၊

"ဘယ်သွားမလို့လဲ .. မင်းနောက်ကို .."

"ဘာလိုက်လုပ်တာလဲ .. ရှင့်အိမ်ထဲက ပစ္စည်းတစ်ခုခုပါသွားတယ်ထင်လို့လား .."

"မတည့်အောင် လာမပြောနဲ့ .. မင်း သူတို့နဲ့ စကားပြောပြီး ထွက်



ားတာ ပြန်မလာတော့ဘူးလို့ ပြောသွားလို့လား .."

"ဒါဆို အခုပြောပြီ .. ရှင့်ကို ကျေးဇူးတင်သင့်တာတွေအတွက် ဆ်နေ့နေ့မှာ ပြန်ဆပ်မယ်၊ အခု ပြန်မလာတော့ဘူး ရပြီလား .."

"ပါး .."

သူမကိုယ်သူမ ပါး လို့ ထည့်ပြောတာလေးကို သိထားသဖြင့် အမှတ်မဲ့ ခေါ်မိသွားခဲ့၏။ ဒါပေမယ့် သူမက လှည့်မကြည့်ပါ။

"ကျွတ် .."

နေစမ်းကွာ ဆိုပြီး ကားထဲပြန်ဝင်လိုက်သော်လည်း ဆိုင်ထဲမှာ ကိုယ်က ိုးမသားစကားတွေပြောပြီး စော်ကားခဲ့မိတာကို သတိရသွားမိသည်။

သူမ ထွက်ခွာသွားမည်ဆိုစဉ်းတော့ ဒီလိုအထင်သေးမုန်းတီးဖွယ် ိုနှင့် ခွဲခွာကြရခြင်းကို မလိုချင်ပေ ..။ ဒါ ဖြစ်လည်းမဖြစ်သင့်ဘူးထင် ည်။

စိတ်က မပြတ်သားနိုင်ဘဲ သူမ ကွေ့ဝင်သွားသည့် လမ်းဆုံကို မောင်း တ်လာခဲ့သည်။ ဒါပေမယ့် မတွေ့တော့ပေ ..၊ ဘယ်ရောက်သွားတာ ဲ ..။

နာရီကြည့်တော့ အချိန်က နေညိုနေပါပြီ ..၊

နာရီလက်တံ သုံးနာရီခွဲနေပြီကို မြင်လျှင် သမီးကို ကျောင်းပြန်ကြို သတိရပြီး ပြန်လာခဲ့ရ၏။ ကိုယ်ကတော့ သူမကို ထိခိုက်နစ်နာစေဖို့ ည်ရွယ်ခဲ့ပါ။ ဒါပေမယ့် မဖွယ်မရာတွေလည်း ပြောမိခဲ့သည်။ သူမကို န်တောင်းပန်ဖို့လည်း မကြိုးစားမိခဲ့ ..။

အရာရာအတွက် စိတ်မချမ်းမြေ့ရှုံကလွဲပြီး ဘာမှမတတ်နိုင်တော့ ..။ သူမနဲ့ ဆုံစည်းခြင်းက ဒီဘဝမှာ ဒီမျှသာပဲဖြစ်သည်ထင်၏။

"ဖေကြီး အန်တီရော .."

www.burmeseclassic.com

www.burmeseclassic.com



"…. …. …."

"ဖေကြီး အန်တီ အိမ်မှာလားဟင် .."

တစ်ခါမေးပြီး မဖြေတိုင်း မျက်နှာလေးက သူ့ဘက်ရောက်လာကာ အလယ်ဆောက်(ဂ်စ်)လေးပေါ်မှာ လက်လေးထောက်၍ ကိုယ်တစ်ပိုင်းလုံး သူ့ဘက်ယိမ်းလာခြင်းသို့ရောက်၏။

"ဖေကြီး .. ဟင်လို့ .. အန်တီနဲ့ တူတူပြန်ကြမှာမဟုတ်ဘူးလား.."

"မဟုတ်ဘူး .. သူက ပြန်သွားပြီ .."

"ဟင်!…"

ပို့ပို့ နှုတ်ခမ်းလေးရူတူတူနှင့် နေရာမှာ ပြန်ထိုင်ကျသွားသည်။

"သမီး ခါးပတ်ပတ်ထား .."

"ဟုတ် .."

ပို့ပို့ က ခါးပတ်ချိတ်နေရင်း မော့ကြည့်ကာ ..၊

"ဖေကြီးကလည်း အန်တီက နေလည်းမကောင်းဘဲနဲ့ .."

"ခု ကောင်းသွားပါပြီ .."

"ဒါပေမယ့် မီးမီးတို့ကားက-အကြီးကြီးဥစ္စာ .."

"သူ့အိမ်ကို အပြီးပြန်သွားတာ .. ဖေဖေတို့နဲ့ မနေတော့ဘူး .."

"ဟင်!…"

ပို့ပို့ မျက်လုံးလေး ဝိုင်းသွားပုံက နှုတ်ခမ်းလေးတွေ ပွင့်ဟသွားသဖြင့် သနားစဖွယ်လေးဖြစ်သွား၏။ ခြား ဖျတ်ခနဲကြည့်လိုက်ပြီးမှ မမြင်သလို နေလိုက်မိသည်။

တွတ်တီးတွတ်တာတွေ မေးတော့မည်၊ အပြစ်တင်ဦးမည်လို့ ထင်ခဲ့ပေမယ့် နောက်ထပ် ဘာသံမှ ထွက်မလာသဖြင့် တိတ်ခနဲ ဖြစ်သွားမိ၏။ သူ ငုံ့ကြည့်လိုက်တော့ ထင်သည့်အတိုင်း ပို့ပို့ မျက်လွှာချထားလျက်





မျက်ရည်တွေ တပေါက်ပေါက်ကျနေလေသည်။

"သမီး .."

ကားကို လွှတ်သည့်နေရာမှာ အသာချရပ်လိုက်ကာ ခေါ်သံကတော့ ဒေါသမကင်းဖြစ်သွားနိုင်၏။ စိုးရိမ်စိတ်ကနေ သဘာဝမကျသည့်အပြစ်မို့ လက်မခံချင်တာကြောင့် ပိုဆိုး၏။

"သူနဲ့ သမီးနဲ့ သွေးသားတော်လို့လား သမီး .. ပြီးတော့ လွှမ်းစရာကောင်းလောက်အောင် အိမ်မှာ သာသာယာယာနေခဲ့ဖူးတာရော ရှိလို့လား.."

သူ မေးတာတွေကို နားထောင်ရင်း ငေးနေကာ မျက်ရည်တွေ တလိမ့်လိမ့်စီးကျနေ၏။ ပြီးတော့ လက်ခုံလေးနဲ့ ပွတ်သုတ်ပစ်ရင်း မျက်နှာလေးက မော့နေဆဲနှင့် ..၊

"ကျွတ် .."

စိတ်သည် သနားကရုဏာနှင့်အတူ ဒေါသတွေ ရောလိမ့်ပါနေတာကို ပြန်ရွေးထုတ်ဖို့ ခဲယဉ်းနေလျက် ..၊

"သမီး အဲ့လို သဘာဝမကျတာတွေကို ဖေဖေက သနားမှာမဟုတ်ဘူးနော် .. သူ့အိမ်သူပြန်သွားတာနဲ့ ဘာဖြစ်လို့ သမီးက ငိုရတာလဲ .."

"မီးမီးက ငိုတာမဟုတ်ပါဘူး၊ မျက်ရည်က သူ့ဟာသူ ကျကျလာတာ.."

ပြောပြီးတော့ လက်နဲ့ ထပ်ပွတ်နေသဖြင့် ထိုလက်လေးကို ခြားက ဆွဲထားလိုက်ကာ ..၊

"မငိုနဲ့ .. တိတ် .. ဧည့်သည်ဆိုတာ တစ်နေ့ကျရင် ပြန်သွားကြမှာပဲ၊ ရွှေပါးအပ် က ဖေဖေတို့ ခင်မင်လို့ရောက်လာတဲ့ ဧည့်သည်လည်း မဟုတ်ဘူး၊ သူ့ဟာသူ ပြန်ချင်လို့ပြန်တာပဲ .. ဘာဖြစ်လို့ လွမ်းနေရမှာလဲ.."

မျက်ရည်စိုနေသည့် မျက်နှာလေးကို မျက်ရည်ခြောက်သွားတဲ့အထိ တယုတယပွတ်သပ်ချော့ရင်း သမီးလေးကို သနားလာမိသည်။ မို့ မရှိတော့သည့်နောက်ပိုင်းမှာ 'ငါ သမီးလေးအပေါ်မှာ အရင်ကထက် ပိုယုယ

www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်' လို့ တွေးမိခဲ့သည်။

ဘာသိဘာသာနဲ့ နေခဲ့တာတွေကို ပြင်ဆင်ဖို့လည်း ဆုံးဖြတ်ခဲ့၏။ ဒါပေမယ့် သူ့စိတ် ဘာတွေဖြစ်နေခဲ့မှန်း မသိဘဲ သမီးရဲ့ မေးခွန်းတိုင်းကို စိတ်မရှည်၊ အနှောင့်အယှက်ကပ်လာတာနှင့် စကားမများဖို့ ပိတ်ပင်ထားပြီးဖြစ်ခဲ့သည်။

ကလေးငယ်လေးတစ်ယောက်အနေဖြင့် ဖအေရှိနေပေမယ့် မိဘမဲ့လေးလိုဖြစ်နေရှာသည်။

"ဒီတစ်ခါ သမီး ကြီးကြီး ခရီးသွားကပြန်လာရင် နောက်ထပ်ပြီး ခဏခဏ ခရီးဝေးမသွားဖို့ ပြောပေးမယ်၊ ကြီးကြီးနဲ့ဆိုရင် သမီးမပျင်းရတော့ဘူးပေါ့၊ ချစ်ခင်ကြင်နာတယ်ဆိုတာ ကိုယ့်ကို ကြင်နာတဲ့သွေးသားဆွေမျိုးထဲကပဲ .."

"ဖေကြီး .."

"ဟံင် .."

"အန်တီက ဆွေမျိုးမတော်လို့ မချစ်တာလားဟင် .."

မေးခွန်းတွေ စလာပါပြီ၊ ခြား ခေါင်းညိတ်လိုက်ကာ ..၊

"အဲ့ဒီလို ပြောရမှာပေါ့ .. အထူးသဖြင့် သမီးရဲ့ ကြီးကြီးစော ဆိုရင် ဖေဖေနဲ့ မောင်နှမတော်တယ်လေ .. သမီးနဲ့ သွေးသားတော်တဲ့အတွက် သမီးကို အရမ်းချစ်တယ်၊ ကိုယ့်တူမလေးဆိုတော့ ဘာဖြစ်ဖြစ်မငြိုငြင်ဘူး .."

"မီးမီး နောက်ထပ် မေမေ တစ်ယောက်ရရင်ရော .."

မထင်မှတ်သည့် မေးခွန်းကြောင့် ရုတ်တရက် တိတ်ကျသွားခဲ့သည်။

"ဟင် .. ဖေကြီး .. မေမေ ထပ်ရရင်ရော မီးမီးနဲ့ သွေးသားမတော်ဘူးမို့လား .."

"ဘာတွေ လျှောက်မေးနေတာလဲကွာ .."



မရှည်သည့်စိတ်က အစပေါ်လာကာ ခြား မျက်နှာရှုံ့မဲ့သွားသည်။

"မီးမီး က ဖေကြီးရယ် မေမေရယ် အတူတူနေချင်တာ၊ ခုကျတော့ မေမေ မရှိလို့ ဖေကြီးက မေမေ့ အလုပ်တွေမလုပ်တတ်လို့ မီးမီးကို ကြီးကြီးစော နဲ့ တူတူထားတယ်၊ မီးမီး ကြီးကြီးစော နဲ့ မနေချင်ဘူး ဖေကြီးနဲ့ပဲ နေချင်တာ .."

ရင်ထဲမှာ ဆူးတစ်ချောင်းလို နစ်ဆင်းသွားသည်။

"ကြီးကြီးစော က ပြောတယ်၊ သမီး ဖေကြီးနဲ့ အတူတူနေချင်ရင်တော့ ဖေကြီး မိန်းမယူမှပဲ ဖြစ်မယ်တဲ့၊ ဒါမှ မီးမီးရဲ့အလုပ်တွေ မလုပ်ပေးတတ်လို့လို့ ဖေကြီးပြောလို့မရတော့ဘူးတဲ့ .."

"ကျွတ် .. မကော ဘာတွေ ပြောထားတာလဲ မသိဘူး၊ သူများဆို သိပ်ဆရာလုပ်တယ်၊ ကလေးလေးကို သူ ပြောထားတာတွေကျတော့ ကောင်းလား .."

စိတ်ပျက်စွာ ညည်းညူလိုက်မိသည်။ ဒါကြောင့် ကလေးက သူလိုချင်တာကိုပဲ တမ်းတပြီး ဖြစ်နိုင်မယ့် နည်းတွေ လျှောက်တွေးရင်း စိတ်ကူးယဉ်နေရှာတာဖြစ်မည်။

နောက်ထပ် မေမေ ဆိုတာ ကိုယ့်ကိုယ်မွေးတဲ့အမေလို အစားထပ်ရမှာမဟုတ်ဘူးဆိုတာတွေ ဒီကလေးက သိမလား ..၊

ထိုစဉ် ဖုန်းမြည်လာသဖြင့် ဖွင့်ကြည့်လိုက်ပြီး စိတ်တိုသွား၏။ ပြီးတော့ ဝမ်းလည်းသာသွားကာ ..၊

"မကော .. ခင်ဗျား ဘယ်တော့ ပြန်လာမှာလဲ .."

"အောင်မယ်လေးဟယ် .. ကိုယ့်ထက်ဆယ်နှစ်ကျော်ကြီးတဲ့ အစ်မကို ခင်ဗျားတဲ့ ..၊ နင့်အသက် နင် ပြန်တွက်ကြည့်ဦးနော်.."

"ဘာဖြစ်လဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အကျင့်ပါနေတာတွေလည်း ပြင်ဖို့အချိန်တန်ပြီ၊ လူကြားလို့ မကောင်းဘူး .."

"မကောင်းလည်း မတတ်နိုင်ဘူး၊ ဒေါသထွက်နေတာကို ယဉ်ကျေးဖို့တွေ ဆုံးမ မနေနဲ့ .."

"ဟောတော် .. ထွက်နေပြန်ပြီလား ဒီဒေါသက၊ ငါ့သမီးလေးကိုတော့ နှင့်ဒေါသတွေ ပုံမချနဲ့နော် .. ကလေးက ငါမရှိတုန်း နှင့်မျက်နှာကိုပဲ ကြည့်နေရတာ .."

"မကော .."

"ဘာလဲ .."

"ကျွန်တော်က ပို့ပို့ ရဲ့ အဖေ .."

"ငါကလည်း ပို့ပို့လွင် ရဲ့ အဖေပဲ .. ဒါနဲ့ နှင့်ရဲ့ ဟိုကောင်မလေးရော.."

"ဘယ်သူ့ကောင်မလေးလဲ .."

"ရွှေပါးအပ် လေ .."

"ပြန်သွားပြီ .."

"ဟင် .. တကယ်လား .. မင်း နှင်ချလိုက်တာလား ခြား ရယ်၊ ကောင်မလေးမှာ သွားစရာမရှိဘဲနဲ့ .."

ဆိုင်ထဲမှာ ကိုယ်ပြောခဲ့သည့် မဟားတရားစကားတွေကို စဉ်းစားလိုက်မိပြီး ခြား မျက်နှာတော့ ပူသွားမိသည်။

သူမ ထွက်သွားတာက ဒါတွေနဲ့ သက်ဆိုင်နေမှန်း စိတ်က အလိုလိုသိနေကာ ..၊

"ခြား .."

"သူ့ဟာသူ သွားစရာရှိတာမရှိတာတွေ လိုက်ပူမနေပါနဲ့ ..၊ သမီးကို မကော လျှောက်ပြောထားတာတွေနဲ့ ဒီမှာ ခေါင်းကြီးနေပြီ၊ မြန်မြန်



ပြန်ခဲ့ဗျာ .."

စိတ်ပျက်စွာ ပြောချလိုက်ပြီးမှ သမီးလေး မော့ငေးနေတာ ပြန်ငုံ့ကြည့်ကာ ပြုံးပြပြီး ခေါင်းလေးကိုပုတ်၍ ..၊

"အခု ဘယ်နေ့ ပြန်လာမှာလဲ .."

"လာနေပြီ .. ခု .."

"အိုခေ .."

ဖုန်းချပြီးတာနှင့် သမီး မေးဖျားလေးကို မော့ယူပြီး ရယ်လိုက်ရင်း..၊

"သမီး ကြီးကြီးဇော က ဒါမှ ပြန်လာမှာ .."

သမီးက ပြောတုန်းကတော့ ငေးကြည့်နေခဲ့လျှက် သူ့ ကားစက်နှိုးကာမှ ..၊

"အန်တီကရော ပြန်လာဦးမှာလားဟင် .."

စိတ်ထဲကတော့ ပြောလိုက်မိ၏။

ဒီဘဝ ဒီမျှပါပဲ ..၊

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"သမီး သက်သာရဲ့လား .."

"ဟုတ် .."

နဖူးလေးကို စမ်းကြည့်လိုက်ပြီး ကိုယ်ငွေ့ နွေးနွေးလေးရှိနေမှ စိတ်ချသွားကာ ..၊

"ကဲ .. ထ .. ဖေကြီးတို့ စစ်တုရင် ကစားရအောင် .."

"မီးမီး မကစားချင်ဘူး .."

"ဘာဖြစ်လို့လဲ .. ဖေဖေနဲ့ သမီးနဲ့ ဆော့နေကျလေ .."

"ဖေကြီး .. ကြီးကြီးစော ပြန်မလာသေးဘူးလားဟင် .."

"မနက်မှ ရောက်မှာပေါ့ သမီးရဲ့၊ ဖေဖေနဲ့ နေချင်တယ်ဆိုပြီး ခုတော့ ကြီးစော ကို လွမ်းနေပြီလား .."

"ဖေကြီးက မီးမီးကို ကြီးစော ဆီသွားနေခိုင်းဦးမှာလားဟင် .."

မေးခွန်းကြောင့် ခြား ဟင်ခနဲဖြစ်သွားမိသည်။ သမီးလေး ဒီလောက်တောင် အထီးကျန်ခံစားနေခဲ့ရတာလား ..၊

"မင်းကွာ .. ကလေး၊ ၊ ထားလို့ရတယ်ဆိုပေမယ့် သူ့ခမျာ ပူပြင်း



တတ်တဲ့ ကလေးမဟုတ်လို့ပါ၊ မိဘနဲ့ မနေချင်တဲ့ကလေး ရှိပါ့မလား-တဲ့ ..။

ဒေါက်တာကျော်စွာ က ပြောခဲ့သေးသည်။ ဒါကို သူလည်း သိပေမယ့် ..၊

"သမီး မလိုက်ချင်ဘူးဆိုရင် ဖေကြီးနဲ့ပဲ နေလေ၊ ဖေကြီးက ဖေကြီး အလုပ်ပြန်လုပ်ရင် သမီး တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ .."

"မီးမီးကို ကျောင်းလိုက်ပို့ပေး .. ဖေကြီးက အလုပ်လုပ်ပေါ့၊ ပြီးရင် မီးမီးကို ပြန်လာကြို၊ ဖေကြီး အလုပ်နားတဲ့နေ့တွေကျရင် မီးမီးတို့ လျှောက်လည်မယ်၊ မီးမီး ကျောင်းပိတ်တုန်း ဖေကြီးက အလုပ်လုပ်မယ် ဆိုရင်လည်း မီးမီးက ဖေကြီးနဲ့ လိုက်မယ်၊ ဖေကြီးအလုပ်လုပ်နေတာကို ဝင်မရှုပ်ဘဲနဲ့ ငြိမ်ငြိမ်လေးနေမယ်လေ .."

"အဟွန်း .."

ရင်ထဲမှာ မချိမဆန့် နာကျင်သွားသဖြင့် နှစ်သိမ့်ပြုံးက မဲ့သွားမိသည်လား မသိ ..။

"သမီးရယ် .. ဖေကြီးက .."

"မီးမီးနဲ့ မနေချင်သေးဘူးလားဟင် .."

"မီးမီး ဖေကြီးက အလုပ်တွေရှုပ်နေသေးလို့ပါ၊ အလုပ်များနေရင် ဒေါသထွက်နေတတ်တယ်လေ၊ အဲ့ဒါကြောင့် မီးလေးကို ဆူခံထိမှာစိုးလို့ ဖေကြီး စိတ်ကြည်သွားတဲ့အခါကျမှ ဖေကြီးနဲ့ သွားနေနော် .." လို့ စောစောက နှစ်သိမ့်ထားခဲ့သော စကားတွေအတိုင်း ပို့ပို့ က ဖေအေ မျက်နှာအရိပ်အကဲကို တစ်ခါတည်းဖမ်းပြီးမေး၏။

"နေချင်တာပေါ့ သမီးရယ် .. ဖေဖေက သမီး ကြီးစော နဲ့ သမီး နေချင်သလားလို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးစော နဲ့လည်း နေချင်တယ်၊ ဖေကြီးနဲ့လည်း နေချင်တယ်၊ အန်တီ ရှိတုန်းကလို ဖေဖေရယ်၊ မီးမီးရယ် နောက်ထပ် .."

"သမီး .."

ကမန်းကတန်း ဖိတ်ခေါ်လိုက်ပြီး ဘာနဲ့ဘယ်လို နှစ်သိမ့်ပြောရမှန်း မသိ၊ ညရဲ့ မီးရောင်အောက်မှာ အပေါ်ထပ်အင်္ကျီအနီရောင်လေးနှင့် ပို့ပို့ မျက်နှာလေးက အဖျားဝင်ထားမှန်းသိသာစွာ ညှိုးချောင်နေရှာသည်။

မနက်ပိုင်းက ချော်လဲသည့် ဒူးက ဒဏ်ရာလေးမှာ နီရဲနေသဖြင့် အနာရှိန်တက်သည်လို့ ပြောနိုင်သေမယ့် ဆေးတစ်ခွက်ပဲ တိုက်လိုက်တာနှင့် အဖျားက ကျသွားသည်။

ဒီနေ့ သူ့အတွက် ပြဿဒါးဆိုရင်လည်း ညဆယ့်နှစ်နာရီမြန်မြန် ကျော်သွားပါစေလို့ ဆုတောင်းရတော့မှာဖြစ်သည်။

"စကားဆိုတာ စိတ်ထဲမှာရှိတိုင်း မပြောလိုက်ရဘူး၊ လူဖြစ်လာရတဲ့ တန်ဖိုးဟာ စဉ်းစားဆင်ခြင်ဉာဏ်ပဲ သမီးရဲ့၊ စိတ်ထဲရှိတဲ့အတိုင်း ပြောတတ်တာကို ပွင့်လင်းတယ်လို့ ဆိုနိုင်သေမယ့် တကယ်တော့ ဆင်ခြင်တုံတရားနည်းတာပဲ .."

"ကလေးတွေက ဆင်ခြင်တုံတရားမရှိကြတာလားဟင် .."

"ဘယ်ဟုတ်မလဲ .. ကလေးပေမယ့် မိဘဆုံးမသွန်သင်တာကို မှတ်ထားတတ်ရင် လူကြီးတွေလိုပဲ စဉ်းစားဆင်ခြင်နိုင်စွမ်းရှိလာတာပေါ့၊ စကားတစ်ခွန်းပြောတော့မယ်ဆိုရင် ဘယ်တော့မှ လက်လွှတ်စပယ် မပြောရဘူး .."

"ဒါဆို .. ဖေကြီးကျတော့ရော .."

ဟင် ..၊

ခြား မျက်ခုံးတွေပင့်ပင့်တက်သွားသည်။



"ကြီးကြီးစော ကပြောတယ်၊ မီးမီးဖေကြီးက စိတ်တိုလာပြီဆိုရင် ပြောချင်တာ ပြောတော့တာပဲတဲ့ .. ဘယ်သူဘာဖြစ်သွားသွား ဂရုမစိုက်ဘူးတဲ့ .."

သေစမ်း ..၊

'ငါပြောသလိုလုပ် .. ငါလုပ်သလို မလုပ်နဲ့' လို့ အပိုဆောင်းပြောလိုက်ရရင် သမီး နားလည်ပါ့မလား ..၊

ဒါပေမယ့် ဟုတ်နေတာပဲမို့ ၂၃ ဝန်ခံလိုက်ရတော့သည်။

"ဟုတ်တယ် .. ဖေကြီးလည်း အဲဒီအချက်ကို ပြုပြင်ရမယ်၊ ဒေါသထွက်တိုင်းလည်း ပြောချင်သလို မပြောရဘူး .."

ဝန်ခံလိုက်ပြီးမှ ပါး ကို ပြောခဲ့မိတာတွေက ပေါ်လာပြန်သည်။ ကိုယ့်ကိုယ်ကိုယ် အရင်မဆုံးမဘဲ ဘာဖြစ်လို့ ကလေးကို ဆရာကြီး လုပ်နေရတာလဲ ခြား ..၊

"ဖေကြီး .."

"ဟင် .."

"မီးမီး နေကောင်းသွားပြီလေ .."

"အင်း .. ကောင်းသွားပါပြီ .."

"ဒါဆို ဟမ်ဘာဂါစားမယ်လေ .."

"ဟာ .. အဲဒါတော့ မစားနဲ့ဦး၊ ပြီးတော့ ညဘက်ကြီး မနက်ကျမှ အဖျားပြန်မတက်တော့ရင် ဖေကြီး ဝယ်ကျွေးမယ် .."

"ဒါဆို မီးမီး ဘာမှ မစားရတော့ဘူးလား .."

"ဖေဖေ ခေါက်ဆွဲပြုတ်ကျွေးမယ် .."

"မစားချင်ပါဘူး .."

"မစားချင်လည်း အရည်တစ်ခုခု စဉ်းစားပါကွာ .. ဒါဆို မြူစွမ်



www.burmeseclassic.com

www.burmeseclassic.com



သောက်မလား ..."

"ဟင့်အင်း ..."

မဖြေနိုင်တာတွေ မေးနေတော့လည်း ဒုက္ခ ...၊

မကျေနိုင်တာတွေ စားချင်ပါတယ်ဆိုတော့ တစ်မျိုး၊ ကလေး တစ်ယောက်ရဲ့ အမျိုးမျိုးပြောင်းလဲနေခြင်းကို သူပဲ လိုက်မမီတော့တာ လားမသိ ...။

"ဒါဆို ဆိတ်ဦးနှောက်နဲ့ ကြေးအိုးသောက်မယ် ..."

"ဆိတ်ဦးနှောက်ကြီးနဲ့ ..."

ခြား မျက်နှာ ရှုံ့တွသွားသည်။ ဒါပေမယ့် ...၊

"အင်း .. ဒါတော့ တည့်ပါတယ်၊ ဖေဖေ မှာလိုက်မယ်နော် .."

ပြောပြီး ဖုန်းဆက်ဖို့ပြင်လိုက်လျှင် ပို့ပို့ က ခေါင်းလေးခါ၍ မွေ့ရာ ပေါ်ကဆင်းလာပြီး ဖုန်းကိုင်ထားသည့်လက်ကို လှမ်းဆွဲလိုက်၏။

"မီးမီးက တရုတ်တန်းဈေးက ကြေးအိုးသောက်ချင်တာ .."

"ဘာ!..."

မိုးချုပ်ပြီဆို သူ အပြင်မထွက်ဘဲနေတာ ဘယ်လောက်ကြာပြီလဲ...

"သမီး .."

"မီးမီးက ရှုပ်ရှုပ်ဆိုင်က ကြေးအိုးပဲသောက်မှာ .."

"ရှုပ်ရှုပ်က .. ကျွတ် .."

ရှုပ်ရှုပ် ဆိုတဲ့အတိုင်း ကလေးတွေနဲ့ ရှုပ်ယှက်ခတ်အောင် စည်ကား နေတတ်သည့် တရုတ်မကြီး ...။ မိသားစု တော်တော်များများ စုဝေးရာ ကြေးအိုးဆိုင် ...။

ကလေးတွေ အများကြီးနဲ့ သွားကြသည်။ ကလေးတွေရဲ့ ဆိုးခြင်း အမျိုးမျိုးကိုလည်း ဒီဆိုင်က သည်းခံ၏။ ကလေးတွေရဲ့ ဆွဲလမ်းနေ



ခြင်းကိုတော့ စိတ်ပျက်မိပါ၏။

"ခက်တော့တာပဲ သမီးရာ လမ်းထိပ်က ကြေးအိုးဆိုင်လည်း ကောင်း တာပဲ .. မိုးချုပ်နေကာမှ .."

"အဓာကြီးပဲ ရှိပါသေးတယ် ဖေကြီးကလည်း၊ လမ်းထိပ်က ကြေးအိုးက သကြားတွေနဲ့ ချိုရဲနေတာပဲ၊ မီးမီးမှ မကြိုက်တာ .."

နောက်ဆုံး ကလေးစိတ်ချမ်းသာဖို့အတွက် အပြင်ထွက်ခဲ့ရတော့ သည်။ မကြည့်ရင် မမြင်ဘူးဆိုပေမယ့် ကားတဲကနေ လှမ်းမြင်နေရ သည့် အရာမှန်သမျှက လူကို စိတ်အနှောက်အယှက်ပေးလေသည်။

အနုကြည့်မှန်ပြောင်းထဲမှာ ဘက်တီးရီးယားတွေကို လောက်လောက် လန်းလန်း မြင်နေရတာထက်ဆိုး၏။ လတ်ဆတ်သော ညဦးရဲ့အလှထဲ မှာ မှောင်ရိပ်ခိုနေကြသည့် ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ထိုအရာတွေက တစ်ချို့ သော လူတွေကြားထဲမှာ မိုးတိုးမတ်တပ်တွေ ...၊

"ဒုန်း .."

ကားက ချိုင့်ကျသွားသလို တစ်ခါ ခါသွားသည်။ ကားပြေးတုန်း ကလေးက မသိလိုက်ပေမယ့် ဘေးကို လှည့်ကြည့်လိုက်မိသည်နှင့် စိတ်က ထောင်းခနဲတိုသွား၏။

တက်ခေါက်မိမလိုဖြစ်သွားသော်လည်း ကလေးကြောင့် ထိန်းလိုက် ၏။ မှန်ရဲ့ဘေးမှာ ကားနဲ့အတူ ပြေးလိုက်လာသည့် ဝိညာဉ်တစ်ကောင်...။

နမ္မူးပြောင်ပြောင်မောက်မောက်ကြီးမှာ ဆံပင်တိုနံ့နံ့ကျဲကျဲက တစ်စဒီတစ်စနှင့် ပြေးရင်း ရယ်နေလျက် ကားထဲကိုလည်း လှည့်ကြည့် ၏၊

သရဲကပဲ ကားနဲ့အပြေးပြိုင်ပြီး ပျော်နေရသည့်အဖြစ် ...၊

အရိုးကျနေသည့်မျက်နှာချိုင့်ချိုင့်က သွားစွယ်ငေါငေါအဖွေးသား

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြည့်ရဆိုးလိုက်ပုံ ပြစရာပင်မရှိ ...၊

စိတ်တိုတိုနှင့် ကားကိုဝိုက်ဆွဲပြီး ဖင်နဲ့ ဖြတ်ရိုက်ပစ်လိုက်သည် ဖျတ်ခနဲ ပျောက်သွားပြီး ခဏအတွင်းမှာ သူ့ဆောင်းက မှန်မှာ ပြန်ရော လာ၏။

တော်သေးသည် ဒီသရဲ သွားအဖွေးသားနှင့် ဘယ်လောက်ရ နေနေ ကလေးက မမြင်လို့ ...၊ ထို့ပြင် ခြံထဲကထွက်တည်းက ပါလာ လည်း သိလိုက်ကာ ထွက်လာမိသည့် ကိုယ့်အဖြစ်ကိုပဲ မချင့်မရဲဖြစ်သွ မိသည်။

ဒါ သူ့ကို တမင်စောင့်ကြည့်နေသည့် ဝိညာဉ်တစ်ကောင်ပဲဖြ လိမ့်မည်။ သင်းတို့က ဒုက္ခပေးလိုက်ရင်ရတာပဲဆိုတာသိလို့ ဘယ် ပုန်းနေလို့မှ မရအောင် စောင့်နေကြတာပင် ...။

"ကျွိ .."

"ဖေကြီး .."

သရဲကိုစိတ်တိုနေသဖြင့် ကားချင်းတိုက်မိတော့မလိုဖြစ်သွ ကိုယ့်စိတ်ကို ပြန်ထိန်းရသည်။ ဒီသတ္တဝါတွေနဲ့ ဒေါသချင်းပြိုင်နေ မဖြစ် ...၊

သူ့ဟာသူ ဘယ်လိုနေနေ မကြည့်ဘဲ မသိသလိုနေဖို့ သတိ ရင်း စိတ်ကိုလျှော့ထားလိုက်သည်။ ကားထိုးပြီးမှ သမီးကို လက်က ၍ တရုတ်တန်းဘက်လျှောက်ခဲ့၏။

ခြေချင်းလိမ်နေသည့် လူတွေကြားထဲမှာမှ စိတ်ချမ်းသာရာ သည့်အဖြစ် ...၊

ထို့နောက် ကြေးအိုးဆိုင်မှာ ထိုင်လိုက်ကြကာ ထိုသတ္တဝါအ ကိုလည်း မေ့လျော့သွားခဲ့ပြီး ...၊



"ဟိတ်ကောင် ... သေချာပြောဦး၊ ငါက ရှေ့နေ ဦးသော်တာ ..."

"ကဲပါဗျာ .. ခင်ဗျား ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်စရာမလိုပါဘူး၊ ခင်ဗျားရှေ့ရောက်လာတာနဲ့ ဆွဲစိရုံပဲ .."

အနီးကပ်ကြားလိုက်ရသည့်အသံတွေကြောင့် ငုံ့ကြည့်လိုက်မိသည်။ ဆက်ငါးဆယ်လောက်နှင့် သုံးဆယ်ဝန်းကျင် ယောက်ျားနှစ်ယောက် သားစားပွဲကထကာ ပိုက်ဆံရှင်းနေကြ၏။

ပုံစံတွေက ကမန်းကတန်းနိုင်ကာ မူမမှန်ကြတာ သိသာနေ၏။ ား တစ်ချက်ပဲကြည့်ပြီး ဒီဘက် ပြန်အလှည့် ...၊

"ကောင်မလေးက ဘယ်သူ .. ရွှေပန်းခက် လား .."

"ရွှေပါး .. အဲဗျာ .. နာမည်တွေ ထည့်မပြောစမ်းပါနဲ့ .. အဲဒါ းလောင်မယ့်ပြဿနာ၊ လာ .. လာ .. သွားမယ်၊ ဒီကနေ လှည်းတန်း သွားရမယ့်ခရီးက မနီးဘူး .."

ခြား နားနစ်ဖက်ထောင်ကားသွားသည်။ ရွှေပါးအပ် ကိုပြောတာ သား ...၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

သူမ အိမ်မှားနေတာလား ...။

နည်းနည်းကြာလာတော့ သံသယဝင်လာမိသည်။ နာရီကြည့်လိုက်တော့ ညရှစ်နာရီကျော်နေပြီဖြစ်၏။ ညနေတုန်းက သူမ သေချာစုံစမ်းထားတာမို့ မမှားနိုင်ဘူးလို့လည်း ယုံကြည်နေပြန်သည်။

"ရှေ့နေကြီးက ညခုနစ်နာရီ ရှစ်နာရီလောက်မှ အိမ်ပြန်တာ၊ သူ့အလုပ်သင်ရှေ့နေလေးတွေအတွက် သိပ်အချိန်ပေးတာ၊ တွေ့ဝရီးနှစ်ယောက်တည်းဆိုတော့ ပူပင်စရာလည်း မရှိဘူးလေ .."

လမ်းထိပ်မှာတည်းက လမ်းထဲထိ သုံးဦးလောက် မေးခဲ့တာ ဒီတိုင်းပဲ ဖြေကြ၏။ ထို့ကြောင့် မှားတော့မမှားနိုင်ပေ ...။ ခက်ခဲနေတာ ဒီခြံရှေ့ကို သူမ လာကြည့်တာ ဒါနဲ့ဆို သုံးခေါက် ...။

သူများခြံရှေ့မှာ မီးရောင်လည်း မလင်း၊ တစ်ယောက်တည်း ထိုင်စောင့်ဖို့က မိန်းကလေးတစ်ယောက်တည်းဖြစ်နေသည်။ ထို့ပြင် ဒီတစ်ခါ ပြန်ထွက်သွားဖို့ကျတော့လည်း လမ်းထိပ်က ဈေးဆိုင်တွေရှေ့က ခေါက်တုံ့ခေါက်ပြန်လျှောက်သလို ဖြစ်နေခဲ့ပြီ ...။

ခုနစ်နာရီ ရှစ်နာရီမှ ပြန်လာတတ်တဲ့သူဆိုတော့လည်း ရှစ်နာရီ



ကျော်ရုံပဲရှိသေးတာကို အပြစ်တော့ မဆိုသာပေ ...။ ထို့ကြောင့် စိုးရိမ်စိတ်တွေနဲ့ပဲ ခြံရှေ့မှာခဏ ရပ်နေလိုက်မိစဉ် ကားမီးရောင်တစ်ချက်ဝင်လာ၏။

ရှေ့နေ ဦးသော်တာ ဖြစ်ပါစေလို့ ဆုတောင်းရင်း ကားမီးရောင်ကို ကြည့်နေမိ၏။ ကားက သူမ ဆုတောင်းတဲ့အထိ သူမ ရပ်နေသည့်ရှေ့မှာပဲ ဦးတိုက်ရပ်သွားကာ ...။

"ဟော့ .. ငါ့ခြံရှေ့မှာ ဘာကိစ္စရှိလို့လဲ .."

ပထမဆုံး ဆင်းလာသည့် ယောကျ်ားကြီးက မျက်မှန်ထူထူကြီးနှင့် အသက်ငါးဆယ်လောက်မို့ ရှေ့နေ ဦးသော်တာ ပဲဆိုတာ တွက်လိုက်မိသည်။

ထို့ကြောင့် ပြောဖို့စကားတွေနဲ့ ဟန်ပြင်ရင်း အားတက်သရောဆောင့်နေမိ၏။ သို့သော် နောက်ထပ် ဆင်းလိုက်လာကြသော ယောကျ်ားနှစ်ယောက်ကိုမြင်လိုက်လျှင် အန္တရာယ်ဆိုသည့် အငွေ့အသက်ကို ခံစားလိုက်မိ၏။

"ဘာကိစ္စလဲ .."

"ကျွန်မ ရှေ့နေ ဦးဒီပါ နဲ့ တွေ့ချင်လို့ပါ .."

"အေး .. ငါက .."

တိုက်ပုံအင်္ကျီအနက် ရှပ်အင်္ကျီအဖြူနှင့် အကျအနဆင်းလာသူက ပါးစပ်တစ်လုံးကြီးပြင်၍ ခေါင်းညိတ်လိုက်သေးသည်။ သို့သော်ပြောလက်စ မဆုံးခင် ကြောင်အမ်းအမ်းရပ်သွားခဲ့၏။ ပြီးတော့ နောက်က လူရွယ်တွေကို ပြန်လှည့်ကြည့်လိုက်သည်။

"ဟုတ်တယ် .. သူက ဦးဒီပါ ပဲ .. ဘာကိစ္စလဲ .."

"ဒါဆို ကျွန်မက ဦးသော်တာ နဲ့ပဲ တွေ့ချင်တာ .."

"ဘာ!..."

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေမဟန်မှန်း သိလိုက်ကြကာ သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။ ထိုစဉ်ခဏ ကားမီးရောင်ဖျတ်ခနဲ မှိတ်ကျသွားကာ ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်တရက် မှောင်မိုက်သွား၏။

"ဟွန်း .. ရှင်တို့ အဖွင့်အပိတ်အစီအစဉ်တွေ ကောင်းပါတယ်၊ ဒါပေမယ့် အမူအရာတွေက ညံ့တယ် .."

"မင်း .. ဒီထိ ရောက်လာခဲ့တာရော ကံဆိုးသွားပြီလို့ မထင်ဘူးလား .."

"မထင်ပါဘူး .. ရှင်တို့ရဲ့ အိမ်ထဲဖြစ်ဖြစ်၊ ကားပေါ်ဖြစ်ဖြစ် အဆင်ပြေသလို ဆွဲတင်မယ့် အစီအစဉ်ကို ကျွန်မက ကြိုသိထားတဲ့အတွက် ကံဆိုးမှာက ကျွန်မမဟုတ်ဘူး .."

"ဟား .. ဟား .. ဟား .. မင်းက ကိုယ့်ကိုယ်ကိုယ် တော်တော်အထင်ကြီးတာပဲကွ .. ဒီည ဟိုရှေ့နေ အဘိုးကြီးကိုရော မင်းကိုပါ ဒီအိမ်ထဲမှာပဲ အဆုံးစီရင်ကြမှာ .."

"လွှတ်စမ်း .. မင်းတို့ ဘာကောင်တွေလဲကွ .."

ဟင်!...၊

ကားထဲကနေ အတင်းဆွဲချုပ်၍ ခေါ်ချလာသည့် လူကြီးတစ်ယောက်ကို မြင်လိုက်လျှင် ပါး ကြောင်တောင်တောင်ဖြစ်သွား၏။ လူကြီးက မျက်မှန်နဲ့ပဲဖြစ်ပုံရကာ မှုန်ပျပျအလင်းရောင်မှာ ဝင်းခနဲလက်သွားသည်၊

ပြီးတော့ တိုက်ပုံအနက်နှင့် ခပ်ပိန်ပိန်ဖြစ်၏။ လက်စသတ်တော့ ဦးသော်တာ ကို ကြိုတင်ဖမ်းချုပ်ထားပြီးမှ သူတို့က အယောင်ဆောင်လာကြတာပဲ ...၊

ဒီလောက်တောင် အကွက်စေ့အောင် ကြံစည်ပြီး လောဘဇောတိုက်ကြသလား ...၊

ဒေါသစိတ်က ထောင်းခနဲဖြစ်ကာ အနီးဆုံးမှာရှိသည့် လူကို ခြေ



ဖျားနဲ့ လှမ်းခတ်လိုက်သည်။ လူစု ရှဲခနဲဖြစ်သွားကာမှ ပညာကုန်သုံး၍ လှုပ်ရှားပစ်လိုက်၏။

ယောကျ်ားကြီးတွေဖြစ်ပြီး လှုပ်ရှားမှုတွေ နှေးကွေးလွန်းကာ ပါးရဲ့ ရိုက်ချက်များမှာ အတုံးအရုံးလဲကုန်ကြ၏။

"အန်ကယ်လ် ဟိုဘက်ကိုလှည့် .. ကျွန်မ ကြိုးဖြည်ပေးမယ် .."

"တိတ်(ပ်)နဲ့ ပတ်ထားတာပါ .."

"ရတယ် .."

ပါး ခြေထောက်ထဲက ဓားပါးလေးထုတ်ကာ တိတ်(ပ်)ကို ဖြတ်ထုတ်ပစ်လိုက်၏။

"တော်တော်ရမ်းကားတဲ့ကောင်တွေ ဒီကောင်တွေကို ကျုပ် မသိဘူး .."

"ကျွန်မက သူဌေးဦးကြာညို ရဲ့ သမီး ရွှေပါးအပ် ပါ အန်ကယ်လ်.."

မှောင်ထဲမှာပဲ မိတ်ဆက်လိုက်သည်။ လမ်းဘေးမီးတိုင်ရှိပေမယ့် ခြံရှေ့မှာတော့ မီးတိုင်နဲ့ဝေးပြီး မှောင်ကျနေသဖြင့် လူကြီးက ကားဆီကို သွားရင်း ...၊

"အန်ကယ်လ်က ဦးသော်တာ ပါ၊ သူဌေးဦးကြာညို သမီးဆိုတော့ ဒီကောင်တွေက သမီးတို့နဲ့များ ပတ်သက်နေသလား .."

ပါး စိတ်မကောင်းဖြစ်သွားမိသည်။ ပဒုမ္မာစံအိမ်က အမွေကိစ္စတွေကို ကိုင်တွယ်ထားရတာနဲ့ပဲ ရှေ့နေကြီးမှာ အသက်အန္တရာယ်ရှိနေရတဲ့အဖြစ် ...။

"ပါး စိတ်မကောင်းပါဘူး အန်ကယ်လ် .. တကယ်တော့ .."

"လာ .. လာ .. ကားပေါ်တက် နောက်မှ စကားပြောကြတာပေါ့.."

"ဟင် ..."

ဦးသော်တာ က ကားဆီသွားကာ တံခါးဖွင့်ပေးထားရင်း သူမကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်ခေါ်သည်။

"ဒါ .. အန်ကယ့်ကားလား သူတို့က ကားရောလူပါ ဝင်စီးထားကြတာလား .."

"အေး .. ဟုတ်တယ်၊ လာ .. တက် .. အိမ်ထဲရောက်မှ ပြောရအောင် .."

"ခြံထဲက တံခါးမဖွင့်သေးဘူး အန်ကယ်လ် .."

"အေး .. ကျုပ်က ဟွန်းသံအချက်ပေးမှ ဖွင့်မှာလေ .. လာ .. တက် .. တက် .."

"မဟုတ်ဘူး အန်ကယ်လ်၊ ပါး က အန်ကယ့်ဖုန်းနံပါတ်မသိတာနဲ့၊ ပြီးတော့ ရုံးမှာသွားရှာတာလည်း မတွေ့လို့ ဒီမှာ လာစောင့်နေတာပါ၊ မိုးလည်းချုပ်နေပြီဆိုတော့ မဝင်တော့ပါဘူး၊ မနက်ဖြန် အန်ကယ်လ်နဲ့ ဘယ်အချိန်လောက်တွေ့နိုင်မလဲ မသိဘူး .."

"မဟုတ်တာကွယ် .. ရောက်မှတော့ ဝင်ရမှာပေါ့ .. အထဲမှာ မိန်းကလေးတွေရှိပါတယ်၊ လာပါ သမီးရဲ့ .. လာ .."

အတုံးအရုန်းလဲကျသတိလစ်နေသူတွေကို ဘယ်လိုစီရင်မယ်ဆိုတာ မပါဘဲ ဒါတွေကို ဘယ်လိုကွေ့ရှောင်သွားမှာလဲ ..၊

ထိုပြင် သူမ လာစောင့်နေတည်းကိုက အိမ်ထဲဝင်ပြီး စကားစမြည်းပြောဖို့ မပါပေ ..။ ငြင်းနေပြန်ရင်လည်း မကောင်း၊ သူမ စဉ်းစားတွေဝေနေစဉ် လမ်းကြားတစ်ခုကနေ ဖြတ်ကွေ့လာသည့် ကားမီးရောင်တစ်ခုက အနီးကပ်ကြီး ဖမ်းထိုးလိုက်သလိုဖြစ်သွား၏။

မြင်ကွင်းထဲမှာ လဲသူတွေ၊ ရပ်နေသူတွေနှင့် ပါး ကို အတူတွေ့လိုက်ရကာ ခြား ကားရပ်ပြီး ကမန်းကတန်းဆင်းလိုက်သည်။

ပြီးတော့ မီးမမှိတ်ဘဲ ဒီတိုင်းတန်းသွားကာ ..၊

"ပါး .. ဘာတွေဖြစ်နေတာလဲ .."



မထင်မှတ်ဘဲ ခြား ရောက်လာသဖြင့် ရှင်းပြဖို့လည်း ခက်ခဲနေကာ ပါး မျက်နှာကို တင်းထားလိုက်သည်။

"ရှင်က ဘယ်ကိုလာတာလဲ .."

"ငါမေးနေတာ ဖြေစမ်းပါ .."

ခြား က မီးရောင်နဲ့ ထိန်နေသော ပါး မျက်နှာလေးကိုကြည့်ပြီး ဘေးကလူကြီးကို မျက်လုံးဝေ့သည်။ လူကြီးက ကိုင်ထားသည့် ကားတံခါးကို ပြန်လွှတ်၍ တိုက်ပုံအင်္ကျီနှစ်ဖက်စကို ဟန်ပါပါ ဆွဲတင်၍ ..၊

"ကျုပ်က ရွှေနေကြီး ဦးသော်တာ ပဲ .. သူက ကျုပ်ဆီကိုလာတဲ့ အမှုသည် .. မောင်ရင်က .."

"ကျွန်တော်က ရွှေနေဦးသော်တာ ရဲ့ တူအရင်း ဒေါက်တာခွဲခြား.."

"ဘာ!..."

လူကြီး မျက်ကလဲဆန်ပြာဖြစ်သွားသည်။ ပါး တအံ့တသြပြန်ကြည့်၏။ ခြား က လူကြီးဘက်လှည့်၍ ခါးနှစ်ဖက်ထောက်ကာ ..၊

"ဒါ .. ကျုပ် ဦးလေးရဲ့အိမ်၊ ဒါပေမယ့် လေးလေးမရှိဘူး၊ မိုးကုတ်မှာသွားနေတာ ခြောက်လကျော်ပြီ၊ ကဲ .. ခင်ဗျားက ဘာလဲ ပြောလို့ရပြီလား .."

"ငါ ..."

လူကြီး နောက်ကို ခြေလှမ်းဆုတ်ကာ လဲကျနေသည့် အနီးဆုံးလူကို ခြေထောက်တစ်ဖက်နဲ့ လှမ်းတို့၏။

"ငါ သူတို့ ခိုင်းလို့လုပ်တာ မသိဘူး၊ ဟိတ်ကောင်တွေ ထကြလေကွာ .. မင်းတို့ တမင်အလျှော့ပေးပြီး ဟန်ဆောင်လှဲနေမှာဆို .."

လူကြီး ကတုန်ကယင်ဖြစ်လာကာ ပြောမိပြောရာတွေ ပြောပြီး ချာခနဲလှည့်ပြေး၏။

"ဟိတ် .."

www.burmeseclassic.com

www.burmeseclassic.com



"အား .. ဟော့ .. ကျုပ် .. ကျုပ်ကိုလွှတ်ပါ၊ ကျုပ်က ပိုက်ဆံရလို့ လုပ်ပေးတာပါ၊ ဒီတစ်လမ်းကျော် လက်ဖက်ရည်ဆိုင်က နံပြားဖုတ်တာပါ .."

"ခွပ် .. ဖောင်း .."

ပါး ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ နှစ်ချက်ဆင့်ထိုးပစ်လိုက်သည်။ ပြီးတော့ ကားထဲထည့်ပိတ်ပြီး တံခါးလော့ခ်တွေချပစ်ပြီးမှ သော့ကို ခြံတစ်ခြံထဲရောက်ချင်ရာ လွှတ်ပစ်လိုက်၏။

"လူယုတ်မာတွေ .."

ဒေါသက တစ်ယောက်ယောက်ကို သတ်ပစ်ချင်နေတဲ့အထိ ပွက်ပွက် ဆူ၏။ သို့သော် ..၊

"နေဦး .. ငါ ရဲစခန်းကို ဖုန်းဆက်ပြီး ဒီလူတွေကို .."

"မလုပ်နဲ့ .."

"ဘာဖြစ်လို့လဲ .. မင်းကို ဗိုင်းလုပ်ကြံကြတာ၊ ပြီးတော့ ငါ့ဦးလေးက အဆစ် .."

"တိုင်တာတောတာတွေ မလုပ်ပါနဲ့ဦး၊ အချိန်မကျသေးလို့ပါ.."

ဒီတစ်ခါ သူ့ကားပေါ်မှာ ပါး တိတ်တိတ်ဆိတ်ဆိတ်လေးပါလာခဲ့၏။

ကျေးရှူးတင်ပါတယ်လို့တော့ တစ်ခွန်းမှ မပြော၊ ဒါပေမယ့် သူ ကျေးဇူးတင်မိပါ၏။ ပါး ကိုတော့ မဟုတ်ပေ၊ လုံးဝပါးစပ်လေးပိတ်ပြီး နေပေးခဲ့သည့် သမီးလေး ပို့ပို့လွင် သို့ ..၊

♥♥♥



## အခန်း (၂၅)

တစ်လမ်းလုံး စကားမပြောဘဲ နေလိုက်လျှင် သူမ အနေခက်မလားလို့တွေးမိကာ ..၊

"မင်း တခြားကိစ္စသွားစရာရှိသေးလား .. လိုက်ပို့ပေးမယ် .."

"မရှိဘူး .."

ကျေးရှူးတင်လိုက်လှဲသံက တုံးတိတိဖြစ်ကာ ..၊

"မူဝံကြယ် တည်းခိုခန်းကို ပို့ပေး .."

"ဘာ!..."

"ကျွန်မ အဲဒီမှာ အခန်းယူထားတယ် .."

"မူဝံကြယ်မှာ သွားတည်းမလို့ .. ဟုတ်လား .."

ကားမောင်းရင်း ရန်ဖြစ်ရဖို့အကြောင်းက အခိုင်အမာပေါ်လာ၏။ သို့သော် သူမအားမှာ သမီးလေးရှိနေသဖြင့် လျှာပေါ်ရောက်လာသည့် စကားလုံးတွေကို ပြန်လည်စီစစ်လိုက်ပြီးမှ ..၊

"မူဝံကြယ်ကို မင်းက ဘာမှတ်လို့လဲ .."

"တည်းခိုခန်းလေ .. သန့်ရှင်းသပ်ရပ်တယ် ဈေးချိုတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲလား .."

ပါး အသံထပ်မထွက်တော့ပေ ..၊

"အဲ့ဒီမှာ ဘယ်တော့မှ အခန်းအားတယ်မရှိဘူး၊ ဟိုလိုဒီလိုတွေကြောင့်လည်းမဟုတ်ဘူး၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်တည်းသွားမတည်းသင့်တဲ့နေရာ၊ အဲ့ဒီလောက်ပြောရင် မင်းသဘောပေါက်.."

"ရူဝံကြယ်ပဲဖြစ်ဖြစ် ခုနစ်စင်ကြယ်ပဲဖြစ်ဖြစ် မိန်းကလေးတစ်ယောက်အတွက် မသင့်တော်ဘူးဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့်.."

"ဒါပေမယ့် မနေနဲ့ .. မသင့်တော်မှန်းသိရက်နဲ့ ရှေ့ဆက်တိုးတဲ့အထိ တစ်ဇွတ်ထိုးလုပ်တာ မင်းမှာ ဘယ်လောက်အန္တရာယ်ကြီးလဲသိလား၊ မွေးချင်းသားရင်းစိတ်နဲ့ မင်းအတွက် စိုးရိမ်လို့ပြောတာ .."

သူ မှန်ထဲကနေ သူမရှိရာတစ်ချက်ကြည့်၍ ..၊

"ပြီးတော့ မင်း တွေ့ချင်နေတဲ့ ရှေ့နေဦးသော်တာ အကြောင်းငါပြောပြနိုင်တယ် .."

ဘယ်လိုကွေ့ရှောင်တွေးပေမယ့် သူမကို သူပဲတောင်းပန်နေရတာမှန်ပေသည်။ ဒါပေမယ့် သူ မမှားဘူးလို့တွေး၍ ဖြေသိမ့်ရင်း ..၊

"သမီး .. ဗိုက်မဝသေးဘူးဆိုရင် တစ်ခုခုစားဦးမလား .."

ကလေး စားသောက်နေတုန်း သူမအတွက် အန္တရာယ်ရှိနေတာကြောင့် ထလိုက်လာခဲ့ရတာ သင်းက အသိအမှတ်မပြုသည့်ပြင် ..၊

"မစားတော့ဘူး ဖေကြီး၊ မီးမီးနဲ့ အန်တီနဲ့ အိမ်ရောက်မှ ခေါက်ဆွဲပြုတ်ထပ်သောက်မယ် .."

ပါး ဘာမှမစားရသေးဘူးလို့ တွေးပြီး ပြောလိုက်တာလားမသိ၊ ပို့ပို့ အသံလေးတက်ကြွနေမှန်း သိနေသဖြင့် ခြား သက်ပြင်းချမိသည်။

ပို့ပို့ ကတော့ ပါး ဒိမ်ကိုပါလာတော့မည်မှန်း သိလိုက်တည်းက



ပျော်သွားတာဖြစ်ကာ တစ်လမ်းလုံး မော့ကြည့်ရင်း ထိန်းချုပ်လာခဲ့ပြီးမှ ..

"အန်တီ .. မီးမီးတို့နဲ့ပဲ နေနော် .."

တိုးတိုးလေးပြောကာ ပါး ရဲ့ လက်ဖဝါးလေးကို မရဲတရဲလာထိသည်။ ပါး က ငုံ့ကြည့်တော့ ..၊

"အန်တီ့ကို ချစ်တယ် .."

လက်မောင်းကိုဖက်၍ တစ်ကိုယ်လုံး ကပ်မှီထားလိုက်၏။ ထို့ပြင် လက်ဖဝါးချင်းထပ်ဆုပ်ထားလိုက်ပြီး ငြိမ်ငြိမ်သက်သက်လေးဖြစ်သွား၏။

ကားသည် ပြောဖို့စကားတွေ မြောက်များစွာနှင့် တစ်ခွန်းတစ်ပါဒမျှ မပြောမဆိုဘဲ နေခဲ့ကြသော လူသားသုံးဦးကို တင်ဆောင်၍ လမ်းမကြီးပေါ်မှာ တိတ်ဆိတ်စွာပြေးနေခဲ့၏။

သူမ ဘာတွေတွေးနေပါသနည်း။

မှန်ဆီသို့ မျက်လုံးရောက်သွားတတ်ပေမယ့် ဘာမှလည်း မမြင်ရ၊ သေချာလည်းမကြည့်ရဲ ..၊

ပြောစရာစကားတွေ အများကြီးရှိနေလျက်နှင့် သူမက ဘာမှပြန်မစခဲ့သဖြင့် ဘာမှပြောလို့မရ ..၊

ပါး ရင်ထဲမှာတော့ ကိုယ့်အရေးထက် သူများတွေ ဘယ်လောက်ထိ အရေးကြီးနေသလဲဆိုတာကိုသာ တွေးနေမိသည်။

ပဒုမ္မာစံအိမ်ကြီးကို သိမ်းပိုက်ရယူနိုင်ဖို့အတွက် ဘယ်တုန်းတည်းက ဘယ်လောက်တောင် လျှို့ဝှက်ကြံစည်ခဲ့ကြတာလဲ ..၊

'လူယုံသတ်လို့သေသည်'၊ 'အသားထဲက လောက်ထွက်သည်'၊ 'ကိုယ်ကကျူးလို့ ကိုယ့်ဒူးတောင်မယုံနှင့်' စသော ဆိုရိုးစကားတွေ အများကြီးရှိခဲ့ပါလျက် လူတွေဘာကြောင့် သတိမထားနိုင်ကြတာလဲ..၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်တစ်ခုကို ဖြိုခွဲခဲ့သည်။ ဖြိုကွဲသွားသည့်နောက်မှာ အားလုံးပျက်စီးကုန်အောင် လွယ်လွယ်လေးလုပ်သွားခဲ့သည်။ ဤနည်းအားဖြင့် ပဒုမ္မာစံအိမ်ကြီး ပြိုကွဲခဲ့ရ၏။

ထိုအခိုက်အတန့်တွင်းမှာ မေမေ့ဘေးမှာ သူမ မရှိခဲ့သလို၊ မေမေကလည်း မတမ်းတခဲ့ဘူးထင်သည်။ ဒါမှမဟုတ် တမ်းတနေခဲ့ပေမယ့် ဆုံဆည်းခွင့်မရှိကြအောင် ကြံဖန်လွဲခဲ့တာလား၊ တမင်တကာ လမ်းလွှဲကြံစည်ထားကြတာလား၊ ဒါလည်း မသိနိုင်ခဲ့ပေ ...။

သူမ ရောက်လာခဲ့သည့်အချိန်ဟာ မနှောင်းသေးပေမယ့် အရာရာဟာ အံ့ဩလောက်စရာ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ဒါတွေကို တစ်ယောက်တည်းရဲ့လက်နဲ့ အစကနေ ပြန်လည်ပြင်ဆင်နိုင်ဖို့ လွယ်ပါ့မလား ...၊

တွေးကြည့်လျှင် ဒီည ဖြစ်ခဲ့တာတွေကပဲ ကြောက်စရာကောင်းနေပြီဖြစ်သည်။ လူကို လွယ်လွယ်လေး အနိုင်မယူနိုင်မှန်းကြိုတွက်ထားကြသည်။ ပထမတစ်ဆင့်မှာ မအောင်မြင်လျှင် နောက်တစ်ဆင့်မှာတော့ အဓိကမိမှာပဲလို့ သေချာပေါက် တွက်ထားကြ၏။

သူမ တကယ်ပဲ အဓိကမိခဲ့တာပဲ ...၊

ရှေ့နေ ဦးသော်တာ ကို ဖမ်းချုပ်ထားကြသည်ဆိုတာ နောက်ထပ်မြင်လိုက်ရသည်နှင့် ဒါကို သူတို့ရဲ့ ထပ်မံကြံစည်မှုလို့ နည်းနည်းလေးမှ သံသယမရှိနေတော့ဘဲ အိမ်ထဲထိလိုက်တော့မလို့ တည်းတည်းလေး...

သူတို့ ဘာကိုအလိုရှိနေကြတာလဲ၊ ပဒုမ္မာစံအိမ်ကြီးကို သူတို့ပိုင်ပြီလို့ ကြွေးကြော်နေခဲ့ပြီးမှ ...၊

"ကျွတ် ..."

ခြံရှေ့ရောက်တော့ သူ တံခါးဆင်းဖွင့်သည်။ ကားပေါ်ပြန်တက်ပြီး မောင်းဝင်မည်ကြံကာမှ ကားက နှိုးလို့မရတော့ဘဲဖြစ်သွား၏။ သူ



ထုပ်နေသမျှကို မြင်နေပေမယ့် စိတ်ကပျံ့လွင့်နေခဲ့သဖြင့် ကျွတ်ခနဲစိတ်ပျက်သံထွက်လာမှ လှည့်ကြည့်မိသည်။

"ဘာဖြစ်သွားတာလဲ .."

"မသိဘူးကွာ .. ဒီတိုင်းပဲ တွန်းသွားလိုက်ချင်တော့တယ်၊ အိမ်ရှေ့ရောက်နေမှ .."

ပြောပြီး ဆင်းသွားပြန်သည်။ ပါး ငုံ့ကြည့်လိုက်တော့ ပို့ပို့ ကအိပ်ပျော်နေပြီဖြစ်ကာ သူ့ကိုယ်ပေါ်မှာ ခွေခွေခေါက်ခေါက်လေးမှီကျနေ၏။

ခေါင်းအုံးလေးဆွဲယူပြီး ခေါင်းအောက်မှာ ခုပေးလိုက်ရင်း သက်တောင့်သက်သာ လှဲနေလို့ရအောင် လုပ်ပေးလိုက်မိသည်။ ဒီကောင်လေးရဲ့ တွယ်တာမှုကိုလည်း အံ့ဩမိပါ၏။ သူ့မဘက်က ကောင်းခဲ့တာ ဘာရှိလို့လဲ ...၊

"ကောင်းဖို့တော့ မလွယ်ဘူးကွ .."

စက်ဖုံးဖွင့်ပြီး တတ်သမျှ မှတ်သမျှ နိုက်ချောင်ကြည့်ပေမယ့် ဘာမှတွေ့သဖြင့် ညည်းညူမိ၏။ ထိုစဉ် ဘယ်ဘက်မျက်နှာတစ်ခြမ်းမှာ ချဲခဲ့ငွေ့ရိုက်သွားသလို စိမ့်ခနဲအေးသွားကာ ...၊

"ဟင်း ..."

သက်ပြင်းချသံ ...၊

သေချာကြားလိုက်သဖြင့် လှည့်ကြည့်လိုက်မိသည်။ ဘာမှမတွေ့ပေမယ့် သူ့ကိုယ်တစ်ခြမ်းမှာ အေးစိမ့်နေဆဲမို့ အနားမှာ တစ်ကောင်ကောင်ရှိနေပြီမှန်း သိလိုက်၏။

သူ့အတွက် သရဲမြင်ရတာ မဆန်းပေမယ့် မမြင်ရတာကတော့ ဆန်းနေသည်။ ဘာပဲဖြစ်ဖြစ် အလုပ်လုပ်ရတာ အဆင်မပြေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဘွန်းနက်ကို ပြန်ပိတ်လိုက်လျှင် ...၊

"ပါး ကို ပြောပေးပါ .."

ဟင်!...၊

နောက်ထပ်လှည့်ကြည့်လိုက်မိတာက အံ့သြထူးဆန်းစွာ ဖြစ်ရေ သည်။ သူ့ပတ်ဝန်းကျင်မှာ စိမ့်အေးနေသဖြင့် အနားမှာရှိနေမှန်း သည်။ ဒါပေမယ့် လူကိုမတွေ့ ...၊

ဘာမှမမြင်ရဘဲ စကားသံထွက်လာတော့ ဥပေက္ခာထားဖို့သ ကြိုးစားလာခဲ့သည့် သူ့စိတ်က အသံကို ချလပတ်ရမ်းအောင်ရှာဖွေ တဲ့အထိ လှုပ်ရှားသွားခဲ့၏။

"ဘယ်သူရှိနေတာလဲ .. နာမည်ပြော .."

သူ့စကားသံကြောင့် ပါး တံခါးဖွင့်လိုက်ပြီးမှ မဆင်းသေးဘဲကြည့် နေလိုက်မိ၏။

ခြား က တစ်ယောက်တည်း ခေါင်းတို့တမ်းကစားနေသလို အနား မှာ လှည့်ပတ်ရှာလျက် ...၊

"ဘာ .. ဘယ်သူ .."

... ဝေယံ ...

"ဝေယံ .. ဝေယံ ဟုတ်လား .."

ကားထဲက ပါး ကိုလည်း လှမ်းကြည့်မိ၏။ သူ့ရဲ့ စူးစိုက်မှုတွေ က ပို၍စိတ်ဝင်တစားဖြစ်သွားကာ ...၊

"ဦးဝေယံ လား .. ပြော .. ပါး ကို ဘာပြောပေးရမလဲ .."

... ရှေ့နေကြီးကို သူတို့ သတ်တော့မယ်၊ အဲဒါ တားရမယ် .. သူ ရဲ့ မွေးနေ့ဆွဲကြိုးမှာ သော့ရှိတယ် .. အလဲ .. အလဲတော်ပုံရဲ့ နောက်မှာ ရှာပါလို့ ...



"နေဦး .. ခဏလေး ရှုပ်ကုန်ပြီ .. ပြန်ပြောပြဦး .."

သူ နားစိုက်ထောင်နေပေမယ့် ဘာသံမှ ထွက်မလာတော့ပေ ...၊ အေးနေသည့် အငွေ့အသက်ကို ခံစားမိနေသဖြင့် အတန်ကြာအောင် ဆောင့်နေခဲ့မိ၏။

သို့သော် အေးနေသည့်ခံစားမှုက ရုတ်ချည်းနွေးသွားကာ လုံးဝ ဘိတ်မြဲတိတ်နေသဖြင့် သူ နားလည်လိုက်၏။

"မင်းရဲ့ ဦးဝေယံ .."

"ကြားလိုက်တယ် .. သူ ဘာပြောသွားလဲဟင် .."

ပါး သူ့အားရောက်လာပြီး အလောတကြီးမေး၏။ ခြား က အမှောင် ထဲကို လှမ်းကြည့်လိုက်ပြီးမှ ...၊

"သူ မင်းကို မှာစရာရှိလို့ လိုက်ရှာနေတဲ့ပုံပဲ .. ဒါပေမယ့် ပြော သည်း မပြောနိုင်ဘူးထင်တယ်၊ ပြောဖို့ကြိုးစားနေရင်းနဲ့ လက်လျှော့ သွားရှာတာ .."

"ဒါပေမယ့် ရှင့်ကို ပြောသွားသေးတယ်မို့လား .. ရှင် ဘာမှကို သိလိုက်ဘူးလား၊ ကျွန်မက ရှင့်ကိစ္စကိုကျတော့ ကတိအတိုင်း ပြီးဆုံး အောင် လုပ်ပေးခဲ့ရတယ်၊ ရှင့်အလှည့်ကျတော့ ရှင် ဘာကိုမှ စူးစိုက် ထားဘူး .."

"မင်းချည်းပဲ ပြောနေပါလား .."

"ရှင့်လုပ်ပုံကို ကြည့်ဦးလေ .. ဒီကိစ္စ ကျွန်မအတွက် ဘယ်လောက် အရေးကြီးသလဲ ရှင်သိရဲ့လား .."

"ဘယ်သိမလဲ .. မင်းကိစ္စအကြောင်း မင်း ဘယ်တုန်းက သေချာ ပြောပြခဲ့လို့လဲ .."

"အဲဒါကြောင့် ရှင်ကလည်း သေချာလုပ်မပေးနိုင်ဘူးပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် .."

"ကတိတစ်ခုကို လွယ်လွယ်နဲ့ပေးပြီး ရှင်က လူကိုကျောသပ်နိုင်ခဲ့တာလား၊ ရှင် မှားသွားပြီ၊ ကျွန်မ အဲလောက်မနုံဘူး .."

"ဟော့ ..."

သူ့မျက်နှာကို လက်သီးတစ်ချက် ဝီခေါ်ပြီးဝင်လာ၏။ ခြား သေသေ ချောပါးရှောင်လိုက်ရကာ ..၊

"မင်း တော်တော် လက်ယဉ်ပါလားကွ .. သူ ပြောသွားတာ ငါ .. ဟ .."

နောက်ထပ် ပတ်ကန်လိုက်တော့ ပုံပျက်ပန်းပျက်ရှောင်လိုက်ရင်း ကားဘော်ဒီမှာ ပက်လက်ကျသွား၏။

"မင်း နောက်မဆုတ်ရင် သူပြောသွားတဲ့စကား ငါ မေ့ပစ်လိုက်မယ် .."

ပါး နောက်ထပ်ခြေလှမ်းပြင်ပြီးမှ ရပ်သွားသည်။ ခြား က မတ်တတ် ရပ်လိုက်ပြီး နီရဲတင်းမာနေသည့်မျက်နှာနှင့် လှည့်ထွက်သွားသည်။

"ခွဲခြား .."

ပါး က နောက်က အဲ့ဒေါတကောလိုက်၏။

"ရှင် ဘာလုပ်တာလဲ .. ပြောလေ .."

ခြား က ချာခနဲပြန်လှည့်ပြီး သူမ မျက်နှာကို လက်ညှိုးထိုးကာ

"မင်း ငါ့ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကိုယ်ထိလက်ရောက် စော်ကားခဲ့ပေါင်းများပြီ .."

"အဲဒီတော့ ရှင်က .."

"သူ ပြောသွားတာကို ငါ မှတ်မိတယ်၊ ဒါပေမယ့် အခု မပြော နိုင်ဘူး .."



"ဘာ ..."

ခြား ခပ်မဲ့မဲ့ပြုံးပြီး ကားနောက်ကိုလျှောက်သွား၏။ ပါး ကလည်း ဆပ်ချပ်မကွာ ပါသွားလျက် ..၊

"ခြား .."

"စိတ်မကောင်းပါဘူး ရွှေပါးအပ် .. မင်းလို မကျွမ်းကျင်ပေမယ့် ငါ ကျွမ်းကျင်တာကိုလည်း မင်း ဆန္ဒရှိသလောက် မိတ္တူပွားယူလို့မရဘူး၊ အဲဒီတော့ ငါပြောချင်တဲ့ဆန္ဒရှိတဲ့အထိ မင်းစောင့် .."

"ရှင့် ..."

သူမ ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ကိုယ့်ဘက်က စိတ်မြန် လက်မြန်ဖြစ်သွားတာတွေကို သိပေမယ့် ဒီလိုပေါ်တင်ကြီးပြောပြီး စိန်ခေါ် လိုက်တာကို ခံရခက်နေမိ၏။

ဟိုယ့်ဒေါသနဲ့ကိုယ် လုံးထွေးကာ သူ ကားတွန်းနေတာကို ဆားက ကြည့်နေမိပြီး ဝိုင်းတွန်းဖို့လည်း သတိမရ၊ ကူညီဖို့လည်း မေ့၏။

ခြား က သူ့ဘာသာ အားစိုက်တ[illegible]၍ ..၊

"အမြင်မတော်ရင် စတီယ[illegible]ပေးလို့ရတယ် .."

ဖွင့်ပြောမှ သတိရ၏။ ထို့ကြောင့် ချက်ချင်း ကားပေါ်သွားထိုင်ကာ ခြံထဲကို ကားဝင်လို့ရတဲ့အထိ ထိန်းသွင်းပေးလိုက်သည်။

"တော်ပြီ .. တံခါးပိတ်လို့ရရင် ပြီးတာပဲ .. မနက်မှ ဝပ်ရှော့ပို့လိုက်မယ် .."

"ခြား .."

သူက ကလေးကို သေချာပွေ့ယူပြီး ပခုံးပေါ်ထမ်းတင်၏။ ပါး အမန်းကတန်းဆင်းသွားကာ ကိုယ့်ကိစ္စကသာ အရေးကြီးနေပြီး ..၊

"ကျွန်မ မှားသွားတာ တောင်းပန်ပါတယ်၊ ဦးဝေယံ ပြောသွား

www.burmeseclassic.com

www.burmeseclassic.com



တာကို ပြောပြပါ၊ အဲ့ဒါ မသိရရင် ဒီည .. ကျွန်မ ဒီည အိပ်ပျော်မှာ မဟုတ်ဘူး .."

ခြား က ဘာမှပြန်မပြောဘဲ အိမ်ထဲရောက်သွားတဲ့အထိ ကိုယ့်အလုပ်ကိုပြီးအောင် လုပ်သွား၏။ ပြီးတော့ တံခါးပြန်ထွက်ပိတ်ကာမှ ..၊

"ရှင် တမင်ပညာပြနေတာလား ခြား .."

"ဟုတ်တယ် .."

မျက်နှာချင်းဆိုင် သေချာရပ်ကြည့်ပြီးမှ တုံးတိတိဖြေကာ ..၊

"မင်းလို ပညာတွေ ခဏခဏပြဖို့တော့ မရည်ရွယ်ပါဘူး၊ ဒါပေမယ့် .."

"ရှင် ကျွန်မကို တစ်ညလုံး ဒုက္ခပေးရမှ ကျေနပ်မှာပေါ့ .."

"တစ်ယောက်ယောက်ကြားသွားလို့ တစ်မျိုးထင်နေဦးမယ်၊ မင်း တစ်ညလုံး အိပ်လို့မပျော်တဲ့အတွက် ငါ့ဘက်က စိတ်မကောင်းဖြစ်ဖို့ မရှိဘူး၊ ငါလည်း ငါ့ဒေါသနဲ့ငါ လုံးထွေးသတ်ပုတ်နေရမှာပဲ၊ ဒီတော့ ကျေသင့်မကျေသင့် မနက်ကျမှ ဆက်ဆွေးနွေးတာပေါ့ .. အိုခေ .."

"တောက် .."

♥♥♥



အခန်း (၂၆)

"သမီး .. ရန်ကုန်ကိုပြန်တော့ .."

"မပြန်ချင်ဘူး ဘဘ .."

"မပြန်ချင်လို့ မရဘူး .. ဘဘကလည်း သမီးအမေရဲ့ အစ်ကိုရင်းဟုတ်တော့ ပဒုမ္မာစံအိမ်ကြီးရဲ့ သွေးသားရင်းလို့ ပြောလို့မရဘူး၊ အခုရှုပ်ထွေးလာတာတွေကို သမီးကိုယ်တိုင် သွားရှင်းမှ ရမှာ .."

ဦးရွှေခိုင် က စကားနည်းသလောက် အပြောလည်းပြတ်သည်။ ဒါး ကို ကိုယ်ခံပညာတွေသင်ပေးခဲ့တုန်းကလည်း ...

"ဒါတွေ ဒီလောက်တတဲထားဖို့မလိုပေမယ့် သမီးက အရမ်းချမ်းသာတဲ့ တစ်ကောင်ကြွက် မိန်းကလေး၊ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်နိုင်ဖို့အတွက် တတ်ထားသင့်တဲ့ပညာပဲ .."

ဆိုပြီး ဆရာကောင်းရှာပြီး အပ်နှံပေးသည်။ ကိုယ်တိုင်ကြပ်မတ်ဆး၏။ ကျောင်းပညာရော သိုင်းပညာပါ ဘာမှ မလစ်ဟင်းရအောင် ချစ်ခဲ့သည်။

"ပါး မေမေ့ကိုတောင် သင်္ဂြိုဟ်မပေးနိုင်ခဲ့ဘူး .. ခုကျမှ .."

"မြတ် ဆုံးသွားတာကို ဘဘတို့က ဆုံးပြီးဆိုမှ သိရတာလေ၊

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီဝှန်းက ပြန်သွားဖို့ သမီးကို မတိုက်တွန်းတာက နံပါတ်တစ်ဧ
ဘဘ ကျန်းမာရေးမကောင်းတဲ့အချိန်ဖြစ်နေတယ်၊ သမီးသွားရင် သမီး
ရဲ့ ဘေးကင်းရေးအတွက် စိတ်ချရအောင် ဘဘ ဘာမှစီစဉ်မပေးနိုင်ဘဲ
မလွှတ်နိုင်ဘူး၊ နံပါတ်နှစ်ကတော့ သေပြီးမှ ဘာထူးမှာလဲလို့ တွက်
တာ ..."

ဦးရွှေခိုင် ရင်ထဲမှာ နင့်နေအောင် ခံစားခဲ့ရတာတွေ မျက်နှာမှာ
ပေါ်လွင်နေခဲ့၏။

"ဘဘတို့က ဗုဒ္ဓဘာသာတွေပဲ .. သေပြီးတဲ့လူကို သားက သင်္ဂြိုဟ်
မှ သမီးက သင်္ဂြိုဟ်မှဆိုတာတွေ၊ တခြားဆောင်ရွက်ပေးရမယ့် အထိမ်း
အမှတ်ဝတ္တရားတွေ ဘာမှမလုပ်ဘူး၊ သေသွားတဲ့ ရုပ်ကလာပ်က အပုတ်
ကောင်ပဲ၊ မိဘရဲ့ နောက်ဆုံးခရီးကို ကိုယ်တိုင် မသင်္ဂြိုဟ်လိုက်ရတဲ့
အတွက် တရားနဲ့ ဖြေရမယ် .."

ဒီစကားတွေက ပါး ကို မြန်မာပြည်ပြန်လွှတ်ခါနီးမှာ ပြောခဲ့တဲ့
အရှည်ကြာဆုံး စကားတွေပဲဖြစ်၏။

"သူ မသေခင် ဘာမှာခဲ့ချင်သလဲ၊ ဘာတွေလုပ်စေချင်သလဲ သမီး
ဘာမှ ကြားခွင့်မရတော့တဲ့အတူတူ ဒီ ရုပ်ကြွင်းကို သင်္ဂြိုဟ်ဖို့အားထုတ်
ရင်း ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ဖြစ်မခံသင့်ဘူး ..၊ ပဒုမ္မာစံအိမ်ကြီးမှာ
ကြံစည်မှုတွေအများကြီးရှိနေတယ် သမီး၊ အဲ့ဒါတွေကို ဘဘ ကြားပြီး
ပြီ၊ တရားခံကတော့ သမီး မေမေရဲ့ လူယုံ ခင်ဝင်း ဆိုတဲ့ မိန်းမပဲ .."

ဘာတွေကြံစည်နေသလဲဆိုတာ မသိ၊ စံအိမ်မှာ ဘာတွေဖြစ်နေ
ပြီလဲဆိုတာလည်း မခန့်မှန်းနိုင်ပေ ..။ ဒေါ်မြတ်သဇင် ဆုံးသွားပြီး နောက်
ပိုင်းမှာ လုပ်ငန်းလည်ပတ်မှုအားလုံး သိသာစွာ ကျဆင်းသွားခဲ့သည်။

ဦးဝေယံ ကိုလည်း ပျောက်သွားလိုက်၊ ပေါ်လာလိုက်တွေ့နေရ၏
နောက်ပိုင်းမှာတော့ ဦးဝေယံ လည်း လုံးဝပျောက်သွားခဲ့သည်။ ထို
သတင်းတွေကို ဦးရွှေခိုင် က အားလုံးကြားနေခဲ့သည်။



မြင်စရာမလိုလဲ ကြားလိုက်ရုံနဲ့ ခန့်မှန်းမိခဲ့သည့် အခြေအနေအရ
ပဒုမ္မာစံအိမ်ကြီးကို အပိုင်သိမ်းဖို့ ကျားကုပ်ကျားခဲကြိုးစားလာခဲ့သူဟာ
ဒရိုင်ဘာ ဦးဝေယံ မဟုတ်ဘဲ ဒေါ်ခင်ဝင်း သာ ဖြစ်သည်ဟု ..။

"သမီးတို့ သိထားတာတွေ တကယ်မဟုတ်ဘဲ သမီး၊ ကိုဝေယံ
က မမခင် ရဲ့ ကကြိုးရုပ်ပါ၊ သူ့ခမျာ မာန်မာနလည်းမရှိဘူး၊ မမကြီး
အပေါ်မှာလည်း .."

"အဲဒါတွေ မကြားချင်ဘူး ဒေါ်ဒေါ်သေး .. မေမေ မဆုံးခင် သူ့ပဲ
အနားမှာရှိတာ၊ သူ့ကို မေမေ တစ်ခုခုပြောခဲ့မှာပဲ၊ အဲဒါကို သိချင်တယ်၊
မသိရရင်လည်း ကိစ္စမရှိပါဘူး၊ မွေခံထိုက်စေဆိုတဲ့စကားလည်းရှိတာပဲ၊
ဒီအမွေဂဏ္ဍည်းကို သူတို့ရသွားတယ်ဆိုရင် သူတို့နဲ့ ထိုက်တန်လို့ပေါ့၊
အခု ဦးဝေယံ ကို တွေ့ချင်တယ်၊ သူ့ မျက်နှာကို စေ့စေ့ကြည့်ပြီး သူ့အဆင့်
ကို သူသိသွားအောင် ပြောပစ်ချင်တယ် .."

ပဒုမ္မာစံအိမ်ကြီးကို သူမ ရောက်သွားတော့ ဝိုင်းဝန်းတိုက်ခိုက်ခဲ့
ကြသည်။ ဒေါ်သေးသေး နဲ့တွေ့မှသာ ဒီအကြောင်းတွေကို သိခဲ့ရတာ
ဖြစ်၏။

"သူ့မှာ မထနိုင် မကြွနိုင်တဲ့အပြင် မပြောမဆိုနိုင်တော့တဲ့ဘဝ
ပါ သမီးရယ်၊ ဒေါ်ကြီးက သမီးကို သူ့ဘက်က တားဆီးနေတာမဟုတ်
ပါဘူး၊ သူ့ကို ဒါတွေပြောနေလို့လဲ ဘာမှ မထူးဘူးလေ၊ မမခင် တို့
သိသွားရင်သာ ဒီတစ်ခါ သမီးကို အသေလုပ်ကြတော့မှာ .."

"အဲ့ဒါလည်း အတုံ့အလှည့် ဝဋ်ကြွေးပါလာရင် ရှောင်လို့မရဘူး
ဒေါ်သေးသေး၊ ပါး မကြောက်ဘူး၊ ဟိုအရင်တည်းက ပါး မျိုသိပ်အံကြိတ်
နေခဲ့ရတဲ့ အမုန်းက အဲဒီ ဦးဝေယံ ပဲ ..၊ ဖေဖေ နေရာကိုလုယူပြီး ပဒုမ္မာ
စံအိမ်ကို ဖြိုလှဲခဲ့တာ၊ နာနီကြီးက တရားခံမဲ့ပေမယ့် လက်ကိုင်ရိုးကို
ဘယ်သူကိုင်တာဖြစ်ဖြစ် ပါး ရင်ထဲကို ထိုးခွဲပစ်ခဲ့တဲ့ ဓားသွားက ဦးဝေယံ
ပဲ .. ပါး ရင်ထဲမှာရှိသမျှ ပြောမယ်၊ စိတ်မထိန်းနိုင်ရင် တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်ခဲ့မယ် ..”

သူမ ကြိမ်းဝါးခဲ့သည်။ ဒါပေမယ့် အရာအားလုံးဟာ မျှော်လင့်ထားခဲ့တာထက် အဆများစွာ ဆိုးရွားနေခဲ့သည်။ ကိုယ်သာလျှင် သူ့ခိုးကြမ်းပိုးလို ပြေးလွှားနေခဲ့ရသည့်အဖြစ်ဆိုးတွေကြောင့် ..၊

“ရွှေပါးအင် ..”

ဟင်!...၊

ပါး ဆတ်ခနဲ လှည့်ကြည့်မိ၏။

“ပါး ..”

ဒါ .. ဦးဝေယံ ပဲ ..၊

နေရာမှ ထရပ်လိုက်ကာ အသံကြားသည့်အတိုင်းပြေးသွားမိ၏။ ဦးဝေယံ၊ သူမ ဝါးတစ်ပြန်အကွာလောက်မှာ ရပ်နေကာ လက်ယပ်ခေါ်နေ၏။

“ရှင်က သေပြီးနေပြီ ..”

“မသေပါဘူး .. သူတို့ လုပ်ကြံပြောနေကြတာ ..”

“ဟင်!...”

“ပြောပြစရာတွေရှိတယ်၊ လာ .. လာပါ ငါ့နောက်လိုက်ခဲ့ ..”

သင်းတို့ ဘာတွေကြံစည်နေကြတာလဲ ..၊

ပါး ချက်ချင်း ခေါင်းညိတ်ကာ တံခါးဝကနေ ခြံထဲကို အလွယ်တကူဆင်းလိုက်ခဲ့၏။ သို့သော် ..၊

“ရွှေပါးအင် ..”

ဟင်!...၊

“ပါး ..”

မျက်နှာကို ရေစက်တွေ ဖွားခနဲ ပြေးဝင်လာသဖြင့် ပါး မျက်လုံးတွေပွင့်သွား၏။

ဟင် .. ခြား ..၊



ဆိုဖာပေါ်မှာ ခေါင်းလှဲနေရာကနေ မတ်ခနဲထောင်မတ်သွားသည်။ ခြား က သူ့ရှေ့မှာ ရေသန့်ဘူးနှင့် ရပ်နေကာ သူမ နိုးလာတာမြင်မှ ရေကိုမော့သောက်၍ ..၊

“ငါ ထင်သားပဲ .. မင်း ငုတ်တုတ်ထိုင်နေတော့မယ်ဆိုတာ ..”

“ရှင် ကျေနပ်သွားတယ်မို့လား ..”

“ဟွန်း ..”

ခြား က ပြုံးလိုက်ပြီး ပြန်လှည့်ထွက်သွားသည်။ ပါး နာရီကြည့်လိုက်တော့ ညဉ့်နှစ်နာရီထိုးပြီဖြစ်၏။ မအိပ်တမ်းထိုင်စောင့်ဖို့ စိတ်ကူးက ဘယ်ရောက်ပြီး ဒီလောက်ထိ အကြာကြီး အိပ်ပျော်သွားရတဲ့ အကြောင်းရင်းက ဘာလဲ ..၊

“ကျွတ် ..”

သူများသနားစဖွယ်ဖြစ်သွားရခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် စိတ်တိုမိ၏။ သို့သော် စိတ်နဲ့လူက ထိန်းချုပ်မရနိုင်သော ဆာလောင်ခြင်းက ဒုက္ခပေးလာ၏။ ခုချိန်ထိ သူမ တစ်နေကုန် ရေတစ်ခွက်တောင် ဝဝလင်လင် မသောက်နိုင်ခဲ့ ..။

ထိုစဉ် နှာခေါင်းထဲဝင်လာသည့် ခေါက်ဆွဲပြုတ်နံ့က ဘယ်လိုမှ ဟန်မဆောင်နိုင်လောက်အောင် လူကို ဖြားယောင်းလေသည်။

“ရော့ .. မျက်နှာသစ်ချင်သွားသစ်လေ၊ မလိုဘူးထင်ရင်လည်း စား ..”

ခေါက်ဆွဲပြုတ်နှစ်ဘူးကိုင်လာကာ သူမရှေ့မှာ တစ်ဘူးချပေးပြီး သူက မျက်နှာချင်းဆိုင်မှာဝင်ထိုင်၏။ ပါး က ဘာမှမပြောဘဲ သူ့မျက်နှာကို ကြည့်နေသဖြင့် ..၊

“မင်းနဲ့ စကားပြောမလို့ ထွက်လာတာပါ၊ စားရင်းသောက်ရင်း ပြောကြတာပေါ့ .. လုပ်ပါ ..”

ပါး ဟန်မဆောင်နိုင်တော့ဘဲ မျက်နှာသွားသစ်လိုက်သည်။ ခြား

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မစားသေးဘဲ ဒါတိုင်းထိုင်စောင့်နေကာ သူမ ပြန်ရောက်လာတော့ အအေးဘူးတစ်ဘူးထပ်ရှိနေ၏။ အလယ်မှာ ခွက်ဘူးတစ်ဘူး..၊

"ခေါက်ဆွဲစားပြီး အအေးကြိုက်ရင် သောက်လေ .. ကော်ဖီ သောက်ချင်ရင်လည်း ငါ ဖျော်ထားတာ အဲ့ဒီမှာ .."

ပါး ခေါက်ဆွဲဘူးဖွင့်လိုက်မှ သူလည်း ဖွင့်သောက်သည်။ ပူပူလောင်လောင်နဲ့ကိုပဲ ပြုက်ခနဲကုန်သွားအောင် စားပစ်လိုက်တော့ ခြားပြုံးလိုက်မိသည်။ တစ်ဆက်တည်းမှာ စိတ်မကောင်းလည်း ဖြစ်မိသွား၏။

ဒီမိန်းကလေး ဒီလိုလုပ်တတ်မှန်းသိလျက်နှင့် သူက ပြိုင်ဆိုင်ပြီး ဒေါသတွေထွက်ခဲ့သည်။

"ဆောရီးပါ .. ငါ မင်းကို ဒီလောက်ထိ ဒုက္ခပေးဖို့ မရည်ရွယ်ပါဘူး .."

"ရပါတယ် .. အပြန်အလှန်ဖြစ်ကြတာပဲ .."

ပြောပြီး ခေါက်ဆွဲဘူးခွံနဲ့တူကို အမှိုက်ပုံးထဲ ထထည့်၏။ ပြီးတော့ အိတ်ထဲက တစ်ရှူးထုတ်ပြီး နှုတ်ခမ်းကို ဖိသုတ်ပစ်သည်။ ပုံကျလှပသော နှုတ်ခမ်းသားလေးတွေက ရှိရင်းစွဲထက် ပို၍နီရဲသွားကာ မီးရောင်အောက်မှာ သူမ မျက်နှာလေးက အရုပ်လေးနဲ့တူနေ၏။

ခဏတစ်ဖြုတ် စိုက်ကြည့်နေမိပြီးမှ ခြား မျက်နှာပြန်လွှဲသည်။

"အပူသောက်မလား၊ အအေးသောက်မလား .. လုပ်လေ .."

"မသောက်တော့ဘူး .. ရှင်ပြောမှာကိုပဲ ပြောပါ .."

ပါး က မျက်နှာသစ်ပြီးစ ပြောင်တင်းတင်းပါးပြင်ညက်ညက်လေးတွေကို လက်ဖဝါးနဲ့ထပ်ပွတ်ပြီး ဆံပင်တွေကိုပါ ခေါင်းမော့ခါပစ်သည်။

"ဘာဖြစ်လို့လဲ .. ဇက်ကြောတတ်လို့လား၊ အိုက်လို့လား အဲခ်ရိကွန်း ထဖွင့်လိုက်လေ .."

"ဘာမှမဖြစ်ဘူး ခွဲခြား .. ရှင် ကျွန်မကိုကြည့်ပြီး ပူလား၊ အိုက်လား မေးနေမယ့်အစား ငါ ခံစားနေရတဲ့ ဒုက္ခ ဒီလောက်ကြီးနေတာ



ဘာကြောင့်လဲဆိုတာပဲ စာနာပေးစမ်းပါ .."

"စာနာလို့ ငါ ထွက်လာတာပေါ့ကွ .. ငါလည်း အိပ်ပျော်သွားပေမယ့် မင်းထက် အရင်နိုးတာ၊ မင်းလောက်တောင် မအိပ်ရသေးဘူး၊ အဲဒါ မင်းကို စာနာလို့ပဲ .."

"ရပြီ .. ဦးဝေယံ ဘာပြောခဲ့သလဲပြော .."

"ဦးဝေယံ ပြောခဲ့တာတွေကို ပြောရုံနဲ့ ငါက မင်းခိုင်းတဲ့အတိုင်း လုပ်နေရရင် .."

"ရှင် ဖြစ်လာပြန်ပြီလား ခြား .."

"ပြောပြတာ .."

"အပိုတွေ ပြောနေတာ ရှင်တော်တော်များပြီ .."

"အပိုမဟုတ်ဘူး ရွှေပါးအပ် .. မင်းနဲ့ ပဒုမ္မာစံအိမ် ပတ်သက်မှုကို ငါ တွက်မိသလောက်က မင်း ပြောသလိုမဟုတ်ဘူး .."

"ဘာထင်နေလို့လဲ .. ကျွန်မကို အဲဒီသူဌေးသမီးမှတ်နေတာလား၊ သူဌေးသမီးဆိုရင် ရှင့်အတွက် .."

"တော်တော့ .."

ညဉ့်နက်နေပြီမို့ နှုတ်ခမ်းစေ့၍ ခပ်ကြိတ်ကြိတ် ဖိဟောက်ပစ်မိကာ..

"ငါ အညာခံနေရတာကို မလိုချင်တာ၊ မင်းကို ဘာမှန်းညာမှန်း မသိဘဲ ငါတို့ ကူညီထားခဲ့တယ်၊ မင်းကတော့ မှန်တာတွေ မှားတာတွေ ရောထွေးပြီး ဘဝတစ်ခုကို လိုသလို ချုံ့ချဲ့ပုံဖော်နေတာ .."

"အဲဒီတော့ ဘာဖြစ်သလဲ .. ရှင် သိပ်ကို သိချင်နေရင် ပြောပြမယ်၊ ကျွန်မက သူဌေးသမီးရဲ့ ကိုယ်ရံတော်၊ သူ့မိဘတွေက ကျွန်မ အရည်အချင်းကိုယုံပြီး အမွေကိစ္စတွေ ရှုပ်ထွေးနေတဲ့ကြားက သူဌေးသမီးရဲ့ အန္တရာယ်ကို ကာကွယ်ပေးဖို့ အများကြီးပုံပေးပြီး ငှားထားတာ..

"သူဌေးသမီးက ဘယ်မှာလဲ .."

"အခု ပျောက်နေတယ် .. ပဒုမ္မာစံအိမ်ကြီးက အရိမ်းရှုပ်တွေပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံသတ်ဖြတ်မှုတွေပါရှိနေတယ်လို့ ထင်ရတဲ့အတွက် သူဌေးသမီးရဲ့ တာဝန်က ကျွန်မခေါင်းပေါ် ဖိုးလုံးရောက်နေတာ ..”

သူမ ပုံစံကိုကြည့်ပြီး ခြား က လက်ခံချင်သည့်ဘက်ကို ပါသွားခဲ့၏။ ပါး ကလည်း ရွှေပါးအပ် ရဲ့ တကယ့်ဘဝမှန်ကို ဖုံးကွယ်သည် မလွဲ၍ ထိုအိမ်မှာ ဖြစ်ပျက်နေတာတွေကို အမှန်အတိုင်းပဲ ပြောပြလိုက်သည်။

“မင်း လိုက်နေတာက သူဌေးသမီးနောက်ကိုမဟုတ်ဘဲ သေသွားတဲ့ ဝိညာဉ်ဖြစ်နေတော့ နည်းနည်းတော့ လွဲနေတယ် ..”

“ဘာလိုအပ်နေသလဲဆို ကျွန်မအလုပ် ကျွန်မ သိတယ် ..”

“မင်း မသိသေးတာရှိတယ် ..”

သူ မပြီးနိုင်ဘဲရှိနေတာကို ပါး ဒေါသထွက်ကာ မျက်နှာလေးနီမြန်းလာ၏။

“မင်းကို သူတို့ ဘယ်လောက်ပေးထားသလဲ မသိပေမယ့် မင်း အသက်အန္တရာယ်တစ်ခုခုဖြစ်သွားနိုင်တာနဲ့စာရင် ဒီငွေကို မက်ပြီး အလောင်းအစားလုပ်ရတာ မင်း မှားတယ် ..”

“ကျွန်မက အမြဲတမ်းမှားနေတဲ့ မိန်းမပဲ .. ရှင့်လိုစကားမျိုးတွေ ကျွန်မမိဘတွေကလည်း ပြောခဲ့ဖူးတယ်၊ မိတ်ဆွေတွေလည်း ပြောကြတာပဲ၊ ဒါပေမယ့် ကျွန်မက အန္တရာယ်တောထဲ တိုးဝင်ရတာ ဝါသနာပါတယ် ..”

ခြား မျက်နှာ အလိုမကျခြင်းတွေဖြစ်သွား၏။ သူမ ပုံစံက ဒီလို အလုပ်မျိုးနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူလို့ ဘယ်လိုမှ ထင်ချင်ဖွယ်မရှိ ..၊

အဆီပိုမရှိအောင် ချပ်ယပ်နေသော ကိုယ်ဟန်သွယ်သွယ်သည် အရပ်မြင့်မြင့်က ဒြေလှမ်းကျဲသလောက် နုနုနွဲ့နွဲ့တော့မရှိတာမှန်၏။ သို့သော် သူမ တစ်ကိုယ်လုံးမှာ မိန်းမ မဆန်အောင် တက်ကြွမြန်ဆန်သော လှုပ်ရှားဟန်မျိုး ရှိနေတာလောက်နှင့် ဒီလိုပြောနိုင်သလား ..၊



သူမက ညာနေတာလား .. ဒါမှမဟုတ် ကိုယ်ကပဲ သူပြောသလို မလိုအပ်တာတွေနဲ့ အရစ်ရှည်နေခဲ့တာလား ..၊

“ထားလိုက်လေ .. မင်းရဲ့ ဦးဝေယံ ပြောခဲ့တာကို ငါ ပြောပြမယ်၊ ပထမ သူ မင်းကို နာမည်ခေါ်တယ် ..”

ကြားရတဲ့အတိုင်း သေချာပြောပြလိုက်တော့ ပါး က အံ့ဩသလို ငေးနေ၏။ ပြီးတော့ မျက်မှောင်ကုတ်ထားခြင်းက တဖြည်းဖြည်းပြေကျသွားခဲ့ပြီး ..၊

“သူ တကယ်လိုက်လာတာပဲ ..”

ဟု တိုးတိုးလေး ရေရွတ်၏။ ခြား မျက်နှာကတော့ သေချာတင်းသွားခဲ့လျက် ..၊

“မင်းကို လုပ်ကြံပြောနေတယ်လို့ ထင်လို့လား ..”

“ရှင် မဟုတ်ရင်ပြီးတာပဲ .. ဘာဖြစ်လို့ အစက ပြန်သိချင်နေတာလဲ..”

“ဘာကွ ..”

“ကျွန်မ ဘယ်လိုထင်နေနေ အခု ရှင့်စကားကို ယုံသွားတယ်၊ အဲဒါ ဘာဖြစ်လို့လဲ ..”

“မင်း တော်တော်ရိုင်းတဲ့ မိန်းကလေး ..”

“ဒါကိုပဲ ရေရွတ်နေရတာ ဝါသနာပါပုံပဲ ..”

“လူတစ်ဦးနဲ့ တစ်ဦး သိကျွမ်းရင်းနှီးကြတာမှာ အပေးအယူတွေရှိတယ်၊ အပြန်အလှန်ကူညီမှုတွေပါတယ် ..”

“ဟုတ်တယ်လေ .. ရှင်နဲ့ ကျွန်မလည်း အပေးအယူတွေနဲ့ လုပ်ခဲ့တာပဲ ..”

“ဒါပဲလား ..”

မျက်လုံးချင်းဆုံသွားတော့ ယောကျ်ားပီသစွာ ကုတ်ချိုးနေသည့် မျက်ခုံးထူထူတို့ကို ဖျတ်ခနဲကြည့်မိ၏။ ပြီးတော့ လေးထောင့်ဆန်သည့် မျက်နှာမှာ မေးနှစ်ခွက သိသာစွာရှိနေကာ နှုတ်ခမ်းအစုံက ထောင့်ချိုး

www.burmeseclassic.com

www.burmeseclassic.com



ညီနေသည်။

အသားဖြူပေမယ့် အညိုရောင်ရင့်နေသည့် နှုတ်ခမ်းသားတွေက မလိုက်ဖက်စွာ ထင်းနေသည်။ နှုတ်ခမ်းပြာရင်တော့ စိတ်ဖောက်တယ်လို့ ပြောကြတာ ကြားဖူးသည်။

အညိုရောင် နှုတ်ခမ်းတွေနဲ့လူက ဘယ်လိုလူမျိုးလဲ၊ ပါး မျက်နှာလွှဲပစ်လိုက်ကာ ..၊

"ရှင့်အကူညီတစ်ချို့ ယူခဲ့ရတာတွေအတွက် ကျွန်မ မှတ်သားပါတယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ ဆက်ဆံရေးမှာ ဘယ်နေရာမှာမှ စေတနာမပါဘူး .. အားလုံးက မလွှဲသာတာတွေ၊ မတတ်နိုင်တာတွေနဲ့ပဲ .."

"ကောင်းသားပဲ .. မင်းကို ကြောက်လန့်ပြီး ကျေးဇူးပြုစုရတာတွေပေါ့ .. မဆိုးပါဘူး .."

"ရှင်က ကျေးဇူးတင်ခံရဖို့တော့ မျှော်လင့်နေတာပဲ .."

"မျှော်လင့်နေမှန်းသိတာတောင် ကျေးဇူးမတင်နိုင်ပါဘူးလို့ ပြောထွက်တဲ့လူမျိုးလည်း မင်းပဲရှိတယ်ထင်တယ် .."

"ခွဲခြား .."

"ပြောပါ .."

"ရှင်နဲ့ ကျွန်မ နောက်မှ ရန်ဆက်ဖြစ်မယ် .. ရမလား .."

"မင်း သွားတော့မလို့လား .."

"မသွားပါဘူး .. ရွှေနေကြီးကိစ္စမှာ ရှင့် ဦးလေးရဲ့ အကူအညီလိုသေးတယ် .."

အကူအညီဆိုတော့ သူ့ နှုတ်ခမ်း မသိမသာ ပြုံးသွားသည်။ ဒါပေမယ့် စကားစလိုက်တိုင်း ရန်ဖြစ်ကြဖို့က သေချာနေတာမို့ ထားလိုက်တော့—

"သူဌေးသမီးရဲ့ အမွေကိစ္စတွေက လေးလေးနဲ့ လွှဲခဲ့တာလား .."

"မဟုတ်ဘူး .. ရွှေနေကြီးနှစ်ယောက်ပဲ၊ ဒါပေမယ့် ဦးစိုးကျော်ဆန်းလက်ထဲမှာပဲ စာရွက်စာတမ်းတွေရှိတာ၊ ဦးသော်တာ က မျက်မြင်သက်





သေပဲ .."

"သြော် .."

"ရွှေနေကြီး နှစ်ယောက်စလုံးကို ကျွန်မ မသိဘူး၊ အဲ့ဒီကိစ္စတွေရှိခဲ့တယ်ဆိုတာလည်း .."

မေမေ ဆုံးသွားပြီးမှ ရွှေနေကြီး ဦးစိုးကျော် ဆီက အကြောင်းကြားသောကြောင့် သိခဲ့ရတာဖြစ်သည်။ ဒါပေမယ့် နာကျင်နေခဲ့သည့်စိတ်ကြောင့် သူမလည်း ပြန်လာချင်စိတ်မရှိသလို၊ ဘဘလည်း မလွှတ်ခဲ့ပေ ..။

ပါး စကားရပ်လိုက်ပြီးမှ အဆင်ပြေအောင် ပြောပြလိုက်မိသည်။

"ကျွန်မကို ဦးသော်တာ နဲ့ တွေ့ရအောင် ရှင် ကူညီပါ .."

"ဒါကိုတော့ စေတနာနဲ့ ကူညီဖို့စဉ်းစားထားပါတယ် .."

ပါး က မျက်မှောင်လေးကုတ်သွားပြီးမှ တစ်ဖက်လှည့်၍ မဲ့၏။ သူမ အမူအရာတွေကို တစ်ချက်မှ မျက်လုံးမလွှဲဘဲ စိုက်ကြည့်နေသဖြင့် ဒီဘက်ပြန်လှည့်လိုက်တော့ မျက်လုံးချင်း ပက်ပင်းဆုံ၏။ ခြား က ပြုံးလိုက်ကာ ..၊

"ကျေးဇူးတင်ပါစေလို့ မျက်နှာပြောင်ပြောင်နဲ့ မျှော်လင့်နေပါတယ် .."

ပါး မျက်နှာလွှဲဖို့ပေမယ့် ဘာဖြစ်လို့ ရယ်ချင်သွားမှန်းမသိခဲ့ဘဲ နှုတ်ခမ်းလွှာလေးတွေ ပြုံးယောင်သမ်းသွားသည်။

တင်သင့်ရင်တော့ တင်မှာပေါ့ ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"သတ် .. နှစ်ယောက်စလုံးကို သတ်ပစ် .."

ဒေါ်ခင်ဝင့်လှိုင် ဆိုဖာပေါ်ကနေ ဆတ်ခနဲထရပ်ကာ စားပွဲပေါ်က အလှပန်းအိုးကို တအားလွှဲရိုက်ချလိုက်သည်။

"ခွမ်း .. ဒုန်း .. ချလွမ်း .."

ပန်းအိုးက မကြီးပေမယ့် သစ်သီးအတုနဲ့ ပန်းညွန့်လေးတွေ အဆင်ထားသော အမာထည်ပစ္စည်းတွေပါနေသဖြင့် သူနဲ့ ထိခတ်မိသည့် အရာဝတ္ထုပစ္စည်းတို့ကို ထိုးခွင်းဖျက်ဆီးသွားခဲ့၏။

"အနအရွှတွေနဲ့ ဥပါယ်တံမျဉ်းတွေနဲ့ လုပ်မနေနဲ့၊ ဒီအိမ်ကြီးမှာ ရတနာတွေရှိနေတာသိပြီးသား၊ တစ်နေ့ကို နံရံတစ်ချပ်ချင်း၊ ကြမ်းခင်းတစ်လွှာချင်း ဖြိုချပစ်မယ်၊ ဒါမှ မတွေ့သေးရင် အထက်ဘဝ်အောက်အဝီစိထိ မရမချင်း တူးဖော်ပြမယ်၊ ဒီဟာမကို အရှင်ဖမ်းပြီး မေးစရာမလိုတော့ဘူး .."

"ဒေါ်ဒေါ် တအားအော်မနေနဲ့လေ .. အိမ်ရှေ့မှာ အလုပ်သမားတွေရှိတယ် .."

"မင်း ငါ့ကို ဆရာလာမလုပ်နဲ့ .."



ဒေါ်ခင်ဝင့်လှိုင် ရဲ့ ဒေါသက မီးကြိုးစက်ကွင်းထက်ပြင်း၏။ ဆူဆိုက်လို့ ငြိမ်သွားပေမယ့် တူဖြစ်သည့် မျိုးညွန့် ကလည်း ကလေးဆုဆလို ဆူပေါက်ခံလိုက်ရတာကို မျက်နှာက မကြည် ..။

"ဟို ရှေ့နေစုတ်ကိုရော အဲ့ဒီမိန်းမကိုပါ သတ်ပစ်ခဲ့၊ စာရွက်စာတမ်းတွေက ဒီထိခြေထောက်ပေါက်ပြီး ရောက်လာမှာမဟုတ်ဘူး၊ သင်းတာ အပြေးကောင်းနေတာ .."

"ဒေါ်ဒေါ် .."

"ဘာလဲ .. ပြော .."

"ဒေါက်တာခွဲခြား က ရှေ့နေရဲ့ တူဆိုတော့ .."

"တူဖြစ်ဖြစ် သားဖြစ်ဖြစ် အမွေစာချုပ်တွေက ရှေ့နေနဲ့ပဲ ဆိုင်တာ.."

"အခု ဟိုကောင်မလေးက အဲဒီ ဆရာဝန်နဲ့ထွက်သွားကြပြီဆိုတော့ ကျွန်တော်တို့ အုပ်မိပါ့မလား .."

"ဒီတစ်ခါ လွတ်သွားရင် မင်းတို့ ပြန်မလာကြနဲ့တော့ .."

ဒေါ်ခင်ဝင့်လှိုင် က တစ်ချက်လွှတ်ကြေညာ၏။

"ဒေါ်ဒေါ်က အဆင်မပြေတာကိုပဲ ထိုင်စိတ်တိုနေလို့ပါ၊ တကယ်တမ်းကျတော့ ကျွန်တော်ပြောသလို ကြေးစားတွေနဲ့ သေချာ .."

"မျိုးညွန့် .."

"ဟုတ်တယ်လေ .. ကျွန်တော်တို့က လူဆိုးတွေမဟုတ်ပေမယ့် သူကောင်းအလုပ်လုပ်နေကြတာမဟုတ်ဘူးမို့လား၊ ပြီးတော့ ဒေါ်ဒေါ်ရယူဖို့ ကြိုးစားနေကာက သူများလက်ထဲက ဘိန်းမုန့်တစ်ခြမ်းမဟုတ်ဘူး၊ တကယ့်အကြီးကြီးကြံပြီး လက်ကမရဲတော့ ဘယ်လိုလုပ် အောင်မြင်မှာလဲ .. ဒီကောင်မလေးက လက်မြန်သလောက် ခေါင်းကလည်းမြန်တယ်၊ တကယ့် ရှပ်ဗရိန်း(န်)၊ သူ့ထက် မတော်ရင်တောင် သူ့လောက်တော်တဲ့လူကိုသုံးဖို့တော့ လိုတာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အလကားကောင်လို့ ပြောချင်တာလား .."

မျိုးညွန့် မျက်နှာတင်းသွားသည်။ သို့သော် ..၊

"သိုင်းပညာအရမ်းတော်နေတာကို မင်းပြောတာမို့လား .. ဘာ ဖြစ်ဖြစ် သူက မိန်းကလေးလေ၊ မင်းတို့က ကျားတစ်အုပ်ကြီး .."

"ကျားအုပ်ကြီးလည်း အဲဒီကျားအုပ်ထဲ မီးတုတ်ပစ်ထည့်ရင် ပြေ ရတာပဲ .. သိုင်းပညာတော်တဲ့လူတစ်ယောက်အတွက် ဘာမှမတတ်[illegible] လူတွေက သစ်ရွက်ကြွေတွေလိုပဲ .. ယင်မမည်းတွေလို သပ်ချသွားရုံနဲ့-"

"ဟော့ .. တော်စမ်း .. မင်း ဘာမှ ဆက်မပြောနဲ့တော့.."

ဒေါ်ခင်ဝင့်လှိုင် က မျိုးညွန့် ရှေ့ကို စိတ်လိုက်မာန်ပါ လျှော[illegible] လာကာ ..၊

"အခု ချက်ချင်း အုပ်မိအောင်လိုက် .."

"ရှေ့နေအိမ်ကိုမရောက်ခင်တော့ ကျွန်တော်တို့ အုပ်မိမှာမဟုတ်ဘူး-"

"ဘာပြောတယ် .."

"ရှေ့နေ ဘယ်မှာနေတာ ကျွန်တော်တို့မှ မသိတာ .."

"မျိုးညွန့် .."

အင်္ကျီရင်ဘတ်စကို လက်တစ်ဖက်နဲ့ ဆောင့်ဆွဲပြီး မျက်လုံး[illegible] တွေက ကျွတ်ထွက်ကျတော့မတတ်ရှိကာ ..၊

"အဲဒီရှေ့နေနဲ့ သူတို့တွေ့သွားရင် ဟိုရှေ့နေကိစ္စတွေပါ ပေါ[illegible] မှာ မင်းသိရဲ့လား .."

"ဒေါ်ဒေါ် အစတည်းက အဲဒီရှေ့နေကို ရင်အောင်ရှာပြီး အ[illegible] ရှင်းရမှာ .."

"ရအောင်ရှာဖို့စိတ်ကူးက စာရွက်စာတမ်းတွေ မတွေ့တော့မှ နော[illegible] တစ်ယောက်ရှိသေးမှန်းသိရတာလေ .."

အင်္ကျီစကိုလွှတ်၍ တက်ခေါက်လိုက်ရင်း ..၊



"ဝေယံ ဆိုတဲ့ကောင် ဒရိုင်ဘာစုတ် .. ကောင်းစေချင်လို့ နတ်ပြည် ဆွဲတင်တာကို ခုန်ချတယ်၊ သင်းကြောင့် အားလုံးလွဲချော်ကုန်တာ၊ ရှေ့နေတွေကိစ္စလည်း မမမြတ် ကို သင်းပဲအကြံပေးတာနေမှာ၊ ငါ မွေး ထဲ့မျောက်က ငါ့ကို ပြန်ခြောက်တာ၊ အသားထဲက လောက်ထွက်တာ.."

"ဒါမျိုးတွေက ဖြစ်တတ်ပါတယ် .."

"ဘာ ..."

"သြော် .. ဒေါ်ဒေါ်လည်း ဒီတိုင်းလုပ်ခဲ့တာပဲမို့လား .."

"မျိုးညွန့် .. မင်းကရော ငါ့ကို မျိုသိပ်နာကြည်းနေတာတွေ ရှိ နေသလား၊ ဘာကို မကျေနပ်လို့ တိုက်ခိုက်နေတာလဲ .."

"မဟုတ်ပါဘူး .. ဒေါ်ဒေါ်လုပ်သမျှ လွဲချော်နေတာကို ပြန်စီစစ် ကြည့်ဖို့ပဲ ပြောချင်တာ၊ လက်အောက်ငယ်သားဆိုတာ ခေါင်းဆောင် တဲ့လူ ကောင်းမှ .."

"ဖြန်း ..."

ပါးတစ်ဖက် ဖွေးခနဲဖြစ်သွားသည်။ ပြီးတော့ တဖြည်းဖြည်းရဲ တက်လာ၏။ မျိုးညွန့် မျက်နှာမှာ လူသတ်ချင်သည့် အရိပ်အယောင် တွေ ဖြစ်လာခဲ့လျက် ပါးကို ပွတ်နေပြီး ..၊

"ရပါတယ် ဒေါ်ဒေါ့်ကို ကျွန်တော်က ကိုယ့်အဒေါ်ဆိုတဲ့ သံယော ဇဉ်နဲ့ စေတနာနဲ့ အကြံပေးတိုက်တွန်းနေတာ၊ ခုချိန်ကစပြီး အလုပ် သဘောပဲ ပြောကြတာပေါ့ .."

မျိုးညွန့် မျက်နှာ ပြောင်းလဲသွားပြီဖြစ်ကာ ..၊

"ဒီခရီးစဉ်က နောက်ဆုံးကြိုးစားခွင့်ပဲဖြစ်မယ်ထင်တယ်၊ သူတို့ ကို သတ်နိုင်ရင်သတ်၊ မသတ်နိုင်ရင် ကိစ္စတွေအားလုံးပြီးပြီ .."

"အဲဒီတော့ ဘုရင့်နောင်ဖောင်ဖျက်သလို စိတ်ပိုင်းဖြတ်[illegible] မင်း များလည်းရမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အသက်ပေးတဲ့အထိ ပေးဆပ်သွားဖို့ဆိုတာ တွယ်တာမြတ်နိုးတဲ့စိတ် နိုင်မာမှုဖြစ်တာ၊ ဘုရင့်နောင်ရင်ထဲက အရှုံးကို လက်မခံနိုင်တဲ့မာန၊ သူ့တိုင်းပြည်ကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ ပေးဆပ်နိုင်ခဲ့တဲ့ စေတနာ.."

မျိုးညွန့် က ပါးကို ထပ်ပွတ်ပြီး အံကြိတ်၏။ ပြီးမှ ...၊

"ဒေါ်ဒေါ် မတန်မရာတွေ နှိုင်းယှဉ်ပြီး စိတ်ကူးမယဉ်ပါနဲ့ .."

"ဘာပြောတယ် မျိုးညွန့် .. မင်းက .."

"အလုပ်စကားပဲပြောမယ်လို့ ကျွန်တော် ပြောခဲ့ပြီးပြီပဲ၊ ဒီကိစ္စ အောင်မြင်သည်ဖြစ်စေ ကျဆုံးသည်ဖြစ်စေ ကျွန်တော်တို့ဆောင်ရွက်ပေးမယ်၊ ဒါပေမယ့် ဒေါ်ဒေါ် အခုချက်ချင်း သိန်းသုံးရာချပေးပါ .."

"ဘာ!..."

"မပေးဘူးဆိုရင် ဘာမှလည်းလုပ်မပေးဘဲ ပြီးခဲ့တာတွေကို ကျွန်တော်ကိုယ်တိုင်ဖော်မယ်၊ ပေးမယ်ဆိုရင် အောင်မြင်အောင် ကြိုးစားပေးမယ်၊ ရလာမယ့် အကျိုးရလာဒ်ကိုတော့ အာမမခံဘူး .."

"ဟွန်း .. တော်ပြီလား မျိုးညွန့် .."

"အမွေတွေတူးဆွရယူဖို့ မဖြစ်သေးပေမယ့် ဒီ့ထက်မက ဒေါ်ဒေါ်ချမ်းသာပါတယ်၊ ကိုယ့်ဂုဏ်သိက္ခာနဲ့ အနာဂတ်အတွက် ရင်းလိုက်ဖို့ မတန်ဘူးထင်ရင်တော့ စဉ်းစားပေါ့ .."

"မျိုးညွန့် .. မျိုးညွန့် .. ဟဲ့ကောင် နေဦး .."

ကြောင်တောင်ရပ်ကျန်ခဲ့ပြီးမှ ပြေးလွှားလိုက်ရင်း ဒေါ်ခင်ဝင့်လှိုင်အရှုံးလို ...။

♥♥♥



## အခန်း (၂၈)

"အဲဒါ အားလုံးအပြည့်အစုံပဲ .."

ရှေ့ရောက်လာသည့် စာရွက်စာတမ်းတွေ၊ စာချုပ်တွေကို ငေးကြည့်နေရင်း ကောက်ယူကြည့်ဖို့ကို သတိမရ ...၊

ရှေ့နေကြီး ဦးသော်တာ က မကျန်းမာသဖြင့် နားထင်ပါးရင်းတွေအကာ ရှိရင်းစွဲအသက်ထက် အိုမင်းပုံပေါက်နေခဲ့၏။ ထို့ပြင် တာဝန်တစ်ရပ် ပြီးဆုံးသွားသလိုမျိုး စိတ်ပေါ့ပါးသွားပုံလည်းရှိကာ ...၊

"ကျုပ်က ပဒ္မမှာစံအိမ်ကြီးကို မသိပါဘူး၊ ကျုပ်ရဲ့ဆရာသမားလို လေးစားရတဲ့ ဦးစိုးကျော်ဆန်း ရဲ့ တွဲဘက်အဖြစ်နဲ့ အဲဒီအမွေကိစ္စမှာ ပါခဲ့တာပါ .."

"လေးလေးနဲ့ စာချုပ်တာက ဘယ်သူလဲ .."

"ဒေါ်မြတ်သဇင် ကိုယ်တိုင်ပဲ .. ငါနဲ့ မဟုတ်ပါဘူး၊ ဆရာစိုးနဲ့ပါ၊ ငါက တွဲဘက်ပေါ့ .. ပြီးတော့ ဒေါ်မြတ်သဇင် ရဲ့ ခင်ပွန်း ဦးဝေယံလည်းရှိတယ် .."

"မေ ... ဒေါ်မြတ်သဇင် ရဲ့ ခင်ပွန်းက ဦးကြာညို ပါ၊ ဦးဝေယံက သူတို့ရဲ့ ဒရိုင်ဘာ၊ အဲ့ဒီက အဖြစ်အပျက်တည်ရှိမှုတွေအားလုံး အလိမ်

www.burmeseclassic.com

www.burmeseclassic.com



အညာတွေချည်းပဲ ..''

ဦးသော်တာ ပါး ကို အံ့သြသည့်မျက်နှာကြည့်၏။ ပြီးတော့ ခေါင်းညိတ်၍ ..၊

''အဲဒီလိုတွေမှန်းသိတဲ့အချိန်မှာ ဆရာစိုး က ကျုပ်ရှေ့ကို ရောက်လာခဲ့တယ်၊ ဒီဖိုင် ဘယ်လောက်အရေးကြီးကြောင်း၊ ဒါကြောင့် လုပ်ကြံမှုတွေ ဖြစ်လာနိုင်ကြောင်း၊ အကယ်၍ သူ့အသက်ရှိလာရင်တောင် ဒါတွေကို ပျောက်ပျက်မခံနိုင်ကြောင်း အားလုံးပြောပြတယ် ..''

''လေးလေးကို ဒါတွေလာအပ်တာလား ..''

''ဟုတ်တယ် .. သူကတော့ သူ့ရဲ့တစ်ဦးတည်းသော သားလေး ကျူးမာဖြစ်နေလို့ ခွဲစိတ်ဖို့အတွက် နိုင်ငံခြားခရီးထွက်ရမှာလေ ..''

''ဒါဆို .. အန္တရာယ်ထုပ်ကို လေးလေးလက်ထဲ ထည့်ပေးခဲ့သလို ဖြစ်မသွားဘူးလား ..''

''မဖြစ်ဘူး ခြား .. အဲဒါကြောင့် ငါဘာမှ မဖြစ်ဘဲ သူ လုပ်ကြံခံလိုက်ရတာပေါ့၊ အဲ့ဒါတွေကို သူ သိမ်းဆည်းရမှာလိုအဖြစ်မျိုးနဲ့ ဖျောက်ဖျက်ခဲ့တာထင်တယ်၊ ပြီးတော့ ဦးဝေယံ လုပ်သွားတာက ထောင့်ခေတယ်၊ ရှေ့နေနှစ်ယောက်ဆိုတာကို ရုတ်တရက် သူတို့မသိကြဘူး။ ဒါကြောင့် စာရွက်စာတမ်းတွေ ပြန်မရပေမယ့် ဆရာစိုး သေသွားတာနဲ့တင် သူတို့အေးဆေးပြန်ဖြစ်သွားတာပေါ့ ..''

''ခုကျတော့ရော ..''

''ဘယ်လိုအစပြန်ပေါ်သွားတာလဲ ငါလည်းမသိဘူး ..''

ဦးသော်တာ က စကားပြောနေရင်း ခြား ကို တစ်ခုခုမေးစရာရှိသယောင် ကြည့်ကာ ..၊

''မင်းရဲ့ အိမ်ထောင်ရေးကို စိတ်တိုင်းမကျလို့ ငါ မင်းကို လုံးဝ အဆက်အသွယ်ဖြတ်ထားခဲ့တယ်၊ ဒါပေမယ့် သူ ဆုံးသွားပြီဆိုတော့



လည်း ဥပေက္ခာထားခဲ့မိတာ မှားသွားလားဆိုပြီး ငါလိပ်ပြာမလုံပြန်ဘူး၊ ဒါကြောင့် ခုထိ ..''

''အဲ့ဒါပြောမနေပါနဲ့ လေးလေးရာ .. ကျွန်တော်က ကလေးလေးမှ မဟုတ်တာ၊ တကယ်တော့ လေးလေး တားဆီးခဲ့တာလည်း မှားမှ မမှားတာ ..''

နှစ်ယောက်သား အတိတ်က အဖြစ်အပျက်တစ်ခုမှာ ခဏပျော်ဝင်သွားခဲ့ပြီး ..၊

''အခုလောလောဆယ် လေးလေး ရှောင်နေမှဖြစ်မယ် ..''

''မလိုပါဘူးကွာ .. ခုလည်း ငါ သူတို့ကို ရှောင်ပြေးနေတာမှ မဟုတ်တာ၊ မင်းနဲ့ငါ စိတ်အခန့်မသင့်တာတွေကြောင့်ရော ငါ့ကျန်းမာရေးကြောင့်ရော .. ဒါကလည်း ငါ့တရားက ငါ့ကိုစောင့်ရှောက်နေတာလေ၊ သူတော်ကောင်းကို နတ်ကောင်း 'မ' တာပါ ..''

ပြောနေရင်း မျက်လုံးတွေက ပါး ဆီကိုရောက်သွားကာ ..၊

''မင်းက ဒေါ်မြတ်သဇင် နဲ့ တော်တော်တူတာပဲ၊ အမွေဆက်ခံခွင့်ရှိတဲ့ 'ရွှေပါးအပ်' ဆိုတဲ့မိန်းကလေးက တစ်ဦးတည်းသော သမီးလေးဆိုတော့ ..''

''ဟုတ်ကဲ့ .. ကျွန်မက သူ့ကိုယ်ရေးကိုယ်တာကိစ္စတွေအတွက် အလုံးစုံဆောင်ရွက်ရမှာမို့လို့ သူ့နာမည်သုံးရတာပါ ..''

''မင်းကို သံသယရှိလို့ မဟုတ်ပါဘူး၊ အမွေစာချုပ်လုပ်ကြတုန်းတည်းက ဆက်ခံမယ့်မျိုးဆက် မိန်းကလေးက ဘယ်လို ဘယ်ပုံဆိုတာမျိုး တင်းကျပ်သတ်မှတ်ထားတာ မပါဘူး ..''

စားပွဲပေါ်မှာ ခုထိချထားလျက်ရှိသော လက်စွပ်ကွင်းလေးကို ဦးသော်တာ ကကောက်ယူကာ အတွင်းဘက်ကို လှန်ကြည့်လိုက်၏။

''အတွင်းရွှေသားပေါ်မှာ 'S' သုံးထပ်အမှတ်သားနဲ့ အလယ် 'S'

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ထိပ်ဖျားနဲ့ အမြီးမှာ ရွှေဖြူပါနေရင် အဲဒီလက်စွပ်ကိုင်လာတဲ့လူကို ပြန်လွှဲပေးလိုက်ဖို့ ပြောထားတယ်၊ ဆက်ခံမယ့် မျိုးဆက်ပိုင်ရှင်က ဘယ်ဆီနေမှန်းမသိဘဲ ဦးဝေယံ က ဒီအမွေတွေကို မသမာသူလက်ထဲ မရောက်ရအောင် စီစဉ်ခဲ့တဲ့ပုံပဲ ..''

သူမ မြန်မာနိုင်ငံပြန်မည်ဆိုတော့ ဘဘက ဒီလက်စွပ်လေးနဲ့ အမွေကိစ္စကို ပြန်ရယူဖို့ကြိုးစားရမယ်ဆိုတာပြောပြခဲ့သည်။ ဒါပေမယ့် ဘယ်လိုလုပ်ရမယ်ဆိုတာ မပါပေ။

ဦးသော်တာ က ရွှေပါးအပ် ကိုယ်တိုင်မဟုတ်ရင် သက်သေပစ္စည်း တစ်ခုခုပြပါဆိုကာမှ ဒါကိုသတိရပြီး ထုတ်ပြမိတာဖြစ်၏။

ထို့ပြင် စိန်သုံးပွင့်နှင့် ရွှေပြားခတ်လက်စွပ်မှာ 'S' သုံးထပ်ပါနေမှန်းလည်း သတိမထားမိခဲ့ ...။

စိန်ပွင့်တွေအတွက် ဖင်အိုးထွင်းထားသည့်အရာတွေအမှတ်နဲ့ သေချာကိုမကြည့်မိခဲ့ပေ ...။ ခြား ကတော့ ပါး ကို သံသယမကင်းသည့် မျက်လုံးတွေနဲ့ စိုက်ကြည့်နေ၏။

ပြီးတော့ မျက်နှာခပ်လွှဲလွှဲနှင့် ဘာကိုစဉ်းစားနေမှန်းမသိ၊ ထိုစဉ် သူ စဉ်းစားနေတာကို ဦးသော်တာ က မေးမြန်းလိုက်သလိုဖြစ်သွားခဲ့၏။

"မင်း ပြောသလို အလုပ်သဘောသက်သက်နဲ့တော့ ဒီအမွေကိစ္စကို ခုလောက်စိတ်ချလက်ချ လွှဲလိုက်မှာမဟုတ်ဘူးထင်တယ်၊ မသင်္ကာလို့မဟုတ်ပါဘူး .. သိချင်တာသက်သက်နဲ့မေးတာပါ၊ ပြီးတော့ စာရွက်စာတမ်းတွေရသွားရုံနဲ့လည်း အမွေဆက်ခံနိုင်သူဖြစ်လာမှာမဟုတ်ဘူး..''

"ဟုတ်ကဲ့ .. အဲဒါက ..''

"ဒုန်း ..''

အားလုံး၏နားထဲကို ကျယ်လောင်သော ထိခတ်သံကြီးတစ်ခု ဝင်ရောက်လာခဲ့၏။ သူတို့ အလန့်တကြား နားစွင့်ရှာဖွေလိုက်ကြစဉ် နောက်



ဖေးဘက်က ထွက်လာကြသည့် ယောကျ်ားသုံးယောက် ...၊

ပြီးတော့မှ နောက်ထပ် ခပ်ပုပုလူရွယ်တစ်ယောက်နှင့် ...၊

"ရွှေပါးအပ် ..''

ပါး ဘယ်သူ့ကိုမှ မသိပေ ...။ ပြီးတော့ ရှေ့ကမဟုတ်ဘဲ နောက်က ဝင်လာကြသဖြင့် ဘယ်သူမှမသိလိုက်ခင် သူတို့လက်ဦးမှုရသွားပြီလိုလို စိတ်က ခံစားမိလိုက်၏။

"ခုတော့ မင်း လူစွမ်းကောင်းလုပ်နိုင်ခဲ့ပေမယ့် အလကားဖြစ်သွားပြီ ..''

"ကိုမျိုး .. မင်း ရှည်ရှည်ဝေးဝေးတွေလုပ်မနေနဲ့၊ ငါတို့က စကားပြောဖို့မဟုတ်ဘူး ..''

တစ်ယောက်ကပြောကာ တစ်ယောက်နှစ်ယောက်က ဆွဲလာသည့် ပုံးတွေနဲ့ သူတို့ရဲ့ ပတ်ဝန်းကျင်တစ်ဝိုက်ကို တဖျောဖျောသွန်ချောက်လောင်းပစ်လိုက်၏။

ဓာတ်ဆီတွေ ...၊

ခြား တို့ မျက်လုံးပြူးကျယ်ကုန်၏။ မျိုးညွန့် က ဦးသော်တာနဲ့ စာရွက်စာတမ်းတွေကိုကြည့်ပြီး လှောင်ရယ်သလိုမျက်နှာနှင့် ...၊

"ဒီစက္ကူစုတ်တွေကို အရူးလိုလျှောက်သိမ်းမနေနဲ့တော့ အားလုံးပြီးသွားပြီ ..''

"ဟေ့လူ ခင်ဗျားတို့ဘာလုပ်တာလဲ ..''

"မင်းတို့သုံးယောက်စလုံး .. အဲ .. နောက်ဖေးက ထမင်းချက်နဲ့ဆို လေးယောက်၊ အားလုံး ဒီနေရာမှာ သင်္ဂြိုဟ်ပြီးသားဖြစ်တော့မှာ..''

ပြောနေရင်း နောက်ကို တစ်လှမ်းချင်းနောက်ပြန်ဆုတ်သွား၏။ တစ်ယောက်က မီးခြစ်ထုပ်လိုက်သည်။ ပါး တုံ့ဆိုင်းမနေဘဲ မီးခြစ်ကိုင်သူ၏လက်ကို လွှားခနဲ ခုန်၍ ကန်ထည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မီးခြစ်က မြောက်တက်သွားပြီး ပြန်ကျလာတော့ နောက်တစ်ယောက် ခေါင်းပေါ်သို့ ...၊

"ဟိတ်ကောင် ဖမ်းလိုက် .."

လွတ်ထွက်သွားသူက အော်ဟစ်သတိပေးလိုက်မှ ထိုသူ ခေါင်းမော့ကြည့်၏။ သို့သော် သူ့ခြေသလုံးညို့သကျည်းကို အကန်ခံလိုက်ရကာ ကွေးကောက်လဲကျသွားသဖြင့် မီးခြစ်ကို မဖမ်းနိုင် ...၊

ဦးသော်တာ ရဲစခန်းကို ဖုန်းခေါ်လျှင် မျိုးညွန့် က ဖုန်းကိုင်သည့်လက်ကို ပုတ်ထုတ်ပစ်လိုက်ပြီး မျက်နှာကို လက်သီးနှင့် မိတ်ဆက်၏။

လူမမာဖြစ်သည့် ဦးသော်တာ ပက်ခနဲလန်ကျသွားပြီး လုံးဝပြန်မထနိုင်တော့ပေ ..။ ပါး လှမ်းမြင်လိုက်ပေမယ့် မီးခြစ်နဲ့ လူတွေ မဆုံမိအောင် ဂရုစိုက်နေရသဖြင့် မကူညီနိုင်ပေ ..။

ထို့ကြောင့် ခြား ကို မျက်ရိပ်ပြကာ ဦးသော်တာ ကို ကယ်ထုတ်သွားဖို့ သတိပေးလိုက်၏။

"ဖောင်း .."

"အင့် .."

တစ်ယောက်က မီးခြစ်ကို ပြေးကောက်လိုက်သောကြောင့် ထိုဆီကို အာရုံရောက်သွားသဖြင့် ကျောပြင်ကိုကန်ချက်တစ်ချက်ထိသွား၏။ ပြီးတော့ မျက်နှာကို လက်သီးတစ်ချက် ပွတ်ရှပ်သွားသည်။

ခဏတစ်ဖြုတ် မူးမိုက်ပြာဝေသွားစဉ် မီးခြစ်လိုက်သံကိုကြားလိုက်သည်။ ထို့အတူ 'ဟုတ်' ခနဲ မီးတောက်ကြီးတစ်ခု ခုန်ထလာသည့်အပူငွေ့က ကိုယ်တစ်ခြမ်းမှာ ထင်ဟပ်လာပြီး ...၊

"ဒီလောက်တော်နေတော့လည်း ဆုချရတာပေါ့ .. နှုတ်ဆက်ခဲ့တယ်ဟေ့ .. ငွတ်ဒ်ဘိုင် .."

ပါး ရဲ့ ပတ်လည်မှာ မီးတောက်တွေ ဟူးဟူးရဲရဲ ထဖြစ်လာကြ



၏။ စိတ်ကြိုက်လောင်းချထားသော ခတ်ဆီတွေက အပေါ်ထပ်ကြမ်းခင်းထိ တက်ဟပ်နေကြသည်။

သူတို့ ပြေးထွက်သွားကြသလို နောက်ဖေးဘက်ကိုပြေးဖို့ပြင်လျှင် သူမထံသို့ လိမ့်ဝင်လာသည့် သံပိုက်လုံးကြီးက တကယ်တော့ သံပိုက်လုံးမဟုတ်ဘဲ ဂတ်စ်အိုးကြီးဖြစ်နေရာ ...၊

ဘုရား ...၊

တစ်ကိုယ်လုံး တုန်ခါသွားသည်အထိ ထိတ်လန့်သွားခဲ့လျက် နောက်ကိုပြန်ဆုတ်လိုက်မိသည်။ ဂတ်စ်အိုးကြီးက ဒီဘက်က မီးတောက်တွေကိုဖြတ်၍ သူမသေးနားကနေ တစ်ဖက်က မီးတောက်တွေနားမှာ ငြိမ်သက်သွား၏။

ဒါကြီးပေါက်လိုက်လျှင် သူမ သွားပြီ ..။ ရုတ်တရက် ကြက်သေသေကာ ဂတ်စ်အိုးကိုကြည့်နေမိစဉ် သူမရဲ့ လက်တစ်ဖက်ကို တစ်စုံတစ်ယောက်က လာဆွဲ၍ ...၊

"မြန်မြန်လာ .. ဂတ်စ်အိုး ထပေါက်တော့မယ် .."

ခြား က ပါး လက်လေးကိုဆွဲကာ ရှေ့တံခါးကပဲ ဖြတ်ပြေးဖို့ ပြင်လိုက်၏။ ပါး က ပြန်ရုန်းကာ စားပွဲပေါ်က စာရွက်စာတမ်းတွေနဲ့ အိတ်ကို ပြေးကောက်လျှင် ...၊

"ဟေ့ .. မင်း .."

ခြား စိတ်တိုတိုနှင့် ပါး လက်တစ်ဖက်ကိုဆောင့်ဆွဲလိုက်သဖြင့် အိတ်က လက်ထဲမှာပါလာပြီးမှ ဘုတ်ခနဲပြုတ်ကျလေသည်။

"ရှင့် .. လွှတ် .."

"မင်း ဘယ်လိုဖြစ်နေတာလဲ .. ဟိုမှာ မင်း သေမင်းမွေ့လား.."

"သေပေ့စေ .. ဖယ် .."

ပါး ပြန်ကောက်ဖို့ ကြိုးစားနေသဖြင့် ခြား က ပြန်ဆွဲတော့ လက်

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်ရှမ်းထုတ်၏။

"တောက် .."

ခြား ဒေါသတွေထွက်လာရင်း အိတ်ကိုပြေးကန်ပစ်လိုက်၏။

"ကိုယ့်ကိုယ်ကိုယ် အသေခံပြီး သူများအတွက် တာဝန်ကျေနေစရာ မလိုဘူး .. လာခဲ့ .."

"ကျေနပ်ရမယ် .. ဒါရှိနေမှ ငွေရမှာ၊ ရှင့်ဟာရှင် သွားပါလား.."

"မသွားနိုင်လို့ မင်းလိုမိန်းမကို စော်ကားခံပြီး ခေါ်နေတာ .."

နှစ်ယောက် ရန်ဖြစ်ရင်း ပစ္စည်းတွေပြုတ်ထွက်ပြီးကျကုန်မှ အသံတွေတိတ်၏။

"လာ .. ဒီဘက်ကို .."

ရည်ရွယ်ထားသည့် ရှေ့တံခါးကနေ ဘယ်လိုမှ ထွက်လို့မရတော့ဘဲ နောက်ဖေးကိုပဲ ပြန်ဝင်ခဲ့ရကာ ပြုတ်ကျလာသည့် မီးစတစ်ချောင်းကြောင့် နှစ်ယောက်စလုံး အရှောင်မကောင်းဘဲ ဒလိမ့်ခေါက်ကွေးလဲကျသွားကြသည်။

ပါး ကို ညှာလိုက်သဖြင့် သူက ပစ်စလက်ခတ်လဲကျကာ ပါးက သူ့ရင်ဘတ်ပေါ်မှာ မှောက်လျက်လေးတင်၏။ ထိုစဉ် ...

"ဟာ .."

မျက်လုံးထဲမှာ မီးတန်းကြီးက ဝင်းခနဲပြေးကပ်လာ၏။ သူ ပါးကို ဖက်၍ လိမ့်ပစ်လိုက်လျှင် ...

"အား ..."

"အမယ်လေး .."

ခြား ကျော့ကော့သွားကာ တစ်ကိုယ်လုံး သံရည်ပူအိုးထဲပြုတ်ကျသွားလို ပူလောင်သွား၏။ အသိတရားတို့ကို ဘယ်လိုမှ စုစည်းလို့မရ..

ဘယ်နေရာမှာ ထိခိုက်မိပြီး ဘယ်နေရာက နာကျင်ဆုံးလဲဆိုတာ



လည်းမသိ ...

"ဟော့ .. မြန်မြန်ထကြ .. ထွက်ကြ .. ဂတ်စ်အိုးပေါက်တော့မယ် .."

"ခြား .. ခြား .. ထလေ .."

သူ့နားထဲမှာ ဆူညံသံတွေက ငရဲပွက်သလို ထိုးနှက်နေကြသည်။ ခန္ဓာကိုယ်က လောင်မြိုက်နေကာ အရှင်လတ်လတ် ငရဲကျသွားပြီလားလို့ ဖျတ်ခနဲအတွေးဝင်၏။ ထို့နောက် ...

"သွားတော့ .. မင်း .."

ကိုယ်ပေါ်ကနေ လိမ့်ဖယ်၍ ပြောသွားသည့် တိုးသဲ့သောစကားသံကို ကြားလိုက်ရသည်။ ခြား ရဲ့ ခြေထောက်မှာ လောင်နေသည့် မီးတုတ်ကြီးကို ကန်ချလိုက်ကာ ပါး ကုန်းရုန်းထလိုက်၏။

ခြား က သတိလစ်နေပြီဖြစ်ကာ ဆောင်းဘီစတွေနဲ့ ကျောပြင်မှာ မီးစတွေစွဲနေ၏။ ပါး ကိုယ်ပေါ်က ဂျာကင်ကိုချွတ်၍ သူ့ကိုယ်ပေါ်က မီးကို ရိုက်မှုတ်ငြိမ်းနေစဉ် လူရိပ်တွေပြေးဝင်လာကြ၏။

"ကောင်မလေး ထွက် .."

အခြေအနေသည် မီးနဲ့လူတွေကို ခွဲခြားမရလောက်အောင် ရှုပ်ထွေးသွားစေခဲ့လျက် ...

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"သူ့အခြေအနေ စိုးရိမ်ရသလား မမ .."

စောကေသီ က ပါး မျက်နှာပေါ်က စိုးရိမ်မှုတွေကို သေချာစိုက်ကြည့်နေရင်းမှ ..၊

"အသက်အန္တရာယ်တော့ မစိုးရိမ်ရတော့ဘူး၊ ဒါပေမယ့် ခြေထောက်တွေမှာ မီးလောင်ထားတဲ့ဒဏ်ရာတွေက များလွန်းတယ်၊ အတွင်းထိခိုက်မှု ရှိ,မရှိလည်း မသိရသေးဘူးလေ .."

ပြောပြီး လူကို အေးစက်စက်အကြည့်တွေနှင့် ပြုံး၍ ..၊

"မင်းရဲ့ကိစ္စပြဿနာတွေတော့ အားလုံးချောမောပြီးဆုံးသွားတယ်မို့လား .."

ပါး မျက်လွှာချသွားတော့မှ ကြည်လင်သည့်အပြုံးသို့ ပြောင်းလဲ၍..၊

"ကောင်းပါတယ် .. အဆိုးထဲက အကောင်းပဲပေါ့၊ မင်းအတွက်လေ .."

စောကေသီ နားကျပ်လေးဖြုတ်ပြီး ရှေ့ကနေ ထွက်သွားတော့ ပါး အခန်းဝမှာ ဒီဇိုင်းရပ်ကျန်ခဲ့သည်။ ထိုစဉ် ဦးသော်တာ ရောက်လာကာ ..၊

"ကေသီ တစ်ခုခုပြောသွားလို့လား .."



ပါး ဘာမှပြန်မဖြေနိုင် ..၊

"သူက စိတ်ရင်းကောင်းရှိတဲ့ မိန်းကလေးပါ၊ တော်ရုံနဲ့လည်း စိတ်ဆိုးစိတ်ကောက်လွယ်တဲ့သူ မဟုတ်ဘူး၊ အန်ကယ်လ် သေချာရှင်းပြလိုက်ပါ့မယ်၊ တကယ်တော့ ဒီအမွေကိစ္စတွေကို အန်ကယ်လ်က တာဝန်ယူခဲ့တယ်၊ အန္တရာယ်ရှိတယ်လို့ ဆရာစိုး ပြောသွားခဲ့တာကို သိခဲ့တာပဲ၊ ဒီနေ့ သမီးတို့ရောက်မလာကြရင်လည်း အန်ကယ့်လ်ကို သူတို့သတ်ကြမှာ .."

ဦးသော်တာ က အကျိုးသင့်အကြောင်းသင့် ရှင်းပြ၏။

"တကယ်ဆို သမီးကြောင့် အန်ကယ်လ် အသက်ချမ်းသာရခဲ့တာပါ၊ ပြီးတော့ ခြား က သမီးကိုကယ်ခဲ့သလို သမီးလည်း သူ့ကိုပြန်ကယ်ဖို့ကြိုးစားတာပဲလေ .. မီးထဲကို သူတို့လိုမ့်သွင်းလိုက်တဲ့ ဂတ်စ်အိုးကသာ အခွံကြီးမဟုတ်ခဲ့ရင် သမီးလည်း အသက်ရှင်မှာမဟုတ်ဘူး.."

ဘယ်သူကံကြီးခဲ့သလဲတော့ မသိပေ ..၊ ဂတ်စ်အိုးက ဂတ်စ်မရှိသည့် အခွံကြီးဖြစ်နေသည်။ ထို့ပြင် မီးကအတွင်းလှိုက်လောင်နေခဲ့သဖြင့် အပြင်လူ ရုတ်တရက်မသိနိုင်ပေမယ့် ဦးသော်တာ ၏ အကူအညီတောင်းမှုကြောင့် အဆိုးရွားဆုံးထိ မဖြစ်ခဲ့ဘဲ ဘယ်ကိုမှ ထပ်မံကူးလောင်ခြင်းမရှိဘဲ ငြိမ်းသတ်နိုင်ခဲ့၏။

ဆိုးရွားခဲ့တာက ခြား တစ်ယောက်ပဲဖြစ်ကာ နောက်ကျော ခါးစပ်တစ်ဝိုက်မှာလည်း မီးလောင်ခဲ့သည်။ ခြေထောက်တွေက အပြင်းထန်ဆုံးဖြစ်ကာ ထုတ်တန်းပြုတ်ကျသည့်အရှိန်ကြောင့် ဘယ်လိုထိခိုက်နှက်ရှိုင်းသွားမလဲဆိုတာ မသိနိုင်သေး ..။

"ရော့ .. သမီး .. ဒါတွေက သမီးရဲ့ ဥစ္စာရင်းမှန်လို့ .. ခဲ .. ရွှေပါးအပ် ရဲ့ .."

"ရွှေပါးအပ် က ကျွန်မပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးသော်တာ ဟင်ခနဲဖြစ်သွားပြီး မျက်လုံးပြူးနှင့်ကြည့်သည်၊ အတန်ကြာ နှုတ်ခမ်းလှုပ်ရင်း အသံမထွက်ဘဲရှိနေခဲ့ပြီးမှ ..၊

"အေးလေ .. မင်းရဲ့ လုံခြုံရေးအတွက် ဒီလိုပဲ ကာကွယ်ရမှာပေါ့.."

"အဲ့ဒီအတွက် ပါး တောင်းပန်ပါတယ် အန်ကယ်လ် .."

"အန်ကယ်လ်က နားလည်ပါတယ် .. ခြား တို့ မောင်နှမကတော့.."

"သူတို့ကိုလည်း တောင်းပန်ပါ့မယ် .. တကယ်က ပါး ကိုယ့်ကိုယ်ကိုယ် လုံခြုံအောင် ကာကွယ်ချင်တဲ့စိတ်နဲ့မဟုတ်ဘူး .."

ဦးသော်တာ မျက်မှောင်ကုတ်ပြီး နားစွံ့နေ၏။

"ပါး မိုက်ခဲ့ပါတယ် .. မုန်းတီးတဲ့စိတ်တွေမွန်ပြီး ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်တဲ့ မာနတွေ ထားခဲ့တယ်၊ တစ်လောကလုံးမှာ တစ်ကောင် ကြွက်ဖြစ်ခဲ့တဲ့ နာကြည်းမှုက ကိုယ့်ကိုယ်ကိုယ် သေချင်သေပေ့စေဆို တဲ့ မိုက်ရူးရဲစိတ်တွေ ပါဝင်ခဲ့တယ်၊ တကယ်တမ်းကျတော့ သေအား နီးလာရင် မကြောက်တတ်တဲ့သူ မရှိဘူး .."

"ဒါ မှန်တာပေါ့ .."

စောကေသီ က ပါး ရဲ့နောက်နားကနေ ပြောရင်း ဘေးမှာလာရပ် ၏။ ပြီးတော့ မတည်မပြုံးစိုက်ကြည့်ကာ ..၊

"ခြား ကတော့ ခွင်းချက်ဖြစ်မယ် .."

သူမ မျက်နှာကအေါသ ဘယ်အမှတ်ထိရှိနေသလဲဆိုတာ တိုင်းတာ မလွယ်အောင် အေးစက်တည်ငြိမ်နေ၏။

"မင်းကိုယ်မှာ မီးမလောင် အပူမဟပ်အောင် သူ့ကိုယ်သူ အနာခံ ပြီး ဘယ်လိုစိတ်နဲ့ ကယ်ခဲ့သလဲမသိဘူး .."

"သူတို့ချင်း အတူတူ ပူးပေါင်းဆောင်ရွက်ကြတဲ့စိတ်နဲ့ ယောက်ျား ပီပီ ကာကွယ်ပေးသွားတာပါ ကေသီ ရယ်၊ သူလည်း ဒါကို ကျေးဇူး တင်နေတာပါ .."



"ကျေးဇူးတင်တဲ့အကြောင်းလေး သူ ကြားရင်တော့ ကျေနပ်သွား ဦးမှာပါ၊ ဒါနဲ့ မင်းက အဲဒါပြောသွားဖို့ရော ဆန္ဒရှိရဲ့လား .."

"ပြောချင်ပါတယ် မမ .. ဒါပေမယ့် .."

"တို့သိပါတယ် .."

စောကေသီ မျက်နှာက သိသာစွာတင်းသွားခဲ့ပြီး ..၊

"မင်းက ဖြူစင်တွယ်တာတတ်တဲ့ ကလေးလေးကိုတောင် ဆွဲ ထားတဲ့လက်ကို ဖြုတ်ချပြီး ရင့်ရင့်သီးသီး ပြောရက်ခဲ့တဲ့ မိန်းကလေးပဲ၊ ဒီမှာ ရွှေပါးအပ် မင်းလက်ထဲမှာ ဓားပဲရှိရှိ သေနတ်ပဲကိုင်ထားထား၊ ရွှေပါးအပ် ဆိုတာ မိန်းမတစ်ယောက်ပဲ .."

"ဟုတ်ပါတယ် .."

"ငယ်ငယ်တုန်းက စောလှူးမင်းနဲ့ ကျန်ရစ်သား အကြောင်း မင်း သင်ခဲ့ရမှာပါ၊ ဓားကိုင်ပြီး သတ်ဖို့ရောက်လာတဲ့သူတောင်မှ သူ့ထမင်း တစ်လုတ်ကို စားမိတဲ့ကျေးဇူးကြောင့် မသတ်ဘဲ လက်ရှောင်တယ်.."

"မမကို အဲဒါတွေအတွက် .."

"မင်း သိစေချင်တာပါ .."

စောကေသီ က သူမကိုကျောခိုင်းထွက်သွား၏။ ပါး က နောက်က အပ်ချပ်မကွာ လိုက်သွားကာ လှေကားရင်းကျမှ သူမရှေ့ကနေ ဆီး ကာ၍ ..၊

"အမှေကိစ္စအရှုပ်အထွေးတွေကြောင့် ပါး မဖြစ်မနေ ပြန်ရမှာပါ၊ မမတို့အပေါ်မှာ ကျေးဇူးကန်းစွာ နေထိုင်ခဲ့မိတာရော၊ အခု ပါး ရဲ့ အသက်ကို ကယ်ခဲ့တဲ့ ခြား ကိုရော ပါး ကျေးဇူးဆပ်ပါ့မယ်၊ မကြာခင် ပြန်လာပြီး ကျေနပ်တဲ့အထိ တောင်းပန်ပါ့မယ် .."

"တောင်းပန်ဖို့အတွက် လာစရာမလိုဘူး ရွှေပါးအပ်၊ ကျေးဇူးဆပ် မယ့်ခေါင်းစဉ်က ပိုပြီးအဆင်ဆိုးတယ်၊ မင်းက ဘယ်သူပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချမ်းသာနေနေ ငါတို့ကလည်း ဆင်းရဲနေတာမှမဟုတ်ဘဲ–"

"ပါး ပြောတာက .."

"တို့အတွက် မလိုဘူးလို့ပြောတာ .. ခြား နဲ့ ပတ်သက်တဲ့အပိုင်းက သူ့သဘော မင်းသဘောပဲ .."

ပြောနေရင်း စောကောသီ မျက်နှာက ငိုတော့မလို နီမြန်းလာ၏။

"ခြား က အိမ်ထောင်ရေးကံ မကောင်းဘူး၊ ကြည်ဖြူနှစ်သက်ကြ တာနဲ့ပဲ လက်ထပ်ခဲ့ကြတယ်၊ ညားကြပြီဆိုတည်းက နားလည်မှုနည်း ခဲ့တဲ့ သဘောထားတွေက သူကတစ်မျိုး သူကတစ်မျိုးဖြစ်လာကြတယ် နည်းနည်းမှ မသာယာခဲ့တဲ့ အိမ်ထောင်ရေးကိုထူထောင်ပြီး သူကစွပ်စွဲ ကိုယ့်ကိုစွပ်စွဲနဲ့ အခြေအနေတွေဆိုးလာခဲ့တာ .."

ဖြည်းလေးစွာ ရှင်းပြနေပေမယ့် ကိုယ်မသိခဲ့သည့်အကြောင်းအေ မို့ ပါး စိတ်ဝင်စားနေခဲ့၏။

"စကားများ ရန်ဖြစ်ကြပြီး မိန်းမကဆုံးသွားတော့ သူ့ကြောင့် တဲ့ နာကျင်မှုနဲ့ သူ့ဘဝဆုံးရပြန်ရော၊ သူ့ရဲ့ပညာ၊ သူ့အိမ်ထောင်ရေ က အဲဒီပရလောကကြောင့် အကုန်လုံး ကမောက်ကမတွေဖြစ်ကုန် တယ်၊ ကြားထဲက ကလေးလေးက မအေ့လက်ထဲမှာလည်း မကြီးပြ ရ၊ ဖအေကလည်း ဂရုမစိုက်နဲ့ မင်း စဉ်းစားကြည့်စမ်း .."

လှည့်ပြောလာတော့ သူမ ဘာကိုစဉ်းစားစေချင်မှန်း မသိ ..၊

"ခြား က မင်းကို ဒုက္ခရောက်နေရှာတယ်ဆိုပြီး သူ မုန်းတီး အလုပ်တွေကိုလည်း ပြန်လုပ်တယ်၊ အဆုံးစွန်ထိ အနစ်နာခံပြီး ကွယ်တယ်၊ သူ့ပါးစပ်က ပြောနေသလို ရင်ထဲမှာ တောက်ခါးတဲ့ ရှိရင် ဒါတွေ သူလုပ်ပေးမှာလား .. မင်းကတော့ ဘာတွေလုပ်ပေး ဘာတွေရနေနေ ကျေးဇူးတင်ရမှန်းမသိတဲ့အပြင် ဒီလောက်မေတ္တာ နေတဲ့ ကလေးလေးကိုတောင် နှစ်သိမ့်စကား တစ်ခွန်းမှ မပြောခဲ့ဘူး–



"အဲဒါတွေအားလုံးအတွက်ပါ .. အားလုံးအတွက် ပါး တောင်းပန် ပါတယ်၊ သူ သတိရရင်လည်း ပြောပြပေးပါ မမ၊ ပါး က တောင်းပန် သွားပါတယ်လို့နော် .."

မကျေနပ်နေမှန်းသိရက်နဲ့ သူမ ခွတ်တရွတ်ပြောနေမိသည်။ မပြီး ပြတ်သေးသော ဆောင်ရွက်စရာတွေကို သူမ ဘယ်သူနဲ့မှ လွှဲလို့မရ သေးပေ ..။

ပဒုမ္မာစံအိမ်မှာ ဒေါ်ခင်ဝင့်လှိုင် နဲ့ အပေါင်းအပါတွေရှိနေသေး သည်။ ဒါတွေကို ရှင်းလင်းနိုင်ပါ့မလားဆိုတာလည်း မသေချာသေးသော အနာဂတ်အတွက် .. သူမ ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"ခေါ်မသွားပါနဲ့ဗျာ .. သူ မလိုက်ချင်ဘူးဆိုမှ .."

"ခေါ်မသွားလို့ရမလားဟဲ့ .. နင်က ဒုက္ခိတ ကလေးက ကိုယ့်ဝေယျာဝစ္စ ကိုယ်လုပ်နိုင်သေးတာမဟုတ်ဘူး .."

"ကလေးရှေ့မှာ အားငယ်အောင်ပြောနေပြန်ပြီ မကေ ရာ၊ ဒါလား ဆရာဝန် .."

"အံမယ် .."

"ဖအေက ဒုက္ခိတဖြစ်သွားပြီဆိုပြီး ကလေးက အားငယ်နေမှာပေါ့ .."

ခြား က ဆိုဖာပေါ်ကနေ တုတ်ကောက်နဲ့ ထရပ်ဖို့ကြိုးစား၏။ ဘာမထိဟန်နဲ့ ထရပ်ချင်ပေမယ့် မျိုသိပ်ဖို့ မကြိုးစားနိုင်မီ မျက်နှာက မဲ့သွားခဲ့၏။

"အ ..."

ခြား ရယ် .."

"ဖေကြီး နာနေလားဟင် .. မီးမီး ကိုတွဲ မီးမီး လက်ကိုကိုင်-

"ရပါတယ် သမီးရာ .. အဟွန်း .. အား .."



"ကဲ .. ကိုင်လိုက်ပါ ခြား ရယ်၊ နင်ကလည်း သိပ်ခေါင်းမာတာပဲ .. ငါတို့ ဒီလိုပဲ တုံးတိတိပြောနေကြတာပဲဟာ .. နင့်ခြေထောက် မကျိုးသေးမှန်းသိပါတယ်၊ ဒီလောက် မာမာချာချာကြီးက ဒုက္ခိတဖြစ်ရလားလို့ .."

"ဖေကြီးက ကောင်းသွားပါပြီ .."

"ဟုတ်ပါ့ရှင် .. ငါ့သမီးဖေကြီးက မကြာခင် ပြန်ကောင်းသွားမှာပါ၊ အဲ့ဒါကြောင့် သိပ်အလုပ်လုပ်လို့ မရသေးဘူးနော် ..၊ မီးလေးက ကြီးကြီးစော နဲ့ လိုက်ခဲ့ရမယ် .."

"ဖေကြီး တစ်ယောက်တည်း မီးမီးရှိမှ ဖြစ်မှာပေါ့ .."

"အောင်မလေး စကားကလည်း တတ်ပါ့၊ မီးမီးက ကလေးပဲရှိသေးတာလေ၊ ဖေကြီးကိုလည်း မတွဲနိုင်သေးဘူး၊ ခေါက်ဆွဲတောင် မပြုတ်တတ်သေးတော့ မီးမီးစားဖို့ ထလုပ် ထသွားနဲ့ ဖေကြီး အကြာကြီး နာနေရမှာပေါ့ .."

ပြောလိုက်ရတာ လျှာထွက်သွားနိုင်၏။ ကလေးကို ပြောရလို့ ကျောခိုင်းလိုက်တာနှင့် အံကြိတ်ဟန်ဆောင်ပြီး ရပ်နေသည့် ခြား ဘယ်လိုမှ မရတော့ဘဲ ..၊

"အ .."

"ဒုန်း .."

"ဖေကြီး .. ဖေကြီး ဘာဖြစ်တာလဲ .. ဟီး .. ဟီး .."

"ခြား ရယ် .. အဲဒါကြောင့် ပြောတာပေါ့၊ ကလေးရှေ့မှာ အဲ့လိုဖြစ်တော့ ကောင်းလား .. ကဲ .."

စားပွဲပေါ်မှာ တုတ်ကောက်ကျကာ လူက ဆိုဖာကြားထဲဖင်ထိုင်ကျသွား၏။ ခြေထောက်က နာတာအပြင် ကျောကပါ နာကျင်သွားသဖြင့် ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် .. ကျွတ် .. ကျွန်တော် ထလို့မရတော့ဘူး .."

"ဖေကြီး နာသွားပြီ .. ဟီး .. ဟီး .. ဟီး .."

"ဖေကြီး ဘာမှမဖြစ်ဘူး .. သမီး .. တိတ် .. တိတ် .."

စောကေသီ ကိုင်ထားသည့် ကလေးရဲ့အင်္ကျီအိတ်နဲ့ လွယ်အိတ်လေးနဲ့ ထီးကို ဆိုဖာပေါ် ဖြစ်သလိုပစ်တင်လိုက်၏။ ပြီးတော့ ခြား ရဲ့ ကိုယ်ကြီးကို ခြေထောက်ကိုဆွဲရမလို ချိုင်းက 'မ' ရတော့မလို ..။

ဘယ်လိုမှလည်း သေချာမကိုင်မိ ..၊

"ဒုက္ခပါပဲဟယ် .. လာ .. ငါ့ပခုံးကို ဖက်လိုက်၊ ငါ ဆိုဖာမှာ လက်ထောက်ထားမယ်၊ အားပြုပြီး ထလိုက် .."

"ကလေးကို ခေါ်သွားပါဗျာ .. ကိုယ့်ဘာသာထလို့ရတယ် .."

"ဟဲ့ .. ခုနကပဲ ထလို့မရဘူးဆို .."

"မကော က ဗျာ .. ကျွတ် .."

"ဟုတ်ပါပြီ .. ငါတို့သွားမယ်၊ သူ့မှာ လူနဲ့ခေါ်သက မလိုက်ဘူး.."

"မီးမီး မလိုက်ဘူး .."

"လာပါ မီးမီးရယ် .. မီးလေးက လိမ္မာတယ်နော် .. ကြီးစော တို့ ဟိုအိမ်မှာ သန့်ရှင်းရေးသွားလုပ်မယ်လေ .."

"ဟင်၊..."

ဟိုအိမ်ဆိုတာက ဘောက်ထော်က အိမ်ကိုပြောတာဖြစ်သည်။ ခြား နဲ့ မို့မို့လွင် တို့၏ တစ္စနစ်ကိုယ်တိုင်းပြည်ဆိုလည်း မမှား ..။

ထိုအိမ်ကို ပစ်ထားခဲ့ပြီး ခြား ဒီမှာလာနေခဲ့တာ ကြာပြီဖြစ်၏။

"ဖေကြီးက ဟိုအိမ်မှာ လိုက်နေတော့မှာလားဟင် .."

"မနေဘူး .."

"အို .. ဒီကောင်လေးတော့ .."

"ကလေးကို လတ်တစ်လော နားအေးစေတဲ့နည်းနဲ့ မနှစ်သိမ့်ပါ



နဲ့၊ ကျွန်တော့်တစ်သက်မှာ စိတ်ပျက်စရာအကောင်းဆုံး အချိန်တွေနဲ့ တည်ဆောက်ခဲ့တဲ့ အဲဒီအိမ်ကို .."

"ဖြစ်ရတယ်ဟယ် .. ဘာပဲဖြစ်ဖြစ် အိမ်ဆိုတာ လူမနေရင် ပျက်ဆီးတာပဲ၊ ခဏခဏ သွားနေရမယ်၊ သန့်ရှင်းရေးဘာညာလုပ် ချက်ပြုတ်စားပြီး တစ်ရက်တန်သည် နှစ်ရက်တန်သည် .."

"ခြေရှေ့ကတောင် ဖြတ်မလျှောက်ဘူး .."

ပြောပြီး နေရာမှထရပ်ဖို့လည်း မကြိုးစားဘဲ ဒီတိုင်း မျက်နှာကြီး ပုပ်သိုးလျက်နှင့် ထိုင်နေ၏။ ထိုအခါ စောကေသီ ကပဲ လက်လျှော့ ရကာ ..၊

"ဒီလိုလေ မီးလေး .. အခု ကြီးစော နဲ့ ဈေးပင်ထွက်မယ်၊ အဲ့ဒီမှာ ချက်ပြုတ်စရာတွေပါဝယ်လာပြီး ဟိုအိမ်မှာ ချက်ပြုတ်ကြမယ်လေ၊ ပြီးတော့ ဒီ ပြန်လာပြီး ဖေကြီးကို ကြီးစော တို့ ချက်ပြုတ်ထားတာတွေ လာကျွေးပြီး ကြွားမယ် .."

အများကြီးပြောပြစည်းရုံးရင်း ကလေးကို စောကေသီ က ပါအောင် ခေါ်သွား၏။ သမီးလေးအတွက်လည်း ဒီအခေါ်တစ်ယောက်ရှိနေသေးလို့သာ၊ မဟုတ်ရင် မွန်းကြပ်မှုများနှင့် သူ့စိတ်ရှုပ်ထွေးမှုတွေကြောင့် သမီးလေး ဘယ်လောက်ထိ အထီးကျန်ဆန်လိုက်မလဲ ..။

ဒါပေမယ့် မကော ကိုတော့ ကိုယ့်အစ်မကြီးလို ချစ်ခင်ပါသည်။ ကျေးဇူးတင်ကြောင်း ဘာဆိုဘာမှ မပြောခဲ့ဘူးပေ ..။

အားလုံးအပေါ်မှာ သူ့ဘက်က တစ်စုံတစ်ရာမှားယွင်းနေခဲ့သလားလို့ တွေးရင်း နေရာမှာတင် အကြာကြီးငိုင်နေမိ၏။

ပြီးတော့ ရှေ့ပါးအပ် ..၊

သူမ ကိုယ်မှာ ကြီးမားသည့် ထိခိုက်ဒဏ်ရာတောင် မရှိပေ ..။ ဒါပေမယ့် သူ သတိရလာတော့ သူမက ပြန်သွားခဲ့ပြီ ..၊

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ယောကျ်ားတွေနဲ့ ရန်ဖြစ်နေရတာကိုပဲ သဘောကျတယ် .." တဲ့ ..။

ရန်ဖြစ်နေကြရင်းနဲ့ရော ရင်းနှီးတဲ့ သံယောဇဉ်တွေ ဖြစ်မလာကြတော့ဘူးလား ..။ သူမရဲ့ ကျေးဇူးတင်အသိအမှတ်ပြုခြင်းကိုရဖို့ နောက်ထပ် ဘာတွေပေးဆပ်စေချင်တာလဲ ..။

သူကရော သူမဆီက ကျေးဇူးတွေကို အလိုရှိနေခဲ့တာလား ..။

ဒါကို မတွေးမိအောင်နေပေမယ့် ဒါကိုပဲ မကြာမကြာတွေးမိနေခဲ့သည်။ တွေးလိုက်တိုင်းလည်း အဖြေတစ်ခုဆိုပြီး ရေရာတာ ဘာမှထွက်မလာခဲ့ဘဲ တနုံ့နုံ့နာကျင်ရခြင်းတွေသာ ဖြစ်ကျန်ရစ်၏။

သူ ဘာဖြစ်နေတာလဲ ..။

ရက်ပိုင်းလေးပဲ တွေ့လိုက်ရသည်။ ချိုမြိန်သာယာဖွယ်စကားတို့ကို မဆိုတတ်သော ဥပေက္ခာတွေနဲ့ သူမကို သူချည်းပဲ လိုက်လျောခဲ့ရ၏။

ဘာကြောင့်လဲ ..။ ရင်ထဲမှာ ကျန်ရစ်သည့် နုံးတင်မြေနုပမာ ဘယ်အရပ်ကလာပြီး ဘယ်လိုပို့ချသွားခဲ့သလဲ ..။

လူပျိုဖြန်းလေးတစ်ယောက်လို ဒီဝေဒနာကျမှ သူ ဘာဖြစ်လို့ ဆတ်ဆတ်ခါ ခံစားနေရတာလဲ ..။

မင်း မဖြစ်သင့်ဘူး ခြား ..။

"တောက် .."

စားပွဲခုံကို လက်သီးဆုပ်နဲ့ ထုလိုက်ရင်း တုတ်ကောက်ကို ပြန်ဆွဲယူမိ၏။ ပြီးတော့ ဆိုဖာကြားထဲကနေ ထရပ်လိုက်ပြီး ကိုယ့်ဒဏ်ရာတွေရဲ့ အခြေအနေကို ခံစားကြည့်မိသည်။

သို့သော် သူ ကောက်ချက်ချလွဲခဲ့လေသည်။ တုတ်ကောက်ကို အားမပြုဘဲ ခြေထောက်ကိုအားပိုစိုက်ပြီး လှမ်းကြည့်လိုက်တာနှင့် ပြင်းရှစွာ နာကျင်ခြင်းနှင့်အတူ ..။



"ဝုန်း .. ဒုန်း .."

"အား .."

စားပွဲပေါ် ခေါင်းစိုက်ကျသွားသည့်အဖြစ်ကိုထိန်းရင်း ရုတ်တရက် စားပွဲက လျှောခနဲရွေ့လျားသွားကာ လူက ဆိုဖာကြားထဲပဲ ပြန်ကျသွားခဲ့၏။

သို့သော် ဒဏ်ရာတွေနဲ့ကိုယ်က အနာဟောင်းကို ဆွသလိုဖြစ်သွားကာ အသည်းခိုက်အောင် နာကျင်သွား၏။ အခြေအနေကို အမှတ်တမဲ့မို့ သတိမထားမိလိုက်သော်လည်း နာခေါင်းထဲကို ဝင်လာသော ကိုယ်သင်းနံ့တစ်ချက်ကြောင့် စိတ်ထဲမှာ တစ်မျိုးဖြစ်သွားမိ၏။ ထိုစဉ် ..။

"ဆောရီးပဲ .. ရုတ်တရက် လှမ်းဆွဲလို့ မမီနိုင်တော့လို့ စားပွဲကို လွှဲကန်ပစ်လိုက်ရတယ် .."

"ရွှေပါးအပ်!..."

"ရှင့်ခေါင်းနဲ့ ခုံစောင်းနဲ့ တိုက်မိရင် ပိုဆိုးမှာ .."

"မင်းကို ဘယ်သူက မေးနေလို့လဲ .."

"မသိဘူးလေ .. ရှင့်မျက်လုံးက ဒေါသတွေနဲ့ ပွတ်ပွတ်ဆူနေတာကိုး.."

ပါး က တလွဲရွေ့ကပ်သွားသည့် စားပွဲကို တစ်ဖက်ကို လွှတ်လွှတ်ကျွတ်ကျွတ် တွန်းဖယ်ပစ်လိုက်၏။ ပြီးတော့ ခြား ကို တွဲထူပေးလိုက်ပြီး ဆိုဖာပေါ်မှာ ထိုင်စေကာ ..။

"အခု ဘယ်သွားမလို့ ထတာလဲ .."

"မင်းက ဘာလာလုပ်တာလဲ .. ဒီကို .."

"လာသင့်တယ်ထင်လို့ပေါ့ .."

"ဟွန်း .."

"ရှင်က ဘာမဲ့တာလဲ .."

"သင့်တင့်မျှတတာတွေ ပြောတတ်လာလို့ပါ၊ ခြံပြင်မှာ မကော

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ တွေ့ခဲ့တာလား..”

တံခါးပိတ်တာကြားလိုက်ပေမယ့် ဖွင့်သံကိုတော့ မကြားလိုက်ဘူး ထင်ကာ မှန်းကြည့်လိုက်တာဖြစ်၏။ ပါး က ခေါင်းညိတ်၍ ...၊

“ဟုတ်တယ် .. မကေ သော့ပေးလိုက်တာ ..”

ခြား က ပါး ရဲ့ မျက်နှာကိုစိုက်ကြည့်သည်။ အဖြူရောင်လည်ကပ်ဆွယ်တာနှင့် ဆောင်းဘီရှည်ကလည်း ဆွတ်ဆွတ်ဖြူနေ၏။ ထိုပေါ်မှာ အနီရဲရဲ ကုတ်အင်္ကျီရှည်ကို ယောက်ျားဆန်ဆန် ထပ်ဝတ်ထားသေးသည်။

နားအောက်သာသာ ဆံနွယ်လေးတွေကို ဆားစောင်းလေးခွဲထားကာ ပန်းခရမ်းရောင် မှောင်လဲ့နေသော မျက်မှန်ရှည်လေးကို တပ်ထားသည်။

သူမ ပုံစံလေးက နသစ်လတ်ဆတ်၍ ထက်မြက်သွက်လက်ခြင်းတွေ ပေါ်လွင်နေသည်။ ထို့ပြင် ဆွဲဆောင်မှုရှိသော ပြည့်စုံသည့်အလှသွေးတို့ ကြွယ်ပိုးကြွယ်ဝရှိနေခဲ့လျက် ...၊

“လူနာ လာမေးတာလား ..”

“ဟုတ်တယ် .. ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို ရှင် အဲ့လောက် ရိုင်းရိုင်းစိုင်းစိုင်း မကြည့်သင့်ဘူးဆိုတာ နားမလည်တာတော့ စေတနာပျက်တယ် ..”

“ဟုတ်လား ..”

ခြား က ရယ်လိုက်ပြီး ခပ်မှုံမှုံစိုက်ကြည့်ကာ ...၊

“မင်းမှာ စေတနာတွေပါလာမယ်မထင်လို့ ကြည့်မိတာထင်တယ်၊ ရပါတယ်၊ မင်း စေတနာမရှိတော့ရင် ပြန်ပါ ..”

ပါး က တစ်ဖက်အစွန်းမှာ ဝင်ထိုင်လိုက်ပြီး မျက်မှန်ကိုချွတ်၍ အိတ်ထဲထည့်သည်။ ပြီးမှ ...၊

“ခွဲခြား ..”

ခြား က မျက်မှောင်ကုတ်လျက်နှင့် လှည့်ကြည့်သည်။ မျက်မှန်



မပါဘဲ ပြာလဲ့လက်တောက်နေသည့် မျက်ဝန်းလေးတွေကြောင့် ချက်ချင်းလွဲပစ်မိကာ ...၊

“ပြော ..”

“ရှင့်ကို ကျွန်မ တောင်းပန်ပါတယ် ..”

“ဘာအတွက်လဲ ..”

“ကျွန်မ ပြောတာဆိုတာတွေ၊ ပြုမူနေထိုင်တာတွေအားလုံးထရိုင်းခဲ့တော့ ဘာအတွက်ဆိုတာ ပြစရာမရှိဘူး၊ အားလုံးအတွက်ပါ၊ ဘာမှ မပြောမဆိုနိုင်ခဲ့ဘဲ ပြန်သွားခဲ့တာက ..”

“မင်းမှာ ရှင်းလင်းစရာတွေရှိနေတာ ငါသိပါတယ် ..”

“ရှင် ကျွန်မကို ဘယ်လိုသဘောထားလဲ ..”

“ဘာ!...”

“ကျွန်မက မကေ ကိုရော .. ရှင့်ကိုပါ ညာခဲ့တာ ..”

“မင်းရောက်လာတည်းက မှောင်နဲ့ မည်းမည်းထဲမှာ အနက်ရောင်တွေဝတ်ပြီး မှောင်ရိပ်ခိုဝင်လာတာပဲ .. မှန်တာဘာရှိလို့လဲ ..”

“ရှင် အဲ့လိုတော့မပြောပါနဲ့ .. ကျွန်မက သက်တော်စောင့်လို့ ညာခဲ့မိတာကလွဲရင် ကျန်တာအားလုံး အမှန်တွေပဲ ..”

“ဘာတွေဖြစ်ဖြစ် .. ငါ့အတွက် မထူးခြားပါဘူး၊ မင်းပြောသွားတာတွေလည်း မကေ ပြန်ပြောပြတယ်၊ ကျေးဇူးဆပ်ဖို့ ပြန်လာမယ်ဆိုတာ ဘာလဲ .. မင်း ချမ်းသာတာတွေထဲက ဘယ်လောက်ရာခိုင်နှုန်းလောက်နဲ့လဲ ..”

“ရှင်က အဲ့ဒါကို ထည့်ပြောတော့ ကျွန်မကလည်း ပြောရအောင်ပေါ့၊ ရှင် ကျွန်မ အခက်အခဲတွေကို ကူညီခဲ့တယ်၊ အသက်ကိုကယ်ခဲ့တဲ့ အထိ အနစ်နာခံခဲ့တယ်၊ အဲ့ဒါတွေအတွက် ရှင် ပါးစပ်ကပြောသလောက် ကျွန်မပေးမယ် ..”

www.burmeseclassic.com

www.burmeseclassic.com



"ငွေလား .."

ပါး က မဖြေဘဲ မျက်ခုံးလေးတွေစုကျုံ့ပြီး ကြည့်နေတော့ သူက ပြုံးလိုက်ကာ ..၊

"မင်းတောင် သေမှာမကြောက်လောက်အောင် အမွေစာချုပ်တွေကို ဖက်တွယ်ထားခဲ့သေးတာ၊ ငါက မင်းလောက်မှ မချမ်းသာတာ မင်းထက် ပိုမက်တာပေါ့ .."

"အဲဒါကြောင့် ရှင့်ကို ပြောခိုင်းတာပါ .."

"ကြိုက်တာကို ချိန်ရွယ်လို့ရနေမှတော့ ဘာဖြစ်လို့ ဝှတ်ကိုမှန်းရမှာလဲ .. ခေါင်းကိုပဲ ထိအောင်ပစ်မှာ .."

ပြောပြီး ပါး မျက်နှာလေးကို စေ့စေ့ကြည့်ကာ ..၊

"ငါပြောသလောက် ပေးမယ်လို့ပြောနေတဲ့ မင်းဆီက ငွေကို ဘာလုပ်ဖို့လဲ .. ပြောသလောက်ပေးနိုင်နေတဲ့ မင်းကိုပဲ ယူမှာပေါ့ .."

သူထင်သလို ပါး ရဲ့ မျက်နှာလေးမှာ ရှက်ဒေါသတွေနဲ့ နီရဲလျှံတက်မသွားခဲ့ပေ ..။ မျက်ဝန်းလေးတွေမှာ အေးစက်စက်အရိပ်လေးတစ်ချက်ပဲ ဖြတ်ပြေးသွားကာ မျက်နှာလွှဲပစ်၏။

"ပြောပြတာပါ .. လိုချင်တာတောင်းဆိုတဲ့စကား နောက်ထပ်မပြောမိအောင် ဆင်ခြင်ဖို့ .."

"ဟုတ်တယ် .. ကျွန်မ မေ့သွားတာ၊ ပုထုဇဉ်လောဘ အတောမသတ်ဆိုတာရှိတာပဲ .."

ခြား က လှောင်ပြုံးနှင့်ကြည့်ကာ ..၊

"အရိယာ သူတော်စင်တွေကလွဲရင် သံယာတော်တွေမှာတောင် လောဘရှိတယ် .."

"ဟုတ်တယ် .. ပုထုဇဉ်ရဟန်းတွေပဲလေ၊ ရှင့်လောဘကိုလည်း ကျွန်မ နားလည်ပေးနိုင်ပါတယ် .."



"အဲဒီတော့ မင်းအခု လာရင်းကိစ္စက .."

"ရှင့်မှာ နေထိုင်စားသောက်ရေး ခက်ခဲနေမှာသိလို့ ဟိုကကိစ္စတွေပြတ်တာနဲ့ လာခဲ့တာ .."

"မင်းက ငါ့ကို ဒီဒဏ်ရာတွေ မသက်သာမချင်း ပြုစုပေးဖို့ အိပ်မက်မက်ပြီး လမ်းထလျှောက်လာတာလား .."

ပါး က မပွင့်တပွင့်လေးပြုံးကာ တစ်အိမ်လုံးကိုဝေ့ကြည့်သည်။ ကော်ဖီဖျော်ပြီးသား ဓာတ်ဘူးနှင့် မုန့်ဘူးတစ်ဘူးကို အထပ်စင်မြင့်ပေါ်မှာတွေ့သည်။

ပြီးတော့ ခေါက်ဆွဲဘူး သုံးဘူး ..၊

ကလေးလေးရှိနေရင်လည်း သူ ဒါတွေနဲ့ပဲ မပြီးပြီးအောင် နေတတ်ခဲ့တာ သူမ လက်တွေ့ ..။

"ဟော့ .. မေးတာဖြေစမ်း .. ငါပြောတာမှန်သွားလို့လား .."

"အိပ်မက်မက်တာ ဝါသနာမပါဘူး .."

"ဝါသနာအရ အိပ်မက်မက်တဲ့လူ မင်း တွေ့ဖူးလို့လား .."

"ရှိရင် ရှိမှာပေါ့ .."

"မင်းကတော့ ဝါသနာအရဖြစ်စေ၊ ထမင်းလုံးတစ္ဆေခြောက်တာမျိုးဖြစ်ဖြစ် ငါ့အထင်ပြောရရင် သိကြားမင်းဆင်းလာပြီး မိုးကြိုးလက်နက်နဲ့ ဦးခေါင်းရှစ်စိပ်ခွဲပစ်မယ်လို့ ကြိမ်းမောင်းတာကြောက်ပြီး မင်း ထပြေးလာတာ .."

"အပွန်း .."

ပါး ရယ်လိုက်တော့ သွားတန်းလေးတွေပေါ်ကာ ပါးမို့လေးပေါ်က်မှာ ပါးချိုင့်လေးရေးရေးထင်၏။ ကလေးဆန်ဆန် ချစ်စရာကောင်းသွားသည့်မျက်နှာလေးကြောင့် သူ အကြာကြီး စိုက်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမလေးကျုမှ ဘာဖြစ်လို့ ကြမ်းတမ်းတဲ့ အသိအမြင်တွေနဲ့ အေးစက်ခက်ထန်မှုတွေဖြစ်နေခဲ့တာဘာလဲ ..၊

သွေးသံများလုံတွေနဲ့ သူမဘဝက ဘာမှမဆိုင်ပေ ..။

"ရှင် ဘာကြည့်နေတာလဲ .."

"မင်း ရယ်လိုက်တော့ ချစ်ဖို့ကောင်းလို့ .. ဆောရီး .."

အရယ်မပျက်ရှိနေသည့် မျက်နှာလေးကြောင့် နှစ်ယောက်ကြားမှာတင်းမာမှုတွေ သိသာစွာ လျော့ကျသွားခဲ့၏။

"မင်းတို့ကိစ္စတွေကို ပြောပြလို့ရမလား .."

"အင်း .. ဒါပေမယ့် လောလောဆယ် ရှင့်ဒဏ်ရာတွေနဲ့ အခြေအနေကို မက်ဒီဆင်ချက်(ခ်)အပ်(ပ်)လုပ်ရဦးမယ် .."

"မင်းက ဆရာဝန်လား .."

"စာတော့ တတ်ပါတယ် .."

"ဒါပေမယ့် မင်း ငါ့ရောဂါကို ဖတ်ဖို့မလိုပါဘူး၊ အခု ငါ့အနားရောက်လာတဲ့အတွက် ခုန နာကျင်ခဲ့တာတွေကိုတောင် မေ့သွားပြီ .."

ပါး ဖျတ်ခနဲမျက်နှာလွှဲပစ်၏။

"ငါ သိချင်နေတာ မင်းအကြောင်း၊ မင်းရဲ့ ဦးဝေယံ နဲ့ .."

"ရှင် အဲဒီလိုပြောတာကြီးကို ကျွန်မ သည်းမခံဘူးနော် .."

ချက်ချင်းကြီး ထဖြစ်သွားသည့်မျက်နှာလေးက ရောက်လာစကအတိုင်း စူးရဲတင်းမာလျက် ..၊

"နာမည်သိနေသားနဲ့ နာမည်ပဲခေါ်ပါ .."

"သူကတော့ မင်းအပေါ်မှာ .."

"ရှင်တော်စေတော့ .."

ပါး က ဆတ်ခနဲထရပ်လိုက်ပြီး ..၊



"ကျွန်မက မှားတယ်ထင်လို့ ကြက်ခြေခတ်ပြီးရင် အဲဒီစာမျက်နှာကို ဘယ်တော့မှ ပြန်မလှန်ဘူး .."

"မှားနေမှန်းသိရင်တော့ .."

"မှားမှား မှန်မှန် အဲဒီအဖြေကြောင့် တစ်စုံတစ်ရာ ဖြစ်ရမှာက ကျွန်မပါ၊ သူများဝေဖန်ဖို့မလိုပါဘူး .."

"မင်းကို ငါ ဝေဖန်နေတာမဟုတ်ဘူး၊ ဒါပေမယ့် လေးလေး ပြောသွားတာတွေနဲ့ မင်းရဲ့ အဖြစ်အပျက်ကိုကြည့်လိုက်တော့ ဒီလူကြီးဟာ မင်းအပေါ်မကောင်းခဲ့ရင် မင်းမိဘရဲ့ အမွေအနှစ်တွေကို မင်း ဆုံးရှုံးရမယ့်အပြင် မသမာသူတွေစားသောက်ကြီးပွားနေတာကိုလည်း ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး .."

ပါး အသံတိတ်နေခဲ့၏။

"ရင်ထဲက ခံစားချက်တွေကို ဖယ်ထားပြီး ဖြစ်စဉ်ကိုပဲကြည့်စမ်းပါ၊ ဒီမှာ ရွှေပါးအပ် .. ပူဇော်ထိုက်သူကိုပူဇော်ရမယ်၊ ကျေးဇူးပြုဖူးတဲ့သူကိုလည်း ကျေးဇူးတင်တတ်ရတယ်၊ ငါ မင်းကို ဆရာကြီးလုပ်ပြနေတာမဟုတ်ဘူး၊ ဒီအဖြစ်မှာ မင်း မှားနေတာကိုပြောတာ .."

"အားလုံးပြီးသွားပြီ .. ဖြစ်လာသမျှက ဖြစ်သင့်တဲ့အတိုင်းပဲ .."

"ဘယ်လိုဖြစ်သွားလို့လဲ .."

"ဒေါ်ခင်ဝင့်လှိုင် ကို ဒုရှ.နေကြီးကို သတ်မှုနဲ့ လုပ်ကြံမှုတွေအားလုံးအတွက် တရားစွဲပေးတယ်၊ အခု ပဒုမ္မာစံအိမ်ကို ကျွန်မ ပြန်ရပြီ .."

"သြော် .. ဒါဖြင့်၊ ဦးဝေယံ ပြောသွားတဲ့သတင်းအချက်တွေဟာ မင်းကို ကူညီသွားတာပေါ့ .."

"ဟုတ်တယ် .. သိပ်ကိုအရေးပါတဲ့ သက်သေတွေပဲ .."

ဒေါ်ခင်ဝင့်လှိုင် ၏ မကောင်းသည့်လုပ်ရပ်များကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုဖြစ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပါး ကို ထုတ်ပယ်၍ ပြင်ဆင်ထားသော သန်းခေါင်စာရင်းကရှိနေပေမယ့် မိသားစုသန်းခေါင်စာရင်းအစစ်ကို ဦးဝေယံက သိမ်းထားခဲ့သည်။

ဒေါ်မြတ်သဇင် ကို လုပ်ကြံဖို့ကြိုးစားပြီဆိုတည်းက ဦးဝေယံက ဒေါ်ခင်ဝင့်လှိုင် ကို စတင်သတိထားခဲ့တာဖြစ်သည်။ ပြောသမျှစကားကြိုးကိုင်စေခိုင်းခဲ့သမျှ လုပ်ကွက်တွေအကုန်လုံးကို မှတ်တမ်းတင်ထားခဲ့သည်။

တစ်ချိန်မှာ ရွှေပါးအပ် အတွက် အရေးကြီးသော သက်သေပစ္စည်းဖြစ်လာမှာကို သိနေကာ သတိကြီးကြီးနှင့် သိမ်းဆည်းခဲ့၏။

သူဟာ ဒေါ်မြတ်သဇင် အပေါ်မှာ အထင်ကြီးလေးစားမပျက်သောစိတ်ဖြင့် အလုပ်ရှင်လို ရိုသေမြဲဖြစ်ကာ ဓနိမယားလိုလည်း စောင့်ရှောက်သည်။ ချစ်မြတ်နိုးသည့်စိတ်ဖြင့် ယုယကြင်နာမှုကိုလည်း ပေးခဲ့သည်။

ပဒ္မွာမိသားစုအပေါ်မှာ သူ မိုက်မှားခဲ့ပေမယ့် မှားမှန်းသိပြီးကတည်းက အမှားကို အမှန်ပြင်ဖို့ ကြိုးစားနေခဲ့၏။ ထို့ကြောင့်လည်း ဒေါ်မြတ်သဇင် က ယုံကြည်ကာ သူမ မသေဆုံးမီမှာ အမွေပစ္စည်းတွေထားသမျှ နေရာနေရာတွေ၊ ချမ်းသာသမျှအတိုင်းအတာအားလုံးကို ပြောပြခဲ့၏။

သမီးအတွက် ဘယ်လိုဆောင်ရွက်ပေးဖို့တွေလည်း မှာခဲ့သည်။ လူယုံသတ်၍ သေရသောစိတ်၊ သမီးနဲ့ မိသားစုပြိုကွဲခဲ့ရသော နောင်တတို့ဖြင့် ဒေါ်ခင်ဝင့်လှိုင် ရဲ့ လုပ်ကြံမှုတွေကြောင့် မဟုတ်ဘဲ သူမကိုယ်တိုင် တစ်ကိုယ်လုံး ချုံးချုံးကျအသက်တိုခဲ့သည်။

နောက်ဆုံးမှာ ဒေါ်ခင်ဝင့်လှိုင် ဘယ်လိုကြံစည်ပါစေ သန့်စင်သည့်ဘိုးဘွားအမွေတွေကိုတော့ ဘယ်လိုမှ မရနိုင်စေရဘူးဆိုသည့် ယုံကြည်စိတ်ဖြင့် ဦးဝေယံ ကပဲ အားလုံးကို စနစ်တကျစီစဉ်ခဲ့သည်။



ဒေါ်ခင်ဝင့်လှိုင် ကလည်း ခေသူမဟုတ်ရာ ဒေါ်မြတ်သဇင် ဆုံးပြီဆိုတည်းက ဦးဝေယံ သူမဘက်မှာမရှိခဲ့ဘူးဆိုတာ ရိပ်မိခဲ့၏။ ဒါပေမယ့် အမွေတွေကို တစ်ယောက်တည်း အပိုင်စီးချင်တာလို့ပဲ ထင်ခဲ့ပြီး ပါးအတွက် အမွေဆက်ခံနိုင်အောင် ကြံစည်နေသည်လို့မထင် …၊

ထို့ကြောင့် မသိမသာ အပျော့ဆွဲဆွဲကြည့်ပြီး စည်းရုံးခဲ့သေးသည်။ မရနိုင်တော့မှန်းသိကာမှ ဒုက္ခိတဘဝကို လုံးလုံးရောက်သွားအောင် တဖြည်းဖြည်းချင်း ကြံစည်ခဲ့တာဖြစ်သည်။ ဒါတွေအားလုံးကို ဦးဝေယံက ဒိုင်ယာရီထဲမှာ ရေးနိုင်သမျှရေးခဲ့သည်။ ဗီဒီယိုမှတ်တမ်းတွေနဲ့ တစ်ချို့က အခိုင်အမာရှိခဲ့၏။

ပါး အကြောင်းကြားလိုက်သဖြင့် ဘဘကလည်း သူ့ဘက်က စိတ်ချရသည့် ရှေ့နေတွေကို လှမ်းဆက်သွယ်ပြီး ဒေါ်ခင်ဝင့်လှိုင် ကို အရေးယူနိုင်ဖို့ စီစဉ်နေပါပြီ …။

ခုလောက်ဆို ဘဘလည်း ရောက်လောက်နေပြီဖြစ်၏။

"အဲ့ဒီ သက်သေတွေက အလ်တော်ပန်းချီကားရဲ့ နောက်မှာလား…"

ဒါတွေကို ရှင်းပြဖို့ ပြန်တွေးနေမိတုန်း ခြား က မေးလာသဖြင့် …၊

"ဟုတ်တယ် … ဗီဒီယိုမှတ်တမ်းလေ …"

"သြော် …"

"ဒေါ်ခင်ဝင့်လှိုင် ကို အသာလေးဖယ်ထုတ်ပစ်လို့ရတဲ့ သက်သေတွေအစုံပဲ …"

လို့ အစချီကာ အားလုံးကိုပြောပြလိုက်သည်။

"မင်း ဘကြီးလည်း ရောက်နေပြီဆိုတော့ မင်းက ဒီမှာ ဘာလာလုပ်တာလဲ …"

ခြား က မထင်မှတ်သည့်စကားကို ဖြတ်ပြောကာ …၊

"ငါ့အတွက် ပြုစုမယ့်သူ မလိုပါဘူး၊ မင်းတို့ကိစ္စတွေကိုပဲ ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြတ်အောင်လုပ်ပါ ..”

ပြောပြီး နေရာမှ ထရပ်ဖို့ပြင်ပြန်သည်။ ဒါပေမယ့် ကြိုးစားနေပြီးမှ ပြန်ထိုင်ချလိုက်ကာ ..၊

“ဘယ်သူ့ကိုမှ အားကိုးမနေချင်ဘူး၊ ငါ့တာဝန် ငါယူနိုင်တယ်..”

“ကျွန်မ တာဝန်ကို ရှင်ယူခဲ့တဲ့အတွက် ခုလိုဖြစ်ရတော့ ကျွန်မမှာ တာဝန်ရှိသွားတာပေါ့ ..၊ ဘာဖြစ်လို့ အိုဗာတင်းလုပ်နေတာလဲ ..”

သူ ပါး ကို ဖျတ်ခနဲငဲ့ကြည့်သည်။

“အိုဗာတင်းတာမဟုတ်ဘူး .. ဘယ်သူနဲ့မှ ထပ်ပြီး မပတ်သက်ချင်တာ ..”

လာပြီးရင် ပြန်သွားကြတာပဲ ပါး ရယ်၊ မင်း ပြန်သွားမှာကို သိရက်နဲ့ ဘာလုပ်ရမလဲ ..၊

မပျော့ညံ့ချင်ဘဲ ဆုံးမလို့မရသည့်စိတ်က ညံ့သက်ချင်နေသည်။ ထွေရာလေးပါး ပြောနေကြသည့် စကားတွေထဲကနေ သူ့မဘဝနဲ့ သူ အလှမ်းကွာသွားပြီကို ခံစားမိနေခဲ့၏။

သူ့ဘက်က မျှော်လင့်ခွင့်မရှိတော့သည့်နောက် ..၊

“မင်း ထွက်သွားပြီးရင် တံခါးအပြင် ညာဘက်က အနီစက်လေးကို နှိပ်လိုက်၊ အံဝှတ်လေးရှိတယ်၊ အဲ့ဒီထဲကို သော့ထည့်လိုက်ရင် အထဲကို ပြန်ရောက်လာမှာ ..”

ဒီတစ်ခါတော့ တကယ် ထရပ်လိုက်မိသည်။ ပါး က ထိုင်ရာမထဘဲ ရှေ့ကြည့်၍ ..၊

“ဘာ ထဖြစ်တာလဲ .. မတည့်အောင်ပြောပြီး နှင်ထုတ်တာလား..”

“မတည့်အောင်ပြောဖို့ စလာတာက မင်းပါ၊ ငါ ပြောနေသမျှ မင်းကို အမုန်းနဲ့ ပက်ပေါက်တာတစ်ခုမှ မပါဘူး ..”

“ဒါဆို .. ကျွန်မကို နှင်လွှတ်နေတာကရော ..”



“မနေစေချင်လို့ ..”

“ကျွန်မကလည်း နေချင်လွန်းလို့မဟုတ်ဘူး ..”

ပြောပြီးတာနှင့် ထရပ်လိုက်ကာ ..၊

“ကျေးဇူးတရားဆိုတာကို ကျွန်မ ဘယ်တုန်းကမှ ဂရုမစိုက်တတ်ခဲ့ဘူးဆိုရင်တောင် ကျွန်မအသက်ကို ရှင်ကယ်ခဲ့တဲ့အတွက် ရှင်ကစပြီး ဂရုစိုက်ရမှန်းသိသွားပြီ၊ အဲဒါကြောင့် ရှင့်ခြေထောက် သက်သာမှ ကျွန်မ ပြန်မယ် ..”

ခြား က သူမ မျက်နှာကိုစိုက်ကြည့်သည်။ ပါး က မှုန်ကုတ်ကုတ်လေးပြန်ကြည့်ပြီး အိမ်ထဲလှည့်ဝင်သွား၏။ ပြီးတော့မှ နောက်ပြန်လှည့်ကြည့်ကာ ..၊

“အဲ့ဒီမှာ ငြိမ်ငြိမ်ထိုင်ပြီး စာဖတ်နေပေါ့ .. မဟုတ်ရင်လည်း စိတ်ဝင်စားတာ တစ်ခုခုလုပ်နေလိုက် ..”

“မင်း ဘာလုပ်မလို့လဲ ..”

“ပြောပြီးပြီပဲ .. ရှင် မသက်သာခင်အချိန်ထိ ရှင့်အတွက် စပါယ်ရှယ်နှ့စ် ..”

ဒါဆို ငါက တစ်သက်လုံး မသက်သာသေးပါဘူးပဲ ပြောနေရင်ရော ..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

"အန်တီ .. အန်တီ မပြန်ရဘူးနော် .. ဒီမှာ တကယ်နေနော်.."

"အင်း .. နေဦးမှာပါ .."

"တကယ်အကြာကြီးနေရမှာနော် .. ဟုတ်တယ်မို့လားဟင် .."

"သမီး .."

ကော်ဖီသောက်နေရာကနေ မျက်နှာထားနဲ့ လှမ်းဆူလိုက်တော့ ပို့ပို့ အသံလေးတိတ်သွားသည်။ စောရှကသီ က ဆေးနဲ့ရေကို ဇန်းလေးနဲ့ ထည့်ယူလာရင်း အခြေအနေကို ကြည့်၍ သဘောပေါက်သွားကာ ဇန်းကို စင်ပေါ်လှမ်းတင်လိုက်ပြီး ..၊

"ခြား ကတော့လေ .. ငါ့ဟာငါ ကလေးခေါ်ထားမယ်ဆိုတော့ လည်း ခေါ်ခဲ့ပါ လာခဲ့ပါနဲ့ .. ကလေးကိုဆိုရင်လည်း နည်းနည်းမှ စိတ် မရှည်တတ်ဘူး .."

ပြော၍ ပါး ရဲ့ ခါးကိုဖတ်ထားပြီး မျက်လွှာလေးချထားသည့် ပို့ပို့ လက်လေးကို သွားဆွဲခေါ်၏။

"ကလေးဆိုတာ အိမ်မှာ ဆူညံသည်ရှိရင် ပျော်တာပဲကွ .."

"မကော မသိပါဘူးဗျာ .."



"ဘာလို့ မသိရမှာလဲ .. အခု မင်းမသိတာကို အရင်ပြောပြမယ်၊ ညကိုးနာရီထိုးနေပြီ ကော်ဖီတွေ ဘာလို့သောက်နေတာလဲ .."

"သောက်နေကျ .."

"သောက်နေကျက လူကောင်းလေ .."

ပြောပြီး ပါး ကို လှမ်းကြည့်၏။ ပါး က ကလေးဆော့နေသော ဒိမ်းပလေယာကို ဘာတွေဖြုတ်ထုတ်ပြင်နေသည်မသိ ..၊

"လူနာစောင့်မယ့်လူက လူနာအလိုကို လိုက်နေရင်တော့ မဖြစ် သေးဘူး .."

ပါး နဲ့ ခြား မျက်လုံးချင်းဆုံသွားသည်။ ခြား က ကော်ဖီလက် ကျန်ကို ကုန်အောင်သောက်ပစ်ပြီးမှ ..၊

"ကိုယ့်ဘာသာ ပျော်သောက်နေတာ .. ဘယ်သူတိုက်တာမှ မဟုတ် ဘူး .."

"အဲ့ဒါလည်း သိတာပဲ .. သိလို့ တမင်ပြောတာ၊ မင်း ဘယ်တုန်း က သူများပြောတာ လိုက်လုပ်ဖူးလို့လဲ .."

"ကော်ဖီသောက်တာနဲ့ ဘာဖြစ်မှာကျနေတာပဲ .. အခု မကော ပြန် မှာလား .. ဝင်အိပ်မှာလား .."

"မပြန်ပါဘူး .."

"မပြန်ရင် သွားအိပ်တော့ .."

"မအိပ်နိုင်သေးဘူး .. ပါး ကို သင်ပြပေးရဦးမှာတွေ ရှိသေးတယ်.."

ခြား မျက်လုံးကြီး ဝင့်တက်လာတော့ စောကေသီ က ဦးအောင် ချက်စောင်းထိုး၍ ..၊

"မင်းလိုလူကို ဘယ်လို ကိုင်ရ တွယ်ရမယ်ဆိုတာ .."

"ဟာဗျာ .."

"အဲ့လေ .. မ .. မဟုတ်ဘူးလေ .. ငါ ကိုင်နိုင်းတာက .. အဲ.."

www.burmeseclassic.com

www.burmeseclassic.com



ငါပြောတာက လူနာကိုစောင့်ရှောက်ဖို့ပါ ..."

သုံးယောက်စလုံး မျက်နှာတွေကိုယ်စီ နီမြန်းနေကြကာ ...၊

"ခုပဲ သူ့ကမကြည့် မင်းက မသိနဲ့ ကော်ဖီတွေသောက်နေပြီ၊ ဒဏ်ရာနဲ့လူဆိုတာ အနာကျင်သက်သာအောင် အိပ်ပျော်ဖို့ပဲ ကြိုးစားရတယ်၊ ကော်ဖီကြောင့် အိပ်လို့မရရင် နာတာလည်းသိ၊ ယားတာလည်းသိ၊ အိပ်မပျော်လို့နာ၊ နာလို့ အိပ်မရနဲ့ မိုးလင်းသွားမှာပေါ့ ..."

အသည်းအသန်ရှင်းပြရတာ လျှာခလုတ်တိုက်မတတ် ...၊

အပျိုကြီး သူ့စကားနဲ့သူ ဒုက္ခရောက်သွားတာ သိကာ ခြား မျက်နှာလွှဲရင်း ပြုံးမိသည်။

"ပါး ရေ .. လာ .. လာ .. ငါ့ညီမကို မမ ပြခဲ့မယ် ..."

"လုပ်ပြီ .."

"ဟဲ့ .."

ခြား ရဲ့ လုပ်ပြီစကားကြောင့် စောကောသီ ခလုတ်တိုက်သွား၏။ ပါး ကသာ ဖမ်းမဆွဲလိုက်ရင် ဘာဖြစ်မည်မသိ ...။

ထိုအခါ ရှက်ဒေါသသည် ခြား ဆီသို့ တည့်မတ်စွာ ...၊

"အဲ့ဒီမှာ ငုတ်တုတ်ထိုင်ပြီး စကားအကျကို လိုက်ဖမ်းနေ သိလား ခွေးကောင်လေး .."

ခြား က ဟိုဘက်လှည့်ရင်းရယ်နေ၏။ မျက်စောင်းတစ်ချက် ပစ်လက်ခတ်ကျသွားကာ ...၊

"ငါတို့က ဆရာဝန်ဆိုတော့ ဆေးရုံက ဖုန်းဆက်တာနဲ့ သန်းခေါင်ကျော် သန်းခေါင်လည်း ထသွားရတက်တာ၊ ပါး တစ်ယောက်တည်း ကျန်ခဲ့ရင် ..."

"ကျွန်တော်က နာရီကြည့်ပြီး ဆေးတိုက်ချိန်စောင့်နေရလောက်အောင် လူနာလား .."



"အံမယ် ကြည့် .."

"ကိုယ့်ကိစ္စကိုယ်မရှင်းနိုင်အောင် တွဲထူတွဲပို့နေရရင်လည်း တစ်မျိုး .."

"တစ်မျိုးဖြစ်ဖြစ် နှစ်မျိုးဖြစ်ဖြစ် နင့်မှာ အနာတွေလည်း အကင်းသေသေးတာမဟုတ်ဘူး၊ ပျောက်သွားပြီဆိုပြီး မာန်တက်နေတာ၊ မနက်က ဘယ်နှစ်ခါတောင် လဲနေလဲ ပြော .."

ကျက်နေပြီဆိုသည့် အနာက သွေးထွက်နေတာကို သတိရသွားတော့ ခြား အသံတိတ်၏။

"ဟွန်း .. မပြောလိုက်ချင်ဘူး .. လာ .. ညီမ .."

ဒီနှစ်ယောက် နှစ်ယောက်တည်း ဘယ်လိုနေကြမှာလဲ ...၊

စိတ်ညစ်စရာကို အရင်တွေးမိ၏။ ခြား က ခေါင်းမာမာ၊ ပါး က ဂျစ်တီဂျစ်ကန်နှင့် ...၊

"ပါး .."

"ရှင် .."

"ညီမက မောင်လေးကို တကယ်ကျေးဇူးတင်လို့ နောက်ထပ်ပြန်လာပြီး ပြုစုပေးဖို့ ဆုံးဖြတ်ခဲ့တာ မမ ယုံပါပြီ၊ ဒါပေမယ့် ဒေါသဆိုတာလည်း အကျင့်ပါတာပဲ .."

ကိုယ့်အခန်းရှေ့ရောက်မှ ပါး ကိုပဲ နှစ်ကိုယ်ကြား မေးမြန်းရတော့သည်။

"မမ ပြောချင်တာက .."

"ပါး သဘောပေါက်ပါတယ်၊ တတ်နိုင်သမျှ ပါး အဆင်ပြေအောင် ပြောဆိုမှာပါ၊ သူက ဒဏ်ရာဒဏ်ချက်တွေနဲ့ လူနာပဲ .."

"ဟုတ်တယ် ညီမ .. အစတည်းကတောင် စိတ်မရှည်တတ်တဲ့လူပါ၊ ဒါပေမယ့် သူ ညီမအပေါ်မှာတော့ .."

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတောင် မထားဘူးခဲ့ပေမယ့် အပျိုကြီးလည်း အပျိုကြီးရဲ့ သက်တမ်းအရ အတွေ့အကြုံလေးတော့ရှိပါသည်။ ပါး ကို အကဲမခတ်နိုင်ပေမယ့် ခြား ကတော့ သူမ ရိပ်မိနေသည်။

ဒီကောင်လေး ရွှေပါးအပ် အပေါ်မှာ မရိုးသားစိတ်ဖြစ်နေတာ သိသာသော်လည်း ...၊

"သူ အစက ညီမလေးအကြောင်း ခဏခဏမေးတယ်၊ ခု ညီမ ရောက်လာကာမှ ဘာဖြစ်လို့ ဒီလိုပုံစံကြီး ဆက်ဆံနေမှန်း မမ မသိတော့ဘူး၊ ဒါပေမယ့် သူ့ကို တစ်ခေါက်ပြန်လာပြီး နှိပ်စက်တာမျိုးတော့ မလုပ်မိပါစေနဲ့ .."

ပါး က တောင်းပန်ခဲ့သည်။ နောက်ထပ်ပြန်ရောက်လာတော့လည်း ကျေနပ်သွားမိသည်။ ဒါပေမယ့် ပြန်လာပြီး ပြန်ထွက်သွားမှ ပိုဆိုးမှာလည်း စိုးမိပါ၏။

ခြား ကရော ဒါကိုကြိုတွေးပြီး ရှောင်ဖယ်နေတာများလား ...၊

ဖျတ်ခနဲ အတွေးဝင်လိုက်ကာ ပါး လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်မိ၏။

"ပါး .."

နောက်ထပ် ခေါ်မိပြန်ကာ ...၊

"ညီမ ဒီမှာနေသွားတုန်းကတော့ အသက်အန္တရာယ်ကြောင့် ခိုလှုံခဲ့ရတာ မှန်ပါတယ်၊ နောက်ထပ် ပြန်လာတာကျတော့ ဟိုလေ .. ပါး ရဲ့ အုပ်ထိန်းသူက ဘာများပြောမလဲ၊ ဟို .. ဒီလိုလေ .. ညီမ ဘယ်လိုပြောခဲ့သလဲ .. ဒါမှမဟုတ် ဒီလိုလုပ်သင့်တယ်လို့ ကိုယ့်ဘာသာဆုံးဖြတ်ပြီး ထွက်လာတာလား .."

ပါး က နဖူးပေါ်က ဆံနွယ်တွေကို လက်တစ်ဖက်နဲ့ သိမ်းတင်ရင်း ပြုံးလိုက်ကာ ...၊



"ပါး ရဲ့ ပုံစံက အဲဒီလိုပုံ ပေါက်နေတာ သိပါတယ် .. ဒါပေမယ့်-"

"မဟုတ်ဘူး .. ညီမရဲ့ ကိုယ်ကျင့်သိက္ခာကို အထင်သေးလို့မဟုတ်ဘူးနော် .. မမက .."

"အဲ့ဒါကိုလည်း နားလည်ပါတယ်၊ ပါး အဲဒီလိုဆုံးဖြတ်ရတဲ့အကြောင်း ရှိပေမယ့် ဒီကိစ္စမျိုးကိုတော့ စိတ်ကြိုက်မကျူးလွန်ပါဘူး၊ ပါး ရဲ့ ဘဘကို ပြောပြပြီးမှ ခွင့်ပြုလို့လာတာပါ .."

"ဝမ်းသာလိုက်တာ .."

တစ်သက်လုံး နေလိုက်တော့လို့များ ခွင့်ပြုလိုက်ပါလား .. လို့ စောကေသီ စိတ်ထဲမှာ ဆက်ပြောလိုက်မိသည်။ အကယ်၍ ရွှေပါးအပ်သာ ဒီလောက်ထိ အသိုင်းအဝိုင်းမကြီးမားခဲ့လျှင် သူမ တကယ်ပဲ ဖွင့်ပြောမိမှာပါ။

"ဒါနဲ့ တစ်ခုလောက် မေးလို့ရမလားဟင် .."

"ဟုတ် .."

"ညီမလေးမှာ ချစ်သူရှိလား .."

"ရှင်!..."

"အဲ .. မရှိလောက်ဘူးလို့တော့ ထင်ပါတယ်၊ ဟိုလေ .. အိမ်က သဘောတူထားတဲ့လူ ဘာညာ .."

"မရှိပါဘူး .."

အောင်မယ်လေး ကောင်းလိုက်တာမှ ...၊

စောကေသီ မျက်နှာကြီး ပြုံးအိသွားခဲ့၏။

"အေးနော် .. အဲ့လိုရှိရင်လည်း ပါး က ကိုယ့်လူရဲ့ ငြိငြင်မှုနဲ့ပြီး ဒီကို ဘယ်လာပါ့မလဲ .. ခုလို သိတတ်မှုမျိုးဆိုတာ တော်ရုံတနာ မေတ္တာမျိုးနဲ့မဖြစ်နိုင်ဘူး .."

"ဟို .. အဲ့ဒါက .."

www.burmeseclassic.com

www.burmeseclassic.com



"သိပါငယ် .. မမ ပြောတာကလည်း အဲဒါကိုပါပဲ .. ညီမလေးတို့ မတည့်အတူနေလို့မျိုး ရန်ဖြစ်နေကြရင်းနဲ့ သံယောဇဉ်တွေဖြစ်ခဲ့ကြတာလေ .."

စေတနာကတော့ အရောက်ပို့ချင်တာပါ၊ ဒါပေမယ့် ဒီလိုအလုပ်တွေ မကျွမ်းကျင်ခဲ့တော့ စောကေသီ စကားတွေ လိုရာမရောက်ဘဲ အိုးနင်းခွက်နင်း ..၊

ထိုစဉ် ပို့ပို့လွင် ၏ မျက်နှာလေးက မျက်ရည်လည်ရွဲနှင့် ..၊

"ကြီးကြီးစော .."

"ဟင် .. မီးလေး .. မီးလေး ဘာဖြစ်လာတာလဲ .."

"ဖေကြီးက .."

"ဖေကြီးက ဆူလိုက်တာလား၊ မီးလေးက ဘာတွေပူဆာလို့လဲကွယ် .."

စောကေသီ က ပို့ပို့ မျက်နှာလေးကိုဆွဲမော့ကာ မျက်ရည်တွေကို တယုတယသုတ်ပေး၏။ ပို့ပို့ ကတော့ ငိုနေရင်း ပါး ကိုလှမ်းကြည့်၍..၊

"အန်တီက မီးမီးတို့နဲ့ ဘယ်လောက်အကြာကြီးနေမှာလဲလို့ မီးမီးက မေးလိုက်တာ .."

"ဟင် ..."

"အော် .. မီးလေးရယ် ဘာဖြစ်လို့ အဲ့လိုကြီးသွားမေးတာလဲ.."

"ဖေကြီးက မီးမီးမေးရင် ဘာမှမဖြေဘူး၊ မီးမီးကိုပဲ ဆူတယ်.."

"မီးလေးကလည်း ဖေကြီး မဖြေချင်တာတွေကိုပဲ သွားသွားမေးတာကိုး .."

စောကေသီ ချော့မော့ပြောနေရင်း ပါး ကို အကူအညီတောင်းသလို လှည့်ကြည့်မိသည်။ ပါး က ပြုံးလိုက်ပြီး နံရံမှာ ကပ်ချထားသည့် ခုံပြားလေးပေါ်မှာ ထိုင်လိုက်သည်။



ပြီးတော့ ပို့ပို့ လက်လေးကို အနားထိဆွဲခေါ်ယူလိုက်ပြီး ..၊

"အန်တီက မီးမီး ဖေကြီးရဲ့ ဒဏ်ရာတွေပျောက်သွားရင် ပြန်မှာပေါ့.."

ပို့ပို့ က မျက်ရည်တွေအကျရပ်နေကာမှ ငေးနေသည့် မျက်ဝန်းထဲမှာ မျက်ရည်တွေ နောက်ထပ်ပြည့်တက်လာ၏။

"ဒီမှာကြည့် .. အန်တီ ပြောမယ် .."

ပါး က ပို့ပို့ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ မော့ယူ၍ သေချာစိုက်ကြည့်ကာ ..၊

"အန်တီတို့အိမ်က မီးမီးရဲ့ကြီးစော နဲ့ ကပ်လျက်ပဲ .. မီးမီး အန်တီ့ကို ချစ်ရင် လိုက်လည်လို့ရတယ်၊ ခဏဖြစ်ဖြစ် အကြာကြီးဖြစ်ဖြစ် အန်တီကလည်း အိမ်မှာတစ်ယောက်တည်းရယ်၊ မီးမီးလာနေရင် ပိုတောင်ကြိုက်သေးတယ် .."

"ဟင့်အင်း .. မီးမီးက ဖေကြီးရယ်၊ အန်တီရယ်နဲ့ တူတူနေချင်တာ .."

ပါး မျက်နှာလေးပျက်သွား၏။ ဒီတစ်ခါ ပို့ပို့ က သူမရဲ့ မေးဖျားမှာ မရဲတရဲလေးထိကိုင်လိုက်ပြီး ..၊

"အန်တီလည်း တစ်ယောက်တည်းဆိုရင် ဟိုမှာမနေတော့နဲ့လေ၊ မီးမီးတို့နဲ့ လာနေလိုက်ပါလား .. မီးမီးရယ် ဖေကြီးရယ် အန်တီရယ် ဒီမှာတစ်သက်လုံး .."

"အို .. ဘာတွေပြောနေတာလဲ မီးလေးရယ်၊ တော်ကြာ မီးလေးရဲ့ အန်တီ ချက်ချင်းပြန်ပြေးသွားပါ့မယ်၊ အဲဒါကြောင့် ဖေကြီးက စိတ်တိုသွားတာနေမှာ .. လာ .. လာ .. မီးလေး ကြီးစော သိပ်မယ် အိပ်တော့နော်.."

"ဟင့်အင်း .."

ပို့ပို့ က ပါး ရဲ့လက်ကို အသေဆွဲထားပြီး ခေါ်လို့မရ၊ ပါး က

www.burmeseclassic.com

ပြုံးပြကာ ...၊

"အန်တီ ခဏခဏ လာလည်မှာပေါ့ နော် .. သွားအိပ်တော့ .. ကလေးက လိမ္မာတယ် .."

ပါး ရဲ့ မျက်နှာလေးပြုံးနေတာကို စောကေသီ တအံ့တသြကြည့်နေမိ၏။ ရောက်လာကာစက ရွှေပါးအပ် နဲ့ ခြားနားသွားတာက နူးညံ့မှုတွေရှိနေသည့် မျက်ဝန်းလေးတွေဖြစ်သည်။

ခြား နဲ့ ပါး ကို အကဲခတ်ရလွန်းလို့လည်း ဒီစာမေးပွဲသာစစ်လျှင် သူမ မအောင်နိုင်တာတော့ သေချာ၏။ အဘယ့်ကြောင့်ဆိုလျှင် စဉ်းစားလေ လုံးလည်ချာလည်လိုက်နေလေ ...။

"ပါး ရေ .. မမ မှာခဲ့တဲ့အတိုင်းနော် ...၊ ဆေးက အရေးမကြီးဘူး၊ သူ့အိပ်ချိန်လေးနဲ့ အဲ့ရဲ့ကွန်းဖွင့်တာ အကျီချွတ်တာတွေကို ဂရုစိုက်ပေးနော် .."

စောကေသီ မှာသွားတော့ သူမ ခေါင်းညိတ်လိုက်သည်။ စိတ်တွေ ဘာကြောင့် ပေါ့ပါးမနေခဲ့သည် မသိတော့ပါ။ ဒီကို ပြန်လာခဲ့တုန်းက ပေါ့ပါးခဲ့သည့်အစီအစဉ်တွေက ခြား ရဲ့ မျက်နှာကြီးနဲ့ ကလေးရဲ့ မျက်ရည်တွေကြောင့် ဘာတွေဘယ်လိုပျောက်ရှကုန်သည်မသိ ...။

"ဒုတ် .."

"အ .."

အသံတစ်ခုကြောင့် ပါး ဆတ်ခနဲဖြစ်သွားသည်။ ကမန်းကတန်း ပြေးထွက်သွားလိုက်တော့ ခြား က ဆိုဖာလက်တင်ကို လက်နှစ်ဖက် ထောက်ထားရင်း ကုန်းကုန်းကွကွ ရှုံ့မဲ့လျက် ...၊

"ရှင် ဘာထလုပ်တာလဲ .. တုတ်ကောက်ကရော .."

"တုတ်နဲ့ မလျှောက်ချင်လို့ .."

"မလျှောက်ချင်လို့ရမလား ရှင်က လူကောင်းမှမဟုတ်တာ .."



ပါး က တစ်ဖက်က တုတ်ကောက်ကို သွားယူပြီး သူ့လက်ထဲ ထည့်ပေးတော့ ခြား လွှတ်ချပစ်လိုက်၏။

"ငါ့ဒုက္ခကို ဘယ်သူမှ ခံစရာမလိုဘူး .."

"ဒီတုတ်ကောက်ရောပဲလား .."

"ဟုတ်တယ် .. ဒီတုတ်ကြောင့် ငါ ဒုက္ခိတဖြစ်နေတာ .."

"ရှင် ကျွန်မကို ဒီမှာနေစရာမလိုဘူးလို့ ပြောနေတာလား ခြား.."

ခြား က သူမ မျက်နှာကိုစူးစိုက်ကြည့်ကာ ...၊

"အခု ငါက ဟုတ်တယ်ဆိုရင် မင်း ချက်ချင်းထွက်သွားမလို့လား.."

"ရှင် ဒီလောက် ကိုယ့်ကိုယ်ကိုယ် ထိနိုက်ခံပြီး ဆန္ဒပြနေတာတို့ မသွားဘဲနေရင် ကျွန်မက မျက်နှာပြောင်တဲ့သူ ဖြစ်ရဦးမှာ .."

"အခု ထိခိုက်ခံရတာက ငါ့ခန္ဓာကိုယ်ပေါ်မှာ ဘယ်လောက်နက်ရှိုင်းပျက်စီးသွားသလဲဆိုတာ မြင်ရတယ်၊ ဆေးကုလို့လည်း ရတယ်၊ မင်းကြောင့် နောင်တစ်ချိန်မှာ ဖြစ်လာမယ့် ဒဏ်ရာဒဏ်ချက်က အခေါ်ယံ အရေပြားမှာ ထင်မှာမဟုတ်ဘူး .."

"ဒါဆို ကျွန်မက ပိုပြီးမရှိသင့်တာပဲ .."

ပါး မျက်နှာလေးတည်သွားကာ သူ့ကို စူးစိုက်ကြည့်နေပြီးမှ လှည့်ထွက်သွား၏။ သို့သော် ...

"ပါး ..."

သူမရဲ့ လက်တစ်ဖက်ကို သူ ဆွဲထားလိုက်သည်။ ပါး က မရုန်းပေမယ့် ပြန်လှည့်မကြည့်ပေ၊ သူမ တစ်ကိုယ်လုံးကို တင်းကျပ်စွာပွေ့ဖက်ခံလိုက်ရမှ ...၊

"ရှင် ဘာလုပ်တာလဲ .."

"မင်းကို ငါ ချစ်နေမိပြီ .."

သူ ပါး ရဲ့ ကိုယ်လေးကို ရုန်းထွက်မပြေးနိုင်အောင် အတင်းအကျပ်

www.burmeseclassic.com



ဖက်ထားမိကာ ...၊

"မတန်မရာမှန်းသိပါတယ်၊ ငါက ကလေးအဖေ မှုဆိုးဖို၊ မင်းဘဝနဲ့ ငါ အဝေးကြီးပါ ပါး ရယ်၊ ဒါပေမယ့် မသိဘူး .. ငါ့နှလုံးသားက အနီးအဝေးတိုင်းတာနိုင်စွမ်းမရှိဘူး၊ ငါ မင်းကို စွဲလမ်းတဲ့စိတ်နဲ့ အရမ်းပူလောင်နေတယ်၊ မင်း နားလည်လား .."

"မလည်ဘူး .. မသိဘူး ဖယ်ပေး၊ ရှင့်ကို တစ်ခါတည်း လဲကျသွားအောင် တွန်းပစ်လိုက်လို့ရတယ်နော် .."

"ကိုယ့်ခြေထောက်မကျိုးခင်တည်းက မင်း အဲဒီလိုတတ်နိုင်တာသိတယ်၊ ဒါပေမယ့် မကြောက်ဘူး၊ မင်း အဲ့လိုလုပ်ထွက်သွားမယ်ဆိုသွားလိုက်လေ .. ကြောက်လန့်ပြီး လွှတ်လိုက်မှာတော့မဟုတ်ဘူး .."

"ကျေးဇူးတင်ပါတယ်ဆိုလို့ အခွင့်အရေးယူတာမျိုး ရှင် အဖြစ်ခံချင်သလား .."

"ဘယ်ခံချင်မလဲ .. ဒါကြောင့် ကိုယ် မင်းနဲ့ နီးနီးကပ်ကပ် ပြန်ဖြစ်လာတာကို မလိုချင်ခဲ့တာ၊ ဒါပေမယ့် ကိုယ်ထိန်းချုပ်ဖို့ စည်းတားခဲ့တာ အခု ကျိုးပေါက်သွားပြီ .. မုန်းမယ်ဆိုရင်လည်း ငါ ပြောချင်တာတွေအားလုံး ပြောလိုက်ပြီးမှ မုန်းသွားပါ၊ ခံစားရကျိုးနပ်အောင်ပေါ့ .."

သူ ပါး ကို နောက်ကနေ ရင်ခွင်ထဲမှာ မြုပ်နေအောင် ဖက်ထားမိသည်။ ပြီးတော့ ဆံစလေးတွေကို မသိမသာခိုးနမ်းမိရင်း ...၊

"မင်းကို မြင်မြင်ချင်းပဲ ထူးထူးဆန်းဆန်း မိန်းကလေးမို့ စိတ်ဝင်စားခဲ့မိတာ၊ ပြီးတော့ မင်းကြောင့် ဖြစ်ရတဲ့ဒေါသတွေ၊ မချင့်မရဲဖြစ်ရတာတွေ မောင်းထုတ်ချင်နေပြီး ထွက်သွားမှာ ကြောက်နေတာတွေ၊ အဲဒီ ခံစားချက်တွေနဲ့ ကိုယ့်ရင်ထဲမှာ မင်း နေရာယူခဲ့တာ .."

ပါး တောင့်တောင့်လေးရပ်နေရင်း အေးစက်နေသည့် ကိုယ့်လက်များတွေကို သွေးလျှောက်ဖို့ ကြိုးစားနေမိ၏။ သူ့ရင်ခွင်ကျယ်နဲ့ နွေးထွေးသော အထိအတွေ့ကြောင့် ရှက်သည့်စိတ်က ဆန့်ကျင်ဘက်အေးစက်ခြင်းတွေကို ဖန်ဆင်းပေးနေသလားမသိ ...။



ဒီလောက် ပွေ့ဖက်ခံနေရသည့်ကြားက လက်ဖျားတွေ အေးစက်နေတာ ဘယ်လိုဆုပ်တွေးလို့မှ ပူနွေးလာခဲ့ခြင်းမရှိ ...၊

"မင်းသိလား .. ကိုယ် မင်းကို အထင်သေးခဲ့တယ်၊ မင်းရဲ့ စိတ်ဓာတ် ကိုယ်ကျင့်သိက္ခာကို မဟုတ်ဘူး၊ မင်းရဲ့ဘဝ နိုကိုးရာမဲ့နေတာလားလို့ တွေးမိလို့ ...၊ အဲ့ဒီအချိန်မှာ မင်းကို ပိုင်ဆိုင်ဖို့ကြိုးစားချင်တဲ့ ခွန်အားတွေလည်း ဖြစ်လာသေးတယ်၊ မင်းကို ကယ်တင်နိုင်လို့ ရခဲ့တဲ့ ဒဏ်ရာတွေကြောင့် ကိုယ့်ကိုယ်ကိုယ် နာကျင်တယ်မထင်ဘဲနဲ့ စိတ်ကူးတွေနဲ့ ပျော်နေတာလေ .."

စကားတွေပြောနေရင်း သူ့မျက်နှာ ကိုယ့်ပါးလေးဘေးမှာ ထိကပ်လာတော့ ပါး တစ်ကိုယ်လုံး ရှိန်းဖိန်းပူထူသွား၏။ ပခုံးလေးကျုံ့ထားမိကာ လက်သီးဆုပ်လေးတွေကတော့ အေးစက်နေဆဲ ...၊

ခြား က ပါး ရဲ့ လက်သီးဆုပ်လေးတွေပေါ်ကနေ သူ့လက်တွေနဲ့ ထပ်ဆုပ်ထားလိုက်ကာ ...၊

"ဒါပေမယ့် မင်းဘဝအမှန်ကို သိလိုက်ရတော့ ကိုယ့်စိတ်ကူးတွေ ပြိုလဲကုန်တယ်၊ မင်းကို မြင်ရမှာကြောက်တာရော မင်းနဲ့ နီးနီးမနေချင်တာရော၊ အဲဒါတွေက မင်းနဲ့ ဝေးရမှာကို ကိုယ်မခံစားနိုင်လို့ဆိုတာ မင်း နားမလည်ဘူးလား .."

"ရှင် ပါး ကိုလွှတ်နော် .. မဟုတ်ရင် .. ကျွန်မ .. ကျွန်မ .."

"ကိုယ့်ကို စိတ်ဆိုးနေတာလားဟင် .."

"မသိဘူး .. သွား .."

ကတုန်ကယင်နှင့် ငိုသံလေးပါလာတော့ ပါး ကိုယ့်ကိုယ်ကိုယ် မိန်းမပီသနေပါလားဆိုတာ သတိရသွားခဲ့၏။ သူမရဲ့ မာကျောမှုတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ကြောက်စရာမလိုဘူးလို့ ထင်ခဲ့တာတွေ ဘယ်ရောက်ကုန်ပြီလဲ..

မာကျောခြင်းထဲမှာ ကိုယ့်နှလုံးသားဟာ အေးစက်နေပြီလို့တောင် ထင်ခဲ့မိတာ အမှားကြီးမှားလေသည်။

"ပါး .."

သူ ပါး ရဲ့ ကိုယ်လေးကို မျက်နှာချင်းဆိုင်လှည့်ယူလိုက်ကာ မျက်နှာလေးကို ကြည့်သည်။ မျက်ရည်တွေဝေ့နေသော မျက်ဝန်းလေးတွေက စိန်တုံးလေးတွေလို ပြိုးပြတ်လက်နေသဖြင့် ပို၍လှနေ၏။

"ကိုယ့်ကို မင်း မမုန်းဘူးဆိုတာ ကိုယ်ခံစားမိနေတယ်၊ ကိုယ်ပြောတာတွေကို နားလည်ပေးမယ်ဆိုရင် ကိုယ့်ကိုမမုန်းဘဲနဲ့ ထွက်သွားပေးပါ .."

မထင်မှတ်သည့် စကားကို နောက်ဆက်တွဲကြားလိုက်ရသဖြင့် ပါး အံ့သြရင်း သူ့မျက်နှာကိုပြန်ကြည့်နေမိသည်။ ချစ်လှချည်ရဲ့ဆိုပြီး ထွက်သွားပါတော့လို့ပြောနေပြန်ပြီ ..၊

"ထွက်သွားပေးရင် ပြီးတာပဲ .. မုန်းတာ မမုန်းတာ ကျွန်မကိစ္စပါ.."

"ပါး .."

အတင်းရုန်းနေသဖြင့် ပခုံးလေးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ထားမိကာ ..၊

"မျက်နှာလွှဲမသွားပါနဲ့ ကိုယ့်ကိုကြည့်ပါ .."

"မကြည့်ချင်ဘူး .."

"ငိုနေတာလား .."

"ဘာလို့ ငိုရမှာလဲ .."

အမှတ်တမဲ့ ဆတ်ခနဲမော့လာသည့်မျက်နှာလေးက မျက်ရည်ကြောင်းတို့နှင့် ..၊

"မင်း ..."



"ငိုတာမဟုတ်ပါဘူး .. ဖယ် .."

သူ တစ်စုံတစ်ရာကို နားလည်လိုက်သည့်အချိန်မှာ ပါး က သူ့လက်ကိုဖယ်ချပစ်ပြီး အတင်းပြန်ငုံ့၏။ ပြီးတော့ ..၊

"ရှင်နော် .."

"မင်း မျက်ရည်တွေက ပြောနေပြီ .."

"ခြား နော် .. ဟင့်အင်း .."

ပါး မျက်နှာလေးကို သူ အတင်းမော့ယူမိကာ ..၊

"ကိုယ်လိုတာ မင်းရဲ့ အချစ်ပဲ .."

"သွားသေလိုက် သွား .. ဘယ်သူက ရှင့်ကို ချစ်မှာမို့လို့လဲ .."

"မင်း ..."

အနမ်းမခံဘူးခဲ့သော ပါးပြင်ညက်ညက်လေးက ရှက်သွေးတို့ဖြင့် အနီရောင်ကမ္ဘာလာဖြန့်ခင်းသွားခဲ့လျက် ..၊

*ကာကွယ်သိမ်းဝှက်*
*မဆုံးဖြတ်လည်း*
*ရင်ခွင်ကျယ်မှာ ရွှေပါးအပ်၍ ရှက်ခဲ့သည်။*
*ချစ်တဲ့ ချစ်စကား*
*မဆိုပြောလည်း*
*သူ လာနမ်းတော့ ရှက်မိသည်။*
*ချစ်မိသည်တည့် ချစ်မိသည်။*

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ပါး .. ကိုယ်တို့ စကားပြောရအောင် .."

"မပြောချင်ပါဘူး ကလေးကို ကျောင်းသွားပို့ရဦးမှာ .."

ခြား က နာရီကြည့်လိုက်ကာ ..၊

"လိုပါသေးတယ်ကွာ .. ခဏပဲ .."

"ခြား .."

လက်လေးကို လှမ်းဆွဲလိုက်တော့ ပါး မျက်နှာလေး ပန်းရောင် သမ်းသွားကာ ..၊

"ရှင် လူကို ဘာမှတ်နေလဲဟင် .."

"ရွှေပါးအပ် က ရွှေပါးအပ် ပေါ့၊ ဘာမှတ်စေချင်လို့လဲ .."

ပြောပြီးတော့ မျက်လုံးလေးအဝိုင်းသားနှင့် ကြည့်နေသည့် ပို့ပို့ ကို ခြား က လှည့်ကြည့်ကာ ..၊

"မီးမီး ကိုယ့်ဘာသာ လွယ်အိတ်သွားပြင်၊ ဖိနပ်လေးစီးထား ဖေကြီးတို့ စကားပြောစရာရှိလို့ .."

ပို့ပို့ မျက်နှာလေး ငယ်သွား၏။



"ဖေကြီးက အန်တီ့ကို ပြန်လွှတ်မှ .."

"မလွှတ်တော့ဘူး .. ဒီမှာ အမြဲနေဖို့ ပြောမလို့၊ သမီး ကြိုက် တယ်မို့လား .."

"ဟုတ် .."

"သွားတော့ .. ဖေကြီး မခေါ်ဘဲ ထွက်မလာနဲ့နော် .."

"ဟုတ် .."

ပို့ပို့ ဝမ်းသာအားရ ပြေးထွက်သွားတာ လေတိုက်သွားသည့် အတိုင်း ..။ ပါး က လက်ကိုဆောင့်ရုန်း၏၊ သို့သော် ခြား ဖိဆုပ်ထား တာ ဘယ်လိုမှ ပြုတ်ထွက်မသွားပေ ..။

"ရှင် ဘာတွေပြောနေတာလဲဟင် .."

"ခံစားရတဲ့အတိုင်းပဲ .."

"ရှင် ခံစားရတာ ရှင့်တစ်ခြမ်းကို ပြောပါလား၊ ဘာဖြစ်လို့ ကျွန်မ ဘက်ကို အပိုင်တွက်ပြောတာလဲ .."

"ဘယ်မှာ အပိုင်တွက်လို့လဲ .. ကိုယ် ကြိုးစားမယ်လို့ပဲပြောတာ.."

ထိုင်လျက်ကနေ ပါး ရဲ့ လက်ကို အနိုင်အမာဆုပ်ကိုင်ထားတာ သပ်စွဲထားသလိုပင် ..၊

ဒဏ်ရာတွေနဲ့မို့ ဒီက လျှော့ပေးနေတာ သင်းက ဘယ်လိုထင်နေ လို့လဲ ..၊

ပါး မျက်နှာလေးတင်းမာသွားတော့ ထိုင်ရာကမော့ကြည့်ပြီး ခြား က ပြုံးသည်။

"ငါ ညှာနေတာ အကောင်းမှတ်လို့လို့ မင်း တွေးနေတာလား.."

"ဟုတ်တယ် .."

"သေးပြောလိုက်တာကွာ .. အသည်းယားဖို့ကောင်းတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ .. ရှင့်ဆီကို နောက်တစ်ခါ ပြန်လာတယ်ဆိုပြီး လူကို အထင်သေးနေတာလား .."

"အရင်တစ်ခါ ရောက်လာတည်းက အထင်ကြီးစရာမှမရှိတာ .."

ကြည့်စမ်း ..။

ပါး နှုတ်ခမ်းလေးကိုက်၍ စိုက်ကြည့်၏။ ထိုစဉ် အိမ်ရှေ့က ဖုန်းမြည်သံကြောင့် ပါး အာရုံပြောင်းသွားလျှင် ..။

"ကိုယ်တို့ တူတူနေရအောင် .."

"အ ..."

အမှတ်တမဲ့ လက်ကိုဆောင့်ဆွဲလိုက်သဖြင့် ပါး သူ့ရင်ခွင်ထဲပြိုကျသွားတာ ဖရိုဖရဲ ..။

"ရှင် ဘယ်လိုလုပ်တာလဲ .. ဖယ် .. လွှတ် .. ကလေးဝင်လာတော့မှာပဲ .."

"ဘယ်သူမှ မလာဘူး .. ကိုယ် မင်းကို မေးစရာရှိလို့ .."

"ဒီတိုင်းမေးလို့ရတယ် .. လွှတ် .."

"ဟုတ်တယ် ဒီတိုင်းမေးမလို့ပဲ .."

"ခြား .."

"ဘာလဲ .."

"ရှင်ပဲပြောတော့ ရှင့်ကိုယ်ရှင် မုဆိုးဖိုမို့လို့ အားငယ်ပါတယ်ဆို.."

"မင်းက အဝါကဒ်ပြနေရင် ကိုယ် မကြိုးစားပါဘူး .."

"ရှင် ဘာကိုအပိုင်တွက်နေတာလဲ .."

"မင်းရဲ့ အချစ်ကို .."

"ဒါပေါ့ ဒီက သူဌေးသမီးပဲ ရှင်က ခေါင်ကိုထိအောင်ပစ်မယ့် သူဆိုတော့ .."



"ဟုတ်တယ် .. အစတည်းက ကြေညာထားတာ အခုထိအောင် ပစ်လိုက်ပြီလို့ မှတ်လိုက် .."

ခြား က ပြောင်ပြောင်စိန်ခေါ်ပြီး ပါး ရဲ့ ဂျင်းလက်ပြတ်ခါးတိုလေး ဝတ်ထားသည့် လက်မောင်းသားပြည့်ပြည့်လေးကို နမ်းပစ်လိုက်သည်။

"ရှင်ကြီး မရှမ်းကားနဲ့နော် .. မိန်းမရပြီးသားလူတွေက မိန်းမကျမ်းကြေတယ်တဲ့ .. ရှင့်ကို ပါး အဲဒီလိုမပြောချင်ဘူး .."

"ပြောပြီးမှ .."

"ရှင် စိတ်ဆိုးသွားရမှာ .."

"ကိုယ်က သူများရှုးတိုက်တိုင်း မကိုက်ဘူး၊ ခွေးမှမဟုတ်ဘာ ပြီးတော့ မင်းမသိတာတစ်ခုရှိသေးတယ်၊ လူပျို့လက် ဝက်မြီးတဲ့ .."

"ဘာ !..."

"လူအိုဆိုတော့ မင်း စဉ်းစားကြည့် .."

"မစဉ်းစားဘူး .. ရှင့်အကြောင်းလည်း မစဉ်းစားဘူး၊ ရှင့်ကို ချစ်ဖို့ဆို အဝေးကြီးပဲ .."

"ပါး ကိုယ့်ကို မနှိပ်စက်ပါနဲ့ကွာ .. ကိုယ့်ဘက်မှာ ချို့ယွင်းချက်တွေရှိနေတာ သိပါတယ်၊ ဒါပေမယ့် မတတ်နိုင်ဘူး၊ မင်းကို ကိုယ်ချစ်တယ်၊ ကိုယ့်ချို့ယွင်းချက်တွေအတွက် မင်း မုန်းလောက်အောင် ကိုယ်ချစ်ပါ့မယ်၊ အားလုံး မင်း စိတ်တိုင်းကျ ကိုယ်နေပေးမယ် .."

"ရှင့်ကို သူများတွေ ဟိုလိုဒီလိုကဲ့ရဲ့ကြမှာ မကြောက်ဘူးလား.."

"အဲ့ဒီလိုမကဲ့ရဲ့ရအောင် မင်း ခုလိုပဲ ကိုယ်တို့စံအိမ်လေးဆီ လာနေလိုက်လေ၊ ဘယ်သူ ဘယ်လိုထင်ထင် ကိုယ် မဖြေရှင်းဘူး၊ ဂရုလည်း မစိုက်ဘူး၊ ကိုယ်လိုအပ်တာ မင်းပဲ .. မိန်းမတစ်ယောက်ကို စိန်တွေရွှေတွေနဲ့မဟုတ်ဘဲ ကိုယ့်အရိပ်နဲ့နွေးအောင် အေးအောင် အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ဖန်တီးပေးနိုင်တယ် ..”

ပါး သူ့မျက်နှာကို ငုံ့ကြည့်လိုက်တော့ သူက မျက်နှာကိုရှေ့ကို ပိုတိုးလိုက်ကာ ...၊

“သေချာကြည့် .. ကိုယ် ဘယ်လိုလူမျိုးလဲဆိုတာ မင်း မြင်လိမ့်မယ် ..”

“ဒါပေမယ့် ဟိုတစ်ယောက်နဲ့တော့ ရှင် အဆင်ပြေအောင် မနေခဲ့ပါလား ..”

ခြား မျက်နှာပျက်သွားသည်။

“ချစ်လို့ယူခဲ့ကြတာဆိုပြီး လက်ထပ်ပြီးမှ စိတ်ကျဉ်းကျပ်တာတွေ၊ ဥပေက္ခာထားကြတာတွေ ဖြစ်ကုန်ကြတာရော ဘယ်လိုပြောမလဲ ..”

“သူက မင်းမှ မဟုတ်ဘဲ ..”

“ဘယ်လို !...”

“ကိုယ်မပြောတတ်ဘူး၊ အဲ့ဒါတွေကို ဖြေရှင်းဖို့ အကြောင်းပြချက်လည်း တစ်ခါမှ တွေးမထားဖူးဘူး၊ ပိုသေချာတာက ကိုယ့်ရင်ထဲမှာ ရူးမတတ်ချစ်ရမယ့် မိန်းမမျိုး တွေ့လာလိမ့်မယ်ဆိုတဲ့ အတွေးမျိုးလည်း အိပ်မက်ထဲမှာတောင် မမက်ခဲ့ဖူးဘူး ..”

ပါး သူ့ကို တမင်ပြောနေတာတွေပါ၊ ကိုယ့်အတွက် ပေါက်ကွဲခဲ့တဲ့ သူ့ဒေါသတွေ၊ ကိုယ့်အသက်ကို ကယ်တင်ခဲ့တဲ့ အနစ်နာခံခြင်းတွေတွေထဲမှာ သူ့စိတ်ကိုသိခဲ့ပြီးပြီပေမယ့် ...၊

“ကျွန်မရဲ့ ဘဘက ဘယ်လိုမှ သဘောတူမှာမဟုတ်ဘူး ..”

“တူစရာမှမရှိတာ .. အဲဒါကို ကိုယ်တွေးထားပြီးသားပါ၊ ဘယ်သူတွေ ဘယ်လိုသဘောထားထား မင်း ချစ်ဖို့ပဲလိုတာ ..”

သူ ပါး ရဲ့ ခါးလေးကနေ သိမ်းဖက်ထားမိကာ ...၊



“ကိုယ့်ဘက်ကိုလှည့် ..”

ပါး က ကိုယ်လေးတိမ်းထားပြီးမှ လှည့်ကာ ...၊

“ရှင် ပါး ကို လွှတ်ဖို့ စဉ်းစားမိရဲ့လား ..”

“ကိုယ့်ကို လက်ထပ်မှာလား ..”

“အဲဒါကို လွယ်လွယ်လေး ပြန်ဖြေနိုင်းနေတာလား ..”

“ခဲခဲယဉ်းယဉ်းတွေးနေလေ ကိုယ့်အတွက် မိုင်းနပ်(စ်)ဖြစ်သွားလေပဲ၊ မင်း ကိုယ့်ကိုချစ်နေတာ ကိုယ်သိတယ်၊ ဥပေက္ခာစကားတွေပြောပြီး မရက်စက်ပါနဲ့ကွာ .. မင်း ပျော်ရွှင်အောင် ကိုယ်ထားပါ့မယ်၊ လူကြီးတွေ သဘောမတူနိုင်ဘူးဆိုတာ သိနေကြသားနဲ့ မင်း ကိုယ့်ကိုဒီပုံချစ်လိုက်ပါ ..’

“ဟဲ့ .. ဘယ်သူမှ မရှိ .. ဟင် !...”

စကားသံကြားလိုက်ပေမယ့် ပါး ရုန်းထွက်လိုက်တာ နောက်ကျသွားသည်။ ထို့ပြင် ခြား က လက်ကိုဆွဲထားလိုက်သဖြင့် ...၊

“ရှင် .. လွှတ်လေ ..”

“ခြား .. အယ် .. ဆောရီး .. ဆောရီး ..”

ဆွဲနေ ရုန်းနေကြတာကို သေချာကြီးကြည့်နေပြီးမှ စောကောသီမျက်နှာကို လက်နဲ့ကာဖို့သတိရ၏။ လှည့်ထွက်ပြေးဖို့လည်း ပြင်လိုက်သေးသည်။ သို့သော် ...

“ဟင် .. ဟဲ့ .. ပါး .. ပြောစရာရှိလို့ .. နေဦး ..”

ပါး ကိုယ့်နားက ဖြတ်ပြေးသွားမှ မျက်နှာက လက်ကို ဖယ်၍ ကမန်းကတန်း လှမ်းခေါ်မိသည်။ ခြား က နေရာမှထရပ်လိုက်ပြီး ဆံပင်တွေသပ်ရင်း ရှုံ့မဲ့ကြည့်၍ ...၊

“ဘာလာလုပ်တာလဲ .. ခုမှ ပြူးတူးပြဲတဲ့ ..”

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိလို့ ပြုံးပြုံးခေါ်နေတာပေါ့ .. ညတည်းက ပြောဖို့ဟာ ဆေးရုံက ဖုန်းဆက်တာနဲ့ အချိန်လွန်သွားလို့ .."

"ဘာပြောမလို့လဲ .. ဘာအကြောင်းလဲ .."

"အောင်မလေးဟယ် .. မေးပုံကြီးက .."

"ဟုတ်တယ် .. ပါး တို့ အိမ်က ရှုပ်ရှုပ်ယှက်ယှက်တွေ ဘာအကြောင်းမှ မကြားချင်ဘူး .."

"အံမယ် .."

"အဲဒီက လူကြီးတွေ တုတ်ထမ်း ဓားထမ်း လာပေ့စေ .."

"ဘာလုပ်မှာလဲ .."

"လွတ်အောင်ပြေးမှာပေါ့ .. ပါး ကို ပြန်ထည့်လိုက်မယ်ထင်နေလို့လား .."

"နေပါဦး .. ပါး က နှင့်ကိုချစ်သတဲ့လား၊ မိန်းကလေးတစ်ယောက်က တာဝန်သိသိနဲ့ ကိုယ့်နားမှာ ယုံကြည်စွာ လာနေပေးတာကို နှင်ဖွတ်တရွတ် .."

"ဘယ်လိုလုပ်လုပ် ချစ်ခွင့်ရဖို့ လိုရင်းပဲ .."

"ဟယ် ..."

"အပျိုကြီးဝိဝိ အေးဆေးနေပါဗျာ .."

"ဟဲ့ .. နေပါဦး၊ ကြည့်စမ်း တုတ်ကောက်မကိုင်ဘဲနဲ့ အနားခံပြီး ဖွတ်လျှောက်နေတယ်၊ ဒါ ထရိန်နင်လုပ်ရမယ့်အချိန်မဟုတ်ဘူးနော် ခြား .. ပိုဆိုးသွားလိမ့်မယ် .."

"ကောင်းသွားပြီ .. ဘယ်ဆရာဝန်မှ မလိုတော့ဘူး .."

"ခြား .. မမ အကောင်းပြောမလို့ ဒီမှာကြည့်စမ်း .."

စောကေသီ က သူ့ရှေ့မှာလာပြီး လက်ကိုကိုင်ထားကာ ..၊



"ငါ .. မနေ့က ပါး ရဲ့ ဘကြီးတော်ဆိုတဲ့ သူဌေးကြီးနဲ့တွေ့ခဲ့တယ် .."

"ဘာ!..."

ခြား ရဲ့ ဒေါသသံကြီးကြောင့် စောကေသီ ထိတ်လန့်သွားရကာ..

"မဟုတ်ပါဘူး .. ငါက .."

"တော်ပါတော့ .."

"ခြား .. ငါ .."

"မကေ ကျွန်တော့်ကို စိတ်ချမ်းသာစေချင်တယ်ဆိုပြီး ဘာတွေလျှောက်လုပ်နေတာလဲ၊ သူ ဒီအိမ်ကို ဝင်ထွက်နေတာ မကြိုက်လို့လား.."

"မဟုတ်ရပါဘူး ခြား ရယ် .."

"မကေ ကိုယ်တိုင်က ကျွန်တော်က ပါး နဲ့ မတူတန်တဲ့ကောင်လို့ထင်လို့ ဟိုမှာသွားပြီး လက်တို့ပေးတာလား .."

"ခြား .. နင် ငါ့ကို မစော်ကားနဲ့နော် .."

"စော်ကားစရာတွေပဲ မကေ လုပ်လာတာ၊ ပါး ကို ကျွန်တော် ဘယ်လိုနည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး၊ သူဌေးကြီးဆိုတဲ့ ပုဂ္ဂိုလ်နဲ့ဖြစ်ဖြစ်၊ တစ်လောကလုံးနဲ့ပဲ စစ်တိုက်ယူရပေ့စေ .."

"ဖြစ်ရလေ .."

"မကေ သဘောပေါက်ရင် သွားတော့ .."

ဒေါသကြောင့် နီရဲတင်းမာနေသည့်မျက်နှာကို စောကေသီ တစ်ခါမှ မမြင်ဘူးခဲ့သလိုသေချာကြီးကြည့်နေမိသည်။ ပြီးတော့ နားလည်သွားခဲ့၏။

"ပါး ကို ငါ့မောင် ဒီလောက်တောင် ချစ်နေတာလားဟင် .."

ခြား က မျက်နှာလွှဲပစ်လိုက်ပြီး မဖြေ ..၊

www.burmeseclassic.com

www.burmeseclassic.com



စောကေသီ က ထိုမျက်နှာနောက်ကို လိုက်ကြည့်ကာ ...၊

"သူကရော .."

"မေးပြန်ပြီ .. မကေ .."

"လိုအပ်လို့ မေးတာပေါ့ မောင်လေးရယ်၊ ငါ နင့်အတွက် ဘယ်လောက်ကြိုးစားနေသလဲ နင်သိရဲ့လား၊ အေးလေ မသိလို့ နင် စွပ်စွဲတာပေါ့ .."

ခြား မျက်နှာမှာ စူးစမ်းခြင်းတွေပေါ်လာ၏။

"ငါ နင့်အတွက် အဲ့ဒီသူဌေးကြီးကို သွားတွေ့ခဲ့တာ၊ ပြီးတော့ ပါး စရောက်လာတဲ့အကြောင်းကစပြီး အားလုံးကိုပြောပြလိုက်တယ်၊ သူက ငါပြောပြီးတဲ့အထိ စောင့်နားထောင်တယ် သိလား ..၊ ပြီးတော့ ဘာပြောတယ်ထင်လဲ .."

ခြား မျက်ခုံးအစုံ မသိမသာ တွန့်ကုတ်သွားသည်။ ဒီနေရာမှာ ဆိုးရွားတဲ့ အခြေအနေတစ်ခုခု ဖြစ်လာပါတယ်ဆိုပြီးတော့သာ ပြောချလိုက်လျှင် ဒီလောက်ညှံ့တဲ့အစ်မဆိုပြီး ကျောတစ်ရာ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်ပြီး မြိုင်ရပ်နှင်ခံရတာထက် ဆိုးမလားမသိ ..၊

စောကေသီ က ခြား မျက်နှာကိုကြည့်နေရင်း ပြုံးလိုက်ကာ..၊

"သူက ပြောပြတယ် .."

"ကျုပ် အားလုံးကြားပြီးသားပါ၊ တူမဆိုပေမယ့် ပါးလေး က ကျုပ်သမီးလေးပါပဲ၊ ဒီလောက်တန်ဖိုးထားပြီး ယုယမွေးမြူခဲ့ရတဲ့ သမီးလေးကို ရိုးရိုးသားသား စောင့်ရှောက်ခဲ့တယ် ကူညီခဲ့ကြတယ်၊ နောက်ပြီး အသက်ကိုပါ ကယ်လိုက်သေးတယ်၊ အဲ့ဒီကျေးဇူးတွေနဲ့တင် နင့်နေပါပြီ.."

သူဌေးကြီး ပြောသမျှကို စောကေသီ က သေချာပြောပြနေခဲ့၏။

"မတတ်သာလို့ ခိုလှုံခဲ့ရတယ်၊ မျက်နှာမလွှဲဘဲ ကူညီခဲ့ကြတယ်၊



ဒါက အမှတ်တမဲ့ မလွှဲသာတဲ့ အပိုင်းတွေပဲ၊ အခု နောက်တစ်ခေါက် ပြန်သွားခွင့်ပေးလိုက်ရတာကျတော့ မိန်းကလေးတစ်ယောက်ကို ဘယ်လိုမှ ခွင့်ပြုမပေးသင့်တဲ့အပိုင်း ဖြစ်သွားပြီ၊ ဒါပေမယ့် ကျုပ် ကြည်ကြည်ဖြူဖြူခွင့်ပြုခဲ့တယ် .." တဲ့ ...။

စောကေသီ မျက်နှာက အားတက်သရော အပြုံးအရယ်တွေဖြစ်လာခဲ့ပြီး ...၊

"အဲ့ဒါက ယောကျ်ားလေးတစ်ယောက်တည်းနေတဲ့ အိမ်မှာ မိန်းမပျိုလေးတစ်ယောက်က ညပေါင်းများစွာနေထိုင်ခဲ့တဲ့အတွက် ဂုဏ်သိက္ခာအရ အပြစ်မဆိုလို့မရတော့ဘူးတဲ့၊ ဒါကြောင့် ပါး ကိုယ်တိုင်ခွင့်တောင်းလာတော့ သူ ခွင့်ပြုခဲ့တာ ခဏအတွက်မဟုတ်ပါဘူးတဲ့ .."

"အဲ့လို တကယ်ပြောတာလား .."

"ဟုတ်တယ် ..မသင့်တော်လို့ လက်ထပ်ခဲ့လိုက်ရတာမျိုးလည်း မဖြစ်စေချင်လို့ ပါး ကိုတောင် မပြောခဲ့ဘဲ သူ ခွင့်ပြုခဲ့တာတဲ့၊ သဘောကတော့ မင်းတို့ချင်း တကယ်မေတ္တာရှိကြတာမျိုး ဖြစ်စေချင်တယ်ပေါ့ .."

ခြား မျက်နှာ ကြည်ကြည်လင်လင်ဖြစ်လာခဲ့၏။ ဒါပေမယ့် ပြုံးရယ်လာတာမျိုး မဖြစ်သည်မို့ ...၊

"ဒါ ဝမ်းသာစရာကြီးကို မင်း မျက်နှာက အီးမှန်သလိုကြီးပါလား .."

"ကျွန်တော့်မှာ သမီးလေးရှိတာ သူ မသိဘူးလား၊ မကေ ဖုံးဖိပြောခဲ့တာတော့ မဟုတ်ပါဘူးနော် .."

"ပြောစရာလားဟယ် .. သမီးလေးကိုလည်း နင်တို့နဲ့ထားဖို့ စိတ်မကူးပါဘူး၊ အစတည်းက မန်းဒေးတူ ဖရိုက်ဒေး ငါ ခေါ်ထားတာ အခုဆို အဲဗားတိုင်းမ်ပဲ .."

www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲမှာ ကလေးလာလုနေသေးတယ်၊ ဒီကိစ္စကြီးကို သူတို့လိုလူတွေက ကြည်ဖြူတယ်ဆိုတာ .."

"ပြောတော့ ပြောတာပေါ့ဟယ် .."

စောကေသီ က မလုံမလဲ မျက်လုံးတို့နှင့် မျက်လွှာတစ်ချက်ပင့်ကြည့်၏။

"ရှင်ဘုရင်တွေတောင် တစ်ချက်လွှတ်အမိန့်ချလိုက်ပြီးရင် ပြန်နှုတ်သိမ်းလို့ မရဘူးတဲ့ .."

"ဘာဆိုင်လဲ .."

"ကတိစကားကြောင့် ဒွန်းစန္ဒားယောကျ်ားနဲ့ သမီးတော်ကို လက်ဆတ်ပေးခဲ့ရတာတွေ .."

ပြောနေရင်း တံတွေးမျိုချ၏။ ခြား မျက်နှာလည်းတင်းတော့ တင်းသွားပေမယ့် ..၊

"ပြောရှာပါတယ် .. ငါတို့မောင်နှမက ပညာဂုဏ်နဲ့ အသိုင်းအဝိုင်းဂုဏ်နဲ့ သိက္ခာရှိကြတဲ့ မိကောင်းဖခင် သားသမီးတွေဆိုတာ သူ သိခဲ့ပြီးပြီတဲ့၊ ပြီးတော့ သမီးအသက်နဲ့ ဂုဏ်သိက္ခာကို ကာကွယ်ပေးထားခဲ့တဲ့ ကျေးဇူးတွေကြောင့် သူ ဒီလို ရဲရဲဝံ့ဝံ့ဆုံးဖြတ်လိုက်တာပါတဲ့ .."

ခြား မျက်မှောင်ကုတ်ထားတာ မပြေသေးသဖြင့် စောကေသီ က မျက်နှာချိုသွေးသလို ပြုံးကာ ..၊

"သူတို့လို မျိုးရိုး [illegible] ကန်ဖိုးထားပြီး ကြီးကျယ်ထည်ဝါတဲ့ လူစားတွေအတွက် ကလေးအမေ [illegible] သမီးပျိုလေးကို လက်ထပ်ပေးရတာ၊ ဒီလို ဆုံးဖြတ်ချက်အတွက် လိုအပ်တဲ့ ဒေတာတွေတော့ စုဆောင်းနေရမှာပေါ့ မောင်လေးရယ် .. မင်းအတွက် ပါး ကို ဆုံးရှုံးရမှာနဲ့စာရင် ဒါကို အောက်ကျခံယရတယ် မထင်ပါနဲ့ .."





ခြား မျက်နှာကိုတကြည့်ကြည့်နှင့် စောကေသီ က ချော့မော့ချွေးသိပ်ဖျနေ၏။

"မမ ကတော့ ပျော်တယ်၊ မင်း နောက်အိမ်ထောင်ပြုဖို့တော့ ဘယ်လိုမှ လွယ်ကူမှာမဟုတ်တော့ဘူးဆိုပြီး စိတ်ပူနေခဲ့ရတာလေ၊ ဖြစ်လာတော့လည်း ထင်တောင်မထင်ထားဘူး .. ဟွန်း .."

"ကျွန်တော် ဘယ်လိုဖြစ်သွားမှန်း ကိုယ့်ကိုယ်ကိုယ်တောင် မသိဘူး.."

ချစ်တာတွေ သီကုံးရပြီဆိုမှ ခြား မျက်နှာကြီး ပြုံးတော်မူ၏။ ပြီးတော့ ပါးကုတ်နားကုတ်နှင့် မချိုမချဉ်ပြုံးရင်း ..၊

"ရည်းစားဦးတုန်းကတောင် အဲ့လိုမဖြစ်ခဲ့ဘူး .."

"ရည်းစားဦးတုန်းကလည်း မင်းကိုတော့ ကောင်မလေးတွေက အပေးအယူတွေ မျှနေတာကိုး၊ မို့မို့ ကျတော့ ပိုအဆင်ပြေတယ်လေ၊ သူချစ် ကိုယ်ချစ် မိဘချစ် .. ဖါး ကတော့ .."

ပြောနေရင်း အိမ်ထဲကိုလည်း လှမ်းကြည့်မိကာ ..၊

"ခေါင်းကွဲ ထိပ်ပြဲနဲ့ ဟိုကချည်းပဲ ဆော်တီးသွားတာတွေ လှိမ့်ခံရလို့ .."

"အရိုးမကွဲသေးပေမယ့် အသည်းစွဲနေတာ အံ့ဩစရာ .."

"မအံ့ဩနဲ့ မင်းအတွက် ပျင်းစရာကောင်းတဲ့မိန်းမမျိုးတွေနဲ့ လုံးဝအဆင်ပြေမှာမဟုတ်ဘူး၊ ပါး ကမှ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်နဲ့ .."

"ဟား .. အပျိုကြီးက ဒါကျတော့ အမှန်အကန်တွေ ပြောချလိုက်တာ တန်းခနဲပါလား .."

"အံမာ .. ပါလာပြီ အပျိုကြီးက .."

မောင်နှမနှစ်ယောက် အဆင်တွေပြေနေကြပြီးမှ ..၊

"တစ်ခုရှိတယ်နော် .. တခမ်းတနားလက်ထပ်ပေးရသေးဘဲ ပါး

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ မင်း မထိနဲ့ ..”

“ပါး ကိုတော့ ထိလို့ရတယ်လုပ်လိုက် ..”

“ဟဲ့ ..”

“ပြောပြတာ ..”

“မပြောနဲ့လေ .. ပါး ဆိုတာ ရွှေပါးအပ် ကိုပြောတာ၊ မျက်နှာပေါ်က ပါးကိုမဟုတ်ဘူး၊ သြော် .. ဘာတွေပြောနေရမှန်းမသိပါဘူး ငါ့နှယ်..”

“အဲ့ဒါကြောင့် နေရာတကာ ဝင်ဝင်ပါတာတွေ ဆင်ခြင်ဖို့ပြောတာ၊ လူကြီးတွေ အပြောအဆိုမတတ်ဘူးဆိုတာကမှ ကျော်မကောင်းကြားမကောင်းတွေပါတာ၊ လူငယ်တွေက နပ်ပြီးသား ..”

“ဖေကြီး .. ဖေကြီးရေ ..”

စကားပြောနေကြတုန်း ပို့ပို့ ပြေးထွက်လာသဖြင့် လှမ်းကြည့်လိုက်မိကြသည်။ မျက်နှာလေးက နောက်ကရိုက်မယ့်လူ လိုက်လာလို့ ထိတ်လန့်နေတာမျိုးလေး မျက်လုံးလေးတွေ ဝိုင်းနေကာ ...၊

“ကြီးစော ..”

ဖေကြီးလို့ခေါ်ပြီး စောကေသီ ကိုမြင်တော့ ဖအေကိုကျော်ပြီး စောကေသီ ကို ပြေးဖက်၍ ...၊

“ကြီးစော .. အန်တီက ခုပြန်တော့မှာတဲ့ ..”

“ဟင်!...”

“ဘာ!...”

မောင်နှမနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။

“မီးမီးကို ကျောင်းမှာ ဝင်ထားခဲ့ပြီးရင် အိမ်ပြန်မှာတဲ့ ..”

“သြော် .. မီးလေးရယ်၊ သူ့အိမ်မှာလည်း အမှုကိစ္စတွေရှိသေးတယ်လေ၊ ပြန်တဲ့အခါလည်း ပြန်ဦးမှာပေါ့ .. ပဒုမ္မာစံအိမ်ကြီးက ကြီးစော



တို့အိမ်နဲ့ ကပ်လျက်ပဲ သိပ်ဝေးတာမှ မဟုတ်တာ၊ ပြန်လာမှာပေါ့ မီးမီးရဲ့..”

“ဟင့်အင်း .. မီးမီး မယုံဘူး၊ အန်တီက ပြန်လာမှာမဟုတ်ဘူး မီးမီး သိတယ်၊ အကျီတွေ အိတ်ထဲထည့်နေပြီ .. အပြီးပြန်တော့မှာ၊ မီးမီးကိုပြောတော့ အကြာကြီးနေမှာဆို၊ အခု အကြာကြီးလည်း မရှိသေးဘဲနဲ့ မီးမီးကို ညာပြောတယ် ..”

“သြော် ..”

စောကေသီ တသြော်သြော်နှင့် ဘာပြောရမှန်းမသိ ဖြစ်နေစဉ် ခြားက ထွက်သွားပြီမို့ ...၊

“ဟော .. ဟိုမှာ မီးမီးဖေကြီး အန်တီ့ကို သွားတားနေပြီ၊ လာ.. လာ .. မီးလေးကို ကြီးစော ကျောင်းလိုက်ပို့မယ် ..”

“ဟင့်အင်း .. ဟင့်အင်း .. အန်တီ ပြန်တော့မှာမို့လို့ ကြီးစော ညာနေတာ ..”

“တကယ်ပြောတာပါ မီးလေးရယ် ..”

သမီးနဲ့ မစော တို့ရဲ့ အသံတွေကို ကြားနေခဲ့လျက် ခြား စိတ်တွေ ပြောင်းဆန်သွား၏။ ပါး ကို ခုချိန်မှာ ခဏလေးတောင် ပြန်မသွားစေချင်ပေ ...။

ဘာဖြစ်လို့လဲဆိုလျှင် ပါး ကို ကိုယ်ကချစ်ရပေမယ့် သူမဆီက ကြည်ဖြူနှစ်သက်ခြင်းကိုတော့ မရခဲ့သေးပေ ...၊ အခြေအနေအကြောင်း အမျိုးမျိုးကြောင့် ပါး ရဲ့ ဆုံးဖြတ်ချက်က သူ့အတွက် မဟုတ်ခဲ့ရင် သွားပြီ ...။

“ပါး ..”

သူမရဲ့ အိပ်ခန်းရှေ့မှာပဲ သူမ ထွက်လာတာနှင့် မျက်နှာချင်းဆိုင်မိကြကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို မင်း လက်မခံနိုင်ဘူးဆိုရင် တစ်ခါတည်း ပြောသွားလို့ရတယ် .."

ပါး မျက်ဝန်းလေးတွေက လက်နေ၏။

"ရှင့်ကို မပြောရဲမဆိုရဲလို့ ရှောင်ထွက်သွားရလောက်အောင် ကျွန်မ သတ္တိမကြောင်ပါဘူး..."

"ဒါဆို အခု ပြန်ဖို့ ပြင်ဆင်နေတာက ဘာလုပ်တာလဲ .."

"ပြန်မယ်ဆိုမှတော့ ပြန်မလို့ပေါ့ .. ရှင့်ကို ပြုစုဖို့ရောက်လာတာနဲ့ပဲ ခြံပြင်ကို တစ်လက်မမှ ပြန်မကျူးရတော့ဘူးလား .."

ခြား မျက်နှာ အားနာဟန်တွေဖြစ်သွားသည်။ သူ ဘာဖြစ်လို့ အိုဗာတွေ လျှောက်တွေးနေမိတာလဲ ..၊

ပါး က သူ့ပုံစံကိုစိုက်ကြည့်နေရင်း ဆွဲကိုင်ထားသည့် ကျောပိုးအိတ်အနက်ရောင်လေးကို ပခုံးတစ်ဖက်မှာ ချိတ်လိုက်ပြီး ..၊

"ဖယ် .."

"ဟ ..."

ဖယ်ဆိုပြီး အပြောနဲ့ တစ်ခါတည်း ထွက်တာမို့ ပခုံးစွန်းချင်း မလွတ်တလွတ်ငြိကာ ခြား ယိမ်းယိုင်သွား၏။ ပါး လှည့်ကြည့်လိုက်သည့် အချိန်မှာ နံရံပေါ် အင့်ခနဲ ကျလျက် ..၊

"သေပြီကွာ .."

"သေပေါ့ .. ဖယ်ဆိုတာ ဖယ်ပါလား၊ တုတ်ကောက်ကိုင်ထားရင်လည်း ထိန်းလို့ရသေးတယ် .."

ပါး စိတ်တိုကာ သူ့ကို ပြန်ကူတွဲ၏။ ခြား က ပါး ရဲ့ ပခုံးက အိတ်လေးကို ဆွဲကိုင်ထားလိုက်ကာ ..၊

"ငါ လူနာလုပ်နေရင် မင်းနဲ့ ဘယ်လိုလုပ် မြန်မြန်လက်ထပ်နိုင်



မှာလဲ .."

"ဆုတောင်း .."

"ဆုတောင်းနေဖို့မလိုဘူး .. မင်းကို ငါ ပိုင်ဆိုင်ခွင့်ရပြီ .."

"ဘာ!..."

"ဒါပေမယ့် လူကိုပိုင်ရတာမလိုချင်ဘူး၊ မင်းရင်ထဲက ဝဲဘက်ရင်အုံမှာ ငါတစ်ယောက်တည်း နေရာအပိုင်ရချင်တာ .."

ပါး က နှုတ်ခမ်းလေးမဲ့၍ အိတ်ကိုပြန်ဆွဲသည်။ ခြား က လွှတ်မပေးသဖြင့် သူမကပဲ ဆောင့်လွှတ်လိုက်၏။ ထိုအခါ ခြား က သူမ လက်လေးကို မိမိရရပြန်ဆွဲထားကာ ..၊

"ခြား .. ရှင် ဘယ်လိုဖြစ်နေတာလဲ .."

"မင်းကို ပိုင်ဆိုင်ရတော့မယ့်ကောင်ဆိုတော့ မာန်တက်နေတာထင်တယ် .."

"နေပါဦး ရှင်က ဘာတွေသေချာနေတာလဲ .."

"ယောက္ခမကိုယ်တိုင် ခွင့်ပြုပေးလိုက်တာလေ .."

"ဘယ်လို!..."

သူမ လက်လေးကို အသာဖိဆွဲကာ ခါးလေးကို သိမ်းဖက်ထားလိုက်၏။

"နားထောင် .."

သူမ နားနားလေးမှာ နှုတ်ခမ်းနဲ့ကပ်၍ ..၊

"မင်းရဲ့ ဘကြီးတော်က ပြောလိုက်တာ၊ သူ့တူမလေးက စိတ်ရောဂါအထူးကုဆရာဝန်ရဲ့ အိမ်ထဲမှာ ရှေ့မကြည့်နောက်မကြည့် ခိုဝင်ကပ်တွယ်ပြီး ညပေါင်းများစွာနေခဲ့လို့ ကောင်မလေးကို ဒီဆရာဝန်ကပဲ ရထိုက်ပါတယ်တဲ့ .."

www.burmeseclassic.com

www.burmeseclassic.com



ပါး သူ့ဘက်ကိုလှည့်ကြည့်လိုက်တာနှင့် နဖူးလေးကို ဖျတ်ခနဲ နမ်းပစ်လိုက်၏။ ပြီးတော့ ..၊

"တကယ်ပြောနေတာနော် .. ခုနက မဓော အဲဒါလာပြောတာ၊ မဓော ကလည်း ကောင်မလေးကို သူ့မောင်လေးက အရူးအမူးဖြစ်နေတော့ သူ့မောင်ကလွဲပြီး တခြားသူနဲ့ မစဉ်းစားပါနဲ့လို့ သွားပြောတာလေ.."

"အဲဒါ တကယ် .."

"အဟုတ် .."

ပါး မျက်နှာမှာ အံ့ဩဟန်လေးတွေ ဖြစ်လာခဲ့၏။ ဒါကြောင့် ဘာဘာ ကိုယ်တိုင်က လူနာကို သမီးကိုယ်တိုင်စောင့်ရှောက်ပေးသင့်တယ်လို့ ပြောခဲ့တာလား ..၊

ကြားလိုက်တုန်းက အံ့ဩသွားမိသေးသည်။ အလွယ်တကူနှင့် ခွင့်ပြုမယ်လို့လည်း မထင် ..၊ ပြီးတော့ သူမ ခွင့်တောင်းခဲ့တာက လူနာ မေးသွားပါရစေလို့သာဖြစ်သည်။

"လူနာမှာ ကလေးငယ်လေးတစ်ဖက်နဲ့မို့လား အစစအရာရာ ခက်ခဲမှာပဲ၊ သမီးက အဲဒီမှာနေထိုင်ဖူးခဲ့တာလည်းရှိတော့ ခုလည်း လူနာကို စေတနာပါပါနဲ့ စောင့်ရှောက်လိုက်ပါ၊ သက်သာပျောက်ကင်းတဲ့အထိပေါ့၊ ဒီမှာက ဘာဘာ စီစဉ်ရမယ့်အပိုင်းတွေပဲ ရှိတော့တာလေ.." တဲ့ ..။

ယောက်ျားသားတစ်ယောက်ဆီမှာ သူမ နေထိုင်ခဲ့မိတာ မဖွယ်ရာတဲ့ အပြစ်တစ်ခုလား ..၊

"ဘာတွေ တွေးနေတာလဲ ပါး၊ ဘယ်သူကြောင့်မှ ဘာကြောင့်မှ မဟုတ်ဘူး၊ ကိုယ်တို့နှစ်ယောက်က ဘဝဟောင်းကတည်းက အကြောင်းဆက်ရှိခဲ့ကြလို့ပါ၊ ဒါကြောင့် မြင်မြင်ချင်း ချစ်ကြတယ်၊ ပေါင်းရဖို့



အကြောင်းဖန်လာတယ်၊ ဒါပဲ တွေးကွာ .."

"ဟုတ်လောက်တာပေါ့ မြင်မြင်ချင်း ချစ်ကြတာကိုး .."

ခြား က ရယ်ကာ ..၊

"ဒါကတော့ မင်းကစပြီး မားတဝင့်ဝင့်၊ တုတ်တရမ်းရမ်းနဲ့ ငန်းလိုခဲ့တာပဲ .."

"ချစ်ရင် သည်းခံကြတယ်ဆို .."

"ချစ်မှ မချစ်တာ ဘယ်လိုလုပ် သည်းခံနိုင်မှာလဲကွ .."

"ဒါဆိုလည်း စကားကိုဆင်ခြင်ပြောလေ .."

ခြား က ရယ်လိုက်ပြီး ပါး ကို လက်လေးတွေပါ သိမ်းဖက်ထားလိုက်ကာ ..၊

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ပြောရရင် ကိုယ့်လိုလူက ဒီလောက်အချိန်လေးအတွင်းမှာ အရူးအမူးချစ်မိသွားတယ်ဆိုတာ ရေးရေစက်ကြောင့်ပဲ၊ ပြီးတော့ မင်းက သိပ်လှနေတော့ လေ .."

"ဒါဖြင့် ကျွန်မကတော့ ရှင့်လို မဖြစ်ပါလား .."

"ဖြစ်ပါတယ်ကွာ .."

"လုံးဝမဖြစ်ဘူး .."

"ဒါဆို ဒီဘက်လှည့်ပြီး ကိုယ့်မျက်လုံးကိုကြည့်ပြော၊ လုံးဝ ရင်မခုန်ပါဘူးလို့ .."

ပါး အသံတိတ်သွားသည်။

"ကိုယ်ဖက်ထားရင် လက်ဖျားလေးတွေအေးပြီး ပါးပြင်လေးတွေမှာ ပန်းသီးလေးတွေ သီးထွက်လာတာ လုံးဝ ရင်ခုန်လို့ မဟုတ်ဘူးလို့.."

"သွား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. အဲလိုရောကောသောကော မလုပ်နဲ့လေ၊ လှည့်ဆိုလှည့် ဒီက ဒုက္ခတဆိုပြီး ဗလအားကိုးနဲ့ အနိုင်မကျင့်ရဘူး .."

ပါး တင်းမထားနိုင်တော့ဘဲ ရယ်လိုက်မိလေသည်။ သူက နံရံမှာ မှီနေလျက်နှင့် ပါး ကို ပွေ့ဖက်ထားကာ ..၊

"ကိုယ့်ကို ချစ်လား .."

"ဟိုး .."

"မဟုတ်ဘဲနဲ့ကွာ .."

"နေရာတကာ အပိုင်တွက်ပြီး အပြောကြီးလွန်းလို့ ရှင့်ကို အမြဲတမ်း ဘက်တိုက်နေမှာ .."

"ဟာကွာ .."

"ရှင်နဲ့ ကျွန်မ ဘဲ့လန့်(စ်)ဖြစ်ဖို့ဆိုတာ ဆုတောင်း .."

"ဆုတောင်းမယ် .. နေ့တိုင်း ဘုရားမှာ ဆုတောင်းမယ်ကွာ၊ အခု ကိုယ့်ကိုချစ်လားပဲ ဖြေ .."

"ဟိုး .."

"ပြီးရော .."

"အို .. ဘာလုပ်တာလဲ .. သွား .."

"မရဘူး .. ကောင်မလေးတွေဆီက လိုချင်တာမရရင် အဲဒီကောင်မလေးကို ရှက်ကြောက်လန့်ဖျပ်သွားအောင် လုပ်ရတယ်တဲ့ .. အဲဒါမှ.."

"ကြောက်လန့်ပြီး ချစ်တယ် ဖြေရောလား .. ရွှေပါးအပ် က မကြောက်တတ်ဘူး .."

"ဒီလိုလား .."

"ခြား နော် .. ရှင့်ကို ဒဏ်ရာပြန်ဖြစ်သွားမှာစိုးလို့ ညှာနေတာ မရမ်းကားနဲ့ .."



ခြား က ပါး နဲ့ မျက်နှာချင်းဆိုင် လှည့်လိုက်ကာ နှုတ်ခမ်းလေး ကို စိုက်ကြည့်တော့ ပါး မျက်နှာလေးနီရဲသွား၏။

"ညှာလက်စနဲ့ တစ်ခါလောက် ညှာတာစဥ်းစားပေးပါလား .."

"ဟင့်အင်း .."

"ငါးစက္ကန့်လောက် .."

"ရှင့်ကို ကိုင်ပေါက်ပစ်မှာနော် .."

"ကြိမ်းမောင်းနေလိုက်တာကွာ .."

"မလုပ်ဘူးထင်နေလို့လား .."

"မထင်ပါဘူး .. ဒါပေမယ့် မင်းကြောင့် ကိုယ့်ဒဏ်ရာ ပိုဆိုးသွားရင်တော့ ဘာဖြစ်တာလဲလို့ လူတွေမေးတိုင်း ကိုယ်တဖြေမှာ .."

"ဟင်!..."

"ကျွန်တော် သူ့နှုတ်ခမ်းကို အတင်းနမ်းမိလို့ .."

"ရှင် တော်တော့ .."

ပါး မျက်နှာလေးတစ်ပြင်လုံး မှင်နီဆိုးထားသလို ရဲတွက်နေတော့သည်။ ပြီးတော့ သူ့ အတင်းချုပ်ကိုင်ထားသည့် လက်ဖဝါးထဲကနေ အေးစက်နေပြီဖြစ်သည့် ကိုယ့်လက်ဖျားတွေကြောင့် ရှက်နေသည်ကို ဖုံးဖိထားလို့မရ ..၊

"ဘယ်လိုလဲ ချစ်တယ်လို့ဖြေမလား .. နှုတ်ခမ်းကို .."

"လူရမ်းကား .."

"မင်းတစ်ယောက်တည်းကိုပဲ .."

"လျှောက်ပြောမနေနဲ့ .. မိန်းမကျမ်းကျေတယ်ပြောရင် ကြိုက်ဘူး .."

"ကြိုက်ပါတယ် .. ကိုယ်ကကျေပြီးသားဆိုတော့ မင်း သက်သာ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ ..."

"ဘာ .. ရှင် .. ရှင်နေ် ..."

"သြော် .. ကဲ .. မင်း ကျက်ရမှတ်ရမသက်သာဘူးလား .."

"သေလိုက် .."

"ဟား .. ဟား .. ဟား .."

တစ်ချက်လေးမှ နွေးထွေးစွာ မပြောဆိုမိကြဘဲ အနမ်းတွေက နွေးနေခဲ့သည်။

လိုချင်တာဆို မရမက တောင်းဆိုရယူတတ်သည့် ပညာမှာတော့ သူ့ကို ပါး မမီခဲ့ပါ။

ထို့ကြောင့် ချစ်ခဲ့ရသည်။ အနမ်းတွေနဲ့လည်း နွေးခဲ့ရသည်။ ရင်ခုန်သံတွေကိုနားထောင်ရင်း သူ့ကို သူမ ချစ်နေခဲ့ပြီဆိုတာကိုလည်း နားလည်ခဲ့ရ၏။

အချစ်မှာ ဖြစ်သင့်တာတွေ ချစ်သင့်တာတွေအတွက် ဘယ်လို ပတ်သက်ရှိနေခဲ့သည်တော့ မသိ ...၊

သူ့ကို ပါး ချစ်ခဲ့မိတာ ကဗျာလွတ်ပါပဲ ...၊

'အတူတူနေရအောင်' လို့ သူပြောတော့လည်း ခေါင်းညိတ်ပေးခဲ့မိကာ ...၊

သူနဲ့ ကျွန်မ အတူတူနေချင်ပါ၏ ...။

***ပရိသတ်အတွက်***

***ထာဝရ***

www.burmeseclassic.com